စိတ်ကူးချိုချိုအနုပညာ



# ပျိုးဝတ်ဆံ
# ယုဝတီမာလာသိန်း
## ဖြစ်ရပ်မှန်ဘဝမှတ်တမ်း

ဆရာမကြီး ယုဝတီမာလာသိန်း မကွယ်လွန်မီ ရေးသားခဲ့သည့် တစ်ကြိမ်မျှ မထုတ်ဝေရသေးသော စာမူ



# ယုဝတီမာလာသိန်း

## ဖြစ်ရပ်မှန်ဘဝမှတ်တမ်း

ဆရာမကြီး ယုဝတီမာလာသိန်း မကွယ်လွန်မီ ရေးသားခဲ့သည်
တစ်ကြိမ်မျှ မထုတ်ဝေရသေးသော စာမူ

ISBN 9789997119933
SHS27
9 789997 119933
2,700.00KS

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ငုပ်လျှိုးဝတ်ဆံ

(စာရေးသူ မကွယ်လွန်မီ ရေးသားခဲ့သော ဖြစ်ရပ်မှန်ဘဝမှတ်တမ်း)

## ယုဝတီမာလာသိန်း

ပထမအကြိမ်၊ ၂၀၂၀

ငုပ်လျှိုးဝတ်ဆံ၊ ယုဝတီမာလာသိန်း
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၁၆၉ မျက်နှာ၊ ၁၄ ・ ၅ စင်တီ× ၂၀ ・၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# မာတိကာ


- ယုဝတီမာလာသိန်း၏ အတ္ထုပ္ပတ္တိအကျဉ်း (က)
- ရင်ဖွင့်ချက် (င)


## ▌ပထမပိုင်း▐


| | | | |
|---|---|---|---|
| ၁။ | ကျွန်မ၏ မိဘနှစ်ပါး | ၁၉၂၈ | ၂ |
| ၂။ | ကျွန်မ၏ ဆရာမများ | ၁၉၃၄ | ၂၄ |
| ၃။ | ကျွန်မ၏ ဆရာများ | ၁၉၃၆–၃၉ | ၃၄ |
| ၄။ | ကျွန်မ၏မိဘလေးပါး | ၁၉၃၉ | ၄၁ |
| ၅။ | တစ်ဆယ်ကျော် ငါးနှစ်ပတ်လည် | ၁၉၄၀ | ၅၃ |


## ▌ဒုတိယပိုင်း▐


| | | | |
|---|---|---|---|
| ၁။ | စစ်ရိပ်စစ်ငွေ့ စစ်မီးလျှံများ | ၁၉၄၀–၄၁ | ၇၈ |
| ၂။ | အရွယ်နှင့် အချစ် | ၁၉၄၀–၄၁ | ၁၀၀ |
| ၃။ | အချစ်နှင့်ဘဝ | ၁၉၄၂ | ၁၁၀ |
| ၄။ | သည်းဘဝင်ဝယ် ဆင်ခြင်နှိုင်း | ၁၉၄၃–၄၄–၄၅ | ၁၁၈ |
| ၅။ | ချစ်သူပုန်နှင့် တွေ့ဆုံခြင်း | ၁၉၄၇–၄၈ | ၁၃၀ |
| ၆။ | ချစ်သူ့နယ်မြေ စာပေကွန်းရိပ် | ၁၉၄၈–၄၉ | ၁၄၆ |
| ၇။ | ယုဝတီနှင့် မြဝတီ | ၁၉၅၀–၈၆ | ၁၅၂ |
| ၈။ | စိုးထိတ်လိပ်ပြာ | ၁၉၈၆–၉၈ | ၁၆၆ |


❒



## ယုဝတီမာလာသိန်း၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ ဒေါ်ခင်ခင်သိန်းဖြစ်၏။ ပဲခူးတိုင်း၊ ပေါင်းတည်မြို့တွင် ဦးထွန်းမြ– ဒေါ်မြခင်တို့၏ သားသမီး လေးယောက်တွင် ဒုတိယသမီးဖြစ်ပြီး ၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ပေါင်းတည်မြို့ဆရာကြီးဦးဖိုးဘေ၏ မြူနီစီပယ်ကျောင်းတွင် လေးတန်းထိ သင်ပြီး အင်္ဂလိပ်–မြန်မာ (ဟိုက်စကူး) အစိုးရတန်းမြင့်ကျောင်းတွင် အထက်တန်းပညာကို သင်ခဲ့သည်။

ဂျပန်ခေတ်နှင့် စစ်အတွင်းအာရှလူငယ်အစည်းအရုံး လက်ရေးစာစောင်နှင့် စာရေးဆရာအသင်းခွဲ (ပေါင်းတည်) မှ ထုတ်ဝေသော လက်ရေးစာစောင်၊ ပွင့်သစ်စနှင့် ရွှေဥသြတို့တွင် ကဗျာ စတင် ရေးခဲ့သည်။

၁၉၄၆ ခုနှစ် ၊ ဒီးဒုတ်ဂျာနယ်၌ ချစ်ရက်မဆုံကဗျာကို ရေးခဲ့၏။ တိုးတက်ရေးမဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာ၊ သွေးသောက်မဂ္ဂဇင်းတွင် ကဗျာများရေးခဲ့ရာ သွေးသောက်၌ စံပယ်ဖြူအမည်နှင့် ရေးခဲ့၏။

၁၉၄၇ ခုနှစ်တွင် ယုဝတီဂျာနယ်၌ ဂုဏ်ရည်မတူဝတ္ထုတိုကို စ၍ ရေးခဲ့ပြီး ဝတ္ထုတိုပေါင်း ဆယ်ပုဒ်တိတိရေးပြီးသောအခါ ယုဝတီဂျာနယ်မှ ယုဝတီကလောင်ရှင်ဘွဲ့ကို ချီးမြှင့်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ယုဝတီဘွဲ့ကို ထပ်ဆင့်ချီးမြှင့်ခံရသည်။ အမျိုးသမီး ကလောင်အဖွဲ့မှ ပြုလုပ်သော ဝတ္ထုတိုပြိုင်ပွဲတွင် နှင်းပြောင်းတဲ့ နွေငယ်မှာ ဝတ္ထုဖြင့် ပထမဆု ရွှေတံဆိပ်ရခဲ့သည်။ ထိုအချိန်မှစ၍ ယုဝတီမာလာသိန်း ဟူသော အမည်ကို ရရှိခဲ့သည်။

သွေးသောက်၊ ရှုမဝ၊ ပဒေသာ၊ မြဝတီ၊ ငွေတာရီ၊ ပေဖူးလွှာ၊ သက်လျာ၊ စစ်ပြန်၊ စန္ဒာ၊ စံပယ်ဖြူ၊ စံပယ်ဦး၊ လုံမလေး စသည့် မဂ္ဂဇင်းတို့တွင် ဝတ္ထုတိုများ ဆက်တိုက် ရေးခဲ့သည်။

၁၉၅၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဗမာ့ခေတ် သတင်းစာနှင့် ပူးတွဲထုတ်ဝေသည့် (တနင်္လာနေ့စဉ်) ယုဝတီဂျာနယ်တွင် တာဝန်ခံ အယ်ဒီတာ ဖြစ်လာသည်။ ကဏ္ဍငါးမျိုးတွင် ကလောင်အမည်ငါးမျိုး ဖြင့် ရေးသားခဲ့ရပြီး လေနီ ဟူသော အမည်နှင့် ၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ရေးခဲ့ရသည်။

၁၉၆၁ ခုနှစ်တွင် မုန်းသူကိုမှ ချစ်ချင်တယ် လုံးချင်းဝတ္ထုကို စတင် ထုတ်ဝေသည်။ ၁၉၅၉ ခုနှစ်တွင် အယ်ဒီတာဘဝဖြင့် ဒေါ်ဒဂုန် ခင်ခင်လေးနှင့်အတူ ယိုးဒယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ နိုင်ငံများသို့ အလည်အပတ် သွားရောက်ခဲ့သည်။

၁၉၆၂ ခုနှစ် ဗမာ့ခေတ် သတင်းစာတိုက် ပိတ်လိုက်ရသောအခါ ယုဝတီသတင်းစာဟု ခွဲခြားထုတ်ဝေခဲ့ရာ အယ်ဒီတာအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ယုဝတီဂျာနယ်အယ်ဒီတာအဖြစ်လည်းကောင်း တာဝန် ယူခဲ့ရပြန်သည်။

၁၉၆၂ ခုနှစ်မှာပင် ယိုးဒယားနိုင်ငံမှ ကော်ရီနရီ ဂျက်လေယာဉ် သစ် ဖွင့်ပွဲ တက်ရောက်ရန် မြန်မာနိုင်ငံမှ သတင်းစာဆရာ နှစ်ဦး ဖိတ်ကြားရာ ယုဝတီသတင်းစာမှ အမျိုးသမီးသတင်းစာဆရာတစ်ဦး အဖြစ် အရွေးချယ်ခံရ၍ ယိုးဒယား၊ ဟောင်ကောင်၊ ဂျပန်နိုင်ငံများသို့ ၁၁ ရက်ခရီး လည်ပတ်ခွင့်ရခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ပြန်လည်ထုတ်ဝေသော ယုဝတီဂျာနယ်တွင်လည်း တာဝန်ခံ အယ်ဒီ တာ ဖြစ်သည်။

လုံးချင်းဝတ္ထု ၃၇ အုပ်၊ မဂ္ဂဇင်းဝတ္ထုရှည် ခြောက်ပုဒ်၊ ဝတ္ထုတို

အပုဒ် ၃၁၀၊ ဆောင်းပါး ၁၀၀ ကျော်ရေးခဲ့ပြီး မြေသဥ္စာနှင့် အသည်းထောင့် မှာ တစ်နေရာ ဝတ္ထုနှစ်ပုဒ်ကို ရုပ်ရှင်ရိုက်ခဲ့ရသည့်ပြင် ရေဒီယို ဇာတ်လမ်းများလည်း လွှင့်ခဲ့ကြသည်။

စာပေနယ်သို့ စတင်ဝင်ရောက်သည့်နေ့မှစ၍ ခင်ပွန်း ထွဏ်းနေနွယ် နှင့်အတူ စာပေတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ခင်ပွန်း ကွယ်လွန်သည့် နောက်ပိုင်းတွင်လည်း မိမိတိုင်းပြည်ကို စာပေနှင့် ကျေးဇူးဆပ်ရင်း စာပေဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ မျက်စိအလွန် အား နည်းလာသည်ဖြစ်၍ ဆရာဝန်က စာရေးစာဖတ်ခြင်းကို တားမြစ်ထား သော်လည်း စာပေများကို ဆက်လက် ရေးသားခဲ့သည်။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

❐

# ရင်ဖွင့်ချက်

ငယ်ဘဝ

ငယ်ဘဝ ဆိုတာ လူတိုင်းမှာ ရှိကြပါသည်။ ဝမ်းသာစရာ၊ ဝမ်းနည်းစရာ၊ ဆွတ်ပျံ့ ကြည်နူးစရာ၊ နာကြည်းကြေကွဲစရာ ဆိုတဲ့ ခံစားချက်တွေကတော့ တစ်ဦးနှင့် တစ်ဦး တူညီဖွယ်ရာမရှိပါ။ သို့သော် အသက်ရလာလေလေ ငယ်ဘဝလေးကို ပြန်လည် အောက်မေ့တသ သတိရလေလေ ဖြစ်သည်။ နလုံးသား သန့်စင်သော ငယ်ရွယ်ဘဝနှင့် နလုံးသားဝယ် သံသရာအညစ်အကြေးများ စွန်းထင်းခဲ့ပြီးဖြစ်သော ဘဝကတော့ ဘယ်လိုမှ ပြန်လည်အသစ်လဲလှယ်၍ မရတော့ပါ။

ဤစာအုပ်သည် ကျွန်မဘဝခရီးလမ်း၏ မှတ်တိုင်များကို ဖြစ်ရပ်အမှန်အတိုင်း ဝန်ခံရေးသားပါသည်။ ဂျပန်ခေတ်၊ တော်လှန်ရေးခေတ်၊ ရဲဘော်ဖြူခေတ်၊ လွတ်လပ်ရေးခေတ် အမျိုးမျိုးတို့ကို ကျော်လွှားခဲ့ရသည်မှာ အသက် ၇၁ နှစ်သို့ပင် ရောက်ခဲ့ပါပြီ။ ဘဝသည် ကိုယ်ဖြစ်ချင်တာမဖြစ် သူ ဖြစ်ချင်တာဖြစ်သည် ဆိုသော်လည်း ကျွန်မကတော့ ကျွန်မဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် ကြိုးစားခဲ့ရာ အားလုံးတော့ မဖြစ်။ စာပေလောကထဲသို့ ကျွန်မ ရောက်ခဲ့ရသည်ကတော့ ကံကောင်းသည့် ကျွန်မဘဝအတွက် အမြတ် ဖြစ်သည်။

တိုင်းပြည်ကိုလည်းချစ်၊ လူမျိုးကိုလည်းချစ်၊ စာပေကိုလည်း ချစ်၍ စာပေနှင့်ပဲ အသက်မွေးဝမ်းကျောင်း ပြုခဲ့ပါသည်။ မည်သည့် စည်းစိမ်

ဥစ္စာ ကြီးပွားချမ်းသာကိုမှ မမက်မောခဲ့ပါ။ တိုင်းပြည်၏ ယဉ်ကျေးမှုသည် စာပေဖြစ်၍ စာပေသက် နှစ် ၅၀ တွင် စာပေအပေါ်တွင် ဘယ်တုံးကမှ သစ္စာမပျက်ခဲ့ပါ။

ယခု အသက်အရွယ်အရ မျက်စိအားနည်းနေပြီ ဖြစ်သောကြောင့် စာပေနှင့် တဖြည်းဖြည်း ဝေးအောင် သံယောဇဉ် နည်းခဲ့ရသည်မှာ ချစ်သူနှင့် ကမ္ဘာခြားသကဲ့သို့ပင် ရင်မှာ ခံစားရသည်။ မရေးတော့ပါ။ တော်သင့်ပါပြီဟု စိတ်ကို ပိုင်းဖြတ်ခဲ့သည့်ကြားမှ တစ်ရွက်ရေး၊ နှစ်ရွက်ရေး သုံး၊ လေးငါးရွက်ရေးနှင့် ဤစာအုပ် ပြီးဆုံးခဲ့ပါသည်။ ရေးရင်း ပြုံးမိသည်၊ မျက်ရည်လည်မိသည်၊ ငိုမိသည်။ ကျောင်းစတက်သည့် အရွယ်ကလေးကိုလည်းကောင်း၊ ယုဝတီဘွဲ့ရတုန်းကလည်းကောင်း ပျော်ရွှင်ကြည်နူးမှုကလေးမျိုးများကို ပြန်၍ မရရှိတော့ပါ။

ဘယ်မှာမှ ရှာ၍လည်း မတွေ့တော့ပါ။

မွေးဌာနေ ပေါင်းတည်ကို လွမ်း၍ ပြန့်ခဲ့သော်လည်း အလွမ်းရယ် ဘယ်မပြေခဲ့ပါ။ ဒါလောက်ပဲ တရားမရှိရသလောဟု ပြောလျှင် လောကတွင် မလွမ်းဘယ်သူ ရှိပါသနည်း။ မျက်ရည်ကျပြီး လွမ်းရသည့်အလွမ်းမျက်ရည်ဝေ့၍ လွမ်းရသည့်အလွမ်း၊ ရင်ထဲမှာ မျိုသိပ်၍ လူမသိအောင် လွမ်းရသည့်အလွမ်း၊ ဘယ်အလွမ်းပဲဖြစ်ဖြစ် နှလုံးသားက လက်ခံသည်။ လွမ်းချင်သလောက် လွမ်းဖို့လည်း ခွင့်ပေးထားသည်။

သို့ကြောင့် အလွမ်းဝေဒနာကို ကုသပျောက်ကင်းသည့် လွမ်းနာပျောက်ဆေး ယနေ့ထိ မရှိပါ။ လွမ်းပြီးရင်း လွမ်းနေကြဦးမည်သာ။ ကျွန်မလည်း ငယ်ဘဝလေးကို လွမ်း၍ ဤစာအုပ်ကို ကြိုးစားရေးမိပါသည်။ စိတ်ဝင်စားကြမည်ဆိုပါလျှင်.....။

**အလွန်ကျေးဇူးတင်စွာဖြင့်**
**ယုဝတီမာလာသိန်း**
**(၂၇- ၃ - ၉၈)**

# ပထမပိုင်း

## ကျွန်မ၏ မိဘနှစ်ပါး

ဖေဖေ၏အမည်မှာ ဦးထွန်းမြ၊ မေမေ့နာမည်မှာ ဒေါ်မြခင် ဖြစ်ပါသည်။ ယခင်ပြည်ခရိုင် ယခု ပဲခူးတိုင်း၊ ပေါင်းတည်မြို့တွင် မြန်မာသက္ကရာဇ် ၁၂၈၉ ခု ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့၌ ကျွန်မကို ဒုတိယသမီးအဖြစ် မွေးဖွားခဲ့သည်။ ပေါင်းတည်မြို့သည် ဆန်ရေစပါးပေါများသောမြို့၊ ရထားလမ်း၊ ကားလမ်း၊ သွားလမ်း ပြန်လမ်း ဖြောင့်ဖြူးသည့်မြို့ဖြစ်၍ စီးပွားရေး အချက်အချာကောင်းသော မြို့လည်း ဖြစ်ပါ၏။

ဖေဖေနှင့် မေမေတို့သည် တရုတ်၊ ကုလားကုန်သည်ကြီးများနှင့်အပြိုင် မြန်မာကုန်သည်ကြီးတစ်ဦး ဖြစ်ပါသည်။ တရုတ်၊ ကုလားများနှင့်အပြိုင် ဖြစ်သော်လည်း ရန်ဘက် မဟုတ်ပါ။ မိတ်ဖက်အဖြစ်နှင့် ဆက်ဆံကာ မိမိစီးပွားရေးကို ကြီးပွားတိုးတက်အောင် လုပ်ကိုင်ကြခြင်းသာ ဖြစ်သည်။

မေမေက ပေါင်းသင်းဆက်ဆံရေး အလွန်ကောင်းမွန်သူ၊ မွန်ရည်သူဖြစ်၍ မိတ်ဆွေသင်္ဂဟ ပေါများပါသည်။ စီးပွားပြိုင် တရုတ်–ကုလား ကုန်သည်ကြီးများကိုလည်း မေမေက မိတ်အဖြစ် လက်တွဲထားနိုင်သူ ဖြစ်ပါသည်။

မေမေက ဆိုင်ကိုအုပ်ချုပ်သည်။ ဖေဖေက ရန်ကုန်သို့သွား၍ စားသောက်ကုန်ပစ္စည်းများကို ရန်ကုန်ရှိ ကုန်တိုက်များ၊ ပွဲရုံများနှင့် ဝယ်ယူဆက်သွယ်ပါသည်။ ရန်ကုန်မှာရရှိသော ပစ္စည်းများကို ရန်ကုန်ကုန်သည်ကြီးများထံမှ ဝယ်ယူ၍ ကုန်များကို ကုန်တင်ကားကြီးငှား၍ ပေါင်းတည်ဆိုင်ရှေ့အရောက် ကုန်ရောင်းသူက တာဝန်ယူပို့ပေးသည်။ ဖေဖေက လူချည်း မီးရထားနှင့် သွား၊ ပြန်ပါသည်။ ဖေဖေ ဝယ်ယူငွေချေ

ထားခဲ့သည့် ပစ္စည်းအမျိုးအစားပိဿာအချိန်များအတိုင်း မမှားမယွင်းတိကျ မှန်ကန်စွာ စာရင်းရှည်ကြီးနှင့် ရောက်လာပါသည်။

ပြည်မြို့ "လေးကျွန်းစန္ဒာ" ဆီစက်မှ ဆီပုံးတွေကလည်း ကားနှင့်တစ်စီးတိုက် တစ်လတစ်ကြိမ် ရောက်ပါသည်။ ကျောက်မဲမြို့မှ လက်ဖက်စို၊ လက်ဖက်ခြောက်ခြင်းတွေ၊ အိတ်တွေကလည်း မီးရထားတန်ဆာများနှင့် ရောက်လာလေ့ရှိပါသည်။ ရန်ကုန်– ပြည်– ကျောက်မဲ– မြိတ်– ဖျာပုံ စသည့်မြို့ကြီးများမှ ထွက်ကုန်ပစ္စည်းများ စုပြုံရောက်လာပြီဆိုလျှင် တစ်ဆိုင်လုံး ပစ္စည်းများ တောင်ပုံရာပုံ အမိုးထိလု လုမော့ကြည့်ရသည်။

မေမေနှင့် ဖေဖေတို့ အဲသည်လုပ်ငန်းကြီးကို တက်ညီလက်ညီ အလုပ်သမားတွေ စုံစုံညီညီနှင့် စားကြသောက်ကြ၊ ရယ်ကြမောကြ မပင်မပန်း လုပ်နေကြသော်လည်း ကျွန်မ လုံးဝ စိတ်မဝင်စားပါ။

ဆိုင်ကိုသွားရမှာ ရှက်သည်။ ကျောင်းက တစ်နေ့လုံး ကျောင်းမို့ ၁၂ နာရီ ထမင်းစားချိန် ဆင်းပါသည်။ အိမ်က ထမင်းချိုင့်က ဈေးဆိုင်မှာ ပို့ထားလေရာ ကျွန်မဆိုင်ကို ပြန်ထမင်းစားရသည်။ ကျောက်ကာ လေးဆင့်ချိုင့်ကြီးနှင့်ဟင်းတွေ အပြည့်။ ထမင်းကလည်း ချိုင့်နှင့် သတ်သတ်အပြည့်။ ပုစွန်တုပ်ကြီး ဆီပြန်၊ ငါးသလောက်ဥကြော်၊ ငါးဖန်းမငါးပိကောင်၊ ကျောက်ဖရုံသီးနှင့် ကန်စွန်းရွက်ချဉ်ရည်၊ ဟင်းတွေက ကျွန်မ အကြိုက်ဟင်းတွေ ဖြစ်သည်။ ဝက်သားနီချက်၊ ချဉ်ပေါင်ဟင်း၊ ပီနံစပ်သီးထောင်း၊ တညင်းသီးပြုတ်၊ ငံပြာရည်ချက်သည့်နေ့ဆိုလျှင် ဆာဆာနှင့် တွယ်သော ကျွန်မ ခေါင်းတောင်မဖော်နိုင်ပါ။

တစ်ခါတလေ ဆိုင်နီးချင်းများနှင့် စုပေါင်း စားကြပြန်လျှင်လည်း ဟင်းတွေမှာ ကျွန်မထမင်းပန်းကန်ထဲတွင် လျှံပလန်နေပါတော့၏။ မေမေတို့မှာ သမီး နှစ်ယောက်ပဲရှိသေးရာ ကျွန်မက အငယ်ဆိုတော့ အခွင့်အရေးတွေ တစ်ပုံကြီး ရပါသည်။

မေမေတို့ဆိုင်ထွက်သည်မှာ ချိန်ခွင်ချိန်ပြီး ရောင်းရသည်မဟုတ်။ လက်ကားဆိုင်ကြီးဖြစ်၍ ဆီပုံးလိုက်၊ ရေနံဆီပုံးလိုက်နှင့် အခြားစားသောက်ကုန် ပစ္စည်းတွေမှာလည်း ပိဿာလုံးလေးငါးပိဿာ ဝယ်ယူကြရာ ကတ္တားနှင့် ချိန်ပါသည်။ အလုပ်သမားအဖြစ် "ပန်နန်း"ဆိုသည့် မြန်မာစကား ကောင်းစွာတတ်ပြီး ပစ္စည်းကျသင့်ငွေပါ တွက်တတ်သည့် ကော်ရင်ဂျီကုလား တစ်ဦး ငှားထားသည်။ အသက် ၃၀ လောက် သဘောကောင်းသည်။ ကလေးတွေကို ချစ်သည်။ သူ့ ပိုက်ဆံလက်ထဲရှိလျှင် ကလေးတွေပဲ မုန့်ဝယ်ကျွေးတတ်သည်။ မေမေက အသားညိုစိမ့်၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်

ပေါက်ရော၊ မျက်နှာပေါက်ရော၊ လှပပြီး ရွှေမျက်မှန်နှင့် ချွန်းစိန်နားကပ်ကြီးနှင့် စိန်လက်စွပ်၊ ရွှေလက်ကောက်တွေနှင့် ပဒုမ္မာအင်္ကျီဖြူဖြူနှင့် ပိုးတွန့်လုံချည်၊ တရုတ်ပါတိတ်လုံချည် စူရတီလုံချည်၊ အိုပတ်ကားလုံချည်၊ လင်ဘာရစ်လုံချည် စသည်တွေကို အမြဲဝတ်၏။ မေမေက ကုန်သည်နှင့်မတူ မင်းကတော်ကြီးနှင့် တူပါသည်။ မင်းကတော်တောင် မေမေ့လောက် ဂိုက်မဖြောင့်ပါ။ မေမေလို စိန်ကို အိမ်နေရင်း မဝတ်ကြပါ။ မေမေက ရှိုးများ ရှိုးထုတ်တာ မဟုတ်။ သူ့နဂိုရုပ်ရည်ကိုက တင့်တယ်စိုပြည်ရာ ရွှေ၊ စိန် အဝတ်အစားတွေနှင့် ဖုံးလွှမ်းလိုက်သောအခါ နဂိုရှိမှ နဂိုင်းထွက်ဆိုသလို ဖြစ်ပါသည်။

မေမေတင်မဟုတ်။ ကျွန်မ၏ မမကလည်း ဆိုင်ထွက်တာ မေရှင်ထုံးသော သိပ္ပံဆံထုံးနှင့် သိပ္ပံဆံမြိတ်နှင့် မေသက်ဘရားသားမှ "အော်ဂန်ဒီဇန်း" နှင့် လုံချည်ရောင်နှင့်ဆင်တူ စိန်ရွှေလက်ဝတ်လက်စား အပြည့်အစုံအပြင် ခြေထောက်မှာပါ ရွှေခြေချင်းနှင့်ဖြစ်သည်။ မိတ်ကပ် နှုတ်ခမ်းဆိုးဆေး မပေါ်သေး။ သနပ်ခါးစစ်စစ်သွေးပြီး ဘီငါးလုံးသနပ်ခါးခဲနှင့်ရော ဒေါ်သော့မျက်နှာချေကလေး နည်းနည်းထည့်လူးလျှင် တစ်မျက်နှာလုံး ဖိုးလမင်းလို ဝင်းဖြူသွားပါတော့သည်။ "ဖာရစီ မရွှေမ" ဆိုသည့် မျက်နှာချေလည်းကောင်းမှကောင်း။ မေမေက သမီးကို ဈေးရောင်းခိုင်းခြင်း မဟုတ်။ အလှပြခြင်းဖြစ်ပါသည်။ သည်လိုပဲ သမီးရှင်တွေအားလုံး ရောင်းကုန်များနှင့်အတူ သမီးကိုပါရောင်းကုန်အဖြစ် ပြသကြသည်။ သမီးချောများရှိသည့် ဆိုင်မှာလည်း လူစည်ပါသည်။ မေမေက သူ့ပစ္စည်းတွေ ကောင်းကြောင်း အာဝဇ္ဇန်းရွှင်ရွှင်နှင့်ပြော ရောင်းရသရွှေ့ငွေတွေကို မမက သိမ်း၊ ဖေဖေကတော့ လက်ဖက်ရည်ကြမ်း တစ်အိုးပြီး တစ်အိုးယွန်းအစ်လက်ဖက်ပန်းကန်နှင့် စားပွဲတစ်လုံးမှာ လာသမျှ မိတ်ဆွေ အယုတ်အလတ်အမြတ်မရွေး ဧည့်ခံပါသည်။

တရုတ်ဆိုင်တွေက ဒီလိုလက်ဖက်တွေ၊ လက်ဖက်ရည်ကြမ်းတွေနှင့် ဧည့်မခံ။ ဖေဖေနှင့် မေမေတို့က တစ်နေကုန် ဧည့်ခံတော့ လက်ဖက်ကြိုက်၊ လက်ဖက်ရည်ကြမ်းကြိုက် ရွှေဗမာတို့က မေမေ့ဆိုင်ပဲ လိုမ့်လာကြတော့သည်။ နံနက် ငါးနာရီက ဆိုင်ဖွင့်ညနေ ငါးနာရီမှာ ဆိုင်ပိတ်တာတောင် ဈေးဝယ်သူက မစဲသေးပါ။ မနက်မှ လာပါတော့ဟု တောင်းပန်ရသည်။

မေမေက တစ်မြို့လုံးနှင့်လည်း ခင်မင်သည်။ မြို့သို့ တာဝန်နှင့် ပြောင်းလာကြသည့် ဝန်ထောက်၊ အင်စပက်တော်၊ မြို့အုပ်၊ ဌာနအုပ်၊ မြူနီစပယ် လူကြီး၊ စက္က

ရိုတေရိခေါ် အတွင်းရေးမှူး၊ ထောင်မှူးကြီး၊ ထောင်ပိုင်ကြီး အို... အစိုးရအဖွဲ့အားလုံး နှင့် ရင်းနှီးသည်။ အဲဒီအရာရှိတွေ၏ ဇနီးများကလည်း မေမေ့ဆိုင်ကိုပဲ အားပေးကြ သည်။ မေမေက စေတနာလည်း ကောင်း၊ လောကွတ်လည်း ကောင်း၏။ အရာရှိ ကတော်တွေ ဈေးလာဝယ်လျှင် ရွှေဒင်္ဂါး၊ ပျဉ်းမနား ကြက်သွန်ကြော်တို့၊ ဖျာပုံ ရွှေပုဇွန် ခြောက်တို့၊ ကျောက်ဖရုံယို၊ ဒူးရင်းယိုတို့ကို အမြဲလက်ဆောင်ပေးရာ မင်းကတော် အိမ်ရှင်မတွေက သဘောကျပြီး မေမေ့ကို ခင်ကြတာပေါ့။ မေမေက အဲ သည်လို ပေးလည်း ကျွန်မကကြားထဲမှ နှမြော၍–

"မေမေကလည်း သူတို့မင်းကတော်တွေပဲ ပိုက်ဆံနဲ့ ဝယ်လိမ့်မပေါ့။ ဘာလုပ် အလကားပေးရတာလဲ" ဟု ပြောလျှင်–

"ဩော်... သမီးငယ်ရယ် လူဆိုတာ ဒီလိုပဲပေါင်းရသင်းရတယ်ကွဲ့။ ကြည့်တော့ သာ မင်းကတော်စိုးကတော်မို့ ဂုဏ်တော့ ရှိပါတယ်။ ဒါပေမဲ့ မေမေတို့လို ငွေကို ရေလို သုံးနိုင်တာ မဟုတ်ဘူး။ ခုနပြန်သွားတဲ့ မင်းကတော်ဆိုရင် မေမေ့ဆီမှာ လပေးနဲ့ ယူစားနေရတာ။ ကလေးတွေကများတယ် မဟုတ်လား။ ဒီတော့ လခနဲ့ ဘယ်လောက် မလဲ။ သနားပါတယ်။ စားကြပါစေကွယ် အားလုံးချမ်းသာကြပါစေ"

မေမေက သူတစ်ပါးကို သိပ်ချမ်းသာစေချင်၏။ အရင်းအနှီးမရှိသူတွေကိုလည်း အရင်းအနှီးထုတ်ပေးသည်။ ဆင်းရဲသူကို အတိုးမယူပါ။ အရင်းအနှီး မပြုတ်အောင် ရောင်း၊ ရောင်းပြီးမှ အရင်း ပြန်ဆပ်ခိုင်းသည်၊ မဆပ်နိုင်သူတွေက များသည်။ ကျွန်မက မေမေ့ကို ကြည့်ပြီး မပြောဘဲမနေနိုင်ပြန်၍–

"ဖေဖေရယ် မေမေကလည်း ဆိုင်လာသရွေ့ လူကို ပေးကမ်းနေတော့တာပဲ" ဟု ပြောမိရာ–

"မင်းအမေက အဲဒီဝါသနာရှိတယ်။ သူ့ပစ္စည်း သူပေးတာ သမီးက ကြားထဲက ငရဲကြီးမယ်။ မပြောနဲ့ မပြောနဲ့" ဟု တားပါသည်။

ဖေဖေကလည်း မေမေ့ကို အလိုလိုက်ပါသည်။ မိသားစုကို ဦးစီးရှာဖွေပေးသူက လည်း မေမေက ပထမ၊ ဖေဖေက ဒုတိယ ဖြစ်သည်။ ဖေဖေက စီးပွားရေးကို မေမေ လောက် ဝါသနာမပါ။ ဘာသာရေးပဲ ဖြစ်သည်။ ဖြစ်နိုင်လျှင် ဖေဖေက ရန်ကုန်ကို ကုန်သွားသွားဝယ်ရတာတောင် မလုပ်ချင်တော့။ ကျွန်မတို့ မိဘနှစ်ပါးစလုံးတွင် သူ့ဘက်ကိုယ့်ဘက် စိန်ရွှေငွေလယ်ယာများ ပိုင်ဆိုင်ကြရာ ဆိုင်မထွက်လျှင်လည်း လယ်ကရသည့် စပါးနှင့်ပင် မြေပိုင်ရှင်ဘဝချောင်ချောင်လည်လည် စားသောက်နိုင်

ပါသည်။ ဒါပေမဲ့ မေမေက အချိန်ကို အသုံးချတတ်သူ ဖြစ်သည်။ ကျွန်မတို့ ခြံဝင်းမှာ ပေ ၁၅၀ ပတ်လည်ရှိပါသည်။ အိမ်ကိုရှေ့ဘက် တိုး၍ဆောက်ထားပြီး နောက်ဘက်တွင် ဂိုဒေါင်နှစ်လုံး ရှိပါသည်။ ဂိုဒေါင်တစ်လုံးတွင် ဆိုင်မှာထား၍မရသော လက်ဖက်ခြင်းကြီးများကို ထားသည်။ လက်ဖက်ခြင်းကြီးများမှာ အလုပ်သမား နှစ်ယောက်မရသည်။ သမံတလင်း ကိုင်ထားသော ဂိုဒေါင်တွင် စီပြီးထားကာ ညနေတိုင်း တစ်ခြင်းလျှင် ရေတစ်ပုံး နှစ်ပုံး နှစ်ခြင်းကို ရေတစ်ထမ်းကျ လောင်းပေးရသည်။ တစ်နှစ်လျှင်တစ်ကြိမ် ပဲ၊ လက်ဖက်ခြင်းများ ရောက်လာတတ်ပြီး တစ်နှစ်ပတ်လုံး လက်ဖက်ခြင်းတွေ မကုန်မချင်း ရေလောင်းပေးရ၏။ ကျွန်မက လက်ဖက်သုပ်ကာနီးလျှင် ခြင်း၏ ထိပ်မှ ကျွန်မလက်ကလေး သုံးချောင်းနှင့် ကော်၍ရရုံလောက် အပေါက်ကလေးမှ ကော်နှိုက်ယူလိုက်လျှင် ဝင်းစိုနူးညံ့သော လက်ဖက်ညွန့် အရွက်ကလေးများ တစ်ခါသုပ် ပါလာပါသည်။ အဲသည်လို လက်ဖက်ကောင်းကို စားခဲ့ရ၍လည်း လက်ဖက်ညံ့လျှင် လျှာက လက်မခံပါ။ ကြွားတာ မဟုတ်ပါ။ ကျွန်မ စားဖူးတာကို ပြောတာပါ။ အဲဒီဂိုဒေါင်အပြင် တွဲလျက် ဂိုဒေါင်ကို "စပါးကျီ" "စပါးစီ" ဟု အဲဒီတုန်းက ခေါ်ပါသည်။

စပါးစီကလည်း တစ်နှစ်တစ်ကြိမ်ပဲ စပါးတွေ လာပို့သည်။ စပါးပေါ်ချိန်ဆိုလျှင် ကျွန်မတို့ခြံရှေ့နှင့် ခြံဝင်းထဲတွင် စပါးလှည်းတွေ တန်းစီနေကြသည်။ လှည်းပေါ်မှ စပါးတွေကို တောင်းနှင့်တစ်မျိုး၊ ဂုန်နီအိတ်နှင့် တစ်မျိုးကို ဖေဖေက ကတ္တားနှင့်ချိန်၍ ယူသည်။ ပြီးလျှင် ဂိုဒေါင်တွင်းသို့ ပို့သည်။ တစ်ပတ်လောက် ဖေဖေဆိုင်သို့ မလိုက်နိုင်။ စပါးတွေကို သိမ်းရသည်။ လှည်းတွေလည်း ကုန်ရော၊ စပါးစီကြီး အတွင်းမှာလည်း ရွှေရောင်ဝင်းသည့် စပါးစေ့တွေ တောင်ကြီးလို ပုံနေလိုက်သည်မှာ ခေါင်မိုးသွပ်နှင့် ထိနေပါတော့၏။ အချိန်ကာလတွေ ကြာခဲ့ပြီမို့ ကျွန်မတို့မှာလည်း မောင်နှမလေးယောက်ဖြစ်လာပါပြီ။ ကျွန်မတို့ မောင်နှမတွေ စပါးပုံ ထိပ်ဖျားထိ တက်ပြီးမှ လျှောစီးကြသည်။ မောင်လေးက ဒိုင်ဗင်ထိုးသည်။ ပျော်လိုက်ကြတာ။

အစ်ကိုလေးက တုတ်တစ်ချောင်းနှင့် ရောက်လာပြီး လာကြ အကုန်ဆင်းကြ ထွက်ကြဆိုကာ တစ်ယောက်စီကို အပေါက်ဝမှ ဆီးရိုက်ပြီး စပါးစီကို အာမခံသော့ ခလောက်ကြီးနှင့် ခတ်လိုက်တော့သည်။

အစ်ကိုလေးဆိုသူမှာ ဖေဖေ့တူ အသက်နှစ်ဆယ့်ငါးနှစ် လူပျို ဖြစ်သည်။ တောတွင် လယ်မလုပ်ချင် တောသားမလုပ်ချင်၍ မြို့မှာနေပါရစေဟု ဖေဖေ့ကို ငိုယိုပြောသဖြင့်

ဖေဖေက အိမ်မှာ ခေါ်ထားခဲ့သည်။ ဆိုင်အလုပ်ခိုင်းတော့လည်း သူ စိတ်မပါ။ စက်ချုပ်တတ်ချင်သည်ဆို၍ စက်ချုပ် သင်ပေးတော့လည်း တတ်အောင် မသင်။ ဘင်ဂျိုကလေး တဒေါင်ဒေါင် တဒင်ဒင်နှင့် သီချင်းပဲ ဆိုနေသည်။ တယောကိုလည်း တကျွိကျွိ ထိုးလာပြန်၏။ ဤတယောပိုင်ရှင်မှာ လမ်းထဲမှ ကိုပိန်၏ တယော ဖြစ်သည်။ ကိုပိန်က တယောထိုးတတ်သည်။ ရုပ်ရှင်ရုံက တီးဝိုင်းအဖွဲ့မှာ ကိုပိန်၏ တီးဝိုင်း ဖြစ်၏။ ထိုစဉ်က ရုပ်ရှင်ရုံကို ဘိုင်စကုတ်ဟု ခေါ်သည်။ ရုပ်ရှင်ရုံကိုလည်း ဘိုင်စကုပ်ရုံဟုပဲ ခေါ်ကြသည်။ ဘိုင်စကုတ်တွေက အသံတိတ်ကားတွေဆိုတော့ စာတန်းထိုးပြသည်။ အဲဒီကိုပိန်တို့တီးဝိုင်းကလေးက ဘိုင်စကုတ်ရုံ၏ ညာဘက် ထောင့် ခပ်မြင့်မြင့်တွင် လူဆယ်ယောက်လောက် ထိုင်နိုင်သည့် စင်မြင့်ကလေးပေါ့။ လေ့ကားကလေးနှင့်။ အစ်ကိုလေးက ကိုပိန်နှင့် လိုက်လိုက်သွားပြီး ဘိုင်စကုတ်ရုံ မှာချည်း အချိန်ဖြုန်းနေပြန်ရာ ဖေဖေက တောပြန်ပို့ရန် စီစဉ်တော့ အစ်ကိုလေးက တောတော့ မပြန်ပါရစေနဲ့ ဦးကြီး ခိုင်းလိုရာခိုင်းပါ။ လုပ်ပါမည်။ တယောကလေး တော့ ထိုးပရစေဟု အသနားခံသဖြင့် မေမေက သနားပြီး–

"ကဲ တောမပြန်ချင်ရင် အိမ်မှာ ထမင်းချက်။ နင်တောမှာနေတုန်းကလည်း အလှူ တွေမှာ လိုက်ချက်နေတာပဲ" ဟု ပြောရာ အစ်ကိုလေးက ဟုတ်ကဲ့ပါဟု ကတိပေး သည်။ ကျွန်မတို့ကလည်း အစ်ကိုလေး တောပြန်မည်ဆိုလျှင် ငိုကြသည်။ မေမေက လည်း စီးပွားရေးနှင့် တစ်နေကုန်သူဖြစ်ရာ မီးဖိုဆောင်ကို ပြန်မကြည့်နိုင်။ ထမင်းချက် တွေနှင့်ပဲ ထားခဲ့သည်။ ထမင်းချက်တွေကလည်း လခမပေးရ။ ဆွေမျိုးမကင်း ဒုက္ခ ရောက်နေသူများနှင့် ကျွန်မတို့အိမ်မှာနေချင်သူများ ဖြစ်ပါသည်။ မေမေက လက်ကြီး သူဖြစ်ရာ အစားလည်းအဝကျွေး၊ အဝတ်လည်းဆင် မုန့်ဖိုးလည်း ပေးပါသည်။ သို့ ကြောင့် အိမ်မှာနေချင်သူတွေ တန်းစီနေသည်။ မေမေက သူစိမ်းတွေတော့ လက်မခံ။ သွေးသားတော်စပ်သူပဲ လက်ခံသည်။ တစ်အိမ်လုံးကို ပစ်ထားခဲ့ရတာကိုး။

အစ်ကိုလေးကလည်း သူ့ကတိအတိုင်း ကျွန်မတို့မိသားစုအားလုံး၏ စိတ်ကြိုက် ကောင်းမွန်စွာ ချက်ပြုတ်ကျွေးပါ၏။ မေမေက အစ်ကိုလေးကိုပဲ နေ့စဉ် ဟင်းဖိုးရော ဈေးဆွဲခြင်းရော အားလုံးလွှဲအပ်ထားသည်။ အစ်ကိုလေးကလည်း ညဘက် သူ တယောလည်းထိုးရဖို့ တစ်နေ့လုံး တစ်အိမ်လုံး၏ ချက်ရေးပြုတ်ရေး လျှော်ရေးဖွပ်ရေး တံမြက်စည်းသိမ်း၊ ဖုန်သုတ်ကအစ အားလုံးလုပ်သည်။ ကျွန်မတို့က သနား၍ ဝိုင်း ကူလျှင်–

"သွား သွား ညီမလေး အစ်ကိုလေး လုပ်မယ်။ ညီမလေး စာကျက်၊ စာကျက် ကြောင်အိမ်ထဲမှာ ဆတ်သားခြောက်ရှိတယ်။ ယူစား"

"စားပြီးတာမှ ကြာလှပြီ"

"တယ်... ဒီကောင်မလေး ပါးစပ်ကလေး ကျဉ်းပေလို့ပဲ။ ကျယ်များကျယ်ရင် လူတွေတောင် ဝါးမယ်"

ဟု ပြောပါသည်။ အစ်ကိုလေးကို ကျွန်မ အလွန်ချစ်သည်။ ကျွန်မကြိုက်သော အစားအစာကလေးတွေကို တသီးတခြား ပန်းကန်ကလေးနှင့် ကျွန်မ ကျောင်းအပြန် စားဖို့ ချန်ထားတတ်သည်။ သူ မကြိုက်သည့်အစာဆိုလည်း ကျွန်မကိုပဲ ချန်ထား တတ်သည်။ အစ်ကိုလေး တယော တော်တော် ထိုးတတ်နေပါပြီ။

ညလသာသာဆိုလျှင် အိမ်ရှေ့က ကွပ်ပျစ်ပေါ်တွင် အစ်ကိုလေးက တယောထိုး ကျွန်မက သီချင်းဆိုရသည်။ အဲသည်တုန်းက ခေတ်စားနေသော သီချင်းများမှာ မောင့်သက်လယ်၊ ကတ္တရမ္ဘေ့စည်၊ စောမွန်လှ၊ နဂါးနီတို့၏နောက်တွင် အောင်ခြင်း ရှစ်ပါး၊ ဂုဏ်မြင့်သူ၊ လှမဒ္ဒူ၊ ချစ်ရဲဘော်၊ လှေကလေးစသည့်သီချင်းတွေ၊ ဟောဝန်နန်း၊ ရှေးရေစက် စသည်စသည်တို့ဖြစ်သည်။

အဲသည်တုန်းက ဓာတ်စက်ပဲရှိရာ ကိုလံဘီယာဓာတ်ပြား၊ အေဝမ်းမှ ဓာတ်ပြား တွေ အိမ်မှာအစုံရှိသည်။ ဓာတ်စက် ဆိုတာကလည်း အော်လန်ကြီးနှင့် ဂေါက်နှင့် လှည့်ပြီး ဓာတ်ပြားကို အပ်တင်ဖွင့်ရသည်။ အဲသည် ဓာတ်စက်ကိုလည်း လူတိုင်း မဝယ်နိုင်ကြပါ။

အိမ်မှာ ဆဒ္ဒန်ဆင်မင်းဓာတ်ထုပ်၊ ဦးရှင်ကြီး ဓာတ်ထုပ်ကလည်း ရှိသည်။ အိမ်နီးချင်းတို့က ညကျလျှင် ဆဒ္ဒန်ဆင်မင်းဓာတ်ထုပ်ဖွင့်ပါဦးဆိုလျှင် အော်လန်ကြီး သူတို့ အိမ်ဘက်လှည့်၍ ကျယ်ကျယ်ဖွင့်ပေးရသည်။ ဦးရှင်ကြီးဖွင့်ပါဦးဆိုလျှင် ဖွင့်ပေးရသည်။ မေမေနှင့်ဖေဖေတို့သည် မိတ်ဆွေသင်္ဂဟများ၏ အနွံအတာကို အလွန်သည်းခံကြသည်။ ထို့ကြောင့် ဦးထွန်းမြ– ဒေါ်မြခင်ဆိုလျှင် ပေါင်းတည်မြို့တွင် မသိသူ မရှိပါ။

ကျွန်မ အရွယ်သည် တဖြည်းဖြည်းနှင့် အပျိုပေါက်ကလေး ဖြစ်လာပါပြီ။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့ ရပ်လိုက်လျှင် ကျွန်မခန္ဓာကိုယ် အချိုးအစားတို့သည် သိသိ သာသာကြီး ပြောင်းလဲလာပါပြီ။

သီတင်းကျွတ် ကျောင်းပိတ်ရက်

သင်္ကြန်ကျောင်းပိတ်ရက်

ဒီဇင်ဘာ ကျောင်းကြီးပိတ်ရက်ရှည်များရလျှင် ကျွန်မကို "အင်းမ" မှ ဦးလေးသန့်နှင့် ဒေါ်ဒေါ်လေးတို့က ကားနှင့် လာခေါ်ပါတော့၏။ ဦးလေးသန့်က အင်းမမြို့မှ ဌာနာအုပ် ဖြစ်သည်။ ဦးလေးသန့်ကို အားလုံးက "ဗိုလ်ကြီးသန့်" ဟု ခေါ်၍ ဒေါ်ဒေါ်လေးကိုတော့ "ဗိုလ်ကတော်ကြီး" ဟု ခေါ်ပါသည်။ ဦးလေးသန့်ကလည်း အရပ် အမောင်းကောင်းပြီး ယောကျ်ားပီသသူဖြစ်သဖြင့် ရဲယူနီဖောင်းနှင့် အလွန်ကြည့်ကောင်းသည်။ ဦးလေးသန့်နှင့် ဒေါ်ဒေါ်လေးတို့တွင် အိမ်ထောင်သက် ကြာခဲ့ပေမယ့် သားသမီး မရသဖြင့် ကျွန်မကို မေမေ့ဆီမှ ခဏခဏ လာတောင်းတတ်ရာ မေမေက–

"ဟဲ့... ကလေးလိုချင် ကိုယ့်ဟာကိုယ် မွေးပေါ့။ ဘယ့်နှယ် သူများမွေးထားတာကို ဘူးသီး၊ ခရမ်းသီးလို လာတောင်းနေရတာလဲ"

"အစ်မလေးမှာ ကလေးတွေ ပြည့်လို့ဟာ။ အမွေစား အမွေခံမွေးပမယ်တဲ့။ ကိုသန့်က ပြောခိုင်းလို့"

"မပေးနိုင်ပါဘူးတော်။ ငါ့သမီး ရွှေရေးပန်းခက်ကလေးကို ကျောင်းပိတ်ချိန် ထည့်ရတာတောင် လွန်လှပြီ။ ကလေးက လိုက်ချင်လို့ ထည့်တာနော်။ ညည်းတို့လင်မယား ဟိုခေါ်သွားပြီး ကလေးကို မဆွယ်နဲ့"

"အစ်မလေးကလည်း..."

ဟုတ်ပါသည်၊ ဒေါ်ဒေါ်လေးတို့က ကျွန်မကို ဆွယ်တရားဟောနေတာ ကြာပါပြီ။ ပြည်မြို့ရှိ ရိုးကုမ္ပဏီသို့ ခေါ်ခေါ်သွားပြီး ပိုးထီး၊ ဆောင်းတွင်း ဆောင်းသည့် သံပရာခွံ ဦးထုပ်၊ စိန်ကတ္တီပါ ကုတ်အင်္ကျီ၊ ကင်းဘတ်ဖိနပ် စသည်တွေကို ဝယ်ပေးခဲ့ပြီ။ အခု တပေါင်းလ ရွှေနတ်တောင်ဘုရားပွဲတော်သွားရန် ကျွန်မနှင့် မမကို လာခေါ်ခြင်းဖြစ်၏။ နှစ်စဉ်လည်း ခေါ်နေကျပါ။ ကျွန်မတို့ ညီအစ်မ အထုပ်အပိုးတွေနှင့် ပါသွားကြသည်ကို မေမေက အိမ်ပေါက်ဝမှ ငေးကြည့်ကျန်ခဲ့သလို မောင်လေးနှင့် ညီမလေးကလည်း ငိုကျန်ခဲ့ကြသည်။ ရွှေနတ်တောင်ပွဲတော်မှာလည်း မမကိုရော ကျွန်မကိုရော လိုချင်တာမှန်သမျှ အကုန်ဝယ်ပေးသည်။ ဗိုလ်ကြီးသန့် ဆိုင်ရှေ့ရပ်တာနှင့် ဆိုင်ရှင်တွေက ပျာပျာသလဲဖြစ်ကာ အရပ်တွေ ဘယ်နှရပ်ယူယူ ပိုက်ဆံမယူကြပါ။ ရွှေနတ်တောင်ပွဲတော်ရက်ကုန်တော့ အင်းမဂါတ်တဲရှိ နေအိမ်ကို ပြန်ခဲ့ကြရသည်။ ကျွန်မမှာလည်း ဖာတစ်လုံး ခေါင်းကျားလို အရပ်တွေ၊ အိုးပုတ်တွေ၊ စက္ကူပန်းတွေ၊ မောင်လေးနှင့်

ညီမလေးဖို့ ခါး၊ မင်းသမီး ကြိုးဆွဲရုပ်ကလေးတွေ၊ ပွဲတော်မှ ဝယ်လာသည့် ထန်းခေါက်ဖာကလေးနှင့် တစ်လုံးအပြည့်ပါပဲ။

အင်းမဂါတ်တဲအိမ်ကို ပြန်ရောက်လျှင်ပဲ ဂါတ်တဲသို့ လက်ထိတ်တွေ ခတ်ထားသည့်နှစ်ယောက်တွဲ၊ သုံးယောက်တွဲအင်္ကျီမရှိ၊ ပုဆိုးဒူးခေါင်းပြဲ ပုဆိုးမည်းမည်းစုတ်စုတ်၊ ခေါင်းမွေးရှည်ရှည်ကြီးကြီးတွေနှင့် လူဆိုးတွေဖမ်းလာပြီး ဂါတ်ထဲ ခေါ် သွားကာ ပုလိပ်တွေက ရိုက်နှက်စစ်ဆေးနေသံများနှင့် အမယ်လေးဗျ၊ ကြောက်ပါပြီဗျ ဆိုသည့် အော်သံများကိုပါ ကြားနေရသည်။

အဲသည်အချိန် (စစ်မဖြစ်မီ)က အင်းမ၊ ဝက်ပုတ်ဆိုသည့် ရွာကြီးနှစ်ရွာမှ လူဆိုးသူခိုးအလွန်ပေါသောဒေသ ဖြစ်သည်။ ရန်ကုန်–ပြည်သွားကားလမ်းပေါ်ကြီးတွင် တည်ရှိရာ ညဘက်ကို အဲသည်နားက ဖြတ်မမောင်းဝံ့ကြ။ ခါးပြတိုက်ခံကြရသည်။

စာတဘောင်တောင်ရှိပါသည်။

"အင်းမ ဝက်ပုတ်လှည်းမဖြတ်နဲ့

ဖြတ်မှ ဖြတ်လေ မအိပ်လေနဲ့" ဟုဖြစ်သည်။

ရွှေနတ်တောင်ဘုရားပွဲတော်သို့ ရွာနီးချုပ်စပ်ကရော၊ အဝေးကရော လှည်းတွေငါးဆယ်၊ တစ်ရာစုပြီး ဘုရားပွဲလာတတ်ကြရာ ဝေးလံသည့်ရွာများမှ လှည်းတန်းကြီးသည် မိုးချုပ်သွားသည့်နေရာတွင် လှည်းတွေဖြုတ်နား ချက်ပြုတ်စားကြရသည်။ မောမောနှင့် အိပ်မိကြလျှင် နွားတွေကို နွားသူခိုးတွေက ခိုးသွားခံရတော့၏။ တချို့နိုး၍အော်လျှင် ပါးစပ်ပိတ်ပြီး ခါးပြတိုက်သွားခံရပြန်၏။ ပွဲတော်အတွင်းက လုယက်ခိုးဝှက်သွားကြသည့် လူဆိုးတွေ အခု အင်းမဂါတ်ကို ရောက်လာကြပါပြီ။ ရာဇဝတ်ဘေး ပြေးမလွတ်သည့်အလုပ်ကို လုပ်ကိုင်စားကြသည်။ ကျွန်မသည် အိမ်၏ ဝရန်တာမှ ရိုက်သံ အော်သံများကို ကြားနေရရင် ရင်တွင်းမှာ ဘယ်လိုဝေဒနာဆိုးကြီးမှန်းမသိအောင် နာနာကျင်ကျင်ကြီး ဖြစ်မိပါသည်။

သည်တစ်ခေါက် ကျွန်မ အင်းမကို လိုက်လာသည့်ရက် နှစ်ပတ်အတွင်း မနုဿလူသားများ၏ဘဝမျိုးစုံကို မြင်ရပါသည်။ လူဆိုးကြီးတွေကို ဘယ်ခေါ်သွားမှန်းမသိ။ ကားနှင့် တင်ခေါ်သွားပြီး ပြန်တော့ အိမ်မီးဖိုခန်းထဲတွင် မစောတင်သည် ကော်ဖီဖျော်ရင်း ငိုနေသည်။ မစောတင်သည် အသက် ၂၄ နှစ်ရှိပြီး ပုလိပ်ကိုစံကေး၏မိန်းမဖြစ်သည်။ ဒေါ်ဒေါ်လေးက ထမင်းစားပွဲမှာထိုင်ရင်း နေ့လယ်စာ ကော်ဖီနှင့် မုန့်စားရန်ထိုင်နေရင်း–

"စောတင်"

"ရှင် မမ"

"ညည်းလင်ကို ညည်းပြတ်မလား"

"ပြတ်လိုက်တာမှ တစ်သက်မဟုတ်၊ ဆယ်သက်ပြတ်ပါတယ် မမရယ်"

"စဉ်းစားပြီးပြီလား"

"စဉ်းစားပြီးပါပြီ"

"အေး အခု စံကေးကို ညည်းကို မူးမူးပြီး ရိုက်နှက်မှုရယ်၊ မယားငယ်ယူမှုရယ်နဲ့ ရာထူးချထားတယ်။ အဲဒီတော့ အလုပ်ပြုတ်ဖို့ များတယ်။ ညည်း ပြန်မပေါင်းလိုတော့ဘူးဆိုရင် ကလေးတွေ ပေါင်းတည်ပြန်ပို့ရင် ညည်းကိုပါ ခေါ်သွားပြီး ပေါင်းတည်အိမ်မှာ ခဏပုန်းနေ။ ငါ့လာမေးရင် ညည်းဟာညည်း ဘယ်ထွက်သွားမှန်း မသိဘူးဘဲ ပြောထားမယ်။ ညည်းအစ်မလေး အိမ်က အလုပ်တွေလည်း ငါ့ဆီမှာ လုပ်သလိုပဲ လုပ်ပေးနော်။ အစ်မလေးကို ငါ သေသေချာချာပြောပြီး အပ်ထားခဲ့မယ်။ ငါ့အစ်မက အကျင့်မကောင်းရင်တော့ မကြိုက်ဘူးနော်။ အကျင့်ကောင်းကောင်းနေနော်။ နောက်ပြီး ဖိုးကျော် (အစ်ကိုလေးနာမည်) က အခုဆို တစ်အိမ်လုံးရဲ့ အလုပ်တွေ သူတစ်ယောက်တည်း လုပ်နေရတာ ညည်းရောက်သွားရင် သူ့အလုပ်တွေထဲက တစ်ဝက် ညည်းခွဲယူလုပ်နော်"

"စိတ်ချပါ မမရယ်။ စောတင် အလုပ်ဘယ်လောက် လုပ်ရလုပ်ရ လုပ်နိုင်ပါတယ်။ နှိပ်စက်တာသာ မခံနိုင်တာပါ"

"အေး ငါ ညည်းအစ်ကိုပြန်လာရင် ပြောပြပေးမယ်"

"မနက်ဖြန် ကလေးတွေ ပြန်ပို့မယ်။ ညည်းလည်း ယူစရာလေးတွေ ပြင်ထားဟိုမှာ ကောင်းကောင်းနေနော် မစောတင်"

"နေပါ့မယ် မမရဲ့။ စိတ်ချပါ"

"ဖိုးကျော်ကိုလည်း သွားမရိနဲ့နော်"

"ဩော် မမကလည်း မရိပါဘူး မမရဲ့"

"သိနိုင်ဘူးလေ ညည်းကလည်း သောက်ကျင့်က သိပ်ကောင်းတာ မဟုတ်ဘူး"

"မမကလည်းနော်။ ကျွန်မ ဘယ်တုံးက မိုက်ခဲ့လို့လဲ"

မစောတင် ကျွန်မတို့အိမ်ရောက်လာပြန်၍ ကျွန်မ အလွန်ပျော်ပါသည်။ မစောတင်သည် တစ်အိမ်လုံး ပြောင်လက်နေအောင် ကြမ်းတွေတိုက်၊ အိပ်ရာခင်း၊ ခြင်ထောင်

တွေ၊ အဝတ်တွေ၊ ပုဆိုးတွေ၊ ကျွန်မတို့ ထဘီတွေပါ သူကိုယ်တိုင် လျှော်သဖြင့် ပင်မင်းနှင့် ဒိုဘီ မပေးရတော့ပါ။

ပင်မင်းဆိုတာက အဝတ်အစားကောင်းများကို လျှော်ဖွပ်၊ မီးပူတိုက်ပေးသောဆိုင် ဖြစ်သည်။ ဒိုဘီက ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း စသည့် အထည်ကြီးများကို လျှော်ဖွပ်မီးပူတိုက်ပေးသည်။ ပင်မင်းက မြန်မာလုပ်၍ ဒိုဘီက ကုလားများလုပ်သည်။

မေမေက ဈေးသွားဈေးပြန် စီးဖို့ လန်ချားတစ်စီး ဝယ်ထားပါသေး၏။ လန်ချား မောင်းသူက ကော်ရင်ဂျီကုလား အာတီးယား ဖြစ်သည်။ အဲဒီလန်ချားကို မမကတော့ ဘယ်တော့မှ မစီး။ ရှက်လို့တဲ့။ ဟုတ်တော့လည်း ဟုတ်တာပေါ့။ မမက သိပ္ပံဆံထုံးနှင့် သိပ္ပံဆံမြိတ်နှင့် လန်ချားစီးတော့ အလှလည်းပျက်၊ ဆံထုံးပျက်မှာလည်း စိုးရ သပေါ့။ ကျွန်မကတော့ အာတီးယား လန်ချားကြုံသည့်နေရာက တက်စီးတာပဲ။ တစ်ခါပေါ့။ မေမေနှင့် ကျွန်မ မြောက်ပိုင်းက မင်္ဂလာဆောင်သွားတာ။ အာတီးယား လန်ချားနဲ့ပေါ့။ မေမေကလည်း ဘီးဆံပတ်ကြီးနှင့် စိန်ဘီးနှင့် လက်ဝတ်လက်စားတွေ နှင့် ဘန်ကောက် လုံချည်အစိမ်း၊ ပဝါကအစိမ်း၊ ကျောက်စိမ်း လက်ကောက်ကြီးနဲ့ ဖက်ရှင်အောင်ဋ္ဌေပဲ။ ကျွန်မကလည်း အင်္ကျီနုံ့သာနုရောင်၊ မန္တလေးပိုးချိတ်ပါး ရွှေဝါ ရောင်နဲ့ ရွှေလက်ကောက်တွေ ရွှေခြေချင်းနဲ့ပေါ့။ တောင်ပိုင်းကနေ မြောက်ပိုင်းသွားရ တော့ မီးရထားသံလမ်းကြီးကို ဖြတ်ရပါသည်။ လူသွားလမ်းထက် သံလမ်းက ကျောက်စရစ်ခဲတွေ မို့မို့တွင် ဇလီဖားတုံး အဲသည် ဇလီဖားတုံးပေါ်ကမှ ရထားသံလမ်း ဖြစ်ရာ တော်တော်မြင့်ပါ၏။ ကမူလေးလို ဖြစ်နေသည်။ ဘိုင်စကယ်တွေ၊ ဆိုက်ကား သမားတွေပင် သည်အတက်ကို ခြေထောက်နှင့်ဆင်းပြီး ဘိုင်စကယ်ကို တွန်းတက်ကြ ၏။ အဲဒါကြောင့် မေမေက

"ဟဲ့...... အာတီးယား ငါတို့ ဆင်းမယ်လေ"

ဟု ပြောတာကို ကုလားက နားမထောင်–

"ရတယ် အမား"

ဆိုကာ ခွန်နှင့်အားနှင့် တောက်လျှောက် ပြေးတက်သည်။ လန်ချား ဆောလစ် တာယာဘီးဖြစ်ရာ ရှေ့ကိုမတက်ဘဲ နောက်ဘက်ကို ပြန်ချော်ပြီး လျှောကျသွားလေ၏။ အဲသည်မှာ အာတီးယား လက်မှ လန်ချားဝင်ရိုးလက်ကိုင်ကြီး မိုးထောင်တက်သွား သည်ကို မြင်လိုက်ပြီးသည့်နောက်တော့ မေမေနှင့်ကျွန်မ နောက်ပြန်ကျွမ်း လန်ချား တခြား လူတွေတခြား ဖြစ်ကုန်တော့၏။ အိမ်က ထွက်လာတုန်း မင်းကတော်ကြီးလို

စတိုင်တွေဖြူးလှသော မေမေ့ဘီးဆံပတ်ကြီးမှ ဆံတုနှစ်ချောင်း မေမေ့ပခုံးပေါ်တွင် မြွေနှစ်ကောင်လို လည်ပင်းပတ်နေတာက တစ်ခု၊ ပခုံးပေါ်မှာ တစ်ခု၊ ဘီးဆံပတ်မှ ဘီး ဆံထုံးတွေ၊ မေမေ့မျက်မှန်၊ ပဝါတွေ မြေပေါ်တွင် ပြန့်ကျဲနေပါသည်။ မေမေလည်း ရှက်ပြီး မျက်နှာကြီး ရဲပြီး အာတီးယားကို ဆူပါတော့၏။ လမ်းသွား လမ်းလာတွေက ဝိုင်းပြီး ကူညီကြသော်လည်း ကျွန်မ၏ ဥဿဖရား ဆွဲကြိုးမှ ဟစ်တလာတံဆိပ် စကြာပုံ ဆွဲသီး (လော်ကတ်) ကလေးမှာ ဘယ်လွင့်သွားသည် မသိ။ ရှာမတွေ့တော့ပေ။ ကျွန်မလည်း ပခုံးတွေစုတ်၊ မေမေ့လက်မောင်းလည်း ပွန်းပွဲ့သွားပြီး ပဝါစိမ်းကလေးလည်း ရွှံ့ရေတွေ ပေကုန်တော့၏။

"ဒေါ်မြခင်တို့သားအမိ ရထားခုံးမှာ လန်ချားမှောက်လို့" ဆိုသည့်သတင်းက ပြန့်သွားသည်။ အမှန်က လန်ချားမှောက်တာ မဟုတ်။ လန်ချားပက်လက်လန်သွားတာပါ။ အဲသည်ထဲက အာတီးယားလန်ချားကို ကျွန်မ မစီးတော့ပါ။ မေမေလည်း ရှက်လွန်း၍ အဲသည်အကြောင်း ကျွန်မက ပြော၍ပြော၍ ရယ်လျှင်–

"တော်တော့ သမီး ဒါပဲပြောနေတာပဲ" ဟု မငေါက်စဘူး ငေါက်ပါသည်။ အဲသည်တော့ ကျွန်မ မျက်ရည်ကျ၏။ မမက–

"ဟုတ်သားပဲ ညီမလေးက ခဏခဏ မပြောနဲ့လေ။ မေမေက ခုထိ အရှက်မပြေသေးဘူးကွဲ့"

"မမကလည်း လန်ချားမှောက်တာ မဟုတ်ဘူး။ ပက်လက်လန်သွားတာကို မှောက်တယ်ပဲ ပြောနေကြတယ်"

"ဩော်... မှောက်မှောက်လှန်လှန် ပြီးတာပြီးပြီပဲ၊ တော်တော့။ နောက် မေမေ့ရှေ့မှာ ပြောလည်း မပြောနဲ့ ရယ်လည်း မရယ်နဲ့"

ကျွန်မ မကျေနပ် ဖွတ်နှစ်နေခဲ့ရသည်။ မစောတင်နှင့် အစ်ကိုလေးကိုတော့ မေမေ မရှိချိန်ပြောပြီး ရယ်ရသည်။ မစောတင် အဝတ်လျှော်ရာတွင်ဖြစ်စေ၊ မီးပူတိုက်နေလျှင်ဖြစ်စေ ကျွန်မ ရယ်စရာတွေ ပြောနေတတ်ရာ မစောတင်က–

"ငါ့ညီမလေး ဘဝကလေး မစောတင် လိုချင်လိုက်တာ" ဟု ညည်းပါသည်။ အဲသည် တစ်နေ့မှာပဲ မစောတင် နာမည်နှင့် စာတစ်စောင် စာတိုက်မှ စာပို့ကုလား လာပေးသွားသည်။ မစောတင်က စာကို မဖတ်ရဲ၍ ကျွန်မကို ဖတ်ပြစမ်းပါဟု ပြော၍ ဖတ်ပြရာ–

စောတင်

နင့်ကို ဗိုလ်ကတော်ကြီးက ပေါင်းတည်ကို ခေါ်သွားတာ အခု ငါ သတင်းရလို့ ဒီစာရေးလိုက်တယ်။ ငါ့ကို လူကြီးတွေက အလုပ်က ဖြုတ်လိုက်ပြီ။ နင်လည်း ငါ့ဆီ ပြန်မလာနဲ့တော့။ ငါလည်း ဖြစ်ချင်ရာ ဖြစ်ပါစေတော့ ဒါပဲ။

**စံကေး**

စာဆုံးတော့ မစောတင်က တရှုပ်ရှုပ်နဲ့ ငိုနေသည်။ သူ့ယောက်ျားကို ချစ်လို့ ငိုတာလား၊ မုန်းလို့ငိုတာလား ကျွန်မ မသိ။ ဒါပေတဲ့ လူတွေဟာ ငိုသည့်လူက ငို၊ ရယ်သည့်သူက ရယ် လင်မယားကွဲသူက ကွဲ၊ တောမှာမနေချင်၍ မြို့မှာလာပြီး ထမင်းချက်ရင်း တယောထိုးသူကထိုး၊ ရွှေနတ်တောင်ဘုရားပွဲလာသည့် လှည်းတွေမှ နွားတွေခိုး၍ ထောင်ထဲရောက်သူရောက် မေမေ့ ချေးငှားထားသည့် ကြွေးသမားတွေနှင့် မေမေက တည်းည်း။ ရွှေထည်ပစ္စည်းတွေပေါင်ပြီး လယ်စပါး အထွက်ညံ့၍ ပြန်မရွေးနိုင်ဘဲ အပေါင်ဆုံးသဖြင့် အပေါင်ခံကြသည့် မေမေနှင့် မမတို့ရှေ့တွင် ငိုသူကငို အတော်စိတ်ညစ်စရာကောင်းသည့် မြင်ကွင်းများကို ကျွန်မဘေးမှ ကြည့်ရင်း သက်ပြင်းကလေး မှုဉ်းမှုဉ်း ချတတ်လာပါသည်။ ချောင်းနားပေါက်တန်း ရွာက ဒေါ်ပုမဆိုလျှင် သူရဲ့ဥစီရွှေလက်ကောက် ငါးရန် (၁၀ ကွင်း) နှင့် ရွှေဘီးကြီး ဆုံးသဖြင့် ငိုလိုက်တာ။ သူက စပါးရော ကြံရော စိုက်သူဆိုတော့ မိုးခေါင်သည့်နှစ်တွင် ယခုလိုပင် နစ်နာဆုံးရှုံးကြရတော့သည်။ ဖေဖေက–

“တော်ပြီကွာ ဒီအပေါင်ခံအလုပ် မလုပ်ချင်တော့ပါဘူး” ဟု ညည်းသံကြားရသည်။ ဖေဖေက ဘုရားတရားသမားဖြစ်ရာ သူတစ်ပါးပစ္စည်းကို လုံးဝမယူလိုပေ။ သို့သော်လည်း ပေါင်သူက အရင်းပြန်ပေး အတိုးလျှော့လိုက်လျှင်ဖြစ်နိုင်သေး။ ခုတော့ အတိုးရော အရင်းရော တစ်ပြားမှ ပြန်မဆပ်နိုင်တော့လည်း ပစ္စည်းသိမ်းရတာပေါ့။ ဖေဖေရော မေမေရာ ဘယ်သူ့ပစ္စည်းကိုမှ မတရားမယူပါ။ သူတို့ကိုယ်တိုင်က ပေးနိုင်ကမ်းနိုင်သလောက် ပေးခဲ့ကြပါသည်။ ပေါင်းတည်မြို့၏ အရှေ့အနောက် တောင်မြောက် ခုနစ်မိုင်ပတ်လည်ရှိ ရွာများမှ တောင်သူဦးကြီးဟူသမျှ မေမေနှင့်ဖေဖေတို့၏ စီးပွားဖက်မိတ်ဆွေများ ဖြစ်၏။ အဲသည်ရွာများသို့သွား၍ ဘုန်းကြီးကျောင်းများတွင် ကထိန်ခင်းခြင်း၊ ဇရပ်ပြင်ခြင်း၊ လမ်းပြင်ခြင်း၊ ရေလိုလျှင် ရေတွင်းတူး၍ လှူခြင်း ရွာဦးစေတီ ပြုပြင်လျှင်လည်း ရွာသူရွာသားများ ကုသိုလ်နှင့် စုပေါင်း၍ ဖေဖေက ဦးစီးလှူဒါန်းသည်။ ဆွမ်းကွမ်း မပြည့်စုံလျှင် ဆွမ်းပဒေသာပင် စိုက်ထူပေးပါ၏။ ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ပဲများကိုလည်း လှည်းတစ်စီး အပြည့်ကို ခွဲဝေ၍ လှူ

သည်။ တစ်နှစ်တစ်ကြိမ် သီတင်းကျွတ်၊ တန်ဆောင်တိုင်ဆိုလျှင် ကျွန်မ အလွန်ပျော်သည်။ အချို့ရွာတွေက လှည်းနှင့် လာခေါ်သည်။ မေမေက မြင်းလှည်းပေါ် ကော်ဇောခင်းပြီး သားတွေ၊ သမီးတွေ အိမ်ရှိလူအားလုံးကို ခေါ်သွားလေ့ရှိသည်။ ဘုန်းကြီးအချို့ပွဲကပ်ရန် ရွှေကျီဆန္ဒင်းမကင်း၊ ကျောက်ကျော၊ သာကူပြင်၊ အဆော့တစ်ကိတ်၊ သစ်သီးကိတ်တို့ကို ဝယ်သွားသည်။ တစ်ခါတလေ ဒံပေါက်ဆွမ်း၊ ရွာလုံးကျွတ်တော့ မုန့်လက်ဆောင်းတို့၊ ကျောက်ကျော၊ ရှာလပတ်ရည်တို့ တိုက်သည်။ တစ်နေကုန် လှူဒါန်းစားသောက်ပြီး ညလသာသာတွင် အိမ်ကို ပြန်ခဲ့ကြသည်။ အိမ်အပြန်မှာလည်း ရွာက မိတ်ဆွေတွေက ထန်းပင်မြစ်အစည်းကြီးတွေ၊ ကြံတွေ၊ မုန့်ဆီကြော်တွေ၊ မုန့်ဖက်ထုပ်တွေ၊ ဝါးဥ၊ ကန်စွန်းဥတွေအပြင် ရွာကျောင်းဘုန်းဘုန်းက ငှက်ပျောခိုင်ကြီးတွေမှာ လှည်းနှင့်လိုက်ပို့ကြရ၏။ ကောက်ညှင်းဆန်၊ မြေပဲဆန်တွေကလည်း ပါသေးသည်။ လှည်းထွက်လာတာတောင် မပေးရသေးသူက ပြေးလိုက်ပေးတာကတော့ ဆီးတော်သီး အထုပ် ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ဟန်ဆောင်မှုကင်းကင်း စေတနာသန့်သန့်ရှင်းရှင်းနှင့် ကိုယ့်လူမျိုးအချင်းချင်း ချစ်ချစ်ခင်ခင်နေတတ်ကြသည့် ဤမြင်ကွင်းတို့ကို ငယ်ငယ်ကတည်းက ကျွန်မ သိမြင်ခဲ့ရသည်။ မေတ္တာသည် ဈေးထဲမှာ ဝယ်၍ မရ။ သူ့မေတ္တာနှင့် ကိုယ့်မေတ္တာ ဖလှယ်မှသာ ရရှိသည်။ တစ်ဦးနှင့်တစ်ဦး အခွန့်ရှည်စွာ ပေါင်းသင်းနေထိုင်မှုမှာလည်း ချမ်းသာသည်၊ ဆင်းရဲသည်၊ ဂုဏ်မြင့်သူ၊ ဂုဏ်နိမ့်သူနှင့်မဆိုင် သစ္စာရှိရှိ ကတိတည်တည်နှင့်သာ ပေါင်းသင်းခဲ့ကြသည်။

မေမေနှင့် ဖေဖေသည် စီးပွားရေးလုပ်သည်ဆိုသော်လည်း အမြတ်ကြီး မစားပါ။ ဖေဖေ့မိတ်ဆွေကြီး ရန်ကုန်မှ ပွဲရုံ၊ ကုန်တိုက်များပိုင်ရှင် ဦးဘဘွားကလည်း စားသုံးသူတွေ စားနိုင်တဲ့ဈေးနှင့်ရောင်းဖို့၊ သူဌေးမြန်မြန်ဖြစ်ဖို့ မကြံဖို့ အမြဲစာ လာပါသည်။ ဖေဖေကလည်း လောဘမရှိပါ။ ဒါကြောင့် မေမေ့ကို ဖေဖေက ရှေ့တန်းတင်ထားလိုက်ခြင်း ဖြစ်ပါသည်။ မေမေကရော လောဘကြီးသလော၊ မကြီးပါ။ စီးပွားက သူတက်ချင်သည့်အချိန်တွင် တလှုပ်လှုပ်နှင့် တက်နေသည်သာ။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံးပြည့်စုံတဲ့အခါကျတော့ ချွေးပေါက်ကျအောင် ပင်ပန်းစရာ မလို။ ပါးစပ်ကလေးနှင့်ပဲ စီးပွားက တက်နေသည်သာ။ စီးပွားဖြစ်ချိန်တွင် တံခါးပိတ်ထား၍ မရ။ အတင်းတွန်းဝင်လာတတ်သည်။ ဝင်ချိန်တွင် အိမ်ရှေ့ပေါက်က ဝင်၍ ထွက်ချိန်ကျတော့လည်း နောက်ဖေးပေါက်က ပြန်ထွက်ကုန်တတ်သည်။ ပစ္စည်းတက်ချိန်တွင် အထူးသတိထားရန် လိုပါသည်။ ဖေဖေက ပုတီးစိပ်ရင်း၊ သံဗုဒ္ဓေရွတ်ရင်း ဈေးရောင်း

သူ ဖြစ်သည်။ ဖေဖေနှင့်သာ တွေ့လျှင်တော့ ဈေးလည်း သက်သာမည်။ အချို့က ဖေဖေအကြောင်းသိတော့ ကလေးတွေပါခေါ်လာရာ ဖေဖေက ပဲကြီးလှော်တွေ၊ မြေပဲတွေ၊ ကြံသကာတွေ၊ ထန်းလျက်ခဲတွေ လက်နှင့် ဆုပ်ဆုပ်ယူပြီး အပိုဆုပေးလိုက်ပါသေး။

ဖေဖေက အသားဖြူဖြူ ပိန်ပိန်ခွဲ့ခွဲ့နှင့် ဇာတ်မင်းသားကြီး ဦးဘိုးစိန်လို ရုပ်မျိုး ဖြစ်၏။ အနီးစပ်ဆုံးပြရလျှင် ဦးဘိုးစိန်နှင့် ပြောပုံ နေပုံလာပုံ တူ၏။ နေ့စဉ် ခေါင်းပေါင်းနှင့် တိုက်ပုံနှင့် ပုဆိုးနှင့် မြန်မာအလွန်ဆန်၏။ ယောကျ်ားပီသ တည်ကြည်၏။ အမျိုးသမီးများနှင့် ကလေးငယ်များကို စောင့်ရှောက်၏။ ချစ်၏။ ကျွန်မလည်း ဖေဖေ့ကို စိတ်အေးဆေးလွန်း၍ ချစ်၏။ စားစရာရှိလျှင် ဖေဖေ့ကို ပြေးကျွေးပြီးမှ ကျွန်မက စားရာ မေမေက ပြုံး၍–

"တွေ့လား ရွှေဆွဲကြိုး၊ ရွှေလက်ကောက်တွေ လုပ်ပေးရတာ အမေ၊ ချစ်တော့ အဖေ"

ဟု ပြောခံရသည်။ ဒါပေမဲ့ မေမေ့ကိုလည်း ချစ်တာပါပဲ။ ဖေဖေ့ကို အလေးပိုသည်မှာ အမှန်။ သီတင်းကျွတ်လ မီးထွန်းပွဲတော်ဆိုလျှင် လမ်းတိုင်း မီးထွန်းကြရသည်။ လမ်းတိုင်းတွင် စုပေါင်းဆွမ်းကြီးလောင်းပွဲလည်း လပြည့်နေ့တွင် ပြုလုပ်သည်။ ဆွမ်းကြီးလောင်းပွဲအတွက် လမ်းထိပ်တိုင်း ဆွမ်းရုံတော်များကို လှပစွာ ရွှေစက္ကူ ငွေစက္ကူများ၊ ယိုးဒယား ပန်းခက်များဖြင့် မဏ္ဍပ်ကို ပြင်ကြသည်။ ဘုန်းကြီးများသို့ လောင်းလှူရန် သံဃာတော်နှင့် စပ်ဆိုင်သော ပစ္စည်းများကို သူ့ထက်ငါ ကုသိုလ်ရအောင် အမွန်အမြတ်တွေဖြင့် လှူကြ၏။ သင်္ကန်း၊ သပိတ်၊ ထီး၊ ဖိနပ်၊ ယပ်၊ ဂွမ်းတဘက်၊ ထွေးခံ၊ ခေါင်းအုံးစွပ်၊ ယွန်းအုပ်၊ ကွမ်းအစ်၊ ရေတကောင်း၊ ဆီပုံး၊ ရေနံဆီပုံးတွေကို ဆွမ်းရုံတော်တွင် စင်အဆင့်ဆင့်ပြုလုပ်၍ လှပစွာ တင်ထားကြသည်။ သီတင်းကျွတ်လဆန်း ၁၃– ၁၄– ၁၅ ရက် ညများတွင် လမ်းမီးအလှများ ထွန်း၏။ ဆွမ်းရုံတော်များတွင် မှိုင်းလုံးကော်ဇောကြီးများ အပြည့်ခင်းကာ မိမိတို့ဆွမ်းရုံတွင် မိမိတို့၏ သမီးချောအလှများက မင်္ဂလာပွဲကဲ့သို့ ဝင်စားဆင်ယင်ကာ ဧည့်ခံရသည်။ ၁၃ ရက်နေ့ည ၁၄ ရက်ည လပြည့်ညအထိ တစ်ညလျှင် တစ်မျိုး ကြာဆံချက်၊ မုန့်ဟင်းခါး၊ ကောက်ညှင်းပေါင်း စသည်တို့ကို အိုးကြီးဒယ်ကြီးများနှင့် အကောင်းဆုံးချက်ကာ မီးပွဲကြည့်လာသူတို့ကို အယုတ်အလတ် အမြတ်မရွေး ကျွေးမွေးဧည့်ခံကြသည်။ တစ်မြို့လုံး လမ်းရှည်လမ်းတိုတွေက အများကြီးဆိုတော့ လမ်းဆုံလမ်းခွတိုင်း ဆွမ်းရုံတွေက အကျွေးအမွေးနှင့်ချည်းဖြစ်ရာ တစ်မြို့လုံး ဗိုက်ပြ

ချက်လန်အောင် နားနားပြီးမှ စားကြရ၏။ သီတင်းကျွတ်တွင် မီးအလှဆုံး လမ်းမှာ ဖေဖေဦးစီး ထွန်းညှိသည့် "၁၅ လမ်း မီးနန်းတော်"ဖြစ်သည်။ နန်းတော်မြို့ရိုးပုံ၊ ပြာသာဒ်ပုံ၊ စေတီပုံတို့ကို ဖေဖေက လမ်းထဲမှ လူငယ်များနှင့် သူကိုယ်တိုင် လုပ်ကိုင်သည်။ ဝါးများကို ပုံဖော်၍ ရေနံဆီခွက်ကလေးများ ချိတ်၍ ထွန်းပါသည်။ ၁၅ လမ်းက လမ်းရှည်သဖြင့် အလွန်လှပါ၏။ တစ်ညကို ရေနံဆီတစ်ပုံး ဖေဖေက လှူသည်။ လမ်းတွင်းမှ ကောက်ခံရသော ငွေမလုံလောက်လျှင် ဖေဖေက အားလုံး လှူပါသည်။ တစ်နှစ်ပတ်လုံး ငြိမ်ငြိမ်ကလေး ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားစာတွေ ဖတ်နေတတ်သော ဖေဖေသည် အဲသည်လကျလျှင်တော့ လူငယ်တွေနှင့် မမောနိုင် မပန်းနိုင်၊ ရေမချိုးနိုင်၊ ထမင်းမစားနိုင် သူ့လမ်းမှ မီးအလှကို လမ်းထိပ်မှ လမ်းဆုံးကြည့်ပြီး ပီတိတွေဖြစ်နေတတ်ရာ မေမေက–

"မီးဆရာကြီးနော် မီးအလှူကောင်းလွန်းလို့ တစ်မြို့လုံးလည်း ပြာဖြစ်သွားဦးမယ် ကြည့်လည်းလုပ်"

ဟုပြောလျှင် ဖေဖေက ရယ်နေပါသည်။ လပြည့်နေ့ အရုဏ်တက်ချိန်ကျ ဆွမ်းကြီး လောင်းကြပါတော့သည်။ ဘုန်းကြီးကျောင်းသားတွေ လှည်းတွေနှင့် မနိုင်မနင်း သယ်ကြရသည်။ မြို့တွင်းရှိ ဘုန်းကြီးကျောင်းများမှ သံဃာအကုန် အပါးနှစ်ရာ သုံးရာကိုလည်း အရုဏ်ဆွမ်းများ ချက်ပြုတ်လောင်းကြသည်။ တိုင်းပြည်အေးချမ်းသာယာပြီး ဆန်ရေစပါး ပေါများသည့်ခါသယဆိုတော့ ပြည်သူပြည်သားတွေ အားလုံးလည်း ဆယ့်နှစ်ရာသီ ရိုးရာပွဲတော်ကြီးများတွင် လှူကြတန်းကြနှင့် အလွန်ပျော်ရွှင်စရာ ကောင်းလှပါသည်။

ကျွန်မလည်း အသက်ဆယ့်ငါးနှစ်လောက် ရောက်လာပါပြီ။ ကျွန်မအောက်တွင် မောင်လေး၊ ညီမလေးများ ရှိလာပါပြီ။ ကျောင်းကြီးပိတ်လျှင် ဦးလေးသန့်ကားနှင့် လာခေါ်မြဲပင် ဖြစ်သည်။ ကျွန်မကလည်း လိုက်မြဲဖြစ်၏။ ဦးလေးသန့်တို့ အင်းမကနေ ပေါက်ခေါင်း၊ ငပေါ၊ တရုတ်မှော်၊ ပန်းတောင်း ပြောင်းသရွေ့မြို့ ကျွန်မ လိုက်ပါသည်။

ငပေါတွင်တော့ ငှက်ဖျားအလွန်ပေါပြီး တောကြီး၍ ကျွန်မ ကြာကြာမနေခဲ့ရပါ။ ပြန်ပို့ပါသည်။ ဦးလေးသန့်တို့ ပုလိပ်အရာရှိများမှာ အဲသည်လို တောစွန်တောင်ကြား လူဆိုးသူခိုးများ ပုန်းအောင်းနေထိုင်ရာ ဒေသများမှာလည်း အစိုးရ ရုံးစိုက်ကာ တာဝန်ထမ်းဆောင်ကြရသည်။

မြန်မာ့သဘာဝ သစ်တောများကိုလည်း တောအုပ်များ၊ သစ်ခေါင်းများနှင့် ပူးပေါင်းကာ "ငှက်ဖျား"ရောဂါအစွဲကပ်ခံကာနေကြရသည်။ ဦးလေးသန့် တောတက်လျှင် ဆင်နှင့်ပဲ သွားရ၏။ ရထားလမ်း၊ ကားလမ်းမရှိ။ ဆင်ကိုသာ အသုံးပြုရ၏။ ဒေါ်ဒေါ်လေးလည်း စိတ်တွေညစ် စောင်ကြီးခြုံခြုံနေရပြီး မီးဖိုကိုလည်း အမြဲဖိုထားရကာ ရေအေးမသောက်ဝံ့။ ရေနွေးပဲ ကြိုသောက်ရသည်။ အစားအစာကလည်း သားငါး မစားရ၊ တောကြက်၊ တောဝက်၊ ဆတ်သား၊ ချေသား၊ ယုန်သား၊ ငုံး၊ ချိုး၊ ခါ စသည်တို့မှာ တောပစ်ထွက်သော မုဆိုးတို့က အထွတ်တမြတ် လာပို့ကြသည်။ အသားတွေများလွန်း၍ နေလှန်းထားရသည်။ ကိုယ့်ကြိုးဝိုင်းနှင့် ကိုယ်နေကြရသည်။ တစ်ဦးက စားစရာရလျှင် တစ်ဦးကို မျှဝေကြသည်။ ဗိုလ်ကြီးသန့်အိမ်ကတော့ အထူးစပါယ်ရှယ်ပေါ့။ ဝက်ပေါင်ခြောက်၊ ဆတ်သားခြောက်ဆိုတာများ ဝါးလုံးတန်း ထိုးပြီး ချိတ်ထားရသည်။ မြို့မှာ မကြားဖူးသော ကျေးငှက်သံကလေးများကို ချစ်စဖွယ် ကြားရသည်။ ကျွန်မက နေချင်သော်လည်း ဒေါ်ဒေါ်လေးက မဖြစ်ဘူးဆို၍ ပြန်ပို့သဖြင့် ပြန်ခဲ့ရသော်လည်း မျက်စိထဲတွင် ယနေ့တိုင် သတိရ လွမ်းဆွတ်မိလေသည်။

ကျွန်မ အကြာဆုံးလိုက်နေရသည့်မြို့မှာ "ရွှေတောင်" မြို့ဖြစ်၏။ အင်းမ၊ ပေါက်ခေါင်း၊ ငပေါ၊ တရုတ်မှော်တို့ထက်သားနား၍ အဆင့်မြင့်သောမြို့ ဖြစ်၏။ ဈေး၊ ကျောင်း၊ အစိုးရရုံးများ၊ ရက်ကန်းရုံများနှင့် စီးပွားရေးကောင်းသော မြို့တစ်မြို့ ဖြစ်၏။ ရွှေတောင်ဂါတ်မှာ ကျယ်ဝန်းသည်။ ဦးလေးသန့် ဌာနာအုပ် ယခုအခေါ် ရဲမှူးကြီး၏ အိမ်မှာလည်း သားနားပါသည်။ မမြင့်မနိမ့် တစ်ထပ်အိမ်ကို ကျွန်းတိုင်ကျွန်းသား ကျွန်းအကာအခင်းနှင့် အုတ်ကြွပ်မိုးတွင် ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ ရေချိုး ခန်းများ သီးသန့်ဖွဲ့စည်းထားပြီး အိမ်ရှေ့ ဧည့်သည်တက်သော လှေကားနှင့် ဝရန်တာ။ နောက်ဖေးမီးဖိုဆောင်သို့ ဆင်းသော နောက်ဖေးလှေကားနှင့် ဝရန်တာနှင့် ဆောက်ထားသည်။ ကျယ်လည်း ကျယ်သည်။ ဝင်းခြံကလေးတွင် ပန်းမန်များလည်း စိုက်ပျိုးထား၏။ ဌာနာပိုင်ကြီး၏ အိမ်က အကြီးဆုံး အကောင်းဆုံးဖြစ်ပြီး ဂါတ်စာရေးနှင့် ပုလိပ် (ရဲ) များ၏ အိမ်တွေကတော့ သစ်တန်းလျားများ ဖြစ်သည်။ ဦးလေးသန့်က (P.S.O) ဌာနာပိုင်လည်း ခေါ်သည်။ ဌာနအုပ်ဟုလည်းခေါ်သည်။ အခုခေတ်တော့ ရဲမှူးပါ။ ဟိုတုန်းကတော့ ရဲကို "ပုလိပ်" ဟု ခေါ်ပါသည်။ ပုလိပ် အရာရှိတစ်ဦးပေါ့။ မန္တလေး "ဆပ်ကျောင်း" ဆင်းလာသူမှလည်း အရာရှိခန့်ပါသည်။ ဦးလေးသန့်တို့ ရွှေတောင်မြို့ပေါ်နှင့် မြို့နီးချုပ်စပ် ကျေးရွာများမှ အမှုပေါင်းစုံ (ဝါ) ရာဇဝတ်မှုများကို

ဦးလေးသန့်က စစ်ဆေးရသမျှ အမှုတွဲများကို ပြည်မြို့မင်းကြီး တောင်ပေါ်မှာရှိသော အင်္ဂလိပ်လူမျိုး ရာဇဝတ်မင်းကြီးထံမှ အဆုံးအဖြတ်ကို ဆောင်ရွက်ရသည်။

ဦးလေးသန့် ပြည်သို့ အမှုကိစ္စများသွားရသောအခါတိုင်း ဒေါ်ဒေါ်လေးနှင့် ကျွန်မတို့လည်း လိုက်သွားကြပြီး ဦးလေးသန့်မင်းကြီးနှင့် စကားပြောနေချိန်တွင် ကျွန်မနှင့် ဒေါ်ဒေါ်လေးက ရွှေဆံတော်၊ ဆယ်ထပ်ကြီး၊ ဘောဘောကြီး၊ ဘောဘောလေး ဘုရားများကိုဖူး၊ ဈေးကြီးထဲဝင်၊ ရှင်မတောင် သနပ်ခါးတုံးတို့၊ ကတွတ်ယို၊ နှမ်းမရွှေးတို့ ပြည်မြို့မှ နာမည်ကြီး ကတ်ကြေးကိုက် မုန့်ဆိုင်ကို သွားစားကြ၏။ ဦးလေးသန့် မင်းကြီးဆီမှ ပြန်လည်းလာရော ရိုးကုမ္ပဏီတိုက်ကို သွားသည်။ ဒေါ်ဒေါ်လေးက ပိုးတွန့်လုံချည်အဆန်းတွေ ဝယ်၏။ ကျွန်မက လက်ပတ်နာရီကလေး လိုချင်၍ ဒေါ်ဒေါ်လေးကို ပြတော့ ဒေါ်ဒေါ်လေးက ဈေးကြီးတယ်ဟုပြောသဖြင့် ကျွန်မ ငြိမ်နေပြီး ဘာမှမပူဆာဘဲနေရာ ဦးလေးသန့်က ကလေးဖို့လည်း ဝယ်ပေးဦးမှဆိုကာ ကျွန်မလက်ကို ဆွဲခေါ်သွားပြီး ကြိုက်တာပြဟု ပြောသည်။ ကျွန်မက မပြောဘဲငြိမ်နေရာ ဦးလေးသန့်က အတင်းမေး၍ ဒါနှင့် ကျွန်မလည်း လက်ပတ်နာရီကလေးကို လက်ညှိုးထိုးပြမိရာ ဦးလေးသန့်က ဝယ်ပေးလေသည်။ အဲသည်လောက် အလိုလိုက်သော ဦးလေးသန့်ကို ကျွန်မ အလွန်ချစ်ပါသည်။ ကျောင်းပိတ်ရက် မေမေက မလွှတ်မှာဘဲ စိုးနေသည်။ ဦးလေးသန့် မျှော်နေမှာကို သနား၍ဖြစ်သည်။ ရွှေတောင်တွင် "ရွှေမန်းတင်မောင်"ဇာတ်ပွဲကြီးကပြရာ ဒေါ်ဒေါ်လေးက ပွဲကြိုက်သူဖြစ်၍ ခုနစ်ညက ခုနစ်ညလုံး ကြည့်ကြရ၏။ ပွဲကြည့်သွားတာကလည်း ပျော်ပွဲစားထွက်တာကျရော လက်ဖက်သုပ်၊ ချင်းသုပ်၊ ကော်ဖီ၊ လိမ္မော်သီးတွေကို ချိုင့်၊ ခြင်းတွေနှင့် ခေါင်းအုံး၊ ကတ္တီပါစောင်စုံရော စုံရော။ လူတွေကလည်း ဖြီးလိမ်းပြင်ဆင်လာလိုက်ကြသည်မှာ အလှမယ်ရွေးပွဲလား အောက်မေ့ရပါသည်။ မင်းကတော်တွေကလည်း အပြိုင်။ မင်းတန်းမှာ စင်အမြင့်နှင့်။ အစိုးရ အရာရှိတွေက ပက်လက်ကုလားထိုင်တွေနှင့် ပြည်သူတွေကတော့ ဖျာတွေနှင့် တစ်တန်းစားတည်း။ ရွှေမန်းတင်မောင်ကလည်း အဆွယ်ကောင်း၊ အပြောကောင်း၊ အကကောင်း အလွမ်းကောင်း။ "လက်ဝဲသုန္ဒရ" ဇာတ်တော်ကြီးကို ခမ်းခမ်းနားနားကြီး သဘာဝကျကျ ဆက်တင်မီးမောင်း ဆလိုက်ကြီးများကို စတင်အသုံးပြု၍ ကပြရာ ပွဲကြည့်ပရိသတ်ကို တအံ့တသြ ငေးမောကြရသည်။ တွဲဖက်မင်းသမီး ငါးလက်တွင် စိန်လှကြည်က အချောဆုံး အလှဆုံးအသွက်ဆုံးဖြစ်၏။ မင်းသားက လက်မလွှတ်၍

× × × × × ကိုတင်မောင်လွန်လွန်းသည် ကျွန်မတို့ ပြောချင်သည်။

ရှင်ဇာတ်ဆရာ ရှင်တစ်ခုပါ ရှင်ပြုရာ ခံရမည်။

ရှင့်လက်ခုပ်အတွင်း ကျွန်မတို့နေသည် × × × ဆိုသည့်သီချင်းနှင့် မင်းသား ရွှေမန်းတင်မောင်က၊ တခြားမင်းသမီးတွေက ဝိုင်းပြီး စိတ်တွေဆိုး၊ လက်ညှိုးထိုး၍ သီချင်းနှင့်ရန်တွေ့ကြရာ ရွှေမန်းတင်မောင် မင်းသမီးစိန်လုကြည် လက်ကလေး ဆွဲပြီး သူ့တောင်ရှည်ပုဆိုး ခါးပုံစကလေး မ၍ မ၍ ဟိုပြေးသည်ပြေး ကြွကြွရွရွကလေး ကပုံကလေးမှာ ချစ်စရာ သနားစရာကလေးဖြစ်သဖြင့် ပရိသတ်မှာ လက်ခုပ်သံတွေ တဖြောင်းဖြောင်း လေချွန်သံတွေ တရှီရှီနှင့် ရုံကြီးပွင့်ထွက်မတတ် ဆူဆူညံနေလေ သည်။

ပျော်လိုက်ကြတာ၊ သီချင်းတွေကလည်းကောင်း၊ တီးမှုတ်တူရိယာဆိုင်းဝိုင်းကြီး ကလည်း ခမ်းနား၊ မင်းသမီးငါးလက်နှင့် မင်းသားမှာလည်း လက်မလည်၊ ပွဲကြည့်နေ ရသည်နှင့်မတူ။ ရွှေမန်းတင်မောင် မင်းသမီးတွေနှင့် တကယ်ဗျာများနေသလို ထင် ရပြီး ရွှေမန်းတင်မောင်ကို အစွဲကြီး အကြိုက်ကြီး ကြိုက်နေကြသော ပွဲကြည့်မမတွေပါ နှုတ်ခမ်းတစူစူ ဖြစ်နေကြသည်။ အဲသည်အထဲ ဒေါ်ဒေါ်လေးကလည်း အဖွဲ့ဝင် တစ်ဦး ဖြစ်ရာ ဦးလေးသန့်က ခင်ဗျားကလည်း ရွှေမန်းကို ကြိုက်တယ် ဆိုပါတော့ဟု မေး သော်–

"ဆိုပါတော့ မဟုတ်ဘူး ကိုကိုရေ တကယ်ကြိုက်တာ"

ဟု ပြန်ပြောလျှင် ဦးလေးသန့်က သူ့အသံကြီးနှင့် ခွက်ထိုးခွက်လန် ရယ်တော့ ၏။ ရွှေမန်းတင်မောင်ကို ဘယ်လောက် ကြိုက်ကြသနည်း။ ပြည်မှာ "က"လျှင် ပြည်ကို လိုက်ကြည့်။ ပေါင်းတည်မှာကလျှင် ပေါင်းတည်မှာ လာကြည့်။ ဂရိတ် ဦးဘိုးစိန်ကြီးဆိုလျှင် မေမေအကဲဆုံး။ ဦးဘိုးစိန်ကလည်း ကောင်း၊ ရွှေမန်းကလည်း ကောင်း အင်္ဂလိပ်အရာရှိတွေလည်း လာကြည့်၏။ သူတို့လည်း ပွဲကြိုက်၏။ မိုးလင်း ပွဲကို ဖွဲကြီးကြီးနှင့် ကလေးလူကြီး ကြည့်နိုင်ကြသည်။ သက်ဆိုင်ရာက ပြည်သူတွေ ကျန်းမာရေးထိခိုက်မှာစိုး၍ သုံးရက်ပဲ ပွဲမိန့်ပေးလျှင် မကျေနပ်ကြ။ ခုနစ်ရက်ပြ ခုနစ် ရက်စလုံး ကြည့်ရုံသာမက နောက်ထပ်အဆစ်တစ်ရက် တိုး၍ပင် ပြရသေး၏။ လူ တိုင်း ကြည့်နိုင်သော ရုံဝင်ခနှုန်းများ၊ ဖျာ၊ အစားအသောက်တို့မှာလည်း ကိုယ့်ဝင်ငွေ ကိုယ့်အဆင့်နှင့် ကိုယ်သုံးစွဲနိုင်ကြရာ ရှာလည်းရှာ၊ စားလည်းစား ပျော်လည်း ပျော် ကြလေသည်။

အဲသည်အချိန်က "ဗိုလ်ချုပ်အောင်ဆန်း" မပေါ်လာသေးပါ။ သူဌေးဝါဒ၊ ဆင်းရဲသားဝါဒ၊ နဂါးနီစသည့် သီချင်းတွေ ပေါ်ထွက်လာပါပြီ။ သူဌေးဝါဒလုံချည်ဆိုတဲ့ ဖေဒါရောင်လေးထောင့်ကွက်ပိုးလုံချည်တွေ ခေတ်စားလိုက်တာမှ ကျွန်မတို့ ညီအစ်မ တောင် ဝတ်လိုက်ရပါသေး။

ရွှေမန်းတင်မောင် ပွဲပြီးလည်းသွားရော မိုးညှင်းဆရာတော်ဘုရားကြီး ကြွလာပြီ။ မိုးညှင်းတရားပွဲကြီးကို ရွှေမန်းကသွားသော ဇာတ်ရုံနေရာမှာပင် ဇာတ်ရုံ၏ ထရံကာများကို ခွာချလိုက်ပြီး ဟာလာဟင်း လေဟာပြင် တရားပွဲကြီးကို ကျင်းပပါသည်။ ရွှေမန်းကျလည်း အိမ်တံခါးပိတ် မိုးညှင်းတရားပွဲကျတော့လည်း တံခါးပိတ်ပဲ ဖြစ်၏။ မိုးညှင်းတရားပွဲကြီး စတင်ကျင်းပသည့်အချိန်ကစပြီး အင်္ကျီ အဖြူလက်ရှည် ယောဂီရောင်လုံချည် ယောဂီတဘက်ကို ပခုံးတွင်တင်ရသော ယောဂီ ဝတ်စုံ ပေါ်ပေါက်လာခြင်း ဖြစ်၏။ မိုးညှင်းဆရာတော် ဘုရားကြီးက သစ်ခေါက်ဆိုးရောင် မှန်မှန်ကို နှစ်သက်တော်မူ၍ မိမိတို့ဘာသာ အရောင်မှန်အောင် ဆေးဆိုးကြရသည်။

ထိုအချိန်က မိုးညှင်းဆရာတော်ဘုရားကြီး သက်တော်မှာ ခြောက်ဆယ်လောက်ပဲ ရှိပါသည်။ အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်နှင့် မျက်လွှာကိုချထားတော်မူ၍ မျက်လုံးမှာ ဖွင့်သည်မတွေ့ရ အမြဲပိတ်နေပါသည်။ ကျန်းမာတော်မူချိန်ဖြစ်၍ မြန်မာပြည်အရပ်ရပ်သို့ ကိုယ်တော်တိုင် တရားရေအေး ကြွရောက်တိုက်ကျွေးချိန် ဖြစ်သည်။ ပြည်သူပြည်သားတို့၏ အနာဂတ်နောင်ရေးကို စိတ်မအေးတော်မူ၍လည်း တစ်ကြောင်း၊ ရတနာသုံးပါးနားလည်နေရုံနှင့်မပြီးသေး ကိုယ်တိုင်ကျင့်ကြံအားထုတ်မှ ငါတွေ့ တွေ့ကြရမည်။ စာတွေ့နှင့်ငါတွေ့ ရှင်းလင်းနားလည်ကြစေလို၍ တစ်ကြောင်း ဆရာတော်ကြီး၏ဆန္ဒတော်အရ တစ်တိုင်းပြည်လုံး အန္တရာယ်ကင်းဝေးစေရန် သမ္ဗုဒ္ဓေစေတီကြီးကိုလည်း စတင်တည်တော်မူနေပြီဖြစ်၍ တစ်ကြောင်း၊ ပြည်သူအပေါင်းတို့၏ ကုသိုလ်တော်များလည်း ပါစေလိုသော ဆန္ဒ ဆရာတော်ဘုရားကြီး၌ ရှိသည်။ သို့ကြောင့်လည်း ကိုယ်တော်တိုင် ကြွလာပြီး တစ်မြို့ပြီးတစ်မြို့ တရားပွဲများ ဆက်တိုက်ကျင်းပလာခဲ့သည်မှာ မုံရွာကနေ ကျွန်မတို့ ပေါင်းတည်မြို့ကိုပင် ရောက်တော်မူခဲ့ပါပြီ။ ဆရာတော်ဘုရားကြီးမှာလည်း လမ်းတော့ သိပ်မလျှောက်နိုင်။ ဘေးမှ တွဲရသည်။ အလွန်ကြည်ညိုဖွယ်ရာကောင်းသော ဆရာတော်ဘုရားကြီးမို့ ကျွန်မမှာ အနီးကပ်ဦးချ၍ မဝ၊ ဖူး၍မဝ ဖြစ်ရသည်။

ဆရာတော်ဘုရားကြီးက သမ္ဗုဒ္ဓေဂါထာကြီးကို အလွတ်ရအောင် ကျက်ကြပါ။

တတွတ်တွတ်လည်း ရွတ်ဆိုကြပါဟု မိန့်ကြား၍ ကျွန်မတို့သည် ထိုဂါထာကြီးကို သုံးရက်ပဲ ကျက်လိုက်ရ အလွတ်ရသွားလေသည်။ တရားပွဲတွင် သမ္ဗုဒ္ဓေဂါထာနှင့် ပဋ္ဌာန်းတရားတော် ၂၄ ပစ္စည်းကို ပါဠိရော အဓိပ္ပာယ်ပါ ကျက်ရပြီး တရားပွဲစလျှင် ရွတ်ကြရသည်။ မရသူများ စာအုပ်ကြည့်၍ ရွတ်ဖတ်ရသည်။

နောက်တော့ အလွတ်ရပါသည်။ ထိုစဉ်က ဆရာတော်ဘုရားကြီး၏ ဝတ်ကြီးဝတ်ငယ်ပြုစုရန် ဆရာတော်မှာ "ဦးသုဇာတ" ဖြစ်သည်။ အသက်တော် ၃၀ လောက်ပဲ ရှိမည်ထင်ပါ၏။ အရပ်မြင့်မြင့် အသားဖြူဖြူ သန့်ရှင်းတည်ကြည်သော မျက်နှာနှင့် သင်္ကန်းကညိုညို ဦးပြည်းက စိမ်းစိမ်းနှင့် အလွန်ကြည်ညိုလှပါသည်။ မြို့သူမြို့သား ဒကာဒကာမများကို ကလေးလူကြီး ဆွေမျိုးရင်းချာများကဲ့သို့ပင် ပြုံးပြုံးပြုံးပြုံးနှင့် ခင်ခင်မင်မင် ရှိပါသည်။ မိုးညှင်းဆရာတော် ဘုရားကြီးက ပဏာမ တရားပေးပြီးလျှင် ဦးသုဇာတက ဆက်ဟောရသည်။ မိုးညှင်းဆရာတော်ဘုရားကြီးက အမောခံ၍ အတတ်နိုင်ဆုံး ဟောလေ့ ရှိသည်။ တရားပွဲမှာ ည ၇ နာရီမှ ၁၀ နာရီထိ ဖြစ်၏။ ဘောလုံးကွင်းအတွင်းရှိ မဏ္ဍပ်ကြီးတွင် ရဟန်း၊ သီလရှင်၊ ယောဂီဝတ်များ၊ ဝတ်ကြောင်များ၊ ကလေးတွေပါမကျန် ကြက်ပျံမကျ စည်ကားလှသည်။ လော်စပီကာကြီးများ တပ်ထား၍ တစ်မြို့လုံးကို သမ္ဗုဒ္ဓေဂါထာသံများ လွှမ်းခြုံနေသည်။ မြို့သူမြို့သားများက ဆရာတော်ကြီးကို နဝကမ္မလှူကြ၊ သမ္ဗုဒ္ဓေစေတီတော်ကြီးကိုလည်း လှူကြနှင့် ဆရာတော်ကြီးလည်း ကျေနပ်တော်မူပါသည်။ ကျွန်မလည်း သမ္ဗုဒ္ဓေစေတီကြီး တည်ရန် ငွေဒင်္ဂါး နှစ်ကျပ် လှူလိုက်ဖူးပါသည်။ စစ်ဖြစ်တော့မည့်အချိန်နှင့် မဝေးလှချိန်မှာပင် ဆရာတော်ကြီး တစ်နိုင်ငံလုံးသို့ ကြွတော်မူကာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဖြန့်ဝေခဲ့ခြင်း ဖြစ်သည်။ သမ္ဗုဒ္ဓေဓာတ်ပြား သီချင်းလည်း ပေါ်ထွက်လာပါသည်။ လောကီဘုံသားတွေအဖို့ တရားချည်းဟောလျှင် သိပ်နားမဝင်သူများအတွက် စီးပွားရေးသမားများက သီချင်းနှင့် ပူးတွဲလိုက်တော့မှ ပို၍ နားလည်သဘောပေါက်သွားကြသည်။ လူပြိန်းပါ နားလည်ပါသည်။ ကျွန်မတို့ မြန်မာလူမျိုးတို့သည် ရိုးရာဓလေ့ကိုလည်း ချစ်ကြသည်။ ဘာသာတရားကိုလည်း လေးစားသည်။ မိမိတိုင်းပြည်ကိုလည်း ချစ်သည်။ ပျော်ရွှင်လွတ်လပ်စွာလည်း နေထိုင်တတ်ကြပြီး လောဘနည်းပါးပြီး စီးပွားရေးသောင်းကျန်းမှုဆိုတာ မရှိခဲ့ပါ။ ဖေဖေ မေမေတို့ စီးပွားရေး အကြီးအကျယ် လုပ်ပေမယ့် တရားသော အမြတ်အစွန်း မယူပါ။ ရန်ကုန်ဈေးကွက်မှ ကုန်သည်ကြီးများက သတ်မှတ်ထားသော အမြတ်နှုန်းအတိုင်းပဲ ယူသည်။ ကုန်ပစ္စည်းကို ဖျောက်ပြီး

အမြတ်တင်ခြင်းလည်း မလုပ်ပါ။ ပြည်သူလူထုလက်သို့ ကုန်ပစ္စည်း ဘယ်တော့မှ မပြတ် မလပ်အောင် သုံးရာသီစလုံး အချိန်မီ တင်ပို့သယ်ဆောင် မီးဖိုဆောင်အတွင်း ရောက်အောင် ပို့ပေးခဲ့သည်။ ဤအချက်သည် ကုန်သည်ကြီးတို့၏ ဝတ္တရား ဖြစ်၏။ နာမည်ကိုက ကုန်သည်ဆိုတော့ ကုန်ရင်းသည် (သယ်) ရင်းပေ့ါ။

မေမေတို့အလုပ်ကို ကျွန်မက လုံးဝစိတ်မပါပါ။ မေမေကလည်း သူသာ မိဘလက်ငုတ်လက်စမို့ လုပ်နေရသည်။ သမီးတွေကို မလုပ်စေချင်။ သမီးတွေကို အရာရှိကတော်တွေပဲ ဖြစ်စေချင်သည်။ သမီးတွေကို အရာရှိကတော်တွေဖြစ်အောင် ပြင်ဆင်ထားလိုက်သည်မှာ နားမှာ စိန်တဝင်းဝင်း၊ ခြေထောက်မှာ ရွှေခြေချင်းနှင့် ဖြစ်သည်။ ပြည့်စုံသူတွေကတော့ စိန်ပဲဝတ်ကြသည်။ စိန်ကလည်း အခုဈေးမျိုးမှ မဟုတ်။ ရွှေကလည်း တစ်ကျပ်သားမှ ကျပ် ၁၅ဝိ/ တည်းရယ်။ သို့ပေတဲ့ ငွေကြေး ချောင်လည်သူများသာ ဝတ်နိုင်ကြပါသည်။ လခစားသမားတွေကတော့ အကြွေးနှင့် နပန်းလုံးနေကြရသည်။ အဲဒါတောင် မေမေက ကျွန်မတို့ကို မင်းကတော်ပဲ ဖြစ်စေချင်နေပါသည်။ မြို့ကို မြို့အုပ်လောင်း၊ ဝန်ထောက်လောင်း (လူပျို) များ ပြောင်းလာပြီလျှင် မေမေက ထမင်းဖိတ်ကျွေးရတာ အမော။ မမကလည်း ချောသည်၊ လှသည်။ ကျွန်မကတော့ အဲသည်တုန်းက ချာတိတ်။

❐

# ကျွန်မ၏ ဆရာမများ

**ဒေါ်အေးမိ**

ကျွန်မအသက် ခြောက်နှစ်တွင် ကျောင်းစထားပါသည်။ အဲသည်နေ့က ကျောင်းစအပ်ကြသည့်နေ့မို့ တစ်ကျောင်းလုံး ကျောင်းသားသစ်ဟောင်းများ၊ မိဘများ၊ ကလေးများနှင့် ဆူဆူညံနေသည်။ မေမေက ကျွန်မလက်ကိုဆွဲကာ ကကြီး ခခွေးတန်းရှိ ဆရာမ "ဒေါ်အေးမိ"ထံ ကျွန်မကို ကျောင်းအပ်ပါသည်။ ကျောင်းတက်ရမှာ ကြောက်ကြသည့် ကလေးတွေ ငိုလိုက်ကြသည်မှာ နားကွဲမတတ်၊ ကျောင်းတက် ခေါင်းလောင်းထိုးပါပြီ။ ဆရာမက မိဘတွေအားလုံး ပြန်ကြပါဟု ပြောသည်။ ဤတွင် ကလေးတွေ ပို၍ပို၍ အာကိုဖြဲ အော်ငိုကြပါ၏။ ကျွန်မက အဲဒီငိုသည့် အဖွဲ့ဝင် မဟုတ်ပါ။ သူတို့ ငိုတာမြင်ပြီး ကြောက်လန့်ကာ ငြိမ်နေမိသည်။ ကျွန်မနှင့်အတူ မိန်းကလေးနှစ်ယောက် သုံးယောက်လည်း မငိုကြ၍ ဆရာမက ကျွန်မတို့အနား ကြိမ်လုံးရှည်ရှည်တစ်ခု ကိုင်၍ ရောက်လာပြီး–

"သမီးတို့က မငိုဘူး လိမ္မာတယ်" ဟု ပြောသည်။

ငိုကြွေးရှည်နေသော ကျောင်းသားတစ်စုကို ဆရာမက သူ့စားပွဲဆီ လျှောက်သွားပြီး စားပွဲကို ကြိမ်လုံးနှင့် ဖြန်း ဖြန်းနှင့် သုံးချက်ရိုက်လိုက်ပြီး –

"အားလုံး တိတ် ကျောက်သင်ပုန်းနဲ့ ကျောက်တံထုတ်ကြ" ဟုပြော၏။

ကြိမ်လုံးကျ ကြောက်လိုက်ကြတာ။ အကုန်အသံတိတ်သွား၏။ ဆရာမ ဒေါ်အေးမိသည် ဟိုခေတ်က ဂျပန်ရုပ်ရှင်မင်းသမီး အေးမိစံနှင့် တူသည်ဟု ပြောကြ၏။

မြန်မာတေးသံရှင်အဆိုတော် ဒေါ်အေးမိနှင့်လည်း ကိုယ်လုံးကိုယ်ပေါက် ဆင်ဆင်တူသည်။ ဘီးဆံထုံးလည်း ထုံးသည်။ ဘီးကျော် ပတ်လည်း ပတ်သည်။ ပန်းကလေးတစ်ပွင့် အမြဲပန်သည်။ အသားဖြူဖြူ ပိန်ပိန်ပါးပါး အရပ်မှာ သွယ်သွယ်မြင့်မြင့်ကလေးမို့ မြန်မာအကျီရင်ဖုံးလက်ရှည် ထဘီခြေဖျားသီသီကလေးတွင် သနပ်ခါးဖွေးဖွေးမွေးမွေးကလေးနှင့် သိပ်ကြည့်လို့ လှပါသည်။ ဆရာမကို ကြည့်ပြီး ငါ ကြီးလာရင် ဆရာမလို ဝတ်မယ်ဟု စိတ်ထဲက ကျိတ်ကြိမ်းထားသည်။ ဆရာမ အသက်သုံးဆယ်လောက်ပဲ ရှိပါမည်။ ကကြီးခခွေး သူငယ်တန်းလေး၊ သူငယ်တန်းကြီးပေါင်း အတန်းနှစ်တန်းကို ဆရာမ သင်ရသည်။ အခန်းကလည်း ကျယ်ပြီး ကျောင်းသားဦးရေ ခြောက်ဆယ်လောက် ရှိမည် ထင်၏။

ကျွန်မတို့ အဲသည်တုန်းက ဘာစာမှ မတတ်ကြသေး။ "ဝ" လုံးက စရေးရသည်။ ဝလုံးကိုတောင် ဟိုဘက်ထိပ်နှင့်သည်ဘက်ထိပ် ထိအောင် မရေးနိုင်။ ဝလုံးက မဝဘဲ ရှည်လမျောတွေ ဝလုံးအကြီးကြီးတွေ ဖြစ်နေသည်။ ဆရာမသည် ခုနစ်မိုင်ဝေးသော သဖန်းကုန်းရွာမှ ကျွန်မတို့ မြို့ကျောင်းသို့ မြင်းလှည်းနှင့် နေ့စဉ် လာစာသင်ပေးရလေသည်။ ဆရာမသည် လှလည်းလှ၊ စိတ်လည်းရှည် ကျောင်းသားတပည့်တွေကိုလည်း အလွန်ချစ်ခင်၏။ စကားပြောချိုသာ၏။ ကျောင်းခေါ်ချိန်ဆိုလျှင် ကျောင်းသားတွေ အများကြီးကို ကြားအောင် သူ့အသံကလေးနှင့် ငယ်သံပါအောင် အော်ရသည်။ ကျွန်မ ဝလုံးလည်း ဝိုင်းအောင် ရေးတတ်ပြီး ကကြီးကခွေးလည်း ရေးတတ်ပြီ။ သူငယ်တန်းကြီးလည်း အောင်၍ ပထမတန်း ရောက်ပါပြီ။

ကျွန်မအသက် ကိုးနှစ်၊ ဆယ်နှစ်လောက်ပဲ ရှိပါသေးသည်။

တစ်နေ့တွင် ကျွန်မ ဦးလေး၏ သူငယ်ချင်း တောသူဌေးသား တစ်ဦးဖြစ်သော ဦးလေးကျော်က

"ဟေ့... ဖြူမ (ကျွန်မကို သူက ဖြူမဟု ခေါ်ပါသည်) နင့်ဆရာမ မအေးမိ မဟုတ်လား"

"ဟုတ်ကဲ့"

"ရော့... ဟောဒီစာကလေး သူ့ကို ပေးပေးစမ်း။ နင့်ကို မုန့်ဖိုးတစ်ကျပ်ပေးမယ် ရော့" ဆိုကာ စာရော ငွေဒင်္ဂါးကျပ်စေ့ တစ်စေ့ရော ပေးသည်။ မုန့်ဖိုး တစ်နေ့ နှစ်ပြားပဲ ရသည့်ခေတ်တွင် တစ်ကျပ်ဆိုတာ မက်စရာပါ။ ဒါပေမဲ့ ကျွန်မက စာလည်း မယူ ဒင်္ဂါးကိုလည်း မယူ။

"ဦးလေးကျော် ကျောင်းလာပေးပါလား"

"ဟဲ့... ငါမလာဝံ့လို့ နင့်ကို ခိုင်းတာပေါ့ဟဲ့"

"ဟင်... ဦးလေးကျော်စာက ဘာစာလဲ"

"ဘုရားစာ ဘုရားစာ ဘုရားရှိခိုးစာ"

"အင်းလေ၊ ဘုရားရှိခိုးစာပေးတာ ကိုယ့်ဘာသာကိုယ်ပေးပေါ့"

"ဩော်...ဒီကောင်မလေး ရှည်လိုက်တာ"

ဆိုကာ သူ့စာရော ဒင်္ဂါးရော ကျွန်မကို မပေးတော့ဘဲ ပြန်ယူသွားသည်။ ဦးလေးကျော်တို့အိမ်သည် ကျွန်မတို့ကျောင်းနှင့် မျက်စောင်းထိုးမှာရှိ၏။ ဦးလေးကျော်က ဖြူဖြူဝဝ ရွှေလက်စွပ်၊ ရွှေလက်ပတ်နာရီ၊ ရွှေကြယ်သီး၊ ရွှေသွားနှင့် သူ့တစ်ကိုယ်လုံး ဝင်းဝင်းလက်နေသည့်အပြင် ဘန်ကောက်ပုဆိုး တရှမ်းရှမ်းနဲ့ပေါ့။

သူငွေးသားပေမယ့် မိဘက သူ့သားနှင့် သဘောတူသည့် မိန်းမကိုရှာလို့ မတွေ့နိုင်သဖြင့် သူ့ခမျာ လူပျိုသိုးကြီး ဖြစ်နေသည်။ သူ ဆရာမ ဒေါ်အေးမိကို ကြိုက်နေမှန်း အိမ်ကလူကြီးတွေ ပြောသံကြားရသည်။ သူ့လိုဝဝကြီးနှင့် ဆရာမလှလှကို ကျွန်မက သဘာမတူပါ။ နောက်တော့ ဦးလေးကျော်နှင့် ဆရာမကြိုက်နေပြီဟု ကြားရပြန်သည်။ ဦးလေးကျော်က သူ့မိဘတွေကို ဖွင့်ပြောလည်းပြောရော မိဘတွေက ဆရာမနှင့်လည်း သဘောမတူဟု ကြားရပြန်သည်။ မိဘ သဘောမတူသော်လည်း ဆရာမကို သူ လက်ထပ်ယူပါမည်ဟု ပြောသော်လည်း ဆရာမက သူနှင့် သဘောမတူဟု ပြောခဲ့ရသည့်နေ့ကစပြီး ဦးလေးကျော်ကို လုံးဝ အဆက်ဖြတ်လိုက်လေသည်။ သူ့ပညာနှင့် သူ့ဆရာမဆိုသည့် ဂုဏ်နှင့်ပင် တစ်သက်လုံး အပျိုကြီး လုပ်သွားလေသည်။

"ငါ့ဆရာမက လှလည်းလှ ပညာလည်းရှိ ပိုက်ဆံလည်းရှိလျက်သားနဲ့ ဦးလေးကျော်မိဘတွေက ဘာလို့ သဘောမတူရတာလဲ"

ဟူသော မေးခွန်းသည် ငယ်ငယ်က အဖြေကို ရှာမရပါ။ ဦးလေးကျော်လည်း တော်တော်ခံစားလိုက်ရရှာ၍ တော်တော်ကို ပိန်သွားပါသည်။ ဆရာမကို ခိုးဖို့ ကြံသော်လည်း ဆရာမက သူ့ဘက်မှလည်း လုံးဝသဘောမတူ၍ မလိုက်သဖြင့် သူတို့ဝေးခဲ့ကြသည်။

ဩော်... ယဉ်ကျေးသိမ်မွေ့ မိန်းမပီသလိုက်ပါတဲ့ ဒေါ်အေးမိ အချင်းနှင့် အဆင်းရော ပြည့်ဝလိုက်ပါဘိ။ ဆရာမ ဒေါ်အေးမိ ကျွန်မရင်ထဲတွင် အခု ပြန်တွေး အခုပင် ဆရာမကို သတိရလွန်း သနားလွန်း၍ မျက်ရည်လည်မိပါသည်။

"ဆရာမရယ် ငယ်ဘဝမို့ ဘာမှနားမလည်၍ မကူညီနိုင်ခဲ့ရသည်ကို ခွင့်လွှတ်ပါလို့။ ဆရာမ တပည့် ဦးချကန်တော့ပါတယ် ဆရာမ"

**ဆရာမဒေါ်သန်းရင်**

ကျွန်မ ဆရာမဒေါ်သန်းရင်၏ ပထမတန်းသို့ ရောက်ပါပြီ။ ဒေါ်သန်းရင်သည် ရုပ်ရှင်မင်းသမီး ဒေါ်တင်တင်မူလိုပင် လုံးကြီးပေါက်လှ အသားညိုစိမ့်စိမ့်နှင့် ဆရာမအေးမိလို ဖြူဖြူသွယ်သွယ်လေးမဟုတ်ဘဲ သွက်သွက်လက်လက် စိတ်မြန်လက်မြန်ဖြစ်၏။ ကြိမ်လုံးကို လက်ကမချ အပြစ်တွေ့လျှင် ဖြန်းခနဲချသည်။ ထို့ကြောင့် ဒေါ်သန်းရင်ကို တစ်တန်းလုံး ကြောက်ကြသည်။ စကားများလျှင် မကြိုက်။ အပြင်ခဏခဏထွက်လျှင် မကြိုက်။ စာအုပ်တွေ ညစ်ပတ်လျှင်၊ ခဲတံမချွန်လျှင်၊ ခြေသည်းလက်သည်းမညှပ်လျှင်၊ အင်္ကျီလုံချည် ချေးစော်နံလျှင် တစ်ယောက်စီ ဆုံးမ၏။ မိန်းကလေးများ စိန်ရွှေဝတ်မလာရ။ အဝတ်အစား မပြိုင်ဆိုင်ရ။ ရန်မဖြစ်ရ။ အလှအလွန် မပြင်ရ။ သနပ်ခါးပေါင်ဒါ အလွန်များနေလျှင် ပြန်ဖျက်ပစ်ရ၊ အဖိတ်နေ့တိုင်း မိမိတို့ အိမ်မှ ပန်းတစ်ခိုင် တစ်ခက်စီ ယူလာကြရသည်။ ပန်းများကို စု၍ ကျောင်းအပေါ်ထပ် ကျောင်းအုပ်ဆရာကြီး၏ ဘုရားခန်း၊ ဘုရားပန်းအိုးတို့ကို ရေဆေးရေလှယ်၊ ပန်းကပ်၊ သောက်တော်ရေ၊ ဆွမ်း ဖန်ခွက် ပန်းကန်တို့ကိုလည်း သန့်ရှင်းဆေးကြောပြီး ဘုရား ရှိခိုး၊ ပန်းကပ်၊ ရေတော်ကပ်၊ အမျှဝေ စသည်များကို ဆရာမက ရှေ့မှဆို ကျွန်မတို့က နောက်မှ လိုက်ဆိုကန်တော့ရင်းပင် ဘုရားရှိခိုးအမျိုးမျိုးကို ကျောင်းကတည်းက အလွတ်ရခဲ့ကြ၏။ ဆရာမများ မိမိကျောင်းသားများနှင့် အတူ သူ့အလှည့် ကိုယ့်အလှည့် ပန်းကပ်ကြရလေသည်။ ဆရာကြီးနှင့် ဆရာကတော်ကြီးတို့မှာ အသက်ကြီးပြီမို့ ဆရာကြီးနှင့်တွေ့လျှင် တွေ့သောနေရာတွင် လက်အုပ်ချီရသည်။ ခေါင်းငုံ့ ကိုယ်ကို ညွတ်ကိုင်း၍ သွားရသည်။ ကျောင်းမှာ နှစ်ထပ်အိမ်ကြီးဖြစ်၍ အပေါ်ထပ်တွင် ဆရာကြီးတို့မိသားစုနေပြီး အောက်ထပ်ကြီး တစ်အထပ်လုံး ဆယ်တန်းကျောင်း ဖြစ်ပါ၏။ ဆရာကြီး၏အမည်မှာ "ဦးဘိုးဘေ" ဖြစ်သည်။ ရုပ်ရည်သန့်ပြန့်ပြီး အလွန်ခန့်ညားကျက်သရေရှိပါသည်။ နံနက် ထမင်းစားပြီးလျှင် အတန်းစေ့ လိုက် ကြည့်ပြီး စာသင်နေသော တပည့်များကို ကျေနပ်အားရစွာနှင့် ခေါင်းကို ညိတ်ပြီးမှ အပေါ်ထပ်သို့ တက်သွားပါသည်။ ဆရာမ ဒေါ်သန်းရင်ကလည်း စာအသင်အပြ ကောင်းသည်။ ဒေါ်သန်းရင်အတန်းတွင် အိမ်တွင်းမှု၊ လက်မှုပညာ

များကို ကျွန်မတို့ စသင်ရပါသည်။ ပထမဆုံး သိုးမွေးတစ်ချောင်းထိုး၊ ပိုက်ဆံအိတ်၊ အိတ်ရှုံ့ကို သင်ရသည်။ ဒုတိယဆောင်းတွင်း သံပရာခွံဦးထုပ်ချုပ်နည်း၊ လက်ကိုင်ပန်းထိုးနည်း။ ခေါင်းအုံးစွပ်ချုပ်နည်း၊ ရောင်စုံပန်းအလှထိုးနည်း၊ ရှပ်အင်္ကျီ ကြယ်သီးတပ်နည်း၊ မိန်းမအင်္ကျီ ကြယ်သီးတံတပ်နည်း၊ မိန်းမအင်္ကျီ အလှပန်းထိုးနည်းအစုံ သင်ပေးသည်။ အချုပ်အလုပ် သေတ္တာကလေးတစ်လုံးထဲတွင် တစ်ချောင်းထိုးအပ်၊ နှစ်ချောင်းထိုးအပ်၊ ရောင်စုံ အပ်ချည်လုံး၊ အပ်အကြီး အပ်အသေးတစ်စုံ စသည့် ပစ္စည်းများ ဖြစ်သည်။

ကျောင်းအားလျှင် အိမ်လည်ရန် ဆရာမက ခွင့်မပြု။ အလုပ်တစ်ခုကို ပေးလိုက်၏။ ဆရာမ ဒေါ်သန်းရင်၏အတန်းတွင် ကျွန်မတို့သည် ပထမတန်း ပညာသာမက အိမ်တွင်းမှုပညာကိုပါ ပူးတွဲတတ်မြောက်ခဲ့ရသည်။ ကျောင်းပိတ်ရက်တွင် စိတ်ဝင်စားသူများအား သူ့အိမ်သို့ခေါ်၍ ချက်နည်းပြုတ်နည်းကို လက်တွေ့သင်ပေးသည်။ ချက်လည်းချက်တတ် စားလည်းစားရ၍ အလွန်ပျော်ပါသည်။

ဆရာမကျေးဇူးတွေကို မမေ့ပါဘူး ဆရာမရယ်။

**ဆရာမဒေါ်အေး**

တတိယတန်းကို သင်ကြားပါသည်။ ဒေါ်အေးမိတို့၊ ဒေါ်သန်းရင်တို့လို အပျိုမဟုတ်ပါ။ အိမ်ထောင်ရှင် ဖြစ်၏။ အသားညိုညို ပုပုဝဝဖြစ်ပြီး အလှအပ လုံးဝမရှိ။ ရိုးရိုးကြီး ဝတ်စားဆင်ယင်ပါသည်။ သစ်သစ်လွင်လွင်လည်း ဘယ်ခါမှ မဝတ်။ တော်သင့်ရုံကလေးသာ ဝတ်ပြီး ဘီးကျော်ပတ်ကြီးနှင့် ဖြစ်၏။ သနပ်ခါး ရေကျဲကလေးနှင့် ပိတ်ပါးအင်္ကျီဖြူဖြူထူထူကိုသာ ဝတ်ပါသည်။ ဆရာမဒေါ်အေးလည်း ဂဏန်းသင်္ချာအပြောကောင်းသည်။ ဂဏန်းတွက်ပျင်းသော ဖျင်းသော ကျွန်မကို ဆရာမက အပျင်း အဖျင်းပျောက်အောင် သင်ပေးသည်။ ဒေါ်အေးဆိုသည့်အတိုင်း အေးပါ၏။ ဆရာမအတန်းတွင် စက္ကူပန်းလုပ်နည်း၊ ဖယောင်းပန်းလုပ်နည်းများ သင်ရသည်။ ဤသင်တန်းများမှ လက်ရာများကို နှစ်စဉ် ရန်ကုန်မြို့မှ အမျိုးသမီး ပညာဝန် "ဒေါ်မြရွှေ"၊ "ဒေါ်စိန်မြ"တို့က ကြွရောက်ကြည့်ရှုစစ်ဆေးအားပေးလေသည်။ မြန်မာကျောင်းမှ ယဉ်ကျေးမှုအခြေခံများကို ရရှိခဲ့ပြီး လေးတန်းအောင်တော့ အင်္ဂလိပ်ကျောင်းပြောင်းခဲ့ရပြန်သည်။

မြန်မာကျောင်းမှ လေးတန်းအောင်ခဲ့ပေမယ့် အင်္ဂလိပ်ကျောင်းက တစ်နှစ်လျှော့ကာ

Special Class ဆိုသည့် အထူးသင်တန်းတွင် တစ်နှစ်နေရပါသည်။ ဘာပြုလို့လဲဆိုတော့ မြန်မာကျောင်းက မြန်မာစာပဲ သင်လိုက်တာကိုး။ A, B, C, မှမသင်လိုက်ဘဲ၊ အဲဒီမှ အေ ဘီ စီဒီ စသင်ရပေရာ ဆရာမကြီး "မာမီကြီး" ဒေါ်ငြိမ်းလှနှင့်တွေ့ရပါတော့၏။ သူ့ကို တစ်ကျောင်းလုံးက မာမီကြီးဟုပဲ ခေါ်ကြသည်။ အင်္ဂလိပ်စာပဲ သင်သည်။ အသံထွက်ကို မှန်အောင်သင်သည်။ အင်္ဂလိပ်စကားလုံးတစ်လုံးကို အကြိမ်ငါးဆယ်မှ တစ်ရာ ကရားရေလွှတ် တတွတ်တွတ် ရွတ်ရ၏။ ကြိမ်လုံးနှင့် မချလား ချလား သူ့ကြိမ်လုံးမှာ ထိပ်က လေးစိတ် လေးမြွာကွဲနေ၏။ အသက်ကငါးဆယ်ကျော်လောက်ရှိပြီး ကရင် ခရစ်ယာန်ဖြစ်ရာ ကြိုးကြိုးစားစား မှန်မှန်ကန်ကန်မှကြိုက်သည်။ လိမ်ပြောလျှင် သေပေရော့ပဲ။ မာမီကြီးကို ကျွန်မ ချစ်လည်းချစ် ကြောက်လည်း ကြောက်သည်။ မာမီကြီး သမီး မီနီနှင့် ကျွန်မက သူငယ်ချင်းမို့ မာမီကြီးကလည်း ကျွန်မကိုချစ်သည်။ ယောကျ်ားလေးများနှင့် စကားပြောလျှင် မကြိုက်ပါ။ မိန်းကလေးဆိုတာ ဣန္ဒြေရှိရတယ်၊ စည်းကမ်းရှိရတယ်၊ ယောကျ်ားလေးတွေနဲ့ ဟေးလားဝါးလား ရယ်တာဟာ မိန်းမကောင်းအလုပ် မဟုတ်ဘူးတဲ့။ မာမီကြီးသည် အကျီဖြူဖြူ လက်ပွပွ ခါးပွပွနှင့် ကရင်လုံချည်များကိုသာ ဝတ်လေ့ ရှိသည်။ ဘီးဆံပတ်ကြီးနှင့် ဖြစ်သည်။ အင်္ဂလိပ်ကျောင်းမှ ဆရာများ ခေါင်းပေါင်းနှင့် ဆရာမများဘီးဆံထုံးနှင့် ပဝါနှင့်ချည်း ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီး အမည်မှာ T.P THEIN ခေါ် ဦးတန်ဘိုးသိန်း ဖြစ်သည်။ အရပ်ပုပုနှင့် ဥရောပဝတ်စုံကို ဝတ်သည်။ မြန်မာဆရာမတွေ စာသင်ခန်းဝင်လျှင် ပဝါခြုံသော်လည်း မာမီကြီးက ဗမာပဝါကို မခြုံ။ ကရင်ခြုံစောင်ဖြစ်စေ ကတ္တီပါခြုံစောင်ဖြစ်စေ ခြုံသည်။ မာမီကြီးက စကားကျယ်ကျယ်ပြောလျှင် မျက်စောင်းထိုးကြည့်တတ်၏။

တစ်ခါ ဆရာတစ်ဦးက မာမီကြီး ကြိမ်လုံးဖွာလန်ကြဲနေ၍ဆိုကာ ကြိမ်အသစ်လာပို့ရာ–

"တမင်မလဲသေးတာပါ။ အသစ်ဆိုတော့ သူတို့ သိပ်နာမယ်လေ။ အဟောင်းဖွာဖွာနဲ့ ရိုက်တော့ ဟိုလောက်မနာကြဘူးပေါ့။ တတ်အောင် မှတ်အောင်လို့သာ ရိုက်ရတာပါ။ ရိုက်ပြီးရင် သူတို့ နာသလို ကိုယ်လည်း စိတ်မကောင်း ဖြစ်ရတယ်" ဟု ပြောသံကြားဖူးရာ မာမီကြီး၏ အကြင်နာအဓိပ္ပာယ်ကို နားမလည်သူများက ဆိုးတဲ့ဆရာမကြီး၊ ရိုက်တဲ့ဆရာမကြီးဟုပြောကြ၏။ သူရိုက်သင်၍ပင် အေ ဘီ စီ ဒီတောင် မတတ်ခဲ့ကြသော ကျွန်မတို့ အင်္ဂလိပ်စာတွေကို ရေးတတ်ဖတ်တတ် ပြော

တတ်ခဲ့ရသည် မဟုတ်ပါလား။ မာမီကြီးက "ဂရမ်မာ" အင်္ဂလိပ်စာကို သင်ပြီး မြန်မာစာကို ဆရာမဒေါ်တင်အိက သင်သည်။

**ဆရာမဒေါ်တင်အိ**

အသားဖြူဖြူ အရပ်မြင့်မြင့်၊ ကိုယ်ပြားပြား၊ မျက်နှာချိုချို၊ အသံသာသာနှင့် အလွန်ချောမွေ့သည်။ ပိုးပျော့ အင်္ကျီ မထူမပါးနှင့် မန္တလေးပိုးပြောင်လုံချည် ဒေဝီနားလုံချည်၊ အချိတ်ပါးလုံချည်၊ ရွှေတောင်ကွက်စိပ်ပိုးလုံချည်နှင့် ဇင်းမယ်လုံချည်တို့ကို ဝတ်သည်။ အရပ်ကမြင့်မြင့် ဘီးဆံထုံးက မြင့်မြင့်နှင့် အရပ်အမောင်းကောင်းလှသော မြန်မာမတစ်ဦး၏အလှသည် ခန့်ညားထည်ဝါလှသည်။ စာသင်ခန်းဝင်လျှင် ပဝါခြုံထားတော့ မင်းသမီးလိုပင် လှပပြီး ကျက်သရေရှိလှ၏။ အဲသည်အရွယ်ထဲက ကျွန်မတို့ မြန်မာမများ၏အလှ ရိုးရာဝတ်စား ဆင်ယင်ထုံးဖွဲ့မှုသည် ဘယ်သူနှင့်မှမတူသည်ကို မှတ်မိပါ၏။ ငါ ကြီးလျှင်လည်း ဆရာမတို့လို ပညာလည်းတတ်ရမည်။ ဝတ်စားဆင်ယင်မှုလည်း မြန်မာဆန်ရမည်ကို နားလည်ခဲ့ပါသည်။ ဆရာမဒေါ်တင်အိသည် ကျောင်းသူတွေကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အင်္ကျီ လုံချည်ဝတ်ပုံတို့ကို စနစ်တကျ ဝတ်ရပါသည်။ လုံချည်ဝတ်ပုံမမှန်သမျှ ပြင်၍ ပြင်၍ ဝတ်ရသည်။ လုံချည်အဖုံး စသည် အောက်ခံအစနှင့် ညီနေရပါသည်။ လျှာထွက်မနေရ။ စောင်းမနေရပါ။ မတိုရ။ ခြေမျက်စိ ဖုံးရပါသည်။ ဖိနပ်စီးလျှင်လည်း အသံမမြည်ရ။ အသံကျယ်ကျယ်မပြောရ။ လက်ရေးကို လှလှရေးရသည်။ ဩော်...... ဆရာမရဲ့ ကျေးဇူးတွေ ကြီးလှပါဘိတကား။ ငယ်စဉ်ကျောင်းသူဘဝကတည်းက အရိုးစွဲ အသည်းစွဲအောင် အနေအထိုင် အပြောအဆို အဝတ်အစားအားလုံးတို့သည် တိမ်ပါးရွှဲ စောင်းမသွားဘဲ တစ်သမတ်တည်း ရင်ထဲမှာ တည်နေသည်။

'ဗမာမဟာ ဗမာဖြစ်ကိုပဲ ဝတ်ရမယ်။ သူများတိုင်းပြည်ကလာတဲ့ အဝတ်ကိုဝတ်တာဟာမျိုးချစ်စိတ်ကင်းမဲ့တာကို ပြခြင်းပဲ"

ဟု ပြောခဲ့သည်။ ဆရာမရယ် ဆရာမကို ဒီနေ့ ဗမာမကလေးတွေ ပြချင်လိုက်တာ။

**ဆရာမဒေါ်အေးရင်**

လေးတန်းရောက်တော့ ဆရာမဒေါ်အေးရင် အင်္ဂလိပ်စာနှင့် ပထဝီကို အချိန်ပိုင်းနှင့်

သင်ပါသည်။ ဒေါ်အေးရင်က ဝဝဖိုင့်ဖိုင့် အရပ်မြင့်မြင့် အသားညိုညို ရွှေမျက်မှန်နှင့် ဘီးဆံထုံးနှင့် ခန့်တာပဲ ဖြစ်၏။ ဒေါ်အေးရင်က စိတ်မြန် စိတ်ထန်၏။ မာနလည်း ကြီး၏။ စာမရလျှင်မကြိုက်။ အင်္ဂလန်နိုင်ငံ၏ ကြီးကျယ်ခမ်းနားပုံ မြေပုံချိတ်ပြီး ဘက်ကင်ဟန် နန်းတော်ကြီးတို့၊ ဥယျာဉ်ကြီးတို့ လမ်းကြီးလမ်းကျယ် လမ်းမြွာ လမ်းသေး အစိုးရ အဆောက်အအုံတွေကို အလွတ်ရအောင် ကျက်ရ၏။ လေးတန်း ကတည်းက လန်ဒန်ကို ကျွန်မ ရောက်ဖူးပါသည်။ ဘက်ကင်ဟန် နန်းတော်ကြီး ဂျော့ဘုရင် မိဖုရားတွေအကုန် မှတ်မိသည်။

ဆရာမဒေါ်အေးရင်သည် ခေတ်ဆန်ဆန် ဝတ်ဆင်သည်။ တရုတ်ပိုးပျော့လုံချည် များ ဝတ်လေ့ရှိ၏။ ဗမာမဟန်တော့ မပျောက်ပါ။ အခြားဆရာမတွေထက်တော့ သူက ဘိုဆန်ပါသည်။ ဒါပေမဲ့ သူသင်ပြခဲ့၍ ကျွန်မသည် ကမ္ဘာကြီးပေါ်မှ ရှိရှိသမျှ နိုင်ငံတွေကိုသိခဲ့ရသည်။ လူမျိုးပေါင်းစုံကိုလည်း မြင်ဖူးခဲ့ရသည်။ ဗမာလိုပြောလျှင် မကြိုက်၍ အင်္ဂလိပ်လို မတတ်တတတ်နှင့် ပြောရသည်။ သို့ကြောင့် ဆရာမ ဒေါ်အေးရင်ကြီးနှင့်အပြင်မှာ မတွေ့အောင် ရှောင်ရှောင်ပြေးမိကြသည်။ ကျောင်းသား တွေကလည်း ဆရာမကို "ဂွတ်မောနင်း"ဟု နာမည်ပေး၏။ အဲသည် ဆရာမကြီး လည်း ကျွန်မ၏မြတ်သော ဆရာပါ။ မတတ်တာတွေကို သူသင်ပေးခဲ့တာပါ။

**ဆရာမဒေါ်အေးကြည်**

သူကတော့ ငါးတန်းနှင့်ခြောက်တန်းကို အချိန်ပိုင်းနှင့်သင်သူပါ။ ဆရာမ ဒေါ်အေးကြည်ကတော့ ပုပုညှက်ညှက်အသားညိုညို ခြောက်ခြောက်ကလေး။ ငါးတန်းကျောင်းသားတွေက သူထက်မြင့်နေသည်။ ကိုယ်ကလေးက သေးသေး။ ဘီးဆံထုံးကလေးကလည်း သေးသေးပေါ့။ ဆရာမက ရာဇဝင်၊ သမိုင်း၊ မြန်မာစာ များကို သင်ပါသည်။ တစ်နေ့လုံးကျောင်းဖြစ်၍ ဆရာမတွေနှင့် ဆရာတွေ နံနက်ပိုင်း ညနေပိုင်းနှစ်ပိုင်းခွဲ၍ သင်ကြသည်။

ဆရာမဒေါ်အေးကြည်သည် အသံကလေးကလည်း သေးသေး သူ့အသံက အော်လေမထွက်လေမို့ "မနဲ့လေး"ဟု နာမည်ပေးကြပြန်၏။ အစက မနဲ့လေးဆိုတာ သူ့ကို ပြောမှန်းမသိ။ ကျောင်းသားကျောင်းသူချင်းချင်းစသည်ဟု သူ ထင်၏။ နောက်သိလည်းသိသွားရော သူ့ကို မနဲ့လေးဟုခေါ်သည့် ကျောင်းသား၏ နားရွက်ကို ဆွဲလိမ်ထားကာ

"နင်တို့က ကြိမ်ကွဲအောင်ရိုက်တဲ့ မာမီတို့၊ ဆရာဦးချက်ဖားတို့ကိုမှ ပြားနေအောင် ကြောက်ကြတယ်ပေါ့လေ။ ငါ့ကိုတော့ ပိန်ပိန်သေးသေးမို့ မလေးစားကြဘူးပေါ့"

"လေးစားပါတယ် ဆရာမရယ်၊ ကြောက်ပါပြီ ဆရာမရယ်"

ဟု နားရွက်လိမ်ထားခံရသူက မခံနိုင်တော့၍ ပြောတော့မှ–

"နောက်ပြောဝံ့တဲ့သူ ပြောစမ်း။ တစ်နေ့လုံး ပုဆိုးချွတ်နဲ့ နေရမယ်"

ဆရာမသည် လူပုစိတ်တိုပေမယ့် တပည့်တွေကို အလွန်ချစ်၏။ ဆရာမဒေါ်တင်အိ၊ ဆရာမဒေါ်အေးရင်၊ ဆရာမဒေါ်အေးကြည်အားလုံး အပျိုတွေချည်း ဖြစ်၏။ ဆရာမဒေါ်အေးကြည်သည် ရာဇဝင်သင်လျှင် ရှေးခေတ်သူရဲကောင်းများအကြောင်းကို စိတ်ရှည်စွာပြောပြသည်။

"တို့အမျိုးတွေဟာ နွယ်သာကီမျိုးတွေ" ဟုပြောရာ ကျောင်းသားတစ်ဦးက နွယ်သာကီမျိုးဆိုတာ ဘာလဲဟေ့ဟု တိုးတိုးမေးသော် နွယ်သာကီမျိုးဆိုတာ သစ်ပင်ကြီးတွေမှာ နွယ်တက်တဲ့ ပန်းပင်ပေါ့ကွာဟု ဆိုလျှင် တခိခိနှင့်ရယ်ကြ၏။

"ဟေ့… စာသင်ခန်း၊ ပွဲခင်းမဟုတ်ဘူး။ ငါပြောတဲ့အထဲမှာ ဘာရယ်စရာပါလို့လဲ" ဆိုကာ ကျောင်းသားနှစ်ယောက်ရှိရာ ဆင်းလာသည်။ ဆရာမ ဒေါ်အေးကြည်သည် ကြိမ်လုံးဆရာ မဟုတ်ပါ။ ပါးစပ်နှင့်ပဲ ဆိုဆုံးမလေ့ ရှိ၏။

"ဆရာမပြောတဲ့ နွယ်သာကီဆိုတာ မသိလို့ သူ့ကိုမေးတော့ သူက နွယ်သာကီဆိုတာ တောထဲက အပင်ကြီးတွေမှာ တွယ်ကပ်ပေါက်တဲ့ အပင်ပါကွာလို့ သူကပြောလို့"

"သြော်… သုခမိန်ကြီးပါလား။ ငါ့ကို "မနဲလေး" လို့ နာမည်ပေးတာလည်း နင်ပဲ။ အခု နွယ်သာကီဟာလည်း သစ်ပင်ကပ်ပေါက်တဲ့အပင် ဟုတ်လား။ လာဝရန်တာကို ထွက် ပုဆိုးချွတ်"

"ဟာ… ကျွန်တော် ဘောင်းဘီမပါလို့ပါ ဆရာမရယ်။ ရှိကြီးခိုးပါတယ်။ နောက်ကို မပြောတော့ပါဘူး ဆရာမရယ်" ဆို၍ ခြေနင်းဖတ်မှာ ထိုင်ကန်တော့ရင်း မျက်ရည်တွေ ကျလာသည်။

"အင်း… ရက်ကြောလေးပါလို့ တော်သေးတာပေါ့။ ကိုယ့်ကိုယ်ကိုယ် တရုတ်မှန်းမသိ၊ ကုလားမှန်းမသိ၊ ဗမာမှန်းမသိ၊ ဒီစိတ်ဟာ "ကျွန်စိတ်"၊ အမျိုးကို ဂရုမစိုက်တဲ့ မချစ်တဲ့စိတ်။ မင်းတို့အားလုံးကို ဆရာမပြောမယ်။ သူများစာ၊ စကားကိုချည်းလည်း

အထင်မကြီးနဲ့။ ကိုယ့်ဗမာစာကိုလည်း အထင်မသေးနဲ့။ ငါ ဘာလူမျိုးလဲ။ ငါ ဘယ်နိုင်ငံသားလဲ။ အဲဒါကို ခေါင်းထဲမှာ အသက်ထွက်ချိန်ထိ သတိရနေရမယ် ကြားကြလား"

"ကြားပါတယ် ဆရာမ"

တစ်ပြိုင်တည်း ဖြေကြ၏။

"အေး... မင်းတို့ အသက်ကလေးတွေက ငယ်သေးလို့ ဒါလောက်ပဲ နားလည်ထားကြဦး" ဟု ပြောပါသည်။

သြော်... ဆရာမဒေါ်အေးကြည် လူကပုပုညက်ညက်ကလေးပေမယ့် အမျိုးချစ်စိတ်ဓာတ်က မြင့်မားလှပါ၏။

အဲဒီအရွယ်တုန်းက ဆရာမစကားကို နားဝင်ခဲ့သည် မှန်သော်လည်း အဘယ်မျှ တန်ဖိုးရှိကြောင်း မသိခဲ့ပေမယ့် အခုမှသည်စိတ်ဓာတ်ကို အဖိုးမဖြတ်နိုင်တော့ပါ။ ဆရာမ ခြောက်ဦးစလုံး ပညာမျိုးစုံ၊ အသိတရားမျိုးစုံ၊ အလိမ္မာမျိုးစုံပေးခဲ့ကြသည့် အထဲတွင် ဆရာမဒေါ်အေးကြည်သည် ကျွန်မတို့ကို အင်္ဂလိပ်စာတွေ သင်ပေးနေသည့် ကြားမှ အမျိုးချစ်စိတ်ဓာတ်ကို သွင်းပေးခဲ့သူဖြစ်သတည်း။

❐

# ကျွန်မ၏ ဆရာများ

ဆရာမများအကြောင်း ရေးပြီးပြန်တော့ ငါတို့အကြောင်းတော့ နင်က မရေးဘူးပေါ့လေ ဟု အသံများနားထဲတွင် ကြားနေပါသည်။ ဟုတ်ပါ၏။ ဆရာမတွေ၏ ကျေးဇူးများခဲ့သလို ဆရာတွေ၏ကျေးဇူးကလည်း မနည်းပါ။ မြန်မာကျောင်းတွင် "ဆရာမ ဒေါ်သန်းရင်" ၏ ပထမတန်းအောင်တော့ ဆရာကြီး ဦးသာဒန်၏ ဒုတိယတန်းကို ကျွန်မ ရောက်ခဲ့ပါသည်။

ဆရာကြီးဦးသာဒန်သည် ကျောင်းရှိဆရာများထဲတွင် အသက်ကြီးဆုံးဖြစ်ပြီး ပိန်ပိန်မြင့်မြင့် ဖြူဖြူနှင့် ဥပဓိရုပ် အလွန်ကောင်းပါ၏။ ခန့်၏၊ အသံသြဇာနှင့်လည်း ပြည့်စုံ၏။ မျက်နှာ ပြုံးချို၏။ ဒါပေမဲ့ စာမရသည့်ကျောင်းသူ ကျောင်းသားတွေကို အလွန်ရိုက်ပါသည်။ ဂဏန်းသင်္ချာကို စသင်ရသော အတန်းမို့ ဂဏန်းဆိုတာ ရေထဲက ကဏန်းပဲသိကြရာ အခုပေတံတစ်ချောင်းကို နှစ်ပြားနှင့်ပေတံ ၁၀၀ ချောင်း ဝယ်သော် ငွေမည်မျှကျသနည်း။

အဲသည်တုန်းက ငွေတစ်ကျပ်လျှင် ပြား ၁၀၀ ဖြစ်သည်။ ပိုင်– ပြား– ပဲ– မတ်– မူး– ကျပ်(ဒင်္ဂါး)ခေတ် ဖြစ်သည်။ ပေတံတစ်ချောင်းနှစ်ပြား၊ နှစ်ချောင်းကို လေးပြား လက်ကလေးတွေ ချိုးချိုးပြီး တွက်လိုက်ကြတာ ချာချာလည်နေကြသည်။ သူ့အဖြေကတစ်မျိုး ကိုယ့်အဖြေကတစ်မျိုး။ စာအုပ်နှင့်ခဲတံကို စသုံးရသည့်အတန်းမို့ ဂဏန်းစာအုပ်ထဲမှာလည်း လုလုပပသပ်သပ်ရပ်ရပ်မရှိ။ ဖျက်ရာတွေနဲ့ ညစ်ပတ်နေကြသည်။ မှားသည့်သူတွေရော မှန်သည့်သူတွေရော အကုန်ရိုက်ခံရသည်။ အမှန်က

ဆရာကြီးဦးသာဒန်က သူ့အတန်းသို့ ရောက်လာကြသည့် ဒုတိယတန်း ကျောင်းသား ကျောင်းသူကြီးတွေကို ပထမဆုံး ကြိမ်စကြာ တန်ခိုးပြလိုက်ခြင်း ဖြစ်သည်။ ယောကျ်ား လေးတွေကို တင်ပါးချ၏။ မိန်းကလေးတွေကျ လက်ဝါးကို ချပါသည်။ နာလိုက်တာ မှတ်ကရော့ပဲ။

ဆရာကြီးဦးသာဒန် ကျောင်းသားတွေကို ရိုက်လွန်းသဖြင့် ကျောင်းအုပ်ဆရာကြီး ဦးဘိုးဘေက–

"ကလေးတွေကို သိပ်မရိုက်ပါနဲ့ကွာ" ဟုပြောလေရာ ဆရာကြီး ဦးသာဒန်က "မရိုက်လို့ မရဘူး အစ်ကိုကြီးရဲ့ (ဆရာကြီးတို့က ညီအစ်ကို တော်ပါ၏) သူတို့က လူကိုမကြောက်ဘူး။ ကြိမ်လုံးမှ ကြောက်တာ" ဟု ပြောရသည်။ ကျွန်မလည်း ရဲနီသွား သည့် ကျွန်မ လက်ဖဝါးနုနုကလေးကို ပါးစပ်နှင့် မှုတ်ရင်း ဆရာကြီး ဦးသာဒန် အတန်းတွင် တစ်နှစ်တိတိနေခဲ့ပြီး သုံးတန်းတက် နောက် လေးတန်းရောက်ခဲ့သည်။

လေးတန်းလည်းရောက်ရော တွေ့ပြန်ပါပြီ။ ဆရာညိုကြီးတဲ့ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးတဲ့ ဆရာညိုကြီးက ဦးသာဒန်ထက် လက်သံပြောင် နေပြန်ပါပြီ။ ဆရာညိုကြီးဆိုသည့်အတိုင်း အသားညိုညို အရပ်မြင့်မြင့် ကိုယ်လုံး ကိုယ်ထည်ဖွံ့ဖွံ့ သွားခေါခေါမှာ ရွှေသွားနှင့် ဖြစ်သည်။ ဆရာညိုကြီး သဘောကောင်း လျှင် အလွန်ချစ်ဖို့ကောင်း၏။ စိတ်ဆိုးလျှင် ကြောက်ဖို့ကောင်းပါသည်။ လူပျိုကြီး ဖြစ်ပြီး စိတ်အလွန်တိုပါသည်။ တစ်ခါတလေ အိမ်က ဘာဖြစ်လာသည်မသိ။ စာစ သင်တာနှင့် ပွဲဦးထွက် ကံဆိုးသူ တစ်ယောက်ယောက်က ခံပေရော့။ တစ်ခါတလေ တစ်ယောက်နှင့်မပြီး။ တုတ်ဆက်သွားတတ်ပြန်ပါသည်။ ၁၀ တန်းကျောင်း ဟော အခန်းကျယ်ကြီးဖြစ်ရာ တစ်တန်းနှင့် တစ်တန်း လှမ်းမြင်ရတာပ။ ကျွန်မ ရှက်လွန်း၍ မျက်စိတွေပြာလာကာ နောက် ဘာမှမမြင်တော့ဘဲ မူးပြီး ခုံပေါ်မှ ပျော့ခွေကျသွားဖူးပါ သည်။ အဲတော့ အိမ်ပြန်ပို့ပေး၏၊ အိမ်က မိဘတွေက စိတ်ဆိုးကြ၏။ ဆရာကြီးကို တိုင်သည်။ ဆရာကြီးက ဆရာညိုကြီးကိုလာ၍ သတိပေးပြန်သည်။ ဆရာကြီး ပြန် သွားလျှင် ဆရာညိုကြီးက "ဒါဆို ကိုယ့်သားသမီး ကိုယ်ပဲ စာသင်ပေးကြပေါ့။ ဘာလုပ် ကျောင်းလာထားကြသလဲ။ တတ်အောင် တော်အောင် သင်မယ်။ မတတ်ရင် မတော်ရင် ရိုက်မယ်။ အရိုက်မခံနိုင်ရင် ကျောင်းထွက်ကြ" ကျွန်မတို့ တစ်တန်းလုံးကို စောင်းမပြော တည့်တည့်ပဲ ပြောလေသည်။ ကျွန်မတို့ ဆရာညိုကြီး အတန်းမှာ ဆရာညိုကြီး၏ ကြိမ်စကြာကို ကြောက်လွန်းကြ၍ စာကြိုးစားကြပါသည်။ တုတ်

ဆက်မှာ ကြောက်ကြသဖြင့် အိမ်စာတွေ ပေးလိုက်လျှင် ကျောင်းရောက်က တစ်ယောက် အမှားတစ်ယောက်က ပြင်ပေးထားကြရသည်။ ဆရာညိုကြီး၏ အတန်းမှ ကျွန်မတို့ သည် ငြိမ်ဝပ်ပိပြားသော ကျောင်းသားများအဖြစ်နှင့် အစိုးရစစ်လေးတန်းကို တန်းလုံး ကျွတ် အောင်မြင်စွာနှင့် အကယ်ဒမီရခဲ့ကြပါသည်။ လေးတန်းအောင်တော့ အင်္ဂလိပ် ကျောင်းပြောင်းပြီးဖြစ်၍ ဆရာ ညိုကြီးလက်မှ လွတ်မြောက်ခဲ့ပါပြီ။

အင်္ဂလိပ်ကျောင်းမှာလည်း သုံးတန်းဖြေဆိုပြီးအောင်၍ လေးတန်းရောက်လာပြန် လေပြီ။ တွေ့ပါပြီ။ လေးတန်းသင်မည့်သူက ရခိုင်အမျိုးသား "ဆရာကြီးဦးချက်ဖား" တဲ့။ ဆရာက ရုပ်နည်းနည်းဆိုးပါသည်။ အသားမည်းမည်း ခေါင်းကြီးကြီး နှာရွက် ကားကားနှင့် ပင်နီရှမ်းဘောင်းဘီပွ၊ ရုပ်အင်္ကျီဖြူ အပေါ်မှ ဖျင်ကြမ်းပင်နီတိုက်ပုံ ရင်ဖုံးကိုဝတ်၍ ဆေးတံနှင့်ဖြစ်သည်။ တပည့်များကို စာရေးခိုင်းထားပြီး တစ်ခန်းလုံး ငြိမ်သက်နေသည့်အခါတွင် ဆရာက ဆေးတံကို ဖိမ်နှင့်ခဲနေပုံမှာ စုံထောက်ကြီး ဦးစံရှားနှင့် တူလှသည်။

ဆရာသည် သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ခြင်းကိုပဲ ကြိုက်ပြီး အရွယ်နှင့်မလိုက် အလွန်ပြုပြင်ခြင်းကို လုံးဝမကြိုက်ပါ။ တစ်ခါ ကျွန်မကို အိမ်မှ အဒေါ်များက ဆောင် တော်ကူးပန်းတွေ တစ်ခေါင်းလုံး ဝေနေအောင် ပန်ပေးပြီး သနပ်ခါးကလည်း ခြေဆုံး ခေါင်းဆုံးလူးပြီးမှ သွားစေရာ အတန်းတွင်းရောက်တော့ ဆရာဦးချက်ဖားက "ဟို ကောင်မလေး ထစမ်း" ဟု ကျွန်မကို လက်ညှိုးထိုးပြီး ပြောရာ ကျွန်မက ဒူးတွေ တုန်လာရသည်။

"ခေါင်းက ပန်းတွေ အကုန်ဖြုတ်စမ်း။ သနပ်ခါးတွေလည်းဖျက် နောက်ကို ကျောင်းစာသင်ရအောင်လာတာ ဘယ်တော့မှ ပန်းတွေပန် သနပ်ခါးတွေ ဒါလောက် လူးမလာနဲ့။ ကြားကြလား ကောင်မလေးတွေ" ဆိုကာ တစ်တန်းလုံးက မိန်းကလေး တွေပါ အပြောခံရရာ တချို့က ကျွန်မကြောင့်ဆိုပြီး စိတ်ဆိုးခံခဲ့ရသည်။

ဆရာဦးချက်ဖားသည် မိန်းကလေးတွေကို ဘယ်တော့မှ မျက်နှာသာမပေးပါ။ စာအသင်အပြတော့ ကောင်းပါသည်။ လေးတန်းမှာ ကျောင်းသားများ၍ နှစ်တန်းခွဲ သင်ပေးသည်။ ဆရာဦးချက်ဖားက နံနက်ပိုင်း၊ ဆရာဦးမြတ်မောင်က ညနေပိုင်း ဖြစ်သည်။ ဆရာဦးမြတ်မောင်သည် "မာမီဒေါ်ငြိမ်းလှ"၏ ခင်ပွန်း ဖြစ်သည်။ ဦးချက်ဖားက မြန်မာစာ၊ ဦးမြတ်မောင်က အင်္ဂလိပ်စာ၊ သင်္ချာတို့ကို သင်သည်။ ဆရာနှစ်ယောက်စလုံး ကျောင်းသားတွေအပေါ် စေတနာထားကြသည်။ စာမေးပွဲ

နားနီးလျှင် အချိန်အားမရှိ။ အချိန်ပြည့်စာကျက်ရ၏။ အပျင်း၊ အဖျင်းမရှိရ။ တန်းလုံးကျွတ် အောင်ရမည်ဟု ဆရာက ပြောသည်။ သို့ကြောင့် ကိုယ်တစ်ယောက်တည်း ပြုတ်ကျကျန်ခဲ့မှာ ရှက်ကြောက်ပြီး အားလုံး ကြိုးစားကြလေသည်။

အတန်းထဲတွင် အာကျယ်စွာကျယ်နှင့် ကျောင်းသားဆိုးတစ်ယောက် ရှိ၏။ သူ့ကို ဆရာကနောက်ဆုံးတွင်ထားသည်။ အခြားသူတွေနေရာ ခဏခဏရွှေ့ပြောင်းပေမင့် သူ့ကိုအဲသည်နောက်ဆုံးမှာပဲထားသည်ကို သူကမကျေနပ်။ သို့ကြောင့် ဆရာဦးချက်ဖားကို အမြဲအရွဲ့တိုက်သည်။ တစ်နေ့ ဆရာသင်နေသည့် ကျောက်သင်ပုန်းမှာ ပုံတွေဆွဲပြ၏။ သင်နေစဉ် အဲဒီကျောင်းသားကလည်း စက္ကူတစ်ရွက်၌ ပုံဆွဲပြီး အနီးမှ ကျောင်းသားတွေကို လက်ဆင့်ကမ်းနေတာကို ဆရာဦးချက်ဖား မြင်သွားလေ၏။ ခုံမှ ဆင်းလာပြီးရင် စာရွက်ကို ဆွဲယူကြည့်လိုက်သည်။ စက္ကူတွင် ဆွဲထားသည့် ပုံ၏ စာတန်းမှာ

"အင်္ဂလိပ်ကြက်ဖ ဗိုလ်ကြက်ဖ" ဆိုသော စာတန်းအထက်တွင် ဆရာကြီး ဦးချက်ဖား၏ ဝတ်စားဆင်ယင်ပုံအတိုင်း ရေးဆွဲထားလေသည်။ ကာတွန်းသရုပ်ဖော်ပန်းချီပေါ့။ ဆရာက စာရွက်ကို ယူကြည့်လည်းပြီးရော။

"မင်း ဘယ်သူ့သားလဲ"

"ကျွန်တော် ဦး......ရဲ့သားပါ"

"ဘာလုပ်သလဲ"

"ရုံပိုင်ပါ"

"ဘာ......ပေါင်းတည် ရုံပိုင်ကြီးလား"

"မဟုတ်ပါဘူး၊ ခုနစ်ရွာဘူတာကပါ"

"သြော်......မင်းဘယ်ကနေ ကျောင်းတက်သလဲ"

"ခုနစ်ရွာကနေ လော်ကယ်နဲ့ တက်ပါတယ်"

ဟိုခရီးရှည်ရထားကြီးများအပြင် ခရီးတိုကြားဖြတ်လော်ကယ်ရထားများ ရှိပါသည်။ ၁၀ တန်းကျောင်းမရှိသော၊ အင်္ဂလိပ်ကျောင်းမရှိသော ပုတီးကုန်း၊ နတ္တလင်း စသည်တို့မှ ကျောင်းသားများသည် လော်ကယ်ရထားနှင့် ကျောင်းတက် ကျောင်းဆင်းတွင် စီးကြရပါသည်။

"မိဘက အဝေးကြီးကနေပြီး မင်းကို လူယဉ်ကျေးဖြစ်အောင် ကျောင်းမှာ အပ်ခဲ့တယ်။ မင်းကိုယ်တိုင်လည်း နေ့တိုင်းအပင်ပန်းခံပြီး မီးရထားနဲ့ ကျောင်းတက်ရတယ်။

ပညာသင်ရမယ့် အဖိုးတန်တဲ့အချိန်တွေမှာ မင်းက ငါ့ဆီက ပညာကိုမယူဘဲ ငါ့ကို ကြက်ဖနဲ့ နှိုင်းပြီး စော်ကားတဲ့ တပည့်ပါလား။ ရိုင်းလိုက်လေကွာ....ငါက အင်္ဂလိပ် ကြက်ဖ မဟုတ်ဘူးကွ။ ငါ့ခါးမှာ ဝတ်ထားတဲ့ အဝတ်တွေဟာ ငါ့တိုင်းပြည်ထဲက ဖြစ်တဲ့ ပင်နီဘောင်းဘီ အင်္ကျီကွ။ ငါ့ဆေးတံကလည်း မြန်မာဖြစ်ကွ။ စီးကရက် မဟုတ်ဘူးကွ။ ငါလည်း ဗမာပြည်ဖွားတိုင်းရင်းသားစစ်စစ်ကွ။ "ငါ့လို ပင်နီကြမ်းကို နေ့တိုင်း မင်းတို့ဝတ်နိုင်ရဲ့လား" ဆရာကလည်း ပြောရင်း အသံတုန်လာသည်။ ကျွန်မ တို့ စိတ်ထင် အဲဒီတပည့်ကို သေအောင် တီးတော့မည် ထင်နေတာ။ တစ်ချက်မှ မရိုက်၊ ဆရာ့ကို စော်ကားမိသည့် တပည့်လည်း ဝမ်းနည်းစိတ်မကောင်းဖြစ်ကာ ထိုင်ကန်တော့ရင်း ရှိုက်၍ ငိုပါတော့သည်။ ဆရာတို့အဖြစ်ကို ကြည့်ပြီး တစ်တန်းလုံး စိတ်မကောင်း ဖြစ်ကြသည်။ ဆရာဦးချက်ဖားပြောသည့် စကားများမှာ ကျွန်မ နားထဲ ယခုတိုင် ကြားဆဲ ဖြစ်သည်။ ဆရာဦးချက်ဖားသည် ရုပ်ရည်မလှမပနှင့် ဝတ်စား ဆင်ယင်ပုံ ခွကျကျ ဖြစ်သော်လည်း ဆရာ့ရင်ထဲတွင် အမျိုးကိုချစ်သည့် စိတ်ဓာတ် ပြည့်ဝလွန်းလှပါသည်။ တစ်တန်းလုံးကလည်း ဆရာ့ကို အဲဒီနေ့စပြီး ချစ်ခင်လေးစား သွားကြသည်။

"ကျောင်းဆရာသက် ၁၀ နှစ် ရှိပါပြီကွာ။ ဘယ်တပည့်က ဘယ်အချိုးဆိုတာ ပုဆိုးဝတ်တာ ကြည့်တာနဲ့ သိပါတယ်ကွ။ ခေါင်းကိုယို့ရမှာ ဝန်မလေးတဲ့တပည့်။ ခေါင်းကိုယို့ရမှာ ဝန်လေးတဲ့ တပည့်။ မျက်နှာကြည့်လိုက်တာနဲ့ သိပါတယ်ကွာ။ ဒါပေတဲ့ ဆင်ရိုင်းကိုတောင် ယဉ်အောင်သင်လို့ ရတာပဲ။ လူရိုင်းကိုရော ယဉ်အောင် ဘာလို့ မလုပ်နိုင်ရမှာလဲလို့ ငါ ယုံကြည်ချက်ထားတယ်။ ခုလည်း မင်းနဲ့ငါ လယ်ပြင် မှာ ဆင်သွားသလို ထင်ရှားလာမှာပေါ့။ မင်းကပဲ ရိုင်းနိုင်မလား၊ ငါကပဲ ယဉ်နိုင် မလား။ အချိန်တွေ ရှိပါသေးတယ်ကွာ"

တပည့်လည်း သူဟာသူ ရှက် နောင်တရပြီး ငို၍ကို မပြီးတော့ပါ။ ထိုနှစ်က ကျွန်မတို့ ကျောင်းမှပေါင်းတည်မြို့ မြတ်စွယ်တော်ပွဲတွင် "ကိန္နရီယိမ်း" နှင့် စွယ်တော် လှည့်ပွဲတွင် ပါဝင်ကပြရသည်။ ကျွန်မသည်တုန်းက အသက် ၁၃ နှစ်ပါ။ ယိမ်းအဖွဲ့ တွင် လေးတန်း၊ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းမှ ကျောင်းသူအရွယ်တူ ၁၆ ဦး ပါဝင်ပါသည်။ ဆရာကြီးဦးတန်ဘိုးသိန်း၏အိမ်တွင် စွယ်တော်ပွဲမတိုင်မီ နှစ်လ လောက်ကတည်းက သီချင်းတိုက်၊ သီချင်းရတော့ ယိမ်းအက သင်ရပါသည်။ သီချင်း ရေးဆရာအကသင်မှာ ရွှေပြည်ညွန့် ဖြစ်သည်။ အသားညိုညို အရပ်ပုပုနှင့် ကျွန်မ

တို့ကို ကိန္နရီ ကကြိုးစုံစွာ သင်ပေး၏။ ကိန္နရီကမှာ အတောင်တွေ အတက်တွေ ဦးသျှောင် ဦးဆောင်းတွေနှင့်မို့ ရှိုးရိုးမင်းသမီး ကသလိုမလွယ်ပါ။ အတောင် တဖျပ်ဖျပ်နှင့် ပတ်ချာဝိုင်း၍ ဝိုင်း၍ ကရသည်မှာကြာတော့ မူးတောင်မူးပါ၏။ ကိန္နရီသီချင်းမှာ အပုဒ်ကြီး သုံးပုဒ်ဖြစ်ရာ သီချင်းချည်း တစ်လ ကျက်ရပါသည်။ ကျွန်မ အခု မှတ်မိသည့် တစ်ပုဒ်မှာ–

ဂျီ အေ ဗွီ ဟိုက်စကူးကျောင်းတော်...

ဆရာကြီးဦးဘိုးသိန်းကနော်...

ဆရာများနှင့် ကူညီသနော်...

နတ်ကိန္နရီယမ်းတော်အဖွဲ့နဲ့ ကျောင်းသူများက

သာသနာ အကျိုးကိုမျှော် ဘာသာအကျိုးမို့နော်...

ရည်ရွယ်ကာ တောင်းဆုပြုကြသနော်...

လူနတ်သာဓု ပဌ္ဌနာပြုစေသနော်...ရွှေပြည်ညွန့်က ကဗျာတေးနဲ့ စာရေးနှိုးဆော်သနော်...

ဟူ၍ဖြစ်သည်။ ဆရာရွှေပြည်ညွန့်မှာ ခေတ္တရာ ပြည်မြို့မှ ဖြစ်၏။ ကျောင်းမှ ဆရာဦးသိန်းမောင်၊ ဆရာဦးစိန်ထွန်းနှင့် ကျွန်မတို့၏အချစ်ဆုံး ဆရာဦးချက်ဖားကလည်း နေ့မအား ညမအား စိတ်ပါဝင်စားစွာဖြင့် ယိမ်းအဖွဲ့ ပြည့်စုံလှပပြီးမြောက်အောင် ကုန်တင်လေးတန် မော်တော်ကားကြီးပေါ်တွင် ဇာတ်စင်အလှဆင်ထားသည်မှာ တောတောင်နှင့် ရေတံခွန်တွေနှင့် ကိန္နရီချောအလှတွေ၏ မိဘများကလည်း သမီးတွေ စိန်ရွှေလက်ဝတ်ရတနာများ အပြည့်ဆင်ပေးကြသည်။ ကျောင်းသား ကျောင်းသူဆရာ ဆရာမများအားလုံးလည်းပျော်ကြ၊ ကျွန်မတို့လည်း မျက်နှာပန်းလှလှနှင့် တစ်မြို့လုံးလည်ကပြရသည်မှာ ထမင်းတောင်စားရမှန်းမသိ။ ပျော်ပါဘိ။ ကျောင်းချိန်များတွင် မျက်နှာတည်လွန်း တင်းလွန်းလှသည့် ဆရာကြီး ဦးဘိုးသိန်းသည် သူ့သမီးတွေကို ကြည့်ပြီး ပီတိတွေအပြည့်နှင့် ကျွန်မတို့ တစ်ဦးချင်းကို လက်ဆွဲနှုတ်ဆက်သည်။ ချီးကျူးသည်။

များမကြာမီပင် ကျောင်းသားကြီးသပိတ် ပေါ်ပေါက်လာကာ ကျွန်မတို့ အင်္ဂလိပ်ကျောင်းတစ်ကျောင်းလုံး သပိတ်မှောက်ကြလေသည်။ သပိတ်မှောက်တယ်ဆိုတာ ဘာမှန်းလည်းမသိ။ ကျောင်းသားကြီးတွေနောက် ကျွန်မတို့လည်း ကောက်ကောက်ပါရင်း ဘုန်းကြီးကျောင်းအတွင်း ရောက်သွားတော့သည်။ အိမ်မပြန်ရ။ အဲသည်မှာပဲ

စားရ အိပ်ရသည်။ ဘုန်းဘုန်းတွေကလည်း ကျောင်းရှိသမျှ အကုန်ကျွေးမွေးသည်။ အလှူရှင်တွေလည်း လာကျွေးကြ၏။ ဘဲဥချဉ်ရည်ဟင်းနှင့် စားကောင်းလိုက်တာ မပြောပါနဲ့တော့ အဲဒီတုန်းက ဆိုရသည့်သီချင်းကလေး မှတ်မိသမျှ–

ပုဒ်မထီးများကို ထုတ်ဖော်
ဘမော် ဘဦးတို့က ရှုပ်သနော်
တိုင်းသူပြည်သားတွေရဲ့ အပေါ်...
(ညီညွတ်ရေးနဲ့ အစိုးရအပေါ် တို့ကြွေးကြော်)၂
(ထောင်ကျတဲ့ ဥက္ကဋ္ဌမဟော်)၂
ကန့်ကွက်တယ် လွှတ်လိုက်ဖို့ တို့ရဲဘော်...

ဟု ဖြစ်သည်။ ထောင်ကျတာလည်း ဘယ်သူမှန်းမသိပါ။ အော်လိုက်ရတာလည်း အသံတွေဝင်၊ လက်သီးလက်မောင်းတန်းရတာလည်း ညောင်းရော အိမ်က မိဘတွေ လာခေါ်သော်လည်း ပြန်မလိုက်ရ၊ ဆရာတွေ မိဘတွေ လာခေါ်သော်လည်း မလိုက်။ သပိတ်ပြီးသည်ထိ ဘုန်းကြီးကျောင်းကြီးထဲမှာ နေရ၏။ ကျောင်းသားသပိတ်တွင် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်သည် ကျောင်းသားများအတွက် သူ့ အသက်ကို စတေးသွားလေသည်။ အဲသည်နောက် ကျောင်းတွေ ပြန်ဖွင့် စာမေးပွဲတွေ စစ်နှင့် စာသင်လို့မှ မပြီးဆုံးကြသေး။ စစ်မီးပွားများက မြန်မာပြည်ဘက် လွင့်လာကြပါပြီ။

ဆရာကြီး ဦးတန်ဘိုးသိန်း၊ ဆရာဦးချက်ဖား၊ ဆရာဦးမြတ်မောင်၊ ဆရာ မစ္စတာ ဇဖားရှားတို့အား ဒုတိယကမ္ဘာစစ်အတွင်းကတည်းက မတွေ့ကြရသည်မှာ စစ်ပြီးတော့လည်း ပြန်လည်မတွေ့ရတော့သော ဆရာသခင် ကျေးဇူးရှင်များပါတကား။

❐

## ကျွန်မ၏ မိဘလေးပါး

အချို့မှာ အမိမဲ့သည်။

အချို့က အဖမဲ့သည်။

အချို့ မိဘနှစ်ပါးစလုံး မရှိရှာကြ။

ကျွန်မမှာတော့ မိဘအစစ် ဦးထွန်းမြ–ဒေါ်မြခင်အပြင် မိဘအတု ဦးလေးသန့်၊ ဒေါ်ဒေါ်လေးတို့ကိုပါ အပိုဆုပေါက်ခဲ့ပါသည်။ သည်နှစ် ဒီဇင်ဘာကျောင်းကြီး ပိတ်လျှင် မမနှင့် ကျွန်မကို ဒေါ်ဒေါ်လေးက မန္တလေးဘုရားဖူးခေါ်သွားရန် စီစဉ်နေကြပါပြီ။ မေမေ့ကိုပါ ဒေါ်ဒေါ်လေးက ခေါ်သော်လည်း မေမေက ကလေးတွေသာ ရောက်ဖူးအောင် ခေါ်သွားပါ။ ခရီးစရိတ်ပေးပါမယ်ဟု ပြောသံ ကြားရသည်။

ဒေါ်ဒေါ်လေးပြန်သွားတော့ မေမေက ကျွန်မတို့ ညီအစ်မ မန္တလေးသွားဖို့ ခရီးဆောင် သားရေသေတ္တာနှင့် လုံချည်အင်္ကျီများ အသစ်တွေ ဝယ်ပြီး ချုပ်အပ်နေပါသည်။ သည်တုန်းက "မယ်ညို ပဒုမ္မာ" ဆိုတာ အကောင်းစား မိန်းမဝတ် ပဒုမ္မာဖြစ်သည်။ တစ်အုပ်ဝယ်လျှင် မမက ခြောက်ထည် ကျွန်မက ခြောက်ထည် ၁၂ ထည် ရလေသည်။ လုံချည်ဆိုလျှင် ညီအစ်မ ဆင်တူဝယ်ပေးလေ့ရှိရာ ယခုလည်း ရွှေတောင်ပိုးလုံချည်များနှင့် "အိုပတ်ကား" လုံချည်များအိမ်မှာ ချုပ်နေကြပါပြီ။ အင်္ကျီတွေကတော့ စက်ဆိုင်မှာ အပ်ရသည်။ စက်ဆရာ ကိုစံပွဲမှာ ကျွန်မတို့၏ ဖောက်သည်ဖြစ်ရာ ခရီးသွားစရာရှိ၍ အမြန်ချုပ်ပေးရန် ပြော၍အပ်ရာ အမြန်ပဲ ပြီးပါသည်။

အင်္ကျီလေးတွေ ဝတ်ကြည့်ပြီးပွ၍ စက်နှင့် ပြန်လုံး။ အဲသည်တုန်းက အင်္ကျီကျပ်ကျပ်ဝတ်ကြသည်။ လက်ဆိုလျှင် သေနတ်လက်တဲ့ တံတောင်ဆစ်တောင် ကွေးလို့မရ။ အငြိမ့်မင်းသမီး အင်္ကျီလက်လိုပေါ့။ ခေတ်တစ်ခေတ် ပြောင်းမည့် အချိန်တိုင်း

လူတွေ၏ အခေါ်အဝေါ် စကားလုံး အသုံးအနှုန်းများက နိမိတ်ဖတ်ပေါ်လာတတ်၏။ ကြည့်ပါ။ သေနတ်လက်တဲ့။ လေယာဉ်ပျံဖိနပ်တဲ့။ ခါတိုင်းဆို ညလသာသာ ယောကျ်ားလေးတွေက ကစားသည်မှာ အပြေးပြိုင်တမ်း၊ အရူးလိုက်တမ်း၊ ပုတ်တလုတ်ရိုက်တမ်း၊ တူတူပုန်းတမ်းပဲ ကစားကြ၏။ အခု စစ်တိုက်တမ်းကစား လာကြသည်။ သေနတ်နှင့်ပစ်ကြ အမြောက်နှင့်ပစ်ကြ။ သေသူသေ စစ်ရှုံးသူရှုံး အဲသည်လို ကစားလာကြသည်။ လူကြီးတွေက လုံးဝမကြိုက်ကြပေမယ့် ကစားကြတာပဲ ဖြစ်သည်။ ကဲ... အဲဒါထား။ ကျွန်မတို့ အင်္ကျီတွေ၊ လုံချည်တွေ၊ ဘီးတွေ၊ ပန်းတွေ၊ ရေမွှေး ပေါင်ဒါ၊ သနပ်ခါး ခရီးသွားလျှင် ဆောင်ရန်ပစ္စည်းများ စုဆောင်း ပြည့်စုံသော တစ်နေ့မှာပင်–

"မန္တလေးမှာ အင်္ကျီပါးဝတ်တဲ့သူတွေကို ဘုန်းကြီးတွေက ကြိမ်လုံးနဲ့ ရိုက်လို့တဲ့ အင်္ကျီပါးဝတ်တဲ့သူတွေ အကုန်ဆုံးမ မတဲ့"

ဆိုသော သတင်းရောက်လာရာ ကျွန်မတို့ တစ်မြို့လုံးရှိ မိန်းမတွေ အပြင်တောင် မထွက်ဝံ့ကြ။ အင်္ကျီထူတွေ ကပျာကယာ ချုပ်ဝတ်ကြရသည်။ ကျွန်မတို့မှာလည်း မန္တလေးဘုရားဖူးသွားလျှင် ရှိုးအပြည့်နှင့် စပါယ်ရှယ်ချုပ်ထားသည့် မယ်ညို၊ ပဒုမ္မာ အင်္ကျီတွေကို သားရေသေတ္တာထဲက ပြန်ထုတ်ပြီး အင်္ကျီပါးတွေမှန်သမျှ ဝှက်ရတော့လေသည်။ ဒေါ်ဒေါ်လေးလည်း အမြန်ရောက်လာကာ အင်္ကျီအပါးတွေ လုံးဝမယူခဲ့။ "အတာ" ကျောင်းပိတ်၍ ပြန်လာသည့်ရက်မှာ သွားမည်ဟု လာပြောပါသည်။ အတာဆိုသူမှာ ကိုခင်ဦး ကောလိပ်ကျောင်းသား ဦးလေးသန့်၏တူ ဖြစ်သည်။ ဦးလေးသန့်၏ မိဘနှစ်ပါးဖေဖေကြီး မေမေကြီး မိသားစုအားလုံးနှင့် ဖေဖေ မေမေ ကျွန်မတို့ မိသားစုမှာ နှစ်အိမ့်တစ်အိမ် အလွန်ခင်မင်သံယောဇဉ် ရှိကြသည်။ ဖေဖေကြီး မေမေကြီးတို့က မေမေ့ကိုရော ကျွန်မတို့ကလေးတွေကိုရော ချစ်၏။ အခု အတာခေါ် ကိုခင်ဦးနှင့် ကျွန်မတို့သည်လည်း မောင်နှမရင်းသို့ပင် ချစ်ပါသည်။ ဒေါ်ဒေါ်လေးလည်း အင်္ကျီအသစ်တွေထပ်ချုပ် ကျွန်မတို့ပါ ကိုစံပွဲထံ ပိုးအစအထူများနှင့် ပင်နီအင်္ကျီ ယောထဘီတွေ ထပ်ချုပ်ရပြန်သည်။ ကံကလည်း တော်တော်ကောင်း၏။ ကိုယ်သွားမည့်မြို့မှာမှ ဘုန်းကြီးတွေက ကြိမ်လုံးတွေနှင့် ဆီးကြိုမှာ၊ မမကဖြင့် ကြောက်လို့ မလိုက်တော့ဘူးတောင် ပြော၏။ ဒေါ်ဒေါ်လေး ရွှေတောင်ကို ပြန်သွားပြီး ပေါင်းတည်ကို ပြန်လာပါပြီ။ "မရွှေ"ဆိုသည့် ပုလိပ်မိန်းမ အဖော်တစ်ယောက် ပါလာ၏။ အိမ်က မစောတင်ကလည်း လိုက်ချင်ပေမယ့် ဒေါ်ဒေါ်လေးက အိမ်မှာ ညည်းမရှိလို့ ဖြစ်မလားဆိုသဖြင့် နေခဲ့ရသည်။

ကျွန်မ၊ မမနှင့် ဒေါ်ဒေါ်လေး၊ မရွှေ လေးယောက် သေတ္တာတွေ၊ ခြင်းတွေနှင့် မြောက်အိမ်သို့ သွားအိပ်ကြရပါသည်။ မြောက်အိမ်မှာ မြောက်ပိုင်းတွင်ရှိ၍ ကျွန်မ တို့အိမ်က တောင်ပိုင်းတွင်ဖြစ်၍ တောင်အိမ်ဟုခေါ်သည်။ ယနေ့ နံနက်လင်းအားကြီး လေးနာရီမှာ ရန်ကုန်မြို့မှ ထွက်လာမည့် ရန်ကုန်– ပြည်သွား အဆန်လူစီးမီးရထားကြီး သည် ပေါင်းတည်မြို့သို့ ဆိုက်ပါမည်။ ထိုရထားကြီးပေါ်တွင် ကောလိပ်ကျောင်းသား ကိုကိုဦး ပါလာပါမည်။ ပေါင်းတည်ဘူတာမှ ချမ်းချမ်းစီးစီး စိန်ကတ္တီပါခြုံစောင်တွေ ရင်ဖုံးအင်္ကျီတွေနှင့် စောင့်နေသူများမှာ မေမေကြီး၊ မမကျင်၊ မမသန်း၊ ဒေါ်ဒေါ်လေး၊ မမ၊ ကျွန်မနှင့် မရွှေတို့ ဖြစ်၏။ ရထားကြီးက မီးရောင်ကြီး တဝင်းဝင်း ရှူးရှဲရှူးရှဲ ဒေါနှင့်မောနှင့် ဝင်လာတော့ တစ်ခါမှ မီးရထားမစီးဘူးသဖြင့် ရင်တွေတုန်နေပါတော့ ၏။ မမလက်ကို ကျစ်ကျစ်ဆုပ်ထား မမကလည်း ကျွန်မ လက်ကို ဆုပ်ထား မေမေ ကြီးတို့ကလည်း နောက်ဆုတ် နောက်ဆုတ်နှင့် ကျွန်မတို့ ညီအစ်မကို အော်နေကြ သည်။ ဘူတာရှေ့တွင် ရပ်ပါပြီ။ ရထားတွဲအတွင်းမှ ခေါင်းရောကိုယ်ပါ အပြင်ထုတ်ပြီး လက်မြှောက်ပြလာသော ကိုကိုဦးကို တွေ့လိုက်ကြရသည်။ မှောင်ခိုလက်မှတ်တွေ ဘာတွေမရှိ။ ချောင်ချောင်ချိချိနေရပါ၏။ ရထားမထွက်မီ ရုံပိုင်ကြီးကပါလာပြီး နေရာအဆင်ပြေပြီလား။ လာကြည့်သွားပြီး ရထားထွက်လေသည်။ ဆွေတွေမျိုးတွေနှင့် ခွဲခွာပြီးနေရသည့် ကိုကိုဦး မျက်နှာမှာလည်း ရွှင်လန်းနေသည်။ ကိုကိုဦး ခေါင်းက ဘိုကေကလည်း သပ်သပ်ရပ်ရပ် "ယူနီဗာစီတီကောလိပ်" ဆိုသည့် ကောလိပ်ကျောင်း တံဆိပ်ပါသည့် ဘလေဇာကုတ်နှင့် ပိုးပုဆိုးနှင့် ရှူးဖိနပ်နှင့်ပါ။ ပြောလိုက်သည့် စကားတွေ ရထားသံနှင့် သူ့ အသံရောပြီး ဆူညံနေသည်။ ချမ်းလွန်း၍ မမဘေးတွင် ပခုံးကလေး ကပ်ထိုင်နေသည့် ကျွန်မဆီရောက်လာပြီး ငါ့ညီမလေး ထွားလာလိုက် တာဆိုကာ လက်ကို ဖျစ်ညှစ်ထားသည်။

ရထားကြီးက ပြည်မြို့သို့ မိုးစင်စင်လင်းလျှင် ဆိုက်ရောက်ပါမည်။ ကျွန်မတို့သည် ပြည်ဘူတာကြီးမှနေ၍ တောင်တွင်းကြီးကားကိုစီး လယ်ဝေးမြို့သို့ သွားကြပါမည်။

လယ်ဝေးမြို့၏ ရုံပိုင်ကြီး ဦးခန့်၊ ဒေါ်မေကြည်တို့သည် ကိုကိုဦး၏မိဘနှစ်ပါး ဖြစ်သည်။ တစ်နေကုန်ခရီးပြီးဆုံးတော့ "လယ်ဝေး"သို့ ရောက်ကြပါသည်။ လယ်ဝေး ဘူတာ အတွင်းနောက်ဘက်ရှိ ရုံပိုင်ကြီးအိမ်တွင် ကုလားသိုက် ကျားဝင်ကိုက်သလို ဆူညံသွားပြန်ပါတော့၏။ ကျွန်မတို့ မြန်မာလူမျိုးများသည် ဆွေမျိုးကိုလည်း အလွန် ချစ်၏။ သွေးမတော်ပေမယ့် မိမိလူမျိုးကိုလည်း ချစ်၏။ ကြင်နာစောင့်ရှောက်မှု

အပြည့်အဝနှင့် လွတ်လပ်ပျော်ရွှင်စွာနေတတ်၏။ ရုံပိုင်ကြီး အိမ်က သိပ်အကျယ်ကြီး တော့ မဟုတ်။ အိမ်ခန်းကျယ်တစ်ခန်း၊ ထမင်းစားခန်းကျယ်နှင့် ဧည့်ခန်းမှာ ဝရန်တာ ဖြစ် သည်။ ချက်ပြုတ် မီးဖိုရေချိုးခန်းက အနိမ့်နောက်ဘက်မှာရှိပြီး အိမ်တစ်အိမ်လုံး ကို သွပ်ပြားတွေဒေါင်လိုက်အလုံအခြုံကာရံထားသည်။ "ကိုကိုခန့်နှင့် မမကြည်" တို့တွင် ကိုကိုဦးနှင့် ရီရီ ခေါ်ခင်စန်းရီ၊ သားနှင့်သမီးနှစ်ယောက် ရှိသည်။ ရီရီမှာ ကျွန်မနှင့် တစ်နှစ်ကြီး တစ်နှစ်ငယ်မို့ အရွယ်တူဖြစ်ရာ ကိုကိုခန့်ကလည်း ချစ်ပါသည်။ ပျော်ပျော်နေတတ်၏။ ရယ်စရာလည်း အလွန်ပြောပြီး အစလည်းသန်၏။ လယ်ဝေး တွင် ကျွန်မတို့ကြာကြာမနေပါ။ ကျားကြောက်၍ ဖြစ်၏။ လယ်ဝေးဘူတာက မြို့အစွန် ဖြစ်သည်။ လူနေအိမ်ခြေကလည်း အလွန်ကျဲသည်။ ဘူတာရုံက တောစပ်နှင့် နီးသည်။ တစ်ခါတစ်ရံ ကျားလာတတ်၍ သွပ်တွေကာထားရကြောင်း၊ ကျားလာလျှင် သံပုံးများ တီး မီးတုတ်များနှင့် ခြောက်လန့်မောင်းရကြောင်း ပြောပြရာ ကျွန်မတို့ အိပ်တောင် မအိပ်ဝံ့ပါ။ ကိုကိုခန့်က ကျွန်မတို့အဖွဲ့ မျက်စိမျက်နှာပျက်အောင် ကြောက်ရွံ့နေမှန်းသိလျက်နှင့် အားမပေးသည့်ပြင် ဒီရက်ကတော့ သူလာရက်ပဲကွ ဆိုကာ ရိုင်ဖယ်သေနတ်ကို ပြင်ဆင်နေတတ်ရာ မမကြည်က ဒေါ်ဒေါ်လေးကို အလကား မမစိန်တို့ကို စနေတာဟု ပြောမှ စိတ်သက်သာရသည်။ ဒါပေမဲ့ မမကြည်က ဆက်၍ ကျားကြီး မလာတာ ကြာပါပြီ။ တစ်ခါတလေ လမ်းမှားပြီး ရောက်လာတယ်နဲ့ တူပါရဲ့ဟု ပြောရာ လမ်းမှားဝင်လာမှာကို ကြောက်နေရပြန်သည်။ လယ်ဝေးမှ "မမကြည်နှင့်ရီ" တို့ပါ လိုက်လာကြပြီး မိတ္ထီလာမြို့ကို ရထားနှင့် ကူးခဲ့ကြသည်။ ကိုကိုခန့်က ခွင့်မရ၍ မလိုက်နိုင်။ အားလုံး စီစဉ်ပေးလိုက်၏။

မိတ္ထီလာမြို့ကို ရထားဝင်တော့ ည ရှစ်နာရီလောက်ဖြစ်သည်။ မိတ္ထီလာကန်ကြီး ကို ဖြတ်ပြီးမှ မြို့တွင်းရောက်သည်။ မိတ္ထီလာကန်ကြီးကလည်း မျှော်မဆုံးအောင် ကျယ်ပြောကြီးမားလှပေရာ ကန်မှန်းမသိ မြစ်တစ်ခုခုပဲဟု ထင်မိသည်။ အိမ်ရောက် တော့မှ ညစာစားကြရင်း အဲဒီမြစ်ကြီးက ဘာမြစ်ကြီးလဲဟု မေးတော့မှ "မိတ္ထီလာ ကန်" ကြီးမှန်း သိရသည်။ မိတ္ထီလာတွင် ဦးလေးသန့်၏ နှမအလတ် မမသောင်း ရှိပါသည်။ မမသောင်း၏ခင်ပွန်းမှာ သမဝါယမဝန်ထောက် ဦးမြို့မောင် ဖြစ်သည်။ ရွှေမန်းသားလည်း ဖြစ်သည်။ မမသောင်းက ဖြူဖြူဝဝတုတ်တုတ် ကစ်ကစ်ကလေး။ ကိုကိုမြို့က အသားညိုညို ပိန်ပိန်ခြောက်ခြောက် အရပ်ရှည်ရှည်ကလေး။ ဇနီးမောင်နှံ အလွန်ချစ်ကြသည်။ ယခု ကျွန်မတို့ ရောက်ရှိနေသည့်အိမ်မှာ မိတ္ထီလာမြို့ မိတ္ထီလာ

ကန်တော်ကြီးကို မေးတင်ဆောက်ထားသည့် ခြေတံရှည် ကျွန်းအိမ်ကြီးပါ။ အခန်းပေါင်း ရှစ်ခန်းလောက်ပါပြီး အိမ်ရှေ့လှေကားတစ်ခု နောက်ဖေး လှေကားတစ်ခု။ လှေကားက အမြင့်ကြီးပဲ တက်ရ၏။ အိမ်ရှေ့ ဧည့်ခန်းမှထွက်လျှင် လေးထောင့်စပ်စပ် ဝရန်တာကျယ်ကြီး ဖြစ်သည်။ လေညင်းခံရန် ဆောက်လုပ်ထား၍ ပက်လက်ကုလားထိုင်များနှင့် ကွပ်ပျစ်ကြီးပေါ်တွင် ထိုင်ချင်တိုင် လှဲချင်လှဲ မှီအုံးတွေပါ ချပေးထားသည်။ အစိုးရအရာရှိများနေသည်သွားနှင့် တူပါသည်။ မိတ္ထီလာကန်တော်ကြီး၏ သာယာပုံအလှကို တဝကြီး မြင်နိုင်ပါသည်။ လှိုင်းကြက်ခွပ်ကလေးများက မြက်ခင်းပြင်ကမ်းစပ်ကို ညင်ညင်သာသာကလေး သူ့ထက်ငါ ပြေးလာကြပုံကလေးမှာ ချစ်စရာ ကောင်းလွန်းလှပါဘိ။ အိမ်ကြီး အပေါ်ထပ် ဝရန်တာကြီးမှာ ပက်လက်ကုလားထိုင်စတိုင်တစ်ခွဲသားနှင့် ကြည့်ရသည်ထက် အိမ်ကြီး၏ အောက်ထပ် မိတ္ထီလာကန်စပ်မှာ လှိုင်းကြက်ခွပ်ကလေးတွေကို မြက်ခင်းပြင်မှာ မထတမ်း ထိုင်ကြည့်နေရသည်က ဖိမ်ရှိလှပါဘိ၏။ အဲဒီမြက်ခင်းကလေးမှာထိုင် ကမ်းစပ်ကို ပြေးပြေးလာကြသည့် လှိုင်းကြက်ခွပ်ကလေးတွေကို ကျွန်မ လက်ဝါးကလေးနှင့် လှမ်းလှမ်းဖမ်းနေချင်ပေမယ့်၊ မမသောင်းတို့ မွေးထားသည့် "အယ်လ်ဖေးရှင်း" အင်းခွေး (အင်းခွေးဆိုသည်မှာ ဗမာခွေးမဟုတ် အင်္ဂလိပ်ခွေး) ကြီးက ကျွန်မရှိရာ လိုက်လိုက်လာပြီး သွားကြီးဖြဲလျှာကြီးတန်းလန်းနှင့် ဟိန်းလိုက် ကျွန်မခြေထောက်ကိုနမ်း လက်ကိုနမ်း မျက်နှာကိုကြည့်လိုက်ဟောင်လိုက်လုပ်ရာ ကျွန်မ အသက်မရှူရဲအောင် ခွေးကြီးကို ကြောက်၍အောက်တစ်ယောက်တည်း မဆင်းဝံ့။ မမသောင်းက သူက လူစကားနားလည်သည်ပြောထားသည် မကိုက်ပါ။ အနံ့ကိုမှတ်တာ။ မကြောက်နဲ့ဟုပြောပေမယ့် သေလုအောင်ပဲ ကြောက်၏။ မိတ္ထီလာမှာ ဘုရားတွေဖူး ဈေးကနေ့တိုင်းမရှိ။ ငါးရက်တစ်ဈေးမို့ ဈေးတောင် မရောက်ခဲ့ပါ။ မန္တလေးသို့ ရောက်ခဲ့ပါတော့၏။ မန္တလေးအိမ်မှ "ဒေါ်ဒေါ်လှ" သည် ဦးလေးသန့်၏ အစ်မအကြီးဆုံး နာမည်လှသလို ရုပ်ကလည်းချောမောလှပ ကျက်သရေရှိသည်။ မင်းကတော်ဖြစ်မည့် နဖူးရေရှိသည့်အတိုင်း ခင်ပွန်းက (K.S.M. A.TM) ဟုခေါ်သည့် ရာဇဝတ်ဝန်မင်း ဖြစ်၏။ အိမ်ကြီးက နယူးစီဗီလိုင်းခေါ် အရာရှိကြီးများနေသော သီးသန့်အဆောက်အအုံများတွင် ဖြစ်သည်။ ဆင်ဝင်နှစ်ထပ်တိုက်ခံအိမ်၊ အိမ်ဝင်း တံခါး ဝင်ပေါက် ထွက်ပေါက်နှစ်ပေါက် ဘက်တမင်တန်ရိုက်ရန်နေရာ၊ အပန်းဖြေ နားနေရန် အိမ်ရှေ့မြက်ခင်းပြင်၊ ပန်းခြံ၊ မာလီ၊ ဒရိုင်ဘာ၊ ထမင်းချက် အစေခံတွေနှင့် အိမ်ကြီးမှာ ခမ်းနားလှသည်။

ဒေါ်ဒေါ်ခန့်က ခန့်ခန့်ကြီးလှသလောက် ဦးကြီးတင်က မလှပါ။ အသားမည်းမည်း ဝဖိုင့်ဖိုင့်ဖြစ်သည်။ သူ့ယူနီဖောင်းနှင့်တော့ လိုက်၏။ ခါးတွင် ခြောက်လုံးပြူးကြီးနှင့် မျက်နှာကလည်း ခပ်ထန်ထန်။ ကျွန်မကြောက်၏။ ဒါပေမဲ့ ဦးကြီးတင်နှင့် ဒေါ်ဒေါ်လှတို့က ဦးလေးသန့်နှင့်ဒေါ်ဒေါ်လေးတို့လိုပင် သားသမီး တစ်ယောက်မှမရှိ၍ ကိုကိုဦး၊ ရီ၊ ကျွန်မတို့ကို အလွန်ချစ်ပါသည်။

မန္တလေးအိမ်တွင် ဆွေတွေမျိုးတွေ ပေါင်းစုံရောက်လာကြသည်မှာ ဧည့်သည် ၂၀ ဖြစ်သည်။ အဲသည် လူ ၂၀ ကို ထမင်းစားပွဲရှည်ကြီးနှင့် နှစ်ဝိုင်းခွဲ၍ ကျွေးရသည်။ လူတွေက အပေါ်ထပ်မှာတစ်စု၊ အောက်ထပ်မှာတစ်စု၊ ခြံတွင်းမှာ ကလေးတွေက တစ်စုမို့ ထမင်းကျွေးချိန် ထမင်းစားခန်းမှ မောင်းတီးခေါ်သည်။ ကော်ဖီချိန်၊ နေ့လယ်ချိန် မောင်းသံနားစွင့်နေရ၏။

အိမ်မှာကားရှိသော်လည်း လူအုပ်ကများ၍ ဘုရားသွားကြလျှင် ရထားလုံး လေးစီးငှားရသည်။ ဒေါ်ဒေါ်လှက ဝလွန်း၍ အပြင်သိပ်မထွက်တော့ပါ။ ကျွန်မတို့ ရထားလုံးတွေ စီတန်းပြီးနှုတ်ဆက်ထွက်သွားကြလျှင် တိုက်ပေါက်ဝမှ ငေး၍ ကျန်ရစ်ခဲ့သည်။ စေတနာသဒ္ဓါတရားကောင်းသော အိမ်ရှင်များမို့ ထမင်းပွဲတွင် ဘာဟင်း နှိုက်စားရမှန်း မသိအောင် ဟင်းမျိုးစုံလှသည်။ မန္တလေးအစားအစာများဖြစ်သည့် မြီးရှည်၊ မုန့်တီ၊ ထိုးမုန့်၊ လမုန့်၊ နို့ခဲ၊ ပုရစ်ကြော်၊ တွင်းကောင်ပိုး (လက်ဖက်နှင့် သုပ်စားသည်) အညာကုက္ကိုရွက်သုပ် အဲဒါတွေဟာ ရွှေမန်းသူ ရွှေမန်းသားတွေ၏ အကြိုက်တွေပါ။ မြေလတ်သူ ကျွန်မတို့လည်း ကြိုက်သွားကြပါ၏။ မန္တလေးဈေးချိုတော်၊ မဟာမြတ်မုနိ၊ ရွှေကျီးမြင့်၊ အိမ်တော်ရာ၊ မန္တလေးတောင်က တစ်နေ့။ စစ်ကိုင်းတောင်၊ အင်းဝ တံတား၊ ကောင်းမှုတော်စေတီ၊ ဆင်များရှင်စေတီတို့က တစ်နေ့။ နံနက် ခုနစ်နာရီမှ ထွက်ကာ ည ခုနစ်နာရီမိုးချုပ်နေဝင် လထွက်မှ ပြန်ရောက်ကြသည်။

ကျွန်မနှင့် ရီကလည်း ကတ္တီပါအနွေးထည် သံပရာခွံဦးထုပ် (ကြမ်းပိုးဦးထုပ်) ဟုလည်းခေါ်သည်။ ကာလသားလူပျိုများဆောင်းသည်။ ကျွန်မတို့ကတော့ ချမ်း၍ နှာစေးမှာ နေပူမိမှာစိုး၍ အမြဲဆောင်းရသည်။

တစ်နေ့မှာ ကျွန်မတို့သည် ရတနာပုံ မန္တလေးမြို့တည် နန်းတည်ရွှေနန်းရှင် သီပေါဘုရင်နှင့် စုဖုရားလတ်တို့ စိုးစံတော်မူခဲ့သော "ရွှေနန်းတော်" ကြီးသို့ သွားရောက်ခဲ့ပါသည်။ အတူသွားကြသူများကတော့ ကိုကိုလေး (ဦးလှရွှေ–ပါမောက္ခ) အဲသည်တုန်းက ကောလိပ်ကျောင်းသား ဘီအေ ကိုလှရွှေ၊ သူ၏ သူငယ်ချင်း ကလော

မှ ကိုလှ– ကိုကိုလှ (နောင်တရားရေးဝန်ထောက်)၊ ကိုလှရွှေနှင့် အတန်းတူ ကိုကိုဦး အဲသည်တုန်းက (ကိုခင်ဦး အိုင်အေ စီနီယာ) ကျောင်းသား ယခု (ဗိုလ်မှူးခင်ဦး၊ ငြိမ်း) တို့ အဒေါ်တွေ၊ အစ်မတွေနှင့်ဖြစ်သည်။

ကိုကိုလေး၊ ကိုကိုလှ၊ ကိုကိုဦးတို့က ရှေးဘုရင်တွေအကြောင်း ပြောနေလျှင် ကျွန်မက သူတို့အနီးသွားပြီး စိတ်ဝင်စားစွာ နားထောင်မိသည်။ နန်းတော်ကြီး ဝင်စမှာ ကျုံးရှိသည်။ တံခါးကြီးတွေမှာ ပြုတ်ကျပျက်စီးနေပြီး နန်းတော်ကြီးရောက်အောင် အတော်လျှောက်ရသည်။

ရောက်ပါပြီ။ အမြောက်နှစ်လက်နှင့် အုတ်လှေကားမှ စဝင်ရသည်။ မည်သူမဆို ဝင်ကြည့်နိုင်သည်။ အစောင့်အရှောက် ပြုပြင်မည့်သူမရှိ။ ဝင်ကြေးမရှိ။ မိမိအမျိုးကိုချစ်သူပါတော်မူခဲ့ရ၍ ကျွန်ဘဝရောက်နေရခြင်းကို ခံပြင်းလွန်းလှသူ တို့ဘုရင်များရှိလျှင် ဘယ်လောက် ကောင်းလိုက်မည်နည်း။ အင်္ဂလိပ်လက်အောက် မျက်နှာငယ်ဘဝ မနေလိုကြ၊ မျိုးချစ်စိတ်ရှိသူများတို့သည် ဤနန်းတော်ကြီးကို အလွမ်းပြေလာရောက် ကြည့်ရှုကြသည်။ ကိုကိုတွေသုံးယောက်စလုံး ကောလိပ် ကျောင်းသားရင့်မကြီးတွေဖြစ်ကြရာ သူတို့ဘဝ သက်မွေးကျောင်းပညာရဖို့အတွက် တက်စရာ သင်စရာကျောင်းက ကောလိပ်ကျောင်းပဲ ရှိသည်။ ဤပညာကို သင်နေရသော်လည်း မနှစ်သက်သော အစာကို ကြိတ်မှိတ်မျိုချနေရသကဲ့သို့ ရင်တွင်းမိုက်တွင်းမှာ အစာမကျေကြပေ။ အခု ရွှေနန်းတော်ကြီး ထင်းပုံဘဝရောက်နေရသည့် မြင်ကွင်းကို ကြေကွဲစွာ ကြည့်ကြသည်။ ကျွန်မတို့၏မန္တလေး ရှုကြည့်စရာ အစီအစဉ်များတွင် နန်းတော်ကြီးသို့ရောက်သောနေ့ အစီအစဉ်သည် နောက်ဆုံးနေ့ပဲ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုကိုလေးက သူ့သူငယ်ချင်း ကလောမှ ကိုကိုလှနှင့်အတူ မနေ့ကမှ မန္တလေးရောက်လာ၍ ဖြစ်၏။ ကျိုးပေါက်ပျက်စီးနေသော ကျုံးမြို့ရိုးနီနီကြီးကို ဖြတ်ခဲ့ပြီး အတော်ဝေးမှ နန်းတော်ကြီးကို တွေ့ရသည်။ နန်းတော်ဆို၍သာ ကြည့်လိုက်သည်။ စုလစ်မွမ်းချွန် ပြာသာဒ်ဘုံဆင့်များ ကျိုးပဲ့ပြီး ဇရပ်ပျက်ကြီးနှင့် တူလှသည်။ နန်းတော်ရှေ့တွင် အမြောက်မည်းမည်းကြီး နှစ်လက် လှေကားဘေး တစ်ဖက်တစ်ချက်တွင် တွေ့ရသည်။ အမြောက်ကလည်း ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာ မရှိလှပါ။ နန်းတော်အပေါ်ရောက်တော့ ကြမ်းခင်းများက ဂျိုးဂျိုးဂွကွ မြည်သံတွေနှင့် ဖြစ်၏။ သို့သော် ကျွန်းအပင်လုံး ပင်စည်ကြီးကို အရှပ်လိုက် ပင်စည်အတိုင်း အပြားလိုက်ကြီးတွေ ထက်ခြမ်းခွဲကာ ခင်းထား ခြင်းကြောင့် ကြမ်းခင်းသစ်သားထုကြီးမှာ ခိုင်ခိုင်ခန့်ခန့်နှင့် နင်တို့ ဖျက်ချင်သလောက်

ဖျက်ကြစမ်းဟု ကျွန်းသားအခင်းကြီးများက စိန်ခေါ်နေသယောင် ထင်ရသည်။ သံတစ်ချက်မပါ။ သစ်သား သစ်သားချင်း အံထိုးစရွေးကိုက် သွင်းရိုက်ထားခြင်း ဖြစ်သည်။ (ဦးပိန်တံတားကြီးကဲ့သို့)

ယခုခေတ်ကဲ့သို့ လျှာထိုးလက်တစ်ဝါးစာသစ်သားပါးပါးကလေးတွေ မဟုတ်။ တိုင်ကြီးတွေကလည်း ကျွန်းအပင်လုံး၊ အခင်းကလည်း ပင်စည်အပြားအတိုင်း အပ်တစ်ချောင်းတောင် ထိုးမဝင်အောင် ပူးကပ်ထိစပ်နေကြသည်။ ကိုကိုလေးတို့ ကြမ်းပျဉ်ပြားကြီးတွေကို ကိုင်ကြည့်လျှင် ကျွန်မလည်း ကိုင်ကြည့်။

ဘုရင်နှင့်မိဖုရားကို နန်းမှချပြီး ရွှေတိုက်တော်၊ ငွေတိုက်တော်ထဲက ဘဏ္ဍာတော်ငွေတွေ ရွှေတွေကိုယူ၊ ဘုရင်နှင့်မိဖုရား သားတော် သမီးတော်များကို ဂေါဝိန်ဆိပ်မှာ အသင့်စီမံထားတဲ့သင်္ဘောပေါ်ပို့၊ အိန္ဒိယပြည် ရတနာဂီရိမြို့ကို တန်းပို့။ စည်းရုံးပြေချိန် ရောက်နေ၍ ဆွေတော်မျိုးတော် မင်းကြီးမင်းသားအားလုံးတို့မှာလည်း နီးရာဓားကြောက်နေကြရရာ ကိုယ်ယောင်ဖျောက် ထွက်ပြေးပုန်းရှောင်နေကြကုန်သည်။

နေသေးသပ ချုံထဲကပဲ လက်တွင်းမှ ကျောက်စီဓားကို တမြမြဖြစ်အောင် သွေးရင်းနှင့်ပင် အင်္ဂလိပ်လက်အောက် ပြားပြားဝပ်ရောက်ကြရ၏။

ဘုရင်နှင့် မိဖုရားပါတော်မူပြီးသည့်နောက် ဤနန်းတော် ရင်ပြင်ကြီး တစ်ခုလုံးမှာ အင်္ဂလိပ်စစ်ပုလိပ် စစ်သားများ ဝင်ရောက်နေကြသည်။ ရွှေရောင်တဝင်းဝင်းနှင့် ရွှေနန်းပြာသာဒ်တော်ကြီးမှာ စစ်တန်းလျားကြီးဘဝ ရောက်သွားတော့၏။

စစ်ဖိနပ်နှင့် အင်္ဂလိပ်စစ်သားများသည် နန်းတော်အတွင်းရှိ နန်းဦးဆောင်မှန်းမသိ။ တောင်စမုတ်ဆောင်မှန်း မြောက်စမုတ်ဆောင်မှန်းမသိ။ နံ့သာဆောင် မှန်နန်းဆောင်မှန်းမသိ။ စည်းမဲ့ကမ်းမဲ့ တက်ရောက်နေထိုင်ပြီးအားလုံးကို ဖျက်ဆီးခဲ့သည်။ နန်းမတော်မိဖုရားခေါင်ကြီးနှင့် သမီးတော်တစ်ပါးက ရတနာဂီရိသို့ လိုက်တော်မမူ။ မိဖုရားကြီးအား အင်္ဂလိပ်စစ်ဗိုလ်ချုပ် ကာနယ်စလေဒင်က စောင့်ရှောက်မည့်ဟန်နှင့် မိဖုရားခေါင်ကြီးနှင့် သမီးတော်၏ စိန်ကြောင်၊ နီလာ၊ ပတ္တမြား ရတနာများကို သူ့ကိုအပ်ပါ။ မိဖုရားခေါင်ကြီး ပြန်ယူလိုသည့်အခါတွင် ပြန်ပေးပါမည် ကတိပြုပြီး မိဖုရားခေါင်ကြီးက စာရင်းနှင့်အပ်လည်းပြီးရော မရေတွက်နိုင်အောင် များပြားလှစွာသော လက်ဝတ်ရတနာများစွာတို့ကိုလည်း စလေဒင် ကတိဖျက်ပြီး နန်းမတော်ကြီးသို့ ပြန်၍ မအပ်နှံဘဲ အပိုင်သိမ်းလိုက်သည်။ သတ္တိနှင့် ကျည်ဆန်၊ ဓားနှင့် အမြောက်မယှဉ်သာ၍ ဗမာ့သူရဲကောင်းတို့လည်း တောခိုဘဝ ရောက်ကြရ၏။

ကိုကိုလေးတို့ အဆောင်တွေ တစ်ဆောင်ပြီးတစ်ဆောင် လျှောက်ကြည့်ရာတွင် သံပရာခွံ ကြမ်းပိုးဦးထုပ်ကိုယ်စီနှင့် ရီရီနှင့် ကျွန်မလည်း သူတို့ လက်ကိုကိုင်၍ တကောက်ကောက်ပါ။

နံ့သာဆောင်ဆိုသည့် မှန်နန်းဆောင်ကြီးကို ရောက်ပါပြီ။ ကျယ်ဝန်းလိုက်ပါဘိ။ အမိုးမရှိတော့ ကောင်းကင်မှ အလင်းရောင်များက တစ်ခန်းလုံး လင်းနေသည်။ နံရံတွင် နံရံပြည့်မှန်ချပ်ကြီးများအပြည့်။ ကိုယ်လုံးပေါ်ရုံသာမက မော်ကြည့်ရသော မှန်ချပ်ကြီးများ ဖြစ်သည်။ မှန်ချပ်ကြီးများ၏ ပေါင်ကိုရွှေရောင်ယိုးဒယား ကနုတ်ပန်းနွယ် ပန်းခက်များဖြင့် ကွပ်ထားသည်။ ကြမ်းပျဉ်ပေါ်တွင် သနပ်စက်များပင် တွေ့ရပြီး ကျောက်ပျဉ်ကြီးမှာ ဆန်ကောဝိုင်းလောက် ဖြစ်ပါသည်။ ကျောက်ပျဉ် နှစ်ချပ် တွေ့ခဲ့ သည်။ မြန်မာ့ဗိသုကာကြီးများ စိတ်ကူးယဉ်ယဉ်နှင့် အဆောင်ဆောင်အခန်းခန်း အုံ ဘနန်းဖွယ်ရာ ကျယ်ဝန်းကြီးမားလှစွာသော ရွှေပိန်းချ နန်းတော်ကြီးပေါ်ကများ ဆင်း ပေးရသည်။ ကျွန်မရင်တွင်းတွင် ဘယ်သူ့ကိုလွမ်းမှန်းမသိ။ နန်းတော်ကြီး ကြည့်ပြီး ရင်တွေ ခုန်နေသည်။ အဲသည်အချိန်က ကိုကိုလေးတို့ကလည်း ကြမ်းပိုးဦးထုပ်နှင့် ကျွန်မကို ကလေးတစ်ယောက်ဟုပဲ အသိအမှတ်ထားကြသည်။ အပြန်ခရီးတွင် တက် တခေါက်ခေါက်နှင့် ပြောနေကြသည့် ဘေးက နားထောင်ရင်း ရင်နာနေသော ကျွန်မ ၏ ခံစားချက်ကလေးကိုလည်း သူတို့ မရိပ်မိကြ။ ကျွန်မအသက်ကလည်း ဆယ့် သုံးနှစ် တစ်ရက်လျော့ အရွယ်ပေကိုး။

ကျွန်မ ရောက်ခဲ့ဖူးသော နန်းတော်ကြီးသည် ကမ္ဘာစစ်အတွင်းက ဗုံးထိမှန်၍ ပြာပုံဘဝ ကျရောက်သွားလေသည်။ ဒေါ်ဒေါ်လေးက ကျွန်မ ငေးနေလျှင် ဘာတွေ တွေးနေတာလဲ သမီး မုန့်ဆာလို့လား၊ နေမကောင်းလို့လားဟု နဖူးစမ်းကြည့်သည်။ အခြားဘာမှမဟုတ်။ ကျွန်မ၏ ခံစားချက်က ဒါလောက်ကျယ်ဝန်းလှသော နန်းတော် ကြီးထဲက လူတွေ သူသေသေ ကိုယ်သေသေခံမချကြဘူးလော။ ဗမာလူမျိုးတွေ သတ္တိ ရှိတယ်ဆို ဘာပြုလို့ အင်္ဂလိပ်က ဒါလောက် မတရားအနိုင်ကျင့်တာကို ခံနေကြသလဲ။ ဤမေးခွန်းသံတွေက ကျွန်မနားထဲ၌ ဆူညံနေသည်။ မန္တလေးတွင် လည်ပတ်ကြည့်ရှုခဲ့ ရသမျှတွင် ထိုနန်းတော်ကြီး၏ မြင်ကွင်းမှာ မေ့မရခဲ့။ ဒေါ်ဒေါ်လှက ပြောပြနေ သည်မှာ မန္တလေးသူတွေစကားပြော အလွန်ယဉ်ကျေးပုံ၊ ဝတ်စား ဆင်ယင်ပုံကလည်း ကျက်သရေရှိပုံ၊ ဘုရင့်ဆွေတော်မျိုးတော် (ရိက္ခာတော်ရ) များလည်း ဤနယူးစီဗီ လိုင်းအတွင်းမှာ သီးသန့်အိမ်တော်များနှင့်ရှိကြောင်း ကြားရသည်။ ပါတော်မူစဉ်က

ကျွန်မကိုတောင် မမွေးသေး။ ပါတော်မူပြီး ၄၂ နှစ်ကြာမှ ကျွန်မကို မွေးပါသည်။ ဟော အခု ၁၃ နှစ်သမီးတွင် မန္တလေးသို့ ကျွန်မရောက်ခြင်းဖြစ်ရာ ပါတော်မူခဲ့သည်မှာ နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပေပြီ။ နန်းတော်ကြီးပျက်စီးနေပုံကြီးကြည့်ပြီး ကိုယ့်မိဘအိမ်ကြီး ပျက်စီးသလိုပင် ဝမ်းနည်းမိသည်။ အဲသည်တုန်းက ချာတိတ်ဆိုတော့ ချာတိတ်တွေးပေါ့။ ချာတိတ်တွေး တွေးတာတောင် ငိုချင်သည်။ ကျွန်မတို့ မန္တလေးမှ ရန်ကုန်၊ ရန်ကုန်မှ ပေါင်းတည်သို့ ပြန်ခဲ့ကြပါသည်။ ဒေါ်ဒေါ်လေးနှင့် မရွှေတို့ ရွှေတောင်ပြန်သွားပြီး မကြာပါ ဦးလေးသန့်အလုပ် ပန်းတောင်းမြို့ကို ပြောင်းရကြောင်း သိရ၏။

ကျောင်းပြန်တက်ရပါပြီ။ တိုင်းပြည်က သတင်းမျိုးစုံတွေကြားရပြီး လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေသည်။ ဖေဖေနှင့် မေမေတို့လည်း စီးပွားရေးကို သတိထား၍ အရင်းအနှီးကို ထည့်ရသည်။ ရန်ကုန် ကုန်တိုက်ပွဲရုံကြီးများကလည်း ချိန်ချိန်ဆဆလုပ်ဖို့ သတိပေးသည်။ ကျောင်းသားသပိတ်၊ ကုလား–ဗမာ အဓိကရုဏ်းစသည့် နိုင်ငံရေးက မငြိမ်မသက်ကြားကပင် ကျွန်မတို့ စာမေးပွဲကြီး စစ်ပြီးသွားပြန်ပါ၏။ စာမေးပွဲကိုတော့ ကျွန်မ ကြိုးစားဖြေပါသည်။ စာမေးပွဲကျသည်ကို အပြောမခံနိုင်ပါ။ တခြား အိမ်က အလုပ်တွေ ဘာမှ မခိုင်း။ စာပဲကြိုးစားပါ ဖေဖေ၊ မေမေ၊ ဦးကြီးဦးလေး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မများက ပြောထားရာ မောင်နှမ လေးယောက်တွင် "အလတ်မဖြစ်သည့် အတိုင်း လွတ်လပ်ရေးရနေသည်။ တိုင်းပြည်က ပူမလိုလိုနှင့် အေးချမ်းသွားပြန်ရာ ကျွန်မတို့ညီအစ်မ၊ မေမေကြီး၊ ကိုဦးတို့နှင့်အတူ ပန်းတောင်းမြို့ကို သွားကြပြန်သည်။ ပြည်အထိ မီးရထားစီးပြီး မိုးလင်းတော့ ပြည်ရောက် ပန်းတောင်းက ပြည်တစ်ဖက်ကမ်းတွင် တည်ရှိရာ ဧရာဝတီမြစ်ကြီးကို လှေနှင့် ကန့်လန့်ဖြတ်သွားရပါမည်။ ဦးလေးသန့် စီစဉ်ထားသော လှေက မြစ်ထဲမှ ကျွန်မတို့ကို စောင့်ကြိုနေသည်။ လာလိုက်ကြတာ မေမေကြီးကအစ ကျွန်မအဆုံး လှေတစ်ခါမှ မစီးဘူး။ ရေကြောက်သည့် သူချည်း ဖြစ်၏။ လှေသမားကြီးက မကြောက်ရန် သူတို့ ဤမြစ်ကြီးကို နေတိုင်း ဖြတ်နေတာပါဟု အာမခံပေမယ့် မျက်စိမျက်နှာတွေ ပျက်နေကြသည်။ ဒါပေမဲ့ ယခုလို နံနက်စောစောတွင် လှိုင်းလေငြိမ်သည်။ နေ့လယ်ဆို လှိုင်းနှင့်လေလာတော့ မည်မို့ လှိုင်းလေကင်းစင်တုန်းမြစ်ကို ကူးရပါမည်။ လှေစထွက်ကတည်းက စကားမပြောနိုင်ကြ။ ပုတီးစိပ်၊ သမ္ဗုဒ္ဓေ ရွတ်နေကြသည်။ ကောလိပ်ကျောင်းသားကြီး ကိုကိုဦးကတော့ လှေကလေးသီချင်းကို လေချွန်နေသည်။ မြစ်လယ်ရောက်တော့

အသက်ပင် မရှုရဲ။ လိုက်လာမိတာ မှားပြီဟု ထင်မိသည်။ တဖြည်းဖြည်းနှင့် ပန်းတောင်းမြို့ကလေးကို စိမ်းစိမ်းညိုညိုကလေး လှမ်းမြင်ရပြီ။ အကောက်တောင်၊ တန့်ကြည်တောင်၊ ဖိုးဦးတောင် စသည်တို့ကိုလည်း အနိမ့်အမြင့် တန်းစီ တွေ့မြင်ရလေပြီ။ တန့်ကြည်တောင်ဆိပ်မှာ လှေဆိုက်ကပ်မည်ဟု လှေသမားကြီးက ပြော၏။ ဟိုမှာဘက်ကမ်းမှ သည်မှာဘက်ကမ်းကို လှေဆိုက်တော့မှ အားလုံး သက်ပြင်းချကြသည်။ ပြုံးကြသည်။ လှေအဆင်း မြင်း အတက် စကားပုံအတိုင်း ပြည်ကအထွက် လှေပေါ်တက်ကြတုန်းကလည်း မတက်ဝံ့၍ ကိုကိုဦးက တစ်ယောက်ပြီးတစ်ယောက် တွဲတင်ရ။ အခု ဆင်းတော့လည်း တစ်ယောက်ပြီးမှ တစ်ယောက် ကမ်းပေါ်ရောက်သည်။ ပန်းတောင်ရောက်ပြီဆိုပေမယ့် အိမ်က ဟို တော်တော်အဝေးမှ ကမ်းပါးကြီးပေါ်မှာဖြစ်သည်။ သောင်ထွန်းချိန်ဖြစ်သဖြင့် သောင်ပြင်ကြီးက တမျှော်တခေါ်ကြီး ဝေးမှဝေး။ အဲဒီသောင်ပြင်ကြီးကို ဖြတ်ကြရပြန်၏။ ပစ္စည်းတွေ ဘာတစ်ခုမှ မသယ်နိုင်။ လူတောင် သောင်ပြင်သဲထဲမှာ အနိုင်နိုင် ခြေကို လှမ်းရသည်။ မန်းမနီး ရေဝေး၊ မြစ်နှင့်မနီးသူများဖြစ်၍ မြစ်ခရီးသွားရတာ ပင်ပန်းလိုက်တာ။

ဒါတောင် လှေသမားကြီးက ကျွန်မတို့ကို ပန်းတောင်းဂါတ်နှင့်အနီးဆုံး လှေဆိပ်ကို ပို့ပေးတာတဲ့။ သောင်ပြင်ဆုံးပြန်တော့ ကမ်းပါးအမြင့်ကို တက်ကြရပြန်သည်။ ပန်းတောင်းမြို့မှာ ရောက်နေကြသည့် ဦးလေးသန့်တို့ကို တွေ့ချင်လွန်းလို့သာ လာရ ပန်းတောင်းခရီးက လျှာကိုထွက်လုရော။ ဒါပေမဲ့ ကျွန်မတို့အကြိုက် ဟင်းလျာတွေ စုံစုံလင်လင် ပူပူနွေးနွေး မွှေးမွှေးကြိုင်ကြိုင်များက ဧည့်သည်တွေကို ဆီးကြိုနေပါပြီ။ ကုလားသိုက် ကျားဝင်ကိုက်၊ ကုလားသင်္ဘောဆိုက်သလို သူ့ထက်ငါလုပြီး စကားပြောကြရင်း စားမြိန်လိုက်ကြသည့် ထမင်း။ ပုစွန်တုပ်ကြီးဆီပြန်မှ ပုစွန်ကြီးကလည်း တစ်ကောင်ကို နှစ်ဆယ်သားလောက် ရှိ၏။ ဒေါ်ဒေါ်လေးက ဟင်းချက် အလွန်ကောင်း။ ပန်းတောင်းဌာနပိုင်၏ အိမ်မှာ မြစ်နဖူးတွင် ပြည်မြို့ကို မျက်နှာမူ၍ ဆောက်ထားသဖြင့် ဧရာဝတီမြစ်ကြီး၏ ရှုခင်းအလှကို တဝကြီး ထိုင်ကြည့်နိုင်ပါသည်။ လှေ၊ သင်္ဘောတို့မှာ အစုန်အဆန် ဥဒဟိုသွားနေကြသည်။ တစ်ခါတစ်ရံ အညာဆန် သင်္ဘောကြီး မီးတထိန်ထိန်နှင့် မြစ်ရိုးတစ်လျှောက်မှ မြို့များကို ဆိုက်လာတတ်သည်။ အထက်အညာပစ္စည်းများ ဈေးနှုန်းချိုသာစွာနှင့် ဝယ်ယူနိုင်ကြ၏။ အဲသည်အချိန်က ကုန်ပစ္စည်းများကို သူ့ထက်ငါ ဈေးချိုစွာရောင်းနိုင်ဖို့ ကြိုးစားကြသည်။ ဈေးချိုအောင်လည်း ရောင်းရုံမက လက်ဆောင်တောင် ပေးလိုက်ကြပါသေး။ အမြတ်အစွန်းကို

ရာခိုင်နှုန်းနှင့်ပဲ ယူ၏။ ဈေးမမှန်သော ဆိုင်၊ ဈေးကြီးသောဆိုင်ဆိုလျှင် ဘယ်သူ့မှ မဝယ်၊ နာမည်ပျက်၏။ အညာဆန်သဘော်ကြီး တရွေ့ရွေ့ ကမ်းမှ ခွာသွားတာ မြင်ရတော့ လွမ်းစရာကြီး။ ပန်းတောင်းတွင် လေးမျက်နှာဘုရား၊ ပေါ်တော်မူဘုရား များကို သွားဖူးကြ၏။ မြေအိုး၊ သဲအိုး၊ ငရုတ်ဆုံ၊ ကျောက်ပျဉ်ကြီးများ အကြီးအကျယ် ရွာနှင့် ချီလုပ်ကိုင်ကြသည့် အိုးရွာတွေကို သွားပြီး လူကြီးတွေက သဲအိုး၊ မြေအိုး၊ အင်တုံတွေ ဝယ်ကြ၊ ကျွန်မက မောင်လေး၊ ညီမလေးတွေ လက်ဆောင်ပေးဖို့ အိုးပုတ်တွေ ဝယ်သည်။ ဝယ်တာထက် လက်ဆောင်ပေးတာတွေက များနေ၍ ခြင်းနှင့် သယ်ခဲ့ရသည်။ ဖုတ်ပြီးသော အိုးကြီးအိုးငယ်တွေကို ခြံဝိုင်းထဲတွင် ရာနှင့်ထောင်နှင့်ချီ၍ စီထားသည်မှာ အုတ်စီသလိုပင် စနစ်တကျ ရှိ၊ အိုးဖုတ်သည့်ရွာတန်းရှည်ကြီးကို ဆုံးအောင်တောင် မကြည့်နိုင်ခဲ့။

အကောက်တောင်ပေါ်လည်း ရောက်အောင်တက်သည့် ရှေးမြန်မာဘုရင်များ လက်ထက်က တစ်ဖက် အိန္ဒိယနိုင်ငံဘက်မှ ဝင်လာသော ကုန်သည်သဘော်များကို ဤတောင်မှနေ၍ အခွန်ကောက်ခဲ့သဖြင့် "အကောက်တောင်" ဟု ခေါ်ကြောင်း သိရသည်။ တောင်ထိပ်မရောက်ခင် အလယ်လောက်နှင့်ပင် တောင်တစ်ဖက်ခြမ်း ရခိုင်ရိုးမ တောင်စွယ်တောင်တန်းများ မြေပြင် မမြင်ရအောင် ပြွတ်သိပ်စွာ ပေါက်ရောက်နေသော သစ်တောကြီးများမှာ နက်ရှိုင်းသော ချောက်ကမ်းပါးများနှင့် တည်ရှိနေပါသည်။

အဲဒါတောင်ကုတ်၊ အဲဒါ ရခိုင်ရိုးမ ဟုနားလည်ခဲ့ရ၏။ ဦးလေးသန့်နှင့် ဒေါ်ဒေါ်လေးတို့ ကျေးဇူးကြောင့် ကျွန်မသည် ဆယ့်သုံးလေးနှစ်အရွယ်ကတည်းက မြို့အစုံနယ်အနှံ့ ရောက်ခဲ့ဖူးရသည်။ ကျွန်မဘဝကလေးသည် အလွန်အေးချမ်း၍ နှင်းဆမ်းသော လမ်းများပေါ်တွင် ပျော်ရွှင်စွာ လျှောက်လှမ်းခဲ့ရ၏။ မိဘစစ်နှစ်ပါး၏ ကျေးဇူး၊ မိဘအတုနှစ်ပါး၊ ပေါင်းမိဘလေးပါးတို့၏ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာတရားတို့သည် ကျွန်မဘဝကို လှပစွာ လွှမ်းခြုံနွေးထွေးစေခဲ့ပါသည်။ မြောက်အိမ်မှ မေမေကြီး မိသားစု၏ လက်တွဲခေါ်ယူ ကြည်ဖြူမှုများကလည်း ထူးကဲသော မေတ္တာတော်များပါပင်။

❒

## တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်

လူကြီးတွေက ကျွန်မကို ငယ်ငယ်ကလို ဟိုဘက်အိမ်သွားလည် သည်ဘက်အိမ်သွားလည် မသွားစေတော့ပါ။ သွားချင်လျှင် ဘယ်သူ့ဆီ၊ ဘာကိစ္စ ဘယ်လောက်ကြာမည်ကို ပြောသွားရသည်။ ကျွန်မ သူတို့ကို နားမလည် မကျေမနပ် ဖြစ်နေသည်။ မစောတင်ကလည်း သူ တိုက်ရမည့် အဝတ်တွေကို ကျွန်မ အားနေတာ တွေ့လျှင် ကျွန်မကို ခေါ်တိုက်ခိုင်းသည်။

အစ်ကိုလေးကလည်းအားနေရင် တံမြက်စည်းကလေးသိမ်းပါလား၊ ကြမ်းတွေတိုက်ပါလား၊ လူကြီးတွေ အိပ်ရာတွေ ဘာတွေ သပ်သပ်ရပ်ရပ် သန့်ရှင်းအောင်လုပ်ပါလားနှင့် မျိုးစုံအောင် ခိုင်းလာသည်။ မစောတင်ကြီး လုပ်နေကျဥစ္စာဟု ကျွန်မက ပြောလျှင် သူလုပ်တာ ငါ သိတာပေါ့။ နင်မလုပ်တော့ နင်မတတ်ဘူးပေါ့။ တတ်အောင်အားရင်လုပ်မှပေါ့။ ခုတော့ နင်က စတိုင်နဲ့မလိုင်နဲ့ ထိုင်နေတာပဲ။ ပြောလာ ပြန်ပါသည်။ ကျွန်မ နားမလည်ပါ။ ဖေဖေ မေမေတို့က ဘာမှမခိုင်းဘဲ သူတို့ကချည်း သူတို့လုပ်ရမည့် အလုပ်တွေကို ကျွန်မအား ခိုင်းနေကြပြီဟုပဲ ကျွန်မထင်သည်။ အစ်ကိုလေးနှင့် မစောတင်ကို ကျွန်မ မကြည်ပါ။ အရင်ကလိုလည်း ကျွန်မ သူတို့ကို မချစ်တော့ပါ။ နွားနို့ကုလား နွားနို့လာပို့ရာ အစ်ကိုလေးက ကျွန်မကို နွားနို့အိုးယူခိုင်းသည်။ နွားနို့ကုလားကြီးက ငါးဆယ်သားထည့်ပေးသွားသည်။ အစ်ကိုလေးက နွားနို့ကျိုတတ်အောင် ကျိုဟုပြောရာ ဒါ သူ့အလုပ် ကျွန်မအလုပ် မဟုတ်ဘဲ ကြမ်းတိုက်ခိုင်း၊ တံမြက်စည်းလှဲခိုင်းရာက အခု နွားနို့ကျိုခိုင်းပြန်သည်။ သူကတော့

တယောထိုးနေပါသည်။ မစောတင် ကြည့်လိုက်တော့လည်း ဝတ္ထုဖတ်နေ၏။ ကျွန်မ ဘာမှမပြော။ သူတို့ နှစ်ယောက်ကို မျက်စောင်းကောင်းကောင်း ထိုးကြည့်ခဲ့ကာ ဆောင့်အောင့်ပြီး မီးဖိုထဲဝင်သွားရာ ဖင်ထိုင်ခုံကို ခလုတ်တိုက်ပြီး နွားနို့အိုး လက်မှ လွင့်ပြီး အိုးတခြား နွားနို့တခြား ဖြစ်သွားတော့၏။ အစ်ကိုလေး ပြေးလာ မစောတင် ပြေးလာသည်။ ဟယ်ခနဲ ဖြစ်သွားကြ၏။ မစောတင်က အစ်ကိုလေးကို ကိုယ်တိုင်မလုပ်ဘဲ ကလေးခိုင်းရသလားဟု အပြစ်တင်သည်။ ဒါကလေးလား ခင်ဗျားတို့ကြောင့် ဒီကောင်မလေး ဘာမှကို တတ်မှာ မဟုတ်တော့ဘူး။ ခင်ဗျားကလည်း ဝတ္ထုစာအုပ်တစ်အုပ်နဲ့အချိန်ကုန်နေတာပဲ။ သူတို့နှစ်ယောက် စကားများကြတော့သည်။ နောက်ကိုခိုင်းကြ။ အခုလိုပဲ လုပ်ကိုပစ်မယ်ဟု ကျွန်မ စိတ်ထဲက ကြိမ်းမိသည်။ သူတို့နှစ်ယောက် နွားနို့ငါးဆယ်သား ပြဿနာရှုပ်ကျန်ရစ်သည်။ ကျွန်မ အိမ်ပေါ်သို့ လှေကားကို ဝုန်းဝုန်းနှင့် နင်းပြီး တက်လျှင် အစ်ကိုလေးက အေး ဆောင့်ဆောင့်နာနာဆောင့် လှေကား ပြုတ်ကျတော့ တို့ မသေဘူး။ နင်သေမှာဟု ပြောနေသံကြားနေရသည်။ အဲသည်နေ့က ကျွန်မထမင်းလည်း ဆင်းမစား။ မစောတင်က လာချော့ခေါ်၏။ ကျွန်မ မစားပါ။ ကျွန်မ ဝမ်းနည်းနေသည်။ မျက်ရည်မကျ။ ရင်ထဲမှာ လှိုက်လှိုက်ခုန်နေသည်။ ငါ့အဖေတွေ အမေတွေ အစ်မတွေကတောင် မခိုင်းဘဲ သူတို့က ခိုင်းကြသည်ဟုပဲ မကျေမနပ်။ တနုံ့နုံ့ ခံစားနေရသည်။

ညနေကျ လူစုံပါပြီ။ ထမင်းဝိုင်းကြီးလည်း စပါပြီ။ ကျွန်မ ဆင်းမစား။ ဗိုက်ထဲမှာလည်း တဂွီးဂွီး တဝုန်းဝုန်း မြည်နေကြပြီ။ သမီး မတွေ့လို့ မေးတော့မှ နွားနို့အိုးပြဿနာတင်ပြကြလေသည်။ မမက လာခေါ်၍ ဗိုက်ထဲမှာလည်း မနေနိုင်တော့၍ ကျွန်မ ဆင်းလာခဲ့၏။ ဖေဖေကရော မေမေကရော ကျွန်မကို လှမ်းကြည့်ကြ၏။ တစ်ခုခု ပြောလိုကြဟန် ဖြစ်ပေမယ့် ထမင်းစားဝိုင်းစတော့မည့်အချိန်မို့ မပြောလိုသေးဟန်နှင့် ကဲ... ကဲ စားကြ စားကြဟုပဲ ပြောပါသည်။ ကျွန်မကို ဘာမှ မဆူသေး၍ တော်ပါသေး။ ကျွန်မအပြစ်ကို ကျွန်မ သိပါသည်။ ဤနွားနို့သည် နံနက်စောစော တစ်အိမ်သားလုံးအတွက် ကော်ဖီဖျော်မည့် နွားနို့ပါ။ ဖေဖေနှင့် မေမေ နှစ်ဦးစလုံး နွားနို့တွေကို နှမြောနေကြသည်ကို ကျွန်မ သိပါ၏။ ကော်ဖီသောက်လျှင် နွားနို့အပေါ်တွင် ဝေ့ခဲနေသော မလိုင်ဖတ်တွေကို ကော်ဖီထဲထည့်ယူ ခပ်ထည့်နေကျ။ ကျွန်မက ပိုပြီး နှမြောမိပါသည်။ ဖေဖေနှင့်မေမေ မဆူမပြောပေမယ့် နောက်ကို အဲသည်လို အချိုးမျိုး မလုပ်ရန် ကျွန်မကိုယ်ကျွန်မ ဆုံးမနေပါသည်။ ဘယ်သူက ဘာမှ မပြော

ပေမယ့် ကျွန်မ မျက်ရည်တွေ ကျလာသည်။ အားလုံးက ကျွန်မကို လှမ်းကြည့်ပြီး အံ့သြနေရာက ဖေဖေက နောက် အဲဒီလို မလုပ်နဲ့ပေါ့ကွယ်။ အလုပ်ဆိုတာ ဘယ်အလုပ်ဖြစ်ဖြစ် ရှိသေရတယ်။ ပစ်စလက်ခတ် မလုပ်ရဘူး။ နွားမကြီးက သူ့သား တွေကို တိုက်ဖို့ နွားနို့ကို လူတွေကို လုယူသောက်ကြရတာ။ ပိုက်ဆံပေးတိုင်းလည်း နွားမကြီးက သူ့နို့ကိုပေးတာ မဟုတ်။ သူ့သားသမီးကလေးတွေ နို့တိုက်ချိန်ကျမှ ရတာ။ အနားမှာ သူ့သားကလေး၊ သမီးလေးကိုထားပြီး ညှစ်ယူကြတာဟု ဖေဖေက နွားနို့အကြောင်း ပြောရာ ကျွန်မ ပို၍ ပို၍ မျက်ရည်တွေ ကျလာပါသည်။ အလွန် ငရဲကြီးသည့် အလုပ်တစ်ခုကို ကျွန်မ မထီမဲ့မြင် ပေါ့ပေါ့ဆဆ ကျူးလွန်မိပြီဟု စိတ်မကောင်း ဖြစ်ရသည်။ အဲသည်နေ့ကစပြီး နွားနို့ကို ကျွန်မကိုယ်တိုင် ကျိုသည်။ ကျက်လျှင် ကြောင်အိမ်တွင်းမှာ သိမ်းသည်။ နွားနို့နှင့်ဖျော်သည့် ကော်ဖီကို သောက်ရ သော်လည်း မျိုမကျ လည်ချောင်းတွင် နင်တင်တင် ဖြစ်ရပါသည်။

ကျွန်မ မိဘများသည် သားသမီးတွေကို ရိုက်နှက်ခြင်းမပြု၊ ဆူပူကြိမ်းမောင်းခြင်း လည်း သိပ်မရှိပါ။ အကျိုးအကြောင်းနှင့်ပဲ ပြောတတ်သည်။ ကျွန်မ ပင်ကိုစိတ် ကလည်း ဟိုလူက ဆုံးမ သည်လူက ဆုံးမ၊ လူတောထဲ ပြောဆိုဆုံးမတာကို ကျောင်း ကတည်းက ရှက်ပါသည်။ ဆရာ၊ ဆရာမတွေ အပြောလွတ်အောင် နေပါသည်။ အခု အိမ်မှာကတော့ မစောတင်ကခိုင်း၊ အစ်ကိုလေးက ခိုင်းနှင့် ကျွန်မ မလုပ်တတ် သည့် အိမ်အလုပ်တွေ ရှိလာပါသည်။ နေလှန်းထားသော အဝတ်တွေ ခြောက်လျှင် ရုပ်ရသည်၊ ခေါက်ရသည်၊ မီးပူဝင်တိုက်ရသည်။ ပြီးလျှင် အဝတ်တွေ ခွဲပြီး သူ့နေရာ သူ့အဝတ်ခွဲပို့ရသည်။ အိမ်မှာလျှော်လည်းလျှော် ဒိုဘီပင်မင်း ပေးတာလည်းပေး။ တစ်နေ့ မစောတင်ရေးထားသည့် ပင်မင်းစာရင်းကို ကျွန်မ ဖတ်မိရာ–

| | | |
|---|---|---|
| ခေါင်းအုန်းစုပ် | – | ၃ |
| ချင်းတောင်း | – | ၁ |
| ထွေးခံ | – | ၄ |
| ဗလီကတ် | – | ၂ |
| ခလေးချီးစုပ် | – | ၂ |
| ဂုံးသပက် | – | ၂ |
| မဖလား | – | ၁ |
| ဇပွဲခင် | – | ၁ |

ဖတ်ပြီး အူတက်နေပါသည်။ အစ်ကိုလေးက မီးဖိုဆောင်မှ ကျွန်မကို လှမ်းကြည့်ပြီး ဘာတွေ ဒါလောက် ရယ်နေတာလဲ မေးရင်း မစောတင် ရေးထားသည့် ဒိုဘီစာရင်းကို ဖတ်ပြီး သူပါ အူတက်ပြန်ပါတော့၏။

ခလေးချီးစုပ်ဆိုတာ ဘာလဲဟဟု မေးရာ ခလေးသိုးမွေး ခြေစွပ်ခြေအိတ်ဟု ကျွန်မက ရှင်းပြလျှင် မစောတင်လက်ထက်ကျမှ ခြေစွပ်က ချီးစုပ်ဖြစ်ရသည်ဟု ပြောပြီး ရယ်လေသည်။ မစောတင်က ငါမှ နင်တို့လို မရေးတတ်တာဟု ရှက်ပြုံးကလေးနှင့် ပြောသည်။ စာသာ မရေးတတ်တာ ဖတ်လိုက်သည့် ဝတ္ထုကတော့ မင်းဆွေ၊ ရဲထွဋ်၊ မဟာဆွေဟု ပြောလျှင် အကုန်မဖတ်တတ်ပေမယ့် အဓိပ္ပာယ်တော့ ပေါ်ပါသည်ဟု ပြောသည်။ အဲသည် ရဲထွဋ်၊ မင်းဆွေ၊ မဟာဆွေတို့၏ ဝတ္ထုတွေကို အစ်ကိုလေးက ဝယ်ဖတ်သည်။ နောက် ဝှက်ထားသည်။ မစောတင်က ဝှက်ထားသည်ကို ကျွန်မနှင့် တူတူတွေ့အောင် ရှာကြ၏။ တစ်ခါတလေ မွေ့ရာအောက်က ဖျာကြမ်းအောက်၊ တစ်ခါတလေ မီးဖိုထဲက ကြောင်အိမ်အံဆွဲထဲ၊ တစ်ခါတလေ ဘယ်မှာမှ ရှာ၍ မရ။ မစောတင်လည်း ဝတ္ထုကောင်းခန်းရောက်မှ ရှာမရသဖြင့် စိတ်တွေတို၊ အစ်ကိုလေးကလည်း သူ ဝှက်ထားသည့်နေရာ မစောတင် ရှာမရ၍ သဘောတွေကျ၊ တွေ့အောင် ရှာကြဦးလေဟု ပြောတတ်သည်။ မစောတင်က သူကတော့ ဖတ်ပြီး ကျွန်မကျ မဖတ်နှင့်ဟု တားမြစ်သည်။ အစ်ကိုလေးကလည်း သူသာ ဖတ်၍ ကျွန်မတို့ဖတ်လျှင် လုံးဝမကြိုက်ပါ။ အစ်ကိုလေး အဝှက်ကောင်း၍ မစောတင်လည်း ဝတ္ထုဖတ်ခြင်းကို လက်လျှော့လိုက်ရသည်။

အတန်ကြာသွားချိန် တစ်နေ့၌ အစ်ကိုလေး ဘာဝတ္ထုတွေများ အသစ်ဝယ် ဖတ်နေပြန်ပြီနည်း သိလို၍ အစ်ကိုလေး အိပ်ခန်းထဲရှာမိရာ သူ့အဝတ် သေတ္တာနှင့် ဖိထားသည့် ခုလုခုလုတစ်ခု တွေ့ရသဖြင့် လက်ဖြင့်နှိုက်ရာ စာအုပ်တစ်အုပ် ဖြစ်ပါသည်။ ကျွန်မတို့ ရှာဖွေရေးတွေ ရပ်သွားပြီ ထင်ပြီး သူက ခပ်ပေါ့ပေါ့ ဝှက်ထားပေရာ အမှန်တော့ မရှာလျှင် ဒါကိုတွေ့ရန်မရှိ။ ရှာ၍သာ တွေ့ရခြင်း ဖြစ်၏။ သေတ္တာ လေးလေးကြီးကို အသာမပြီး ဆွဲယူလိုက်ရာ စာအုပ်၏အမည်က "သတို့သားလက်စွဲ" ဟု တွေ့ရပါ၏။ ပိုင်ရှင်မရှိချိန် ခိုးဖတ်ရတာကြောင့် တွေ့သော စာမျက်နှာ ဖတ်ကြည့်မိရာ ရှေ့ဆက်မဖတ်ဝံ့တော့ဘဲ စာအုပ်ကို ကြောက်ကြောက်လန့်လန့်နှင့် ပိတ်လိုက်မိသည်။ ဖတ်ချင်သည့်စိတ်က ပေါ်လာပြန်၍ နောက်အခြား တစ်မျက်နှာကို ဖတ်လိုက်ပြန်ရာ အခုနထက် ပိုဆိုးလာ၍ ပြန်ပိတ်လိုက်ရပြန်သည်။ ကျွန်မ ဖတ်မိသည့်

စာမျက်နှာတို့မှာ အစနှင့်အလယ်လောက်ပဲ ဖြစ်သည်။ အဆုံး မဟုတ်ပါ။ ရှက်လွန်း၍ စာအုပ်ကို သူ့နေရာပြန် သေသေချာချာထားပြီး ကျွန်မ အောက်ထပ် ဆင်းလာခဲ့သည်။ ဟိုဟိုဒီဒီ အစ်ကိုလေးကို ကြည့်ရာ မတွေ့၍ တော်ပါသေး။ မစောတင် အနားရောက်လာပြီး ဘာဖြစ်နေတာလဲဟူသော အဓိပ္ပာယ်နှင့် မျက်စပစ်မေး၏။ ကျွန်မက ခေါင်းခါလက်ခါပြီး ဘာမှမဟုတ်ဟု အမူအရာနှင့် ပြန်ဖြေလိုက်သည်။ မစောတင်ကို ညွှန်လိုက်လျှင် လက်ရာတွေ ပျက်ပြီး အစ်ကိုလေး သိသွားမှာ ရှက်၍ ကျွန်မ ရှေ့ရှုတ်ပိတ်နေခဲ့သည်။

စစ်မဖြစ်မီ ဖြစ်လုလုကာလဖြစ်၍ ဖတ်စရာစာအုပ်တွေ ပလူပျံအောင် ထွက်သည်။ စာအုပ်တစ်အုပ်မှ နှစ်ပဲ (တမူး)၊ လေးပဲ (တစ်မတ်) ပဲ ဖြစ်သည်။ အမျိုးသားတွေ အတွက် ခပ်ကြမ်းကြမ်း မင်းဆွေ၊ ရဲထွဋ်တို့၏ အချစ်ဝတ္ထုများ။ မဟာဆွေက ရာဇဝင်နောက်ခံ အမျိုးသားမာန် ပြည့်ဝစေသော ပြုပြင်ရေးဝတ္ထုများ၊ ရဲထွဋ်၊ မင်းဆွေတို့ အရေးကြမ်းပေမယ့် ကျွန်စိတ်ဓာတ်ကို အမြစ်ကနေ ကလော်သုတ်သင်လိုသော ဝတ္ထု များပါ ပါသည်။ သိပ္ပံကျော်ထင်၊ သုခ စသည်တို့လည်း ပေါ်ထွက်လာပါသည်။

အမျိုးသမီးစာရေးဆရာကား ရှာမှရှား တစ်ဦးတစ်ယောက်မှမရှိ။ ဒဂုန်မဂ္ဂဇင်းကြီး ထွက်လာတော့မှ ဒဂုန်ခင်ခင်လေး ပေါ်လာသည်။ နောက် ဒဂုန်ခင်လေးဆွေတို့ တွေ့ရ သည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကလည်း အမျိုးသမီးကလောင်အမည် ခင်ခင်ကြီး၊ မိမိကြီး အမည်များဖြင့် ရေးသားရာ တကယ့်မိန်းမအစစ်လေသံ၊ မိန်းမတို့၏ အနေ အထိုင် အမူအရာ၊ အပြောအဆို၊ ယဉ်ကျေးမှုရေးရာများဖြစ်ရာ အမျိုးသမီးကြီးငယ် အားလုံးတို့အတွက် နမူနာယူစရာ လိုက်နာကျင့်သုံးရာ အခန်းများနှင့် ဝေဆာပြည့်စုံ လှပါ၏။ ဖေဖေနှင့် မေမေ ဒဂုန်မဂ္ဂဇင်းထွက်တိုင်း ဝယ်ပေးပါ၏။ ဒဂုန်ခင်ခင်လေး ဝတ္ထုတိုများကလည်း ဗဟုသုတ ကြွယ်ဝလှသည်။ ဒဂုန်ခင်ခင်လေးကပင် (ကိုကိုလေး) အမည်ဖြင့် မှော်ဆရာမှတ်တမ်း အခန်းဆက် ဝတ္ထုများကို ရေးခဲ့ရာ ဒဂုန်ခင်ခင်လေးမှန်း မသိကြ (ကိုကိုလေး) ဟုပင် မှတ်ထင်ခဲ့ကြသည်။

ဒဂုန်မဂ္ဂဇင်းကြီးအပြင် အေဝမ်းရုပ်စုံမဂ္ဂဇင်း ပေါ်လာပြန်ပါသည်။ အေဝမ်း ရုပ်စုံမဂ္ဂဇင်းကတော့ မြန်မာအဆွေ၊ အေဝမ်းဖလင်မှ ရိုက်ကူးသည့် ရုပ်ရှင်ဓာတ်ကား သစ်များကဏ္ဍကို ဦးစားပေးသည်။ ကြော်ငြာမှန်သော်လည်း ကြော်ငြာဟု မထင် ရအောင် ဖော်ပြချက်များ၊ ရေးသားချက်များက စုံလင်သွက်လက်သည်။ မြန်မာ အဆွေ အေဝမ်းနှင့် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီကြီး၊ ပဲရော့ရုပ်ရှင်များအပြိုင် ဖြစ်သည်။

စာရေးဆရာကောင်းတို့၏ ဝတ္ထု၊ နာမည်ကျော်ဒါရိုက်တာ၊ တက်သစ်စ အချောအလှ ရုပ်ရှင်မင်းသား၊ မင်းသမီးများကိုရွေးချယ်စင်တင်၍ ခန့်ခန့်ညားညား သပ်သပ်ရပ်ရပ် သင်ခန်းစာပြည့်ပြည့်ဝဝနှင့် ရိုက်ကူးပြသကြသည်။ ယခုခေတ်ကဲ့သို့ အသံဖမ်းစက်၊ ရုပ်ရှင်ရိုက်စက်၊ ပြစက်များ ခေတ်မီမီ မကိုင်တွယ် မသုံးစွဲနိုင်ခဲ့သော်လည်း မြန်မာ့ စိတ်ကူး မြန်မာ့ဉာဏ်ဖြင့် သူ့ခေတ်နှင့်သူ့အခါ အောင်မြင်စွာ ရိုက်ကူးနိုင်ခဲ့ကြသည်။ မြန်မာလူမျိုးတို့ အကြိုက်ရာဇဝင်သမိုင်း၊ သိုက်ကားများ၊ ကဝေစုန်းဇာတ်ကားများ၊ စွန့်စားခန်း၊ ဒိုင်ဗင်ဖိုက်တင်ဇာတ်ကားများ၊ အိမ်ထောင်ရေး၊ အချစ်၊ အလွမ်း၊ မြန်မာ့စရိုက် မြန်မာ့အကြိုက် မြန်မာမင်းသားချော၊ မင်းသမီးချော တို့ဖြင့် အဆင့်မြင့်မြင့် ကြည့်ရှုခွင့်ရခဲ့သည်။ ဟီရိုဩဇာပွကင်းမဲ့သော ပြင်ဆင် ဝတ်စား ပြကွက်များမပါ။ မောင်နှင့်နှမ သားနှင့်အမိ တူတူကြည့်နိုင်ကြပါသည်။

အသံတိတ် စာတန်းထိုးမှနောက် အသံထွက်ကား ပေါ်လာပါသည်။ စတန့် ဇာတ်ကားတွေတုန်းက တင်ဌေး၊ တင်ဖေ၊ ကျော်ညွန့်၊ ချစ်ဆွေ၊ စတန့်မင်းသမီး ခင်စန်း၊ ခင်ခင်တင့်၊ ခင်ခင်စိန်၊ မိန်းမဆတ်ဆတ်ကြဲ သူရဲကောင်းဇာတ်လိုက်များ ဖြစ်သည်။ အလှဘုရင်ကတော့ ခင်မြရင်ဖြစ်သည်။ အဲသည်ခေတ်တုန်းက ခင်မေကြီး၊ "ခင်မေ လေး" ခင်ခေတ်ဖြစ်ရာ အဲသည်ခေတ်မှာ လူလာဖြစ်ကြရသည့် ကျွန်မကိုလည်း ခင်ခင် သိန်းဟု နာမည်ပေးခဲ့ပါသည်။ ကျွန်မ အဲသည်နာမည်ကို မကြိုက်ပါ။ ဒါတောင် ဖေဖေက ပထမနေ့သင့်နံသင့်က ခင်ခင်စန်းတဲ့။ မေမေက ခင်စန်းတော့ မမှည့်ပါနဲ့ ရှင်ရယ်။ ကျွန်မ သမီးမော်တော်ဆိုင်ကယ် စီးနေပါဦးမည်ဟု ပြော၍ မမှည့်ဖြစ်ခဲ့ပါ။

ကျွန်မတို့မြို့တွင် ရုပ်ရှင်ရုံ နှစ်ရုံရှိပါသည်။ မြို့အလယ်တွင် တစ်ရုံ၊ ရန်ကုန် ပြည်သွားကားလမ်းမကြီးဘေးတွင် တစ်ရုံဖြစ်သည်။ အဲသည်ခေတ်က အဆင့်မြင့် ရုပ်ရှင်ရုံပေါ့။ ကားကောင်းလျှင် ရုံလျှံပါသည်။ ရုပ်ရှင်ပြမည့်ညတွင် တစ်နံနက်လုံး မောင်းထုကြော်ငြာဝေသူဝေ၊ မြင်းလှည်းမှာ ရုပ်ရှင်ပိုစတာ နှစ်ခုကို ဘေးတစ်ဖက် တစ်ချက်ထောင်ပြီး မြင်းလှည်းပေါ်တွင် တီးဝိုင်းသမားတွေက ရုပ်ရှင်နှင့် ပတ်သက် သည့်သီချင်းနှင့် ဖြစ်စေ၊ ဗိန်းမောင်းတီး၍ဖြစ်စေ ကြော်ငြာစာရွက်တွေကို တစ်မြို့လုံး ကြဲရာ ကျွန်မတို့ကလေးတွေက လိုက်၍ လုကောက်ရပါသည်။ ရုပ်ရှင်စာရွက် တစ်ရွက် ကို နှစ်ယောက်ဆွဲလုမိ၍ စာရွက် သူ့လက်ထဲမှာတစ်ခြမ်း ကိုယ့်လက်ထဲမှာ တစ်ခြမ်း ပြသွားလျှင် ရန်ဖြစ်ကြသည်။ တစ်ရွက်ရရုံနှင့် အားမရ၊ နှစ်ရွက်ရ အောင်ပြေးလိုက်သူ ကား ကျွန်မပါ။ ကြော်ငြာစာရွက်တွေက ကာလာအရောင်နှင့် ရိုက်ထားပြီး ဇာတ်လမ်း

အကျဉ်းကလေးလည်းပါသဖြင့် မစောတင်ဖို့ပါ တစ်ရွက် ပိုကောက်ရပါ၏။ စာရွက်ကောက်ပေးပြီး ကြော်ငြာစာရွက်တွင်ပါသမျှ စာလုံးတွေကို ဖတ်ပြရသေး၏။

အဲသည် ရုပ်ရှင်အသစ်လဲ၍ ကျွန်မတို့ အိမ်ရှေ့ကြော်ငြာ မြင်းလှည်း ဗိန်းမောင်းတီး လှည့်လာလျှင် ကျွန်မ အလွန်ပျော်သည်။ ကျွန်မတို့မောင်နှမတွေ ပြေးလိုက်ကောက်လျှင် အစုတ်ကနှစ်ရွက်၊ အကောင်းက နှစ်ရွက်တော့ ရ၏။ မစောတင်က သူ့အိပ်ရာဘေး နံရံတွင်ကြော်ငြာစာရွက်ကို ထမင်းလုံးနှင့် ကပ်၏။ ကျွန်မကတော့ ကောက်ရသည့် စာရွက်တွေကို အထပ်လိုက် စုထားပါသည်။ သတ္တိခဲ၊ ဒို့ရဲဘော်၊ စိမ်းရွှေရွှေ၊ မြိုင်ယံဘွား၊ မှိုင်းဝေဝေ၊ မင်းမဟာဂီရိ၊ ဝတ္တုရား၊ အပျိုစင်၊ စက္ကောမ၊ ဘီအေမ၊ အပျို့လင် စသည့် အသံတိတ်ကားတွေပြီးတော့ အသံထွက်ကားများ ရိုက်ကူးလာကြပါပြီ။

လေးလရာသီ ဂျပန်ပြည်၊ ချစ်စနိုး၊ စောင်းတော်ရှင်၊ မျှားနတ်မောင်၊ ချစ်အမျှ၊ ချစ်ရေစင်၊ သူဇာ၊ ဗိုလ်အောင်ဒင်၊ ဗိုလ်အောင်ဒင်ပြန်လာပြီ၊ ဣတ္ထိယ အသံထွက်ကားများ ရုံတင်တော့မည်ဆိုလျှင် (အေဝမ်းဖလင်က ရိုက်လျှင်) အေဝမ်းရုပ်စုံ ကြိုထွက်ပါသည်။ မင်းသား၊ မင်းသမီးအသစ် အချောအလှများ၏ ဓာတ်ပုံများ၊ ရုပ်ရှင်တေးသီချင်းသစ်များ၊ ဓာတ်လမ်းအကျဉ်းများနှင့် လှပစုံလင်စွာ ရိုက်နှိပ်ထုတ်ဝေပါ၏။ ရုပ်ရှင်ကားသစ် တစ်ကားပြလျှင် မင်းသားမင်းသမီးတို့၏ အဝတ်အစား ဖက်ရှင်ပုံစံများကလည်း အသစ်အဆန်းထွင်လာပါသည်။ မင်းသမီးဝတ်ဆင်သည့် လုံချည်နှင့် ရုပ်ရှင်ကား နာမည်သုံးစွဲရောင်းချကြ၏။ ဥပမာ– ဘီအေမ ဓာတ်ကားတွင် ခင်မေကြီး ဝတ်သည့် လုံချည်ဒီဇိုင်းကို ဘီအေအနားလုံချည်ဆိုပြီး ချုပ်လုပ်ဝတ်ဆင်ကြ၏။

"ရည်းစားဓားပြ၊ တစ်လိမ်နှစ်လိမ် ရုပ်ရှင်များပေါ်လာပြန်တော့ ဓာတ်ကားထဲမှ ရုပ်ရှင်မင်းသမီးချော ခင်နှင်းရီ ထုံးသည့်ကျစ်ဆံမြီးဆံထုံး၊ ကျစ်ဆံမြီးနှစ်ခွ အကုန်လိုက်လုပ်ကြပါ၏။

မြန်မာအဆွေ၊ အေဝမ်းဖလင်ရုပ်ရှင်ကုမ္ပဏီကြီးသည် ရုပ်ရှင်သာမက အမျိုးသမီးများလှပရေးအတွက် သိပ္ပံဆံမြိတ်တို၊ ဆံမြိတ်ရှည်၊ ဆံမြိတ်ပန်း တို–ရှည်၊ ဘီးပန်း၊ ဆင်းသီဂီမျက်နှာလိမ်းပေါင်ဒါ၊ ရေမွှေး၊ မေသက်ဘရားသားအမည်ဖြင့် ဖြန့်ချိသည့် မေသက်ဘရားသားမှာလည်း အေဝမ်းမြန်မာ မြန်မာအဆွေမိသားစုပိုင်ပဲ ဖြစ်သည်။

ကျွန်ဘဝဆိုရလင့်ကစား မြန်မာအမျိုးသား အမျိုးသမီးတို့ ပိုင်ဆိုင်သောကုမ္ပဏီကြီးများမှ ပစ္စည်းကောင်းအမျိုးမှန် အဖိုးမှန်များကို ရန်ကုန်နေ အမျိုးသမီးထုအတွက်

သာမက နယ်မှာနေကြသည့် အမျိုးသမီးများထံသို့လည်း စာတိုက်မှ ပေးပို့ခဲ့သည်။ ကျွန်မ၏မမက ဘီးဆံထုံး ထုံးသူဖြစ်ရာ သိပ္ပံဆံမြိတ်၊ မေသက်ဘရားသားမှ ဖယောင်းပန်း၊ အော်ဂန်ဒီပန်း ရောင်စုံများကို စာတိုက်မှပင် ငွေပို့မှာယူခဲ့၏။ ဆံထုံးခေတ် ဆံပင်ရှည်ခေတ်ဖြစ်ရာ ပန်းအစိုရာသီပန်းများ ပန်ကြသည့်ပြင် ပန်းအတု၊ ပိတ်ပန်း၊ ဖယောင်းပန်းတွေလည်း စက္ကူဘူးနှင့်သိမ်းထားကြသည်။ မိမိဝတ်ဆင်သည့် လုံချည်အရောင်နှင့် ဆင်တူပန်ကြသည်။ အလွန်ကို ကျက်သရေရှိပါသည်။

မြန်မာအဆွေကုမ္ပဏီကပင် ဒေါ်နှင်းမြ (မြင့်သက်ထား) ဇာဘော်လီအဆန်း ပေါ်လာပါသည်။ ရှေးက ချွေးခံဟုခေါ်သော ပိတ်နှင့်ရိုးရိုးချုပ်ထားသည့် ရှေ့ခွဲ ကြယ်သီးတပ်ခါးရှည် ချွေးခံပဲဝတ်ခဲ့ကြရာမှ (မြင့်သက်ထား) က ဘေးခွဲ ရင်အုံလှိုင်းကွန့်ကွန့် ဘိလပ်ဇာများနှင့် လှပသေသပ်စွာချုပ်ပြီး ရောင်းချ၍ မြန်မာမများ ကိုယ်ခန္ဓာ အလှတိုးလာကြပါသည်။ "ချွေးခံ" ဟုမသုံးတော့ဘဲ ဘော်လီဟု ခေါ်လာကြပါသည်။ အင်္ကျီလက်ကြိုးကို ယခင်က လက်နှစ်လုံးလောက်အပြားတပ်ကြသော်လည်း မြင့်သက်ထားက ဘော်လီကြိုး လက်သန်းလောက်သေးသေးကလေးနှင့် အဆန်းထွင်လိုက်၏။

မြင့်သက်ထားဘော်လီဆိုလျှင် အဆင့်မြင့် အခိုင်အခန့်အလှအဆန်းဆုံးဘော်လီအဖြစ် နာမည်ကျော်ကြား လူကြိုက်များပါသည်။ ငွေကြေးပြည့်စုံသူတိုင်း မြင့်သက်ထားကိုပဲ ဝတ်ကြသည်။ အဆန်းထွင်ခြင်း သက်သက်ချည်းမဟုတ်ဘဲ မြန်မာမကလေးများ ဣန္ဒြေပြည့်ပြည့်ဝဝလှကြစေဖို့ ယဉ်ကျေးမှုကို ထိန်းသိမ်းသော စေတနာလည်း ပါပါသည်။ ထိုအချိန်က နိုင်ငံခြားဖြစ် မျက်နှာလိမ်းပေါင်ဒါ "ပွန်ပီယာ" ဆိုတာ ရှိပါ၏။ ရေမွှေးကတော့ "အိုဒီကလုံး"၊ "ချန်နားလ်" တို့ကို ရိုးကုမ္ပဏီတိုက်ကြီးများမှ ရောင်းသည်။ မြန်မာအဆွေကုမ္ပဏီကလည်း နိုင်ငံခြားဖြစ်နှင့်ယှဉ်၍ မီအောင် အကောင်းဆုံးထုတ်လုပ်သည်။ ထို့ကြောင့် ဆင်းသီဂီပေါင်ဒါသည် ပွန်ပီယာနှင့်အပြိုင် သုံးစွဲခဲ့ကြ၏။

အဲသည်အချိန်ကာလ နှုတ်ခမ်းဆိုးဆေး၊ လက်သည်းဆိုးဆေး မပေါ်သေးပါ။ နှုတ်ခမ်းမဆိုးဘဲနဲ့လည်း နဂိုသွေးရောင်ကလေးနှင့်အားလုံး လှကြသည်သာ။ အခုနှုတ်ခမ်းဆိုးဆေးတွေပေါ်လာပြီး သုံးစွဲပြီးကြတော့ နှုတ်ခမ်းဆိုးဆေးမဆိုးလျှင် နှုတ်ခမ်းရောင်က မရှိတော့ပါ။ မဆိုးလျှင် ဖြူတူတူ ပြာတာ ဖြစ်နေတော့၏။

နှုတ်ခမ်းဆိုးဆေး မပေါ်ခင်က ပန်းစက္ကူအနီကလေးတွေနှင့် နှုတ်ခမ်းကို ပွတ်ကြသည်။ လက်သည်းဆေးမရှိတော့ ဒန်းပွင့်အနီ ပန်းရောင်ရော၍ ကြိတ် အရည်ကို လက်သည်းကို ပွတ်ရသည်။ မျက်ခုံးမွေးဆွဲတံ ခဲတံမပေါ်သေးတော့ မီးခြစ်ဆံရှဲခနဲ

ခြစ် ရေထဲစိမ်လိုက်ပြီး မျက်ခုံးမွေးသေးသေးပေါ်တွင် အမည်းရောင်ကို တင်ရပါ၏။ ဟိုတုန်းက မျက်ခုံးမွေးကို ခုံးမျက်စ သုံးရက်လပုံသဏ္ဍာန် အလှပြင်ကြသည်။ သူ့ခေတ်နှင့်သူ လှကြ၏။ ကိုကို ကာလသားတို့ကလည်း နှစ်သက်ကြသည်။ ပန်းပေါင်းနဲ့ နံ့သာဆီ အမွှေးအကြိုင် အလွန်ကြိုက်သောလူမျိုးဖြစ်၍ ရေချိုးပြီးလျှင် သနပ်ခါးခြေဆုံးခေါင်းဆုံး လူးရသည်။ ပေါင်ဒါလူးရသည်။ ပွဲလမ်းသဘင်သွားလျှင် ရေမွှေးသုံးရသည်။ ဆံပင်စုတ်ဖွားဖွား၊ အင်္ကျီလုံချည်အရောင်မွဲ အစုတ်ပလုတ် ဝတ်လျှင် လူကြီးတွေ မကြိုက်။ မင်္ဂလာမရှိ ကျက်သရေမရှိဟု ပြောပါ၏။ အိမ်မှာ အဖော်ခေါ် မွေးထားသည့် မစောတင်ပင် မေမေတို့ကို ကျွေးမွေးပြုစုသည့်အခါ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဝတ်ရပါသည်။ မေမေကိုယ်တိုင်က အိမ်ရော လူရော သန့်ရှင်းမှ ကြိုက်သည်။ ဧည့်သည်လာလျှင် ကော်ဖီချိန် ကော်ဖီ၊ လက်ဖက်ချိန် လက်ဖက်ရည်ကြမ်း၊ ထမင်းချိန် ထမင်းကျွေးရမှ ကျေနပ်၏။ စေတနာ အလွန်ကောင်းသည့် အလှူရေစက်လက်နှင့်မကွာ မကြာခဏ လှူသည်။

ဟိုတုန်းက "မွေးနေ့" ဆိုတာ သိပ်မလုပ်ကြပါ။ အဲဒါက အင်္ဂလိပ်က ကူးစက်လာသည်မို့ ဘာသာခြားတွေပဲ လုပ်ကြသည်။ ဗမာအိမ်တွေကတော့ ဘုန်းကြီး ဆွမ်းကျွေး၊ ဘုရားအနေကဇာတင်၊ ဘုရားကိုးဆူကပ်ပဲ အမြဲမပြတ် ပြုလုပ်သည်။ ပဋ္ဌင်းခံရှင်ပြုနားသမင်္ဂလာ နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာ၊ လက်ထပ်မင်္ဂလာပွဲများကတော့ သူ့အချိန်ကာလနှင့် ပြုလုပ်ကြပါသည်။

ကျွန်မတို့ မြန်မာမိသားစုများသည် သမ္မာအာဇီဝအလုပ်နှင့်ပဲ လုပ်ကိုင်စားသောက်တတ်ပြီး မိသားစု ခြောက်ယောက်မှ ၁၀ ယောက်ထိကို အိမ်ထောင်ဦးစီး ယောကျ်ားတစ်ဦးတည်းကလည်းကောင်း၊ အိမ်ရှင်မကလည်းကောင်း သို့မဟုတ် ဇနီးမောင်နှံလည်းကောင်း ရှာဖွေလုပ်ကိုင်ကြပြီး ဝဝလင်လင် အေးအေးချမ်းချမ်း ပျော်ရွှင်စွာနေထိုင်နိုင်ခဲ့ကြသည်။ မိဘကွယ်လွန်ကုန်ကြသည့် အပျိုကြီး၊ လူပျိုကြီး မောင်နှမိသားစုများဖြစ်လျှင်လည်း အစ်မ အပျိုကြီးက ဦးဆောင်၍လည်းကောင်း၊ အစ်ကိုကြီး လူပျိုကြီးက ဦးဆောင်၍လည်းကောင်း စီးပွားရေးလုပ်ငန်း တစ်ခုခုဖြင့် ရပ်တည်နေနိုင်ခဲ့ကြသည်။ ရှေးက မိဘများသည် သားသမီးနှင့် အဆွေအမျိုးတို့ကို အလွန်သံယောဇဉ် ကြီးကြလေသည်။

မသင့်တင့်ခြင်း ရန်လိုခြင်းတို့ကို အလွန်စက်ဆုပ်စွာ ရှောင်ရှားတားမြစ်ကြသည်။ ကျွန်မတို့ မိသားစုတွင် လူဦးရေအရ ရှစ်ယောက် ဖြစ်သည်။ ဖေဖေနှင့် မေမေတို့

ရင်းနှီးမြှုပ်နှံထားသော စီးပွားရေးလုပ်ငန်းက ဤမိသားစု ရှစ်ယောက်ကို အဆင့်မီ နေနိုင်ခဲ့စေရုံမက ဆွေမျိုးသားချင်း၊ အိမ်နီးနားချင်းတို့ကိုပါ နေ့စဉ်နှင့်အမျှ ဝေမျှနိုင်ခဲ့ပါသည်။ (နေ့စဉ်နှင့်အမျှဆိုသည်မှာ) ဟင်းကောင်းဟင်းမွန်၊ စားဦးစားဖျားဆိုပါက ခေါင်းရင်းအိမ်၊ ခြေရင်းအိမ်၊ အိမ်ရှေ့အိမ်၊ အိမ်နောက်အိမ် စသည်တို့ကို တစ်ပန်းကန် တစ်ခွက်ပေးပို့လေ့ရှိပါသည်။ သူ့အိမ်က ကိုယ့်အိမ်သို့လည်းကောင်း၊ ကိုယ့်အိမ်မှ သူ့အိမ်သို့လည်းကောင်း လေးအိမ်စလုံး မပို့လောက်လျှင် တစ်အိမ်အိမ်ကိုဖြင့် ဦးဦးဖျားဖျား ပြေးပို့ရသည်။ မပို့မိလျှင် မေမေက ဆူပါသည်။ အခြား ထူးထူးထွေထွေ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကောက်ညှင်းပေါင်းတို့ဆိုလျှင်တော့ များများပဲ ပို့ရသည်။

အဲဒါ ကျွန်မတို့ မြန်မာလူမျိုး၏ ဓလေ့စရိုက် ဖြစ်ပါ၏။ ကျွန်မအဘွား (အသက် ၉၀) ရှိစဉ်ကများ ခြေသံပြင်းလျှင်၊ ဝါးခနဲအော်၍ သမ်းဝေလျှင်၊ ခွက်ထိုးခွက်လန် ရယ်လျှင်၊ သီချင်းအော်ဆိုလျှင် ဘယ်သူလဲ၊ ဒါ မိန်းမလားဟု ပြောသည်။ အဘွားကို ကျွန်မတို့က "အမေကြီး"ဟုခေါ်ပါ၏။ အမေကြီးသည် ရှမ်းအစစ် မဟုတ်သော်လည်း အဖေ ဗမာ၊ အမေ ရှမ်းဟု ပြောသည်။ သီပေါမင်း ပါတော်မူချိန်တွင် ကာလပျက်၍ ခြေဦးတည့်ရာ ထွက်ပြေးခဲ့ကြရင်းမှ တောင်ငူရောက် အဲသည်က တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသည့်အတိုင်း ဘယ်ပြေးပြေး တောကြောင်တို့နှင့် မလွတ်။ စားရေရိက္ခာကလည်း ပြတ်၊ ထမင်းကျန်လေးတွေ၊ ထမင်းခြောက်ကလေးတွေကို ရေစိမ်မျိုချရပြီး လွတ်ရာပြေးရင်း ပြေးရင်း တောင်ငူ မှ ပဲခူး၊ ပဲခူးမှ တောတကာ့တောတောင်တကာ့တောင်တွေကို ဖြတ်ရင်း၊ နားရင်း ပြေးခဲ့ကြရာ သာယာဝတီကိုရောက် သာယာဝတီမှာ မအေးပြန်၍ ပေါင်းတည်ကို ရောက်ခဲ့သည်ဟု ပြောပြဖူးသည်။ ပေါင်းတည်ရောက်တော့မှပဲ အမေကြီးဘဝ ရပ်နားတော့သည်ဟု ပြောပါ၏။ စုဆောင်းချမ်းသာသမျှ ရွှေ၊ ငွေ ကျောက်သံပတ္တမြား လက်ဝတ်လက်စား အထုပ်မှာလည်း ရှမ်းပြည်မှ ပြေးခဲ့ရသည့် တောလမ်းတစ်လျှောက်လုံး တောပုန်းဓားပြတို့၏ လုယက်မှုကြောင့် အသက်နှင့် ခါးဝတ်ခါးစားပဲ ကျန်ခဲ့သည်။ အင်္ဂလိပ် လက်အောက် ရောက်ရှိ ခရီးလမ်းပေါက်တော့ အဘိုးက သူ မြေမြှုပ်ဝှက်ထားခဲ့သည့် ပစ္စည်းများကို သွား၍ တူးဖော်ယူလာရာ ရှေးကျွန်းသေတ္တာကြီးတစ်လုံးနှင့်အပြည့် ငွေထည်၊ ဖလားစုံ ရုပ်စုံ၊ ကွမ်းအစ်၊ ငွေလင်ပန်း၊ ငွေရေတကောင်း၊ ငွေဖလားကြီးငယ်များ၊ ငွေဘုရား ဆင်းတု၊ ငွေဘုရားပန်းအိုး၊ ငွေဆွမ်းတော်ကလပ်နှင့် ဆွမ်းတော်ပန်းကန်ပြား၊ ငွေရေတော်ခွက်

များ၊ ပယင်းနားကပ်၊ ပယင်းပုတီး၊ ဆွဲကြိုး၊ ချိတ်ပုတီး၊ လက်ကောက်များ၊ ကျောက်စိမ်းနားကပ်၊ လက်စွပ် နုနုရွရွ ဘော်လည်ဆွဲ၊ ကြယ်သီးများ အများကြီးပါပဲ။ အဲဒီအသက်အရွယ်တုန်းကဆိုတော့ အဲသည်လောက်ပဲ မှတ်မိပါတော့သည်။ အဖိုးတန် ရွှေလက်ဝတ်လက်စားနှင့် ငွေဒင်္ဂါးများကတော့ အဲသည်ကျွန်းသေတ္တာကြီးထဲ မထားမိခဲ့၍ တက်တက်ကုန်ပါရောဟု အမေကြီးက ပြောပြဖူးသည်။ အမေကြီး၏ နားပေါက်ကြီးမှာ ကျွန်မ လက်ညှိုးနှင့် ထိုးကြည့်တော့ရ၏။ နားပေါက်ကြီး ဘာလို့ကျယ်နေသလဲဟု မေးတော့ ရွှေနားကပ်ကြီးလေးလို့ လုံမလေးရဲ့ဟု ပြောသည်။ နာမည်မခေါ်ပါ။ လုံမလေးပဲ ခေါ်ပါသည်။ အဘိုးနာမည်က "ဦးစီလွန်" အဘွားနာမည်က "ဒေါ်စိတ်ကောင်း" ဖြစ်သည်။ အဘွားက သူ့သမီးနှစ်ယောက်ကို မမြခင်၊ မစိန်ခင်ဟု အတိတ်နိမိတ်နှင့် နေသင့်နံသင့်မှည့်သည်။ ကျွန်မကိုလည်း နေ့သင့်နံသင့်နှင့် မငွေခင်ဟု မှည့်သတဲ့။ မေမေက မကြိုက်၍ မမှည့်ဖြစ်ခဲ့။ တော်ပါသေး။

ကျွန်မ အသက် ၁၃ နှစ်တွင် အမေကြီး ကွယ်လွန်ခဲ့၏။ အဘိုးကိုတော့ မတွေ့ဘူး မမြင်ဘူးလိုက်ပါ။

အမေကြီးရှိစဉ်ကတည်းက ဘုရားဆွမ်းတော်ပွဲ၊ ရေတော်ပွဲများ ပြင်ဆင်ပေးရသည်။ အမေကြီးကတော့ ဘုရားတစ်ခါ ရှိခိုးလျှင် စီကာပတ်ကုံး ဘုန်းတော်ဘွဲ့ကို ရွတ်ဖတ်ရှိခိုးရာ တစ်နာရီလောက် ကြာသည်။ ကျွန်မကတော့ ငယ်လည်းငယ်သေး ကျောင်းတက်ရန်အချိန်ကလည်းနီး ရေချိုး၊ သနပ်ခါးလူး၊ အဝတ်လဲစရာတွေနှင့်မို့ ပေါက်ဆိန်ပေါက်ပဲ ဦးချပြီး ကျောင်းသို့ ပြေးရပါသည်။ ဘုရားပန်းအိုးတွေ၊ နတ်အိုးတွေ များလှပါသည်။

တစ်ခါတလေ ကျွန်မနိုင်သည့် ဘုရားအိုး၊ နတ်အိုးကလေးတွေကိုလည်း ကျွန်မလည်း ကူညီလုပ်သည်။ သို့ကြောင့် ငယ်စဉ်က အလေ့အကျင့်သည် ယနေ့ထိ အချိန်ကျလျှင် မနေနိုင်ပါ။ မျက်နှာသစ်တော်ရေ၊ ရေချမ်းတော်ရေ၊ သောက်တော်ရေ၊ တစ်နေ့သုံးကြိမ် ကပ်ရပါ၏။ ယနေ့ထိလည်း ဝတ်မပျက်ပါ။ နေထိုင်မကောင်း၍ မထနိုင်တော့မှဘဲ အိပ်ရာထဲမှ လက်အုပ်ချီရသည်။ နေ့စဉ် အလှူကြီးတွေမပေးနိုင် ရွှေငွေတွေ မလှူနိုင်ပေမယ့် ရေကိုတော့ နေ့စဉ် လှူခဲ့ပါ၏။

အဲသည်လိုနှင့် ကျွန်မအသက် ၁၅ နှစ် ရောက်ပါပြီ။ မေမေ မမ ဒေါ်ဒေါ်လေး မစောတင်တို့ အိမ်နီးချင်းဆွေမျိုးတွေက ကျွန်မကိုခါတိုင်းလို ကလေးဟု မသတ်မှတ်တော့ဘဲ "ညည်းကလေး မဟုတ်တော့ဘူး" ဟူသော ထူးဆန်းသည့်စကားနှင့် ကျွန်မကို

ဆီးတားလာကြပါသည်။ ဟိုအိမ်သည်အိမ် ကိုယ်စိတ်နှင့်ကိုယ် စွတ်ခနဲ ကူးသွား၍ မရတော့ပါ။ သွားကာနီး ဘယ်သူ့ဆီ ဘယ်နှနာရီ ဘယ်မိနစ်ကြာမည် ပြောရသည်။ နည်းနည်းလေးကြာလျှင် အိမ်ကနေ အစ်ကိုလေးက တယောသံနှင့် ကျွန်မကို ခေါ်သည်။ ကျွန်မက အပါး။ မကြားချင်ယောင်ဆောင်နေလျှင် အာပြဲကြီးနှင့် လှမ်းခေါ်ပါတော့၏။

ကျွန်မ စိတ်ဆိုးပြီး ပြန်လာပြီး အစ်ကိုလေးက ဘာမှန်းလည်း မသိဘူးဟု ပြောလျှင် နင်က ကဗျာဆန်ဆန် ဂီတသံနဲ့မှ ခေါ်လို့မရတော့ ငါက ငါ့အာ ဘယ်လောက်ကောင်းတယ်ဆိုတာ စမ်းကြည့်တာဟု ပြောသည်။ သူတို့က ဝိုင်းရယ်ကြလျှင် ကျွန်မက နှုတ်ခမ်းစူပြီး အပေါ်ထပ်တက်တော့သည်။ ကျွန်မအလုပ်က အဲဒါပဲ ဖြစ်သည်။

နောက်တော့ မေမေတို့ မမတို့ တိုင်ပင်ကြပြီး အိမ်သို့ ဆင်းဂါးအပ်ချုပ်စက် အသစ်တစ်လုံး ရောက်လာပါတော့၏။ မစောတင်က ဝမ်းသာ၍ ထက၏။ ဩော် သူတို့ ဟိုတစ်နေ့က ဝိုင်းထိုင်တိုင်ပင်နေကြသည်မှာ ဒါကိုးဟု သဘောပေါက်ပါသည်။ မစောတင်ကို ဒေါ်ဒေါ်လေးက စက်ချုပ်သင်ပေးထား၍ ခြင်ထောင်၊ ခေါင်းအုံးစွပ်၊ ပုဆိုး၊ ထဘီ၊ ကလေးဂါဝန်၊ ရှပ်၊ ဘောင်းဘီ အားလုံး ချုပ်တတ်သည်။ ကျွန်မတို့အိမ်မှာလည်း မောင်လေး၊ ညီမလေးတွေနှင့်မို့ အဝတ်အစား ခဏခဏ ချုပ်ရသည်။ စက်လည်း မရှိ၊ ချုပ်မည့်သူလည်း မရှိလို့ အပြင်မှာပဲ အပ်ရသည်။ ဒေါ်ဒေါ်လေးက အပြင်မှာ အပ်ချုပ်တာ မကြိုက်ပါ။ မိန်းမရှိသည့်အိမ်တွင် စက်တစ်လုံးရှိရမည့် တရားဟောသွားဟန် တူပါသည်။ မစောတင်ကလည်း သူ စက်ချုပ်တတ်ကြောင်း ပြချင်၍ ဖေဖေ့ပုဆိုးပြဲကို စချုပ်ပြသည်။ အသစ်ချုပ်စရာမရှိသေး၍ ကျွန်မလည်း ရှင်မီးပြဲ၊ လုံချည်ပြဲတွေ မစောတင်ဘေး စုပုံပေးလိုက်သည်။ မေမေတို့ ညနေပြန်လာတော့ မစောတင်က အစုတ်အပြဲတွေ အားလုံးချုပ်ပြီးကြောင်း ပြောရာ မေမေက သဘောကျစွာ ပြုံးသည်။ ကျွန်မကို စက်နင်းစက်ချုပ် သင်ပေးတော့ဟုလည်း ပြောသည်။ ဘိုင်စကယ်စီးတတ်စ ဆိုင်ကယ်ပေါ်က မဆင်းချင်သလိုပင် ကျွန်မလည်း စက်နင်းသင်ရင်း စက်ပေါ်က မဆင်းချင်၊ ကျွန်မ ဘိုမရုပ်ကလေးဖို့ အင်္ကျီ၊ ဂါဝန်ကလေး ချုပ်သည်။ မစောတင်က လက်ကိုအပ်ပေါက်မည် သတိထားချုပ်ဟု မကြာခဏ သတိပေး၏။ စက်သည် လက်ထက်မြန်ခြင်း၊ သေသပ်ခြင်းစသည့် သဘောများကို ကျွန်မ တွေ့သိလာပါသည်။

ကျောင်းကပြန်လာလျှင် စက်ပေါ်ပြေးထိုင်၍ အရုပ်ကလေးအတွက် ဘောင်းဘီ

ကလေး၊ ရှင်မီး၊ ဂါဝန်ရှည်ကလေးတွေ ချုပ်သည်။ အိမ်လည်သွားရန် အချိန်မရတော့ပါ။ လာနေကျ ကျွန်မ မလာ၍ သူတို့က ကျွန်မဆီရောက်လာကြပြီး သူတို့ပါ စက်ချုပ်သင်ကြ၍ ပျော်စရာကောင်းပါသည်။ နောက်တော့ ဟိုအိမ်က အပြလာချုပ် သည်အိမ်က အစုတ်လာချုပ်နှင့် မစောတင်က စိတ်မရှည်တော့ဘဲ အပြတွေ လာမချုပ်ကြနဲ့၊ အသစ်လာချုပ်ကြ၊ ဒီစက်က အပြချုပ်တဲ့ စက်စုတ် မဟုတ်ဘူး။ စက်သစ် ဆင်းဂါး စက်သစ်ဟု ပြောတော့မှ လာမချုပ်ဝံ့ကြတော့ပါ။ ဟုတ်ပါ၏။ အိမ်နီးချင်း ဆိုတာက လည်း သဘောကောင်းသည့်အိမ်ဆိုလျှင် ကောင်းကောင်း အနိုင်ကျင့်တတ်ကြသည်။ ငရုတ်သီး၊ ကြက်သွန်ဖြူနီ၊ ဆီ၊ နနွင်း၊ ဆားကအစ တစ်တက် တစ်ကော် တစ်ဆုပ် လာလာတောင်းကြတာတွေကတော့ ရိုးနေပါပြီ။ အဲဒါတော့ မေမေကလည်း ခွင့်ပြုပါသည်။ စက်ကျတော့ မနင်းတတ်၊ မလှည့်တတ်၍ အပ်ခဏခဏ ကျိုးတော့ မစောတင်က စက်အဖုံးကို ပိတ်ထားတော့သည်။ အဲသည်တော့မှ စက်ပြဿနာ အေးသွားပါသည်။

ကျွန်မ အိမ်မလည်တော့ပါ။

အိမ်က လူကြီးတွေကလည်း အိမ်လည်တာကို ခွင့်မပြုတော့ပါ။ ဘာဖြစ်လို့ပါလိမ့်ဟု ကျွန်မ စဉ်းစားမရပါ။ တစ်နေ့ ခြံရှေ့ထောင့်ရှိ ကင်ပွန်းချဉ်ပင်မှ ကင်ပွန်းချဉ်ရွက်ဟင်းချက်ဖို့ မစောတင်က ခူးခိုင်း၍ ကျွန်မ မီသော အကိုင်းနုကလေးများကို ကတ်ကြေးနှင့် တချွတ်ချွတ်ညှပ်နေစဉ် အိမ်ရှေ့လမ်းပေါ်မှ ဖြတ်သွားသည့် ဘိုင်စကယ်ပေါ်မှ စက္ကူပုံ ခေါက်ထားသည့် စာတစ်စောင် ကျွန်မ ခြေထောက်ပေါ် ဒေါက်ခနဲ ကျလာသည်။ ဘိုင်စကယ်ကို အမြန်နင်းသွားသူ ကျောပိုင်းပဲ မြင်ရရာ ဘယ်သူမှန်း မသိလိုက်တော့ပါ။ စာခေါက်ကို ကောက်ရမလား။ ကင်ပွန်းချဉ်ရွက် ဆက်ညှပ်ရမလား စဉ်းစားနေပြီး ကင်ပွန်းချဉ်ရွက် ဆက်မညှပ်တော့ဘဲ ဘေးဘီကြည့်ကာ ဘယ်သူမှ မရှိတော့မှ စာခေါက်ကို ကောက်ပြီး ရင်မီးကြားထဲ ထည့်လိုက်ကာ ခပ်တည်တည်ပဲ မစောတင်ကို ဗိုက်နာလို့ ပြောပြီး ကင်ပွန်းချဉ်ရွက်နှင့် ကတ်ကြေးကို မီးဖိုထဲမှာ ပေးခဲ့ပြီး အိမ်သာကို ပြေးခဲ့သည်။ အိမ်သာထဲ ကျွန်မ မရဲတရဲနှင့် စက္ကူခေါက်ကလေးကို ဖြည်းဖြည်း ဖြည်လိုက်ရာ–

**မောင့် အချစ်ဦးခင်**

ဟု တွေ့ရပါသည်။ လက်ရေးလှပါသည်။ ကျွန်မ ဆက်မဖတ်ရဲတော့၍ စာကို

ပြန်ခေါက်လိုက်သည်။ တကယ့်ကို ဆက်မဖတ်ရဲတော့ပါ၊ ရင်တွေခုန်လာသည်။ လက်တွေတုန်လာသည်။

မောင်အချစ်ဦးခင်တဲ့

ကျွန်မဦးနှောက်ထဲသို့ အဲသည်စာလုံးကလေး ငါးလုံးတန်းစီပြီး ဝင်သွားကြသည်။ ရင်ဝယ်လှုပ်ရှား ထူးခြားမှုတစ်ရပ်ကိုလည်း ခံစားလိုက်ရ၏။ သူ့မျက်နှာကို မမြင်လိုက်ရပါ။ နောက်ဘက်က ကြည့်လိုက်တော့လည်း ဘယ်သူဟု မသိပါ။ သူငယ်ချင်း ယောကျ်ားလေးတွေမှာလည်း ဘိုင်စကယ်မရှိကြပါ။ ကျွန်မ အိမ်သာမှ ဆင်းလာပြီး အိမ်ပေါ်ထပ် တန်းတက်ခဲ့ပါသည်။ အဲသည်နေ့က ကျောင်းပိတ်ပါ၏။ သည်စာကို ကျွန်မ ကိုင်မထားဝံ့ပါ။ ဖျောက်ဖျက်ရပါမည်။ ဤလို ရည်းစားစာ ကျွန်မဆီမှာ တွေ့လျှင် မလွယ်ပါ။ ဖြေရှင်းနိုင်ရပါမည်။ အခု ဖြေရှင်းနိုင်ဖို့ဝေးလို့ ဘယ်သူမှန်းတောင် မျက်နှာ မတွေ့လိုက်ရပါ။ ကျွန်မ ဘာမှဆက်မဖတ်တော့ဘဲ မီးခြစ်ယူပြီး မီးရှို့ပစ်လိုက်မိပါသည်။ ညှော်လိုက်တာဟု အောက်ထပ်မှ အော်သံ ကြားရသည်။ ကျွန်မ ငြိမ်နေလိုက်၏။ မစောတင်၏ ညှော်လိုက်တာ စက္ကူ မီးလောင်စော်ကြီးဟု ပြောသံကြားလျှင် ကျွန်မကပါ ဟုတ်တယ် မစောတင်ဟု ဝင်ပြောလိုက်ပါ၏။ မှင်သေသေ မျက်နှာကလေးနှင့်ပေါ့။ ရေချိုးတော့လည်း ရေသံတွေကြားက မောင့်အချစ်ဦးခင်၊ သနပ်ခါးလူးတော့လည်း မောင့်အချစ်ဦးခင်၊ ထမင်းစားတော့လည်း မောင့်အချစ်ဦးခင် ဟာ... အဲသည်နေ့က တစ်နေ့လုံး မောင့်အချစ်ဦးခင် နေပါတော့၏။

အင်း... ငါတောင် ဒီလောက် စိတ်လှုပ်ရှားနေလျှင် သူရော ဘယ်လိုဖြစ်နေမည်နည်း။ ဟာ... သူ့ဟာသူ သေပေစေ။ ငါနဲ့မှ မဆိုင်တာဟု စိတ်ကို တင်းနေရသည်။ နောက်နေ့ ကျောင်းသွားတက်တော့လည်း "ငါ့ကို စာပေးတာ ဘယ်ကောင်လဲ" ဟု အကဲခတ်ရာရာ ဘယ်သူမှ ဣန္ဒြေမပျက် ခါတိုင်းလိုပဲ ရယ်ရယ်မောမော ဖြစ်သည်။ ကျောင်းသွားဖက်သူငယ်ချင်း အထွန်းကို ဖွင့်ပြောလိုက်ရကောင်းမလား။ ရှက်၍ မပြောဖြစ်ပါ။ အထွန်းက နင် ဘာဖြစ်နေတာလဲဟု မေးရာ ဘာမှမဖြစ်ပါဘူးဟု ဖြောင်လိမ်ခဲ့မိသည်။ ကျွန်မ မှင်သေသေနှင့် နေလာသည်မှာ နှစ်ပတ်ကျော်သွားပြီ။ ကင်ပွန်းချဉ်ပင်နား မသွားဝံ့တော့ပါ။ ခါတိုင်း ညနေထိုင်နေကျ ခုံတန်းလျားကလေး ပေါ်မှာလည်း သွားပြီး စာမကြည့်တော့ပါ။ ကျွန်မ အချိန်နှင့်အမျှ မလုံမလဲနှင့် ကျောချမ်းနေသလို ဖြစ်နေသည်။ နောက်တော့ ကျွန်မ မနေနိုင်တော့၍ "အချစ်ဆုံး အထွန်း" ကို ဖွင့်ပြောမိရာ အထွန်းက ကျွန်မကို ကြည့်၍ ရယ်နေသည်။ ငါ

စိတ်ညစ်နေတာ နင်က ဝမ်းသာတယ်ပေါ့ဟု ပြောတော့ ရယ်စရာကောင်းလို့ ရယ်တာ ပေါ့ဟဲ့ဟု ပြောပြန်သည်။ ကျောတချမ်းချမ်းနှင့်နေရသည်ကိုပြောရာ "အထွန်း" က ငါ သိတယ်ဟု ပြော၏။ အထွန်းက ဈေးကိုင်နေ၍ အတော်ချော့မေးမှ သူ အစ်ကို ကိုထွန်းဟု ပြော၏။ အထွန်းနှင့် မောင်နှမဝမ်းကွဲ တော်သည်။ မြန်မာကျောင်းမှ ရှစ်တန်းပညာကို သင်နေသူဖြစ်ပြီး ကျွန်မနှင့် ငယ်ပေါင်း ကျောင်းနေဖက်ပါ။ ဒါပေမဲ့ တစ်ခါမှ ကျွန်မအပေါ် သူ စိတ်ဝင်စားကြောင်း လက္ခဏာမပြခဲ့ပါ။ ခပ်ဝေးဝေး ခပ်တည်တည်ပဲနေသူ ဖြစ်သည်။ သူ့မိဘများက တောမှာ လယ်လုပ်သည်။ တစ်ဦး တည်းသောသားကို သူတို့လို ပင်ပင်ပန်းပန်း လယ်သမားမဖြစ်လို၍ ဦးကြီးနှင့် ကြီးတော်ထံတွင် ပညာသင်ကြားနေစေခဲ့သည်။ သဘောကောင်းပါသည်၊ ကျွန်မနှင့် အထွန်း၏အလိုကိုလည်း လိုက်ပါသည်။ ဆောင်တော်ကူးပန်းတွေပွင့်ချိန်၊ ပိတောက် တွေ ပွင့်ချိန်၊ ညမွှေးပန်းများပွင့်လျှင် ကျွန်မကို ဦးဦးဖျားဖျား လာပို့တတ်၏။ ဒါပေမဲ့ ကျွန်မမျက်နှာကိုတောင် သူ စေ့စေ့မကြည့်ရဲသူပါ။ ကျွန်မက သူငယ်ချင်းပေါက် သောက် မပေါင်းတတ်ပါ။ သီးသီးသန့်သန့်ပဲ ပေါင်း၍ အချို့က ကျွန်မကို မာနကြီး သည်ဟု ထင်ကြသည်။ အမှန်က မာနကြီးသည် မဟုတ်ပါ။ ကျွန်မလောက် သဘော ကောင်းတာ ရှားပါမည်။ သူငယ်ချင်းတွေကို ကျွန်မက ငါ့လောက် သဘောကောင်းတာ နင်တို့ အသိပါ။ ဒါပေမဲ့ ငါ့ကို မာနကြီးတယ်လို့ ထင်ကြတယ်။ တကယ်တော့ ငါ ဟာ သနားစရာကောင်းတဲ့ မိန်းကလေးပါဟယ်ဟု ပြောလျှင် သူငယ်ချင်းတွေက ဝိုင်းရယ်ကြလေသည်။ အဲသည်လိုနှင့် "ကိုကိုထွန်း" မှန်းသိရော သူ့ကို ကျွန်မ ခါတိုင်း လို တွေ့လျှင် မခေါ်တော့ပါ။ ပန်းတွေ လာပို့လျှင် "မယူချင်ပါဘူး" ဟု ပြောလွှတ်လိုက် သည်။ မစောတင်က ညည်းမပန်ချင်နေပေါ့။ ငါ ပန်မှာပေါ့ ဘာလို့ အဲဒီလို ရိုင်းစိုင်းရ တာလဲဟုတောင် ဆူခံရသည်။ ဘာမှလည်း မသိကြဘဲနှင့် ဆူဖို့ပဲ တတ်ကြသည်။ နောက်တစ်ခါ ကျောင်းရောက်၍ ကျွန်မ ခုံကို ဖွင့်ပြီး လွယ်အိတ်ထဲထည့်မည်လုပ်ရော စာအိတ်အပြာကလေး တစ်ခု တွေ့ရပြန်ပါသည်။ ဘယ်သူမှမသိခင် သိမ်းလိုက်ပါ သည်။ တစ်နေ့လုံး ဖွင့်ဖတ်ချိန်မရှိ ကျောင်းဆင်း၍ အိမ်ပြန်ရောက်တော့မှ ဖောက်ဖတ် ရာ–

"အချစ်ဦး–သိန်း"

ဟု တွေ့ရပြန်သည်။ အရင်တစ်ခါက စာဆုံးအောင် မဖတ်လိုက်၍ စာပေးသူ ဘယ်သူ မှန်း မသိလိုက်ရသည့်သာဓကရှိ၍ ယခုတစ်ခါတော့ စာအဆုံး လက်မှတ်ထိုးသူကို

ဖတ်ကြည့်လိုက်ရာ သူ့လက်မှတ်က ဖတ်မရအောင် ရှည်ရှည်ဝေးဝေး ရှုပ်ရှုပ်ထွေးထွေး ရေးထိုးထားသည်။ ဒါပေမဲ့ ဒါ ဘယ်သူ့လက်ချက်လဲ ကျွန်မသိသည်။ နှစ်ရက်လောက်က ကျောင်းလှေကားအဆင်းတွင် တစ်တန်းတည်း ကျောင်းသား စိန်ဝင်းက လှလိုက်တာဟုပြော၍ ကျွန်မ သူ့ကို ထီးရိုးနှင့် ထိုးခဲ့သည်။ သူက ပြုံးကြည့်ပြီး ကျန်ခဲ့သည်။ သူပဲ ဖြစ်မှာဟု ကျွန်မ ထင်လိုက်သည်။ စာသင်နေချိန် သူ့ကို အကဲခတ်ချိန် မရ။ နေ့လယ်မုန့်စားဆင်းတော့ သူ့ကိုတွေ့ပြီး ကျွန်မ မျက်စောင်းထိုးကြည့်လိုက်ရာ သူက ပိုတောင်လှသေးဟု ပြောသွားပါသည်။ ဟုတ်ပါသည်။ သူ့မျက်နှာ မချိုမချဉ် ပြုံးစိစိနှင့် ဖြစ်သည်။ ရန်တွေ့လိုက်ချင်ပေမယ့် သူမဟုတ်လျှင် ဒုက္ခ။ ကျွန်မ ဟိုလူထင် သည်လူထင်နှင့် စာကို ဆုတ်ပစ်လိုက်ရသည်။ ကျွန်မကို စာပေးသည့်သူများ အလွန်ကံဆိုးပါ၏။ သူတို့ကလည်း မရဲဘဲနှင့် ကျွဲပြိစီးကြ၏။ ကျွန်မကလည်း ရည်း စားထားလိုသော စိတ်မရှိသေးပါ။ မစောတင်က ယောကျ်ားတွေ မကောင်းကြောင်း ယောကျ်ားကို ဝေးဝေးက ရှောင်ဆို၍ ဝေးဝေးက ရှောင်ပါသည်။ ယောကျ်ား မကောင်းကြောင်း ပြောလျှင် အစ်ကိုလေးနှင့် မစောတင် အလုပ်တွေ လုပ်ရင်း ရန်ဖြစ်တတ်၏။

ခင်ဗျားယောကျ်ား "စံကေး" မကောင်းတိုင်း တခြားယောကျ်ားတွေပါ မကောင်းတော့ဘူးလား။ စကားပြောတာကြည့်ပြောဟု အစ်ကိုလေးက ပြောပါသည်။ ထို့ကြောင့် ကျွန်မ ယောကျ်ားကို ကြောက်၏။ အမေ၊ အစ်မ၊ အဒေါ်တို့ကလည်း ကြောက်အောင်ပဲ ပြောထားကြသည်။ စာပေးခံရတာကိုတော့ စိတ်လှုပ်ရှားပါ၏။ ခါတိုင်းခေါ်နေကျ ပြောနေကျ မခေါ်ဝံ့ မပြောဝံ့တော့ဘဲ အရှိန်တန့်သွားသည်။ အထွန်းအိမ်တွင် "ကိုထွန်း" ရှိ၍ ကျွန်မ မသွားတော့ပါ။ အိမ်က ကိစ္စတစ်ခုနှင့် လွှတ်၍ပင် ကျွန်မ မသွားတော့။ အိမ်က ဘယ်သူမှလည်း မသိကြပါ။ မေမေက ကျွန်မကို ကြည့်၍ ငါ့သမီးလေးက ထွားလာလိုက်တာဟယ်ဟု ပြောသည်။ အင်္ကျီကျပ်၊ ထဘီတိုကျဉ်းတွေကိုလည်း သိမ်း၏။ အသစ်တွေ ချုပ်ပေးသည်။ တစ်နေ့တွင် ည တစ်ရေးနိုးချိန် မမ ငိုနေသည်ကို သိရသည်။ စောင်ခေါင်းမြီးခြုံ၍ ငိုနေခြင်း ဖြစ်၏။ မမနှင့်ကျွန်မ တစ်ခုတင်တည်း အိပ်ရာ ကျွန်မ မမစောင်ကို လှပ်ပြီး

"မမဘာပြုလို့လဲဟင်" ဟုမေးပါသည်။ "မမက ဘာမှပြန်မပြောဘဲ သူ့စောင်ကြီးကိုပဲ ခေါင်းမြီးဆွဲခြုံသည်။ ကျွန်မက အတင်းဆွဲဖွင့်သည်။

"မမ ဘာပြုလို့လဲ" ဟု ကျွန်မ သိလိုဇောနှင့် မေးပေမယ့် မမက ခေါင်းသာခါ၏။

အိမ်အပေါ်ထပ်မှာ သူနှင့် ကျွန်မပဲအိပ်၍ ကျွန်မတို့ တစ်ရေးနိုး ပြောဆိုသံများ ဘယ်သူမှ မကြားနိုင်ပါ။ မမသည် လှလည်းလှ သဘောလည်း အလွန်ကောင်းပြီး မိဘစကားကိုလည်း နားထောင်ပါသည်။ ကျွန်မကမှ စိတ်ဆိုးစိတ်ကောက်ရှိသေး။ မမက အဲဒါတွေ မရှိပါ။ သူတစ်ပါးကို အလွန်သနားတတ်သည်။ လုံချည်၊ အင်္ကျီဝယ်လျှင် တောင် သူ့အဆင် ကျွန်မ ကြိုက်လျှင် သူမယူဘဲ ပေးပါသည်။ အစားစာလျှင်လည်း ကျွန်မပါးစပ်ထဲ တစ်လုတ်တစ်ဖဲ့ခွဲ၍ ကျွေးသည်။ မမမှာ စိတ်ညစ်စရာလည်း မရှိပါ။ ဘာလို့ ငိုနေပါလိမ့်။ ကျွန်မ အတင်းမေးသော်လည်း မပြောပါ။

နောက်တစ်လလောက်ကြာတော့ မမကို ဒေါ်ဒေါ်လေး ပန်းတောင်းကို ခေါ်သွားသည်။ ကျွန်မ ကျောင်းမပိတ်၍ မလိုက်ရပါ။ ဒေါ်ဒေါ်လေးတို့ ပန်းတောင်း ပြောင်းသွားရကတည်းက အရင် အင်းမ၊ ရွှေတောင်မှာတုန်းကလို ခဏခဏ လာမခေါ်နိုင်တော့။ ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းရှိ ပန်းတောင်းမြို့မှာ ကျွန်မတို့ ပေါင်းတည်မြို့နှင့် နီးသည် မဟုတ်ပါ။ ယခု ဒေါ်ဒေါ်လေးရောက်လာပြီး မမကို ခေါ်သွားလေသည်။ ကျွန်မ နားမလည်ပါ။ မမကလည်း တစ်ညလုံး ငိုပြီးတော့မှ လိုက်သွားပါသည်။ ကျွန်မကိုလည်း မျက်ရည်တွေနှင့် ဖက်နမ်းသွားပါသည်။ မစောတင်နှင့် အိပ်နော်ဟုလည်း မှာသည်။ မုန့်ဖိုးဒင်္ဂါး နှစ်ပြားလည်း ပေးခဲ့သည်။ ကျွန်မတို့၏ ညနေစာ ထမင်းဝိုင်းကြီးတွင် မမနေရာလွတ်နေ၍ အားလုံး မျက်နှာမကောင်းကြပါ။ မမကို သတိရသော်လည်း ဘယ်သူမှ မမအကြောင်း မဟကြပါ။ ထူးပါသည်။ ကြာတော့ ကျွန်မ မမကို လွမ်း၍ မစောတင်ကို ဖက်ပြီး ငိုမိရာ–

"ငါလည်း လွမ်းတယ် မမကြီးဟာ သမီးကို ချစ်တာမှ မဟုတ်ဘဲ နှစ်တာ နှစ်တာ" ဟု ပြောသည်။

မမကြီးဆိုတာ မေမေ့ကို ခေါ်တာ ဖြစ်ပါ၏။

"မမ ဘာဖြစ်လို့လဲဟင်"

"နင် ဘယ်သူ့မှ မပြောနဲ့နော်"

"မပြောပါဘူး မစောတင့်ရဲ့။ ရှိကြီးခိုးပါတယ် ပြောပါ"

ကျွန်မ မစောတင်ကို ရှိခိုးလိုက်ပါ၏။ မစောတင်ကလည်း နှပ်တွေ တရှုံ့ရှုံ့နှင့်

"မြင့် ကြိုက်နေတဲ့လူနဲ့ သဘောမတူလို့" ဟု ကြားရသည်။ မမကို မြင့်ဟုပဲ ခေါ်ကြသည်။ အချို့က မြင့်မြင့်ဟု ခေါ်သည်။

"မမနဲ့ ဘယ်သူနဲ့ ကြိုက်လို့လဲဟင်"

မကြားစဘူး စကားထူးများကြောင့် ကျွန်မ သိပ်သိချင်လာသည်။

"ကိုမောင်တဲ့"

"ဟို... ည ည တယောထိုးထိုးသွားတဲ့ လူလား"

"အေး"

"အဲဒီလူကြီးက သိပ်ချောတာ"

"ဘယ်လောက်ချောချော ညည်းအမေကတော့ သူဌေးသားမို့ သဘောမတူဘူးတဲ့"

"ဟင်"

ကျွန်မရင်ထဲ ဘယ်လိုခံစားလိုက်ရမှန်း မသိပါ။ ဒါလောက်ရိုးတဲ့အေးတဲ့ မမ ဘယ်လိုလုပ်ပြီး အဲဒီကို ကိုမောင်ဆိုတဲ့လူနဲ့ တွေ့ပါလိမ့်။

"မမကြီးက သူ့သမီးကိုတော့ သူဌေးဝေးရော၊ မြို့က သူဌေးသားနဲ့တောင် မပေးစားဘူးတဲ့။ အရာရှိ လခစား ပညာတတ်နဲ့မှ ပေးစားမတဲ့"

"ဟင်... မေမေကလည်း ဂုဏ်မက်လိုက်တာ"

"အေးဟယ် ကိုယ့်မှာလည်း ပိုက်ဆံတွေရှိသားနဲ့။ သူ့သမီးကို ရွှေပေါ်မြတင်ဆင်ခဲ့ထားတဲ့တာဟာ တောသားဖို့ မဟုတ်ဘူးတဲ့"

ကျွန်မငေးပြီး တစ်ခုကို သွားသတိရလိုက်သည်။

ကျွန်မ ငယ်ငယ်က ဆရာမဒေါ်အေးမိနှင့်ဦးလေးကျော်တို့လည်း ပိုက်ဆံချမ်းသာကြပါလျက် မိဘသဘောမတူ၍ ချစ်သူနှစ်ဦးလွဲခဲ့ ကွဲခဲ့ကြ၏။ မိဘတွေ သဘောမတူတာကို ဆရာမဒေါ်အေးမိတို့၊ မမတို့ မကြိုက်ကြသလဲ။ ဦးလေးကျော်နှင့် ဆရာမဆိုလည်း ရှေ့သွားနောက်လိုက် ညီတာပဲ။ ဟော... အခု မမနှင့် ကိုမောင်ဆိုလည်း ရှေ့သွားနောက်လိုက် ညီတာပဲ။ မမသည် မေမေနှင့် ရင်အုပ်မကွာ တစ်နေ့လုံး တူတူနေရသည့်ကြားမှ ဘယ်လိုလုပ်ပြီး အဲဒီကိုမောင်နှင့် တွေ့ကြပါလိမ့်။ ကြိုက်ဖြစ်ကြပါလိမ့်။ ကျွန်မ ဦးနှောက်ကွန်ပျူတာက တွက်ချက်စစ်ဆေးနေပါပြီ။ ကျောင်းစာတွေကျက်ရသည့်ကြားတွင် မမကိစ္စကပါ တစ်ခုတိုးလာသည်။

မေမေက ကျွန်မကိုလည်း ယခင်ကထက် စည်းကမ်းများဖြင့် ကြပ်မတ်လာသည်။ မိန်းကလေးပီသရမည့် ဝတ်စားနေထိုင်ပြောဆိုသွားလာရမည့် စည်းကမ်းချက်များအပြင် ကိုယ်ထက် မြင့်လွန်းသူလည်း မပေါင်းနဲ့ဟူ၍ ပါရှိပါ၏။ စည်းကမ်းတွေများလွန်း၍ နားမလည်နိုင် မြင့်လွန်းနိမ့်လွန်းဆိုသည်ကို မစောတင်အား မေးကြည့်ရာ

"မြင့်... အဆင့်အတန်းနိမ့်တဲ့ကောင်ကို ကြိုက်လို့ပြောတာ"

ဟု ပြောပါသည်။ အဆင့်အတန်းနိမ့်သည်ဆိုသည်မှာ ဆင်းရဲတာကို ပြောတာ မဟုတ်ပါလား။ ကိုမောင်တို့က ခြံနှင့်ဝင်းနှင့် အိမ်ကြီးမှာလည်း နေသည်။ ရွှေလက်ပတ်နာရီ၊ ရွှေရုပ်ကြယ်သီး၊ ရွှေလက်စွပ်နှင့် ဘန်ကောက်ပုဆိုး တရွှမ်းရွှမ်း မင်းသားဂိုက်ဖမ်းနေသည်။ ဘာတွေမှန်းလည်း သိနိုင်ပါဖူးလေ။ ငါ့ကျောင်းစာ ငါ ကျက်တာပဲ ကောင်းပါတယ်ဟု စာကြည့်စားပွဲ ထိုင်ပြန်တော့ အရင်တုန်းကလို ခေါင်းက မရှင်း ခေါင်းထဲတွင် ကိုထွန်းနှင့် စိန်ဝင်းတို့ ဝင်လာကြပါသည်။ ဘသားချော နှစ်ယောက် ကျွန်မထံမှ ချစ်သူကလေးရဲ့ ပြန်စာမျှော်ရတာ ထမင်းမှ စားနိုင်ကြပါရဲ့လား၊ အိပ်မှ ပျော်ကြပါရဲ့လား ကျွန်မက တွေးမိရင်း ပြုံးမိသည်။ သနားတော့ သနားသား။ ဘာပြုလို့လဲဆိုတော့ ကျွန်မကို ရလိမ့်မည်တော့ မထင်နဲ့ အမေသာ အဖတ်တင်မှာကြောင့် ဖြစ်သည်။

ဆရာမ ဦးလေးကျော်နှင့် မပေါင်းရသည့်အဖြစ်၊ မစောတင် ကိုစံကေးနှင့် ကွဲသည့်အပျက်၊ ဟော အခု မမနှင့်ကိုမောင်တို့ဇာတ်လမ်း အဲသည်ကြားထဲ စာပေးခံရသည့် ကျွန်မဖြစ်ပုံတွေမှာ ရင်တုန်စရာ စိတ်မောစရာဟု နားလည်ပါသည်။ မေမေရော ဖေဖေရော သူ့သမီးကြီးကို တစ်ခါမှ ခုလောက်ကြာကြာမခွဲဘူး၍ လွမ်းနေကြပြီ။ ဖေဖေက "သူ့မေတ္တာရှိရင်လည်း ပေးစားလိုက်ပါကွာ"

ဟု မေမေနှင့် တိုးတိုးတိတ်တိတ် တိုင်ပင်သံကို ကျွန်မနားက ကြားလိုက်သည်။

"အို... မပေးစားနိုင်ပါဘူး" ဟု ခါးခါးသီးသီး ပြန်ပြောသံကြားရ၏။ မကြာပါ။ ဒေါ်ဒေါ်လေးဆီမှ စာရောက်လာတွင် ကိုမောင် ပန်းတောင်းကို ရောက်လာပြီဟူသော စာဆိုတာ သိရသည်။ စာရောက်ပြီးမှ တစ်ပတ်မပြည့်သေး။ ဒေါ်ဒေါ်လေးနှင့် မမတို့ ပြန်ရောက်လာကြသည်။ ဒေါ်ဒေါ်လေးက သူလက်ထဲမှာ တစ်ခုခုဖြစ်သွားမှာ စိုးတာကြောင့်၊ ဒါကြောင့် ပြန်ပို့တာပါဟု သိရသည်။ ဤတွင် ဖေဖေက မမကို ကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ—

"ကဲ... သမီးကြီး မေမေကတော့ သဘောမတူဘူးတဲ့။ ဒီတော့ သမီးဆန္ဒပြော ခုလို ဟိုပို့ ဒီပြန်တွေလုပ်နေကြရင် အလုပ်ပျက်တယ်။ မိဘစကား နားထောင်မလား။ ကိုယ်ကြိုက်တာ ကိုယ်လုပ်မလား။ သမီးက အကြီးဆုံး။ သမီးရေ့ရေး သမီးဟာ ဆုံးဖြတ်၊ ဖေဖေကတော့ ဘယ်သူ့ချစ်ခြင်းမှ မခွဲဘူး"

ဖေဖေ့စကားတွေက ပြတ်လိုက်တာ။ အေးအေးဆေးဆေး စကားနည်းနည်းပဲ

ပြောတတ်သည့် သူ့သမီးကြီးကို အံ့သြနမြောစွာနှင့် စိုက်ကြည့်နေသည်။ မမက ရှိုက်ကြီးတငင် ငိုပွဲဆင်ပါတော့သည်။ ဖေဖေ၊ မေမေ၊ ဒေါ်ဒေါ်လေး၊ ကျွန်မ၊ မစောတင်တို့လည်း မျက်ရည်တွေ ဝိုင်းနေကြသည်။

"ဆုံးဖြတ်... ဆုံးဖြတ်"

ဖေဖေက မမကို သနားပုံရသည်။ မမကလည်း သနားစရာပါ။ မမသည် ဣန္ဒြေလည်းရှိ အရက်အကြောက်လည်း ရှိပါသည်။ အခု မမကို ဘယ်သူကများ အောင်သွယ်ပေးသည်မသိပါ။ အခု ကြည့်လေ မမကို ပန်းတောင်းပို့လိုက်တာကို ဒီလူ လိုက်သွားသည်ဆိုတော့ အောင်သွယ်တော့ရှိပြီပေါ့။ မစောတင်များလားဟု ကျွန်မ ထင်သည်။ ထိုနေ့က မမက တစ်ခုတည်းသော ဆုံးဖြတ်ချက်ချလိုက်ပါပြီ။

"လူကြီးတွေ သဘောမတူရင် သူ မယူပါဘူးတဲ့"

အားလုံးပင် တအံ့တသြ မမကို သနားစွာနှင့် ကြည့်လိုက်ကြသည်။ မမသည် အဖြေလည်း ပေးပြီးရော အိမ်ပေါ်ထပ် ငိုပြီး တက်သွားတော့သည်။ ကြားရသော စကားများ မြင်ရသော မြင်ကွင်းများကို ကြည့်ပြီး ကျွန်မ ငေးကြောင်နေပါသည်။ လူတွေဟာ ပိုက်ဆံ ချမ်းသာပေမယ့် စိတ်မချမ်းသာကြရပါကလား။ မမ ကိုမောင့်ကို တကယ်ပဲ အဆက်ဖြတ်လိုက်ပါသည်။ အဲသည်အချိန်ကစပြီး ကိုမောင်လည်း မြို့မှာ မရှိတော့ပါ။

ပျော်ရွှင်ချမ်းမြေ့သော ကျွန်မတို့အိမ်သည် ယခင်ကလို သွက်လက်မြူးထူးခြင်း မရှိတော့ဟု ကျွန်မ ထင်သည်။ ကိုယ့်အလုပ် ကိုယ်လုပ်ကြပြီးလျှင် ကိုယ့်နေရာလေးတွေမှာ ငေးနေကြသည်။ မမကို မေမေက ဆိုင်သို့ ခေါ်မသွားတော့ပါ။ အိမ်မှာပဲ ထားပါသည်။ မစောတင်က–

"အပျိုနှစ်ယောက် ထိန်းရတာ စိတ်ညစ်တယ်"

ဟု ညည်းသည်။

"အံမာ သူများက အပျို မဟုတ်ပါဘူးနော်"

"ဟုတ်လား မဟုတ်လား ဟိုမှန်မှာ သွားကြည့်"

မစောတင်က ကိုယ်လုံးပေါ်မှန် ဗီရိုကို လက်ညှိုးထိုးပြ၏။ အပျိုဖြစ်ပြီဆိုသော အသံကိုပဲ ကြောက်နေသည်။

မမကိစ္စ ဘာသံမှ မကြားရတော့သော်လည်း မမကို ဘယ်သူအောင်သွယ်သနည်း ဆိုတာပဲ ကျွန်မ သိချင်နေသည်။ မမကိုလည်း သည်အကြောင်း မမေးဝံ့။

နောက်အတန်ကြာမှ လက်စသတ်တော့ လက်စသတ်ကိုး။ အစ်ကိုလေးမှ အစ်ကိုလေး ရယ်လေ။

"နင့်အမေ ဒီလိုလုပ်တာ မကောင်းပါဘူးဟယ်။ ကိုမောင်က ပိုက်ဆံလည်း ချမ်းသာ လူကလည်း လူအေး၊ လူချော။ တောသားဆိုပေမယ့် တောက အလုပ်ကြမ်း တွေမှ သူမလုပ်နိုင်တာ။ သူက ဂီတသမားဟ။ တယော၊ မယ်ဒလင်၊ ဂီတာ အကုန်တီး တတ်တယ်။ မမြင့်ကို မိသားဖသားပီပီ ကြီးကြီးကျယ်ကျယ်ကို လက်ထပ်မှာ။ နောက်ပြီး မြို့မှာနေဖို့ အိမ်တစ်လုံးဆောက်မှာ။ သူတောင် တောမှာမနေတာ မမြင့်ကို တောခေါ်ပါ့မလားဟယ်။ ငါ သူ့အတွင်းစိတ်ကို သိလို့ မမြင့်နဲ့ သဘောတူလို့ ငါလုပ် တာ။ ငါလုပ်တာ။ ခုတော့ ငါ ငရဲကြီးပြီပေါ့။ သူတို့နှစ်ယောက်စလုံး သိပ်အေးကြ တာဟယ်"

ဩော်... အောင်သွယ်တော်ကြီးက သူကိုး။ ဒီကိစ္စဟာ အတွင်းလူမပါဘဲ မဖြစ် နိုင်လို့ ကျွန်မထင်တာ မှန်လိုက်တာ။ အစ်ကိုလေးလည်း သူ စသည့် အသည်းကွဲ ဓာတ်လမ်း သူ ဓာတ်မသိမ်းနိုင်တော့၍ တယောထိုးသံတောင် အတော် တိတ်နေပါ သည်။ မမလည်း တော်တော်လေး ပိန်သွားသည်။ ဒါပေမဲ့ မစောတင်က မမကို အားပေးဂရုစိုက်သည်။ ယောကျ်ားဆိုတာ မီး သူတို့နှင့်တွေ့လျှင် ပူတာပဲဟု ပြောသော် အစ်ကိုလေးက ခင်ဗျားယောကျ်ားစံကေးနဲ့ မနှိုင်းနဲ့၊ မတူဘူးဟု ပြောသည်။ အစ်ကို လေးက ယောကျ်ားသဘောကောင်းပဲ ဖြစ်သည်။ ယောကျ်ားပေတဲ့ အချက်၊ အပြုတ် မိန်းမအလုပ်တွေကို လုပ်နေတာသာ ကြည့်။ သူ ဝါသနာပါသည့် တယောထိုးနေရ လျှင် အခြား ဘာပဲလုပ်ရလုပ်ရလုပ်သည့်သူ ဖြစ်သည်။

မမကတော့ အလုပ်အားလျှင် ပုတီးပဲ စိပ်နေသည်။ ကျွန်မကို သူ့လိုမမိုက်နဲ့ နော်ဟု ပြုံး၍ ပြောသည်။ ဒါပေမဲ့ မမအပြုံးက သူ့အသည်းကြားမှ ခံစားမှုအပြည့်နှင့် မရှိတရိပြုံးဖြစ်သည်။ ကျွန်မလည်း မမကို မကြည့်ရက်အောင်ပင် သနားသည်။ ဖေဖေနှင့် မေမေ့ကို ကတိပေးပြီးကတည်းက ကတိနှင့်အညီ မမ ကိုမောင့်ကို လုံးဝ အဆက်အသွယ်မလုပ်တော့သည်ကို ကျွန်မ ယုံသည်။ စာတွေလည်း အကုန်မီးရှို့ပစ် လိုက်ပြီ။ ဒါပေမဲ့... ဒါပေမဲ့ သူ့ယူနီဖောင်းသေတ္တာသေ့ကို ခါတိုင်းလို ခေါင်းအုံး အောက်တွင် မထားတော့ဘဲ ဘယ်နေရာမှာ သိမ်းထားသည် မသိပါ။ ကျွန်မဆိုသည့် ကျွန်မကလည်း နောင်တစ်နေ့တွင် စာရေးဆရာ မြီးကောင်ပေါက်ဖြစ်မည့်သူ မဟုတ် လား။ ဘယ်သူ့ကိုဖြစ်ဖြစ် ထောက်လှမ်းရေးစိတ်နှင့်ပဲ ကြည့်တတ်နေသည်။

ဝေးဝေးလံလံကို မသွားရ၊ ကျွန်မတို့မိသားစုထဲမှာ အသွင်မတူကြသည့် လူ့မနော တွေကို ကျွန်မ စိတ်က ခွဲခြမ်းစိတ်ဖြာကြည့်တတ်လာပါသည်။ ဖေဖေ့လို အေးဆေးပြီး သမာဓိနှင့် ပြည့်စုံသည့် ယောကျ်ား၊ အစ်ကိုလေးလို တောမှမွေးခဲ့သူဖြစ်ပေမယ့် ဂီတ အနုပညာကို လေးစားမြတ်နိုးသော ယောကျ်ား၊ ဦးလေးသန့်လို ကျွန်ပညာကို သင်ခဲ့ရ၍ သခင့်အလိုကျ တာဝန်ပိနေသည့်အလုပ်ကို ရှိသေသည့် ယောကျ်ား၊ မစောတင် ယောကျ်ား ကိုစံကေးလို သစ္စာမရှိသည့် ယောကျ်ား၊ ကိုမောင်လို သစ္စာကို စောင့်ထိန်း သော ယောကျ်ား၊ ကျွန်မအနီးအနားတွင် မတူညီကွဲပြား ထူးခြားသော ယောကျ်ားတို့ကို ကျွန်မ တွေ့နေရပါသည်။ မေမေ့လို စီးပွားရေးကို ယောကျ်ားများနှင့် တန်းတူရှာဖွေ နိုင်ပြီး ဆင်းရဲမှုကိုမလို ချမ်းသာမှုကို မှန်ကန်သော လုပ်အားနှင့် ကြိုးစားနိုင်သော မိန်းမ၊ အရာရှိကတော်ပီပီ သိမ်သိမ်မွေ့သိက္ခာနှင့် ပြည့်စုံသော ဒေါ်ဒေါ်လေးလို မိန်းမ၊ ရုပ်အဆင်းရူပကာ ချောမောလှပ ရိုးသားသူပီပီ ချစ်သူကိုစွန့်၍ မိဘအလိုကို ဖြည့်ခဲ့နိုင် သော မမလိုမိန်းမ၊ လင်သားနှိပ်စက်သမျှ ခံခဲ့ရသည့် မစောတင်လို မိန်းမ။ မိန်းမ အမျိုးမျိုး ယောကျ်ားအစားစားကို ကျွန်မ ဉာဏ်ကလေးမီသမျှ အဲသည့်တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်အရွယ်တွင် စတင်တွေ့မြင်ခဲ့ပါသည်။ စီးပွားရှာဖွေ စုဆောင်းမှုတွင် အတုယူစရာကောင်းသော မေမေ၊ ခင်ပွန်းလင်သားကို နူးညံ့ချိုသာ ပီယဝါစာအပြည့် ဖြင့် ပြုစုတတ်သော ဒေါ်ဒေါ်လေး၊ မိန်းမတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အလှကြွယ်ဝ ပြည့်စုံပေမယ့် အချစ်ကံမကောင်းခဲ့ရသည့် မမ၊ ရုပ်ရည်လည်း ညံ့ ပညာလည်းမတတ် ဗဟုသုတလည်း အားနည်း၍ လင်သား၏ အထင်သေးခြင်း၊ အနှိမ်ခံရခြင်းကို ခံရရှာ သည့် မစောတင်။ ကျွန်မ အဲသည် အရွယ်ကတည်းက–

"ငါရော ဘယ်လိုမိန်းမမျိုး ဖြစ်ဦးမှာပါနည်း" ဟု စဉ်းစားတွေးတော ပူပန်မိသည်။ ကျွန်မ၏ ပတ်ဝန်းကျင်မှာ ကျွန်မတို့ ခြံဝင်းအတွင်းရှိ ကျွန်မတို့ အိမ်အတွင်း ကျွန်မတို့ မိသားစုအတွင်းကလေးမှာသာ ဖြစ်သည်။ အပြင်လောကသို့ ကျွန်မ မရောက်ဘူးသေး ပါ။ အိမ်နှင့်ကျောင်း မိဘနှင့် သူငယ်ချင်းတွေကြားမှာပဲ ကျွန်မ ကျင်လည်နေသည့် အချိန် ဖြစ်သည်။

ဖေဖေက အားလျှင် တရားစာအုပ်များ ဖတ်ရှုသူ ဖြစ်၏။ တစ်ခါတစ်ရံ သူ့ရွယ်တူ ဓမ္မမိတ်ဆွေများနှင့် သမထ၊ ဝိပဿနာတရားများ ဆွေးနွေးကြ၏။ တစ်ခါတလေ ငြင်းခုံကြသည်။ တရားငြင်းရင်းငြင်းရင်း မပြေလည်ကြသည့်အဆုံးတွင် ဘုန်းကြီး ကျောင်းဆရာတော်ကြီးများဆီ ရောက်သွားကြ၏။ ဆရာတော်ကြီးက ဖြေရှင်းပေး

လိုက်မှ အငြင်းရပ်ကြသည်။ ဖေဖေ ဘုန်းကြီးကျောင်းသွားတော့ ကျွန်မကို လက်ကလေးဆွဲ၍ အဖော်ခေါ်သွားသည်။ ဘုန်းကြီးကျောင်းသွားလျှင် မုန့်မျိုးစုံ စားရ၍ ကျွန်မ အမြဲလိုက်၏။ ဖေဖေက လောဘလည်း မရှိ၊ ချမ်းသာလိုစိတ်လည်း မရှိပါ။ မေမေ စီးပွားလုပ်ငန်းတိုးချဲ့လျှင် တော်ရောပေါ့ မမြခင်ရယ်ဟု တားလေ့ ရှိပါသည်။ ဖေဖေက တရားနှင့်ပဲ အေးအေးနေလိုသူ ဖြစ်သည်။ ဖေဖေ ဘုန်းကြီးကျောင်းက ပြန်လျှင် (မိလိန္ဒပဉှ အဘိဓမ္မာယမိုက်ကျမ်း) ဆိုသည့် စာအုပ်ကြီးများကို အိမ်ယူလာသည်။ ဖေဖေမရှိလျှင် ကျွန်မ အဲသည် တရားစာအုပ်ထူထူကြီးတွေကို ဖတ်ချင်သည့် စာမျက်နှာကို ကျွန်မ ဖတ်ကြည့်သည်။ မြန်မာမဖြစ်ပြီး မြန်မာစာကို ဖတ်၍ မရပါ။ ပါဠိတွေ အနက်အဓိပ္ပာယ်တွေနဲ့ကိုး။ အရွယ်နှင့်မမျှမလိုက်သော စာတွေကို သွားဖတ်တော့ ကျွန်မ ဦးနှောက်က လက်မခံသေးပါ။ ဘာမှ နားမလည်ပါ။ ဒဂုန်မဂ္ဂဇင်း၊ အေဝမ်းရုပ်စုံနှင့် ဝတ္ထုတွေလောက်သာ ဖတ်၍ နားလည်ပါသေးသည်။ ဖေဖေ ငှားလာသည့် တရားစာအုပ်ကြီးတွေကို ကျွန်မ တစ်ယောက်တည်း ထိုင်ဖတ်နေလျှင် အစ်ကိုလေးက နတ်ပြည်ခြောက်ထပ်က နတ်တွေ၊ ဗြဟ္မာတွေတော့ မျက်ခုံးတွေ လှုပ်နေကြရော့မယ်ဟု ကျွန်မကို ခနဲ့ပြုံးနှင့်ပြောရာ မစောတင် ဘာလဲဟေ့ဟုမေးလျှင်–ခင်ဗျားက လည်း လေသံကြား ဖမ်းတရား နာနေတာပဲဟု ပြောသည်။ မစောတင်ကတော့ ဟိုလူက ဆူ၊ သည်လူက ငေါက်နဲ့ပဲ အသက်ရှင်နေရသူမို့ မစောတင်ကို သနားသောချစ်သော ကျွန်မက တရားစာအုပ်တွေထဲမှာ ကျွန်မ ဖတ်မိ မှတ်မိသမျှ ဘယ်သူ ဘာပြောပြော သည်းခံပြီး ဘုရားရှိခိုး၊ ပုတီးစိပ်ဖို့ ကျွန်မက အဲသည်အရွယ်ကလေးကတည်းက ဆရာ လုပ်မိသည်။ မစောတင်ကလည်း ကျွန်မလောက်မှ စာမတတ်သူမို့ ကျွန်မ ပြောလျှင် နားထောင်ရှာသည်။ သက်ကြီးစကား သက်ငယ်ကြား မဟုတ်။ သက်ငယ်စကား သက်ကြီးက နားထောင်ပါသည်။ စာမတတ်၍ ဗဟုသုတ နည်းရရှာသော်လည်း မစောတင်သည် စိတ်နှလုံးကောင်းမွန်ပြီး ထမင်းရှင်အပေါ် သစ္စာရှိသည်ကို ကျွန်မ အသိဆုံး ဖြစ်၏။ စီးသည့်ရေ ဆည်သည့်ကန်သင်း မီးဖိုဆောင်ကို လုံအောင် ထိန်းသူလည်း ဖြစ်၏။ သို့ကြောင့် အိမ်ဖော်၊ အစေခံ ဟူသော သဘောမထားဘဲ မိသားစုအနေနှင့် ယုံကြည်စွာထားရှိခဲ့သည်။ ကျွန်မတို့ ညီအစ်မကိုလည်း အရိပ်တကြည့်ကြည့်နှင့် ဂရုအလွန်စိုက်သည်။ စားချင်တာ ညည်းလိုက်လျှင် ချက်ချင်း ထလုပ်ပေးသည်။ မမကိစ္စလည်း တဖြည်းဖြည်းနှင့် အနေဝေးတော့ မီးဝေးချိတ် အေးသလို ဤကိစ္စကို တစ်အိမ်လုံးပမာ မေ့ထားလိုက်ကြလေသည်။ အစ်ကိုလေးအဖို့တော့

မမနှင့်ကိုမောင် ယှူလျှင် သူပါ အတူလိုက်နေမည်ဟု စိတ်ကူးလေသမျှ သဲထဲရေသွန်သလို ဖြစ်သွားပါပြီ။ မမကတော့ အားလျှင် ပုတီးပဲ စိပ်နေတတ်၏။

"နတ်ပြည်မှာ နတ်သားတစ်ယောက်ကို နတ်သမီးငါးရာကခြံရံနေတယ်ဆိုတာ ဟုတ်မှာပါ။ ဘာပြုလဲဆိုတော့ မိန်းမတွေက ဘုရားတရား တယ်မြဲကြတာကိုး"

ဟု ပြက်ရယ်ပြုလျှင် စိတ်မဆိုးတတ်သည့် မမကပင် သူ့အနားမှ သနပ်ခါးတုံးနှင့် အစ်ကိုလေးကို လှမ်းပေါက်တော့သည်။

❐

# ဒုတိယပိုင်း

## စစ်ရိပ် စစ်ငွေ့ စစ်မီးလျှံများ

စစ်ဖြစ်တော့မည်။

မြန်မာပြည် စစ်တလင်း ဖြစ်တော့မည်။

ဘယ်လိုလုပ်ကြမည်နည်း၊ အိန္ဒိယနှင့် မြန်မာနယ်ခြားတွင် အင်္ဂလိပ်တို့က စစ်လမ်းမကြီး ဖောက်နေပြီ။ မြန်မာပြည်တွင် ရုံးစိုက်နေကြသည်။ အုပ်ချုပ်နေကြသည့် ဘုရင်ခံမှအစ အရေးပိုင်၊ မင်းကြီး စသူတို့သည်လည်း သူတို့ မိသားစုများကို စိတ်ချလုံခြုံမည့် သူတို့ဇာတိနိုင်ငံသို့ ပြန်ပို့နေကြပြီ။ မြို့ပြအုပ်ချုပ်ရေးဘက်ဆိုင်ရာ တာဝန်ရှိသူ အာဏာပိုင်တို့၏ မျက်နှာသွင်ပြင် လက္ခဏာများမှာလည်း တိုင်းပြည် မည်သို့ဖြစ်လာပြီ။ ပြည်သူတို့ ကံကြမ္မာလည်း မည်သို့ အဆုံးသတ်မည်ကို ဆုံးဖြတ်မရနိုင်သော အခြေအနေများဖြင့် ရင်ဆိုင်ကြရပါတော့မည်။

ပထမ တစ်နိုင်ငံလုံး ကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပါသည်။ နောက် အစိုးရများကို ရွှေ့ပြောင်းသည်။ အိန္ဒိယပြည်နှင့် မြန်မာနယ်စပ်တောင်ကြားလမ်းမကိုလည်း ဖောက်လုပ်ထားပြီးပြီမို့ အင်္ဂလိပ် အာဏာပိုင် အရာရှိကြီးများက အဲဒီလမ်းမှ ထွက်ခွာကြသည်။ မြန်မာအရာရှိများကိုလည်း သူတို့နှင့်အတူ လိုက်ရန်ခေါ်သည်။ လိုက်သည့်သူ လိုက်၏။ မလိုက်သူများ မလိုက်ကြ။ အင်္ဂလိပ်အနေဖြင့် အိန္ဒိယနိုင်ငံသည် သူတို့၏ ထွက်ပေါက်–ဝင်ပေါက်အနီးဆုံး နိုင်ငံ ဖြစ်သည်။ အထက်ပါ တောင်ကြားလမ်းမှာ "ချင်းပြည်နယ်၊ ဖလမ်း၊ ဟားခါး" စသည့် မြို့များအနီးက ကနေဒီ တောင်ကြားလမ်း ဖြစ်သည်။ အင်္ဂလိပ်က အခြေမလှလျှင် ပြေးရန် အမြန်

ဖောက်သောလမ်း ဖြစ်၏။ အင်္ဂလိပ်နှင့် ဂျပန် မြန်မာ့မြေပေါ်တွင် စစ်ကြီး ဖြစ်တော့မည်။

တစ်နိုင်ငံလုံး အရှုံးမီးဝိုင်း အုန်းအုန်းကျွက်ကျွက် မျက်စိမျက်နှာပျက် ဖြစ်ကုန်ကြ၏။ ဖေဖေတို့လည်း တိုက်ခန်းတစ်ခန်းစာ ကုန်စည်များကို ပေါင်းတည်နှင့် သုံးမိုင်ကွာဝေးသည် "ကြို့ပင်ရွာ"သို့ လှည်းများဖြင့် မိုးလင်းမှနေဝင်ထိ ရွှေ့ပြောင်းနေပါပြီ။ ကြို့ပင်ရွာတွင် ဖေဖေ့ကြီးတော်နှင့် နမ ရှိပါသည်။ မြို့မှာ မနေဝံ့တော့၍ အားလုံးတောက အမျိုးတွေဆီ ပြေးကြရတော့မည်။ ဖေဖေတို့လည်း သားသမီးများ၏ မျက်နှာကလေးတွေကို ကြည့်လိုက်၊ တစ်အိမ်လုံးရှိ အဖိုးတန် အိမ်ထောင်ပစ္စည်းများကို ကြည့်လိုက် ဘာကစ၍ လုပ်ရမှန်းမသိ ဖြစ်နေပုံရပါသည်။ ရပ်ဆွေရပ်မျိုး ခေါင်းရင်းအိမ်၊ ခြေရင်းအိမ်၊ အိမ်ရှေ့အိမ်၊ နောက်ဖေးအိမ်ရှိ အိမ်ရှင်ယောကျ်ားများသည်လည်းကောင်း၊ မိန်းမတို့သည်လည်းကောင်း စုဝေးတိုင်ပင် အထုပ်တွေပြင်သူ ပြင်နေကြပါပြီ။ ဖေဖေနှင့် ဖေဖေ့သူငယ်ချင်း ရန်ကုန်မှ ပြောင်းလာသည့် "ဦး" တို့ကတော့ စစ်လမ်းများကို မပြေးမိရန် တိုင်ပင်နေကြသည်။ "ဦး"၏ အမည်မှာ ဦးမြဖေဖြစ်ပြီး တိရစ္ဆာန် ဆေးကုဆရာဝန်ကြီး ဖြစ်သည်။ ပေါင်းတည်ဇာတိဖြစ်၍ ရန်ကုန်တွင် ကြီးပြင်းကာ ပဲခူးသူနှင့် အိမ်ထောင်ကျပြီး ရန်ကုန်–ကြည့်မြင်တိုင်တွင် အခြေချခဲ့သူ ဖြစ်သည်။ ဖေဖေ–မေမေတို့နှင့် ငယ်ပေါင်းကြီးဖော်များ၊ အလွန်ခင်မင်ရင်းနှီးသူများ ဖြစ်ပါသည်။ စစ်ဖြစ်တော့မှာမို့ ရန်ကုန်မှ မိသားစုအားလုံး ပြောင်းလာကြရပြီ။ ဖေဖေ မေမေတို့နှင့် သေမတူရှင်မခွဲ ပြေးကြရန် တိုင်ပင်ကြ၏။ "ဦး"သည် သားသမီး ခြောက်ယောက်ရှိပြီး မုဆိုးဖိုပါ၊ ရယ်စရာ အလွန်ပြောတတ်ပြီး သမီးကလေးများကို အလွန်ချစ်၏။ မမနှင့် ကျွန်မကို သူ့သမီးတွေလိုပင် ချစ်ပြီး ချွေးမတော်မည်ဟု ခဏခဏ ပြောသည်။ ဦးတွင် သားကြီးကိုကိုသိန်း၊ သားလတ် ကိုသန်းဦး၊ သားထွေး မောင် ခင်လှိုင်ရှိသလို၊ ကျွန်မတို့ကလည်း မမ၊ ကျွန်မနှင့် ညီမလေး ရှိပါသည်။ သူ့သား သုံးယောက်နှင့် ကျွန်မတို့ ညီအစ်မသုံးယောက်အားလုံး သက်တူရွယ်တူတွေပါ။ ဦးက ကျွန်မတို့ မိသားစုနှင့် လိုက်မည်ဟု ပြောသည်။ ကြို့ပင်ရှိ အိမ်က သိပ်ကြီးကြီးမားမား မဟုတ်။ ဘွားလေးနှင့် အရီးလေးတို့မိသားစု ခြောက်ယောက်ပဲ နေလောက်သည်။ နှစ်ထပ်အိမ်ဖြစ်ပေမယ့် အောက်ထပ်မှာက ရက်ကန်းစင်နှင့် နွားတစ်ရှဉ်းရှိရာ ဖေဖေတောင် ဘယ်လိုနေရမည် မသိသေးကြောင်း "ဦး" ကို ပြောသံ ကြားရသည်။ ခြံကြီးကတော့ ကျယ်ဝန်းပါသည်။ ကျွန်မတို့မိသားစုနှင့် ပစ္စည်း၊ ဖေဖေနမဝမ်းကွဲ "အုန်းအုန်း" တို့ မိသားစု နှစ်စုပေါင်းတော့

ကလေးလူကြီး ဆယ့်ငါးယောက် ဖြစ်နေပါသည်။ အရေးထဲမှာ စစ်ဖြစ်မည့်နှစ်ကျမှ အုန်းအုန်း၏ ခင်ပွန်း ဘီးလစ်စာရေးကြီး ဦးလေးသန်းသည် နို့စားနွားမ ငါးကောင် မွေးထားချိန် ဖြစ်၏။ နွားနို့ စီမံကိန်းကို စတင်တော့သည့် နှစ်မှာမှ ဦးလေးသန်း စစ်ပြေးဘဝတွင် လူတွေရော နွားတွေရော ပြေးရမှာဆိုတော့ ခြံကျယ်သည်ဆိုပေမယ့် တဲကြီး နှစ်တဲထိုးတာနှင့် မြေပို မရှိတော့ပါ။ ခြံတွင်းမှာ သရက်၊ ရှောက်ချို၊ မာလာကာ၊ သြဇာ၊ သင်္ဘောပင်၊ ဆီးပင်၊ ကနစိုးပင်၊ ကုံကော်၊ ပိတောက် အစုံရှိရာ အပင်ကြီးတွေကို ခုတ်ဖယ်ပစ်ရန်လည်း မဖြစ်ပါ။ သို့ကြောင့် "ဦး" တို့ လိုက်ဖို့ အစီအစဉ်ပျက်သွားလေသည်။ ကျွန်မတို့ ပြောင်းမည့် ရွာထက် သုံးမိုင်ထပ်၍ ဝေးသည့် "ရွှေကြာပင်" ရွာကို ပြောင်းမည်ဟု သိရသည်။ ရွှေကြာပင်ရွာမှ ဖေဖေ့ အသိများကိုလည်း ဖေဖေက အဆက်အသွယ် လုပ်ပေးပါသည်။ ထိုခေတ်က "ရေဒီယို" မပေါ်သေးပါ။ သို့သော်လည်း ပုလိပ်အရာရှိ၊ ရုံပိုင် စာတိုက်မှူးများထံတွင် ရေဒီယို ဆက်သွယ်ရေးစက်များ ရှိကြသည်။ အဲဒါတွေရှိသူများ ဝှက်ထားကြပြီး ကမ္ဘာ့စစ်သတင်းများကို ခိုး၍ နားထောင်ကြသည်။

မန္တလေးမှ ဦးကြီးတင်တို့၊ ပန်းတောင်းမှ ဦးလေးသန့်တို့တွေလည်း ပေါင်းတည်ကို ပြန်ရောက်လာကြပါပြီ။ ရာထူး အာဏာတွေ ဘာမျှမရှိတော့ပါ။ မြောက်အိမ်မှ မိသားစုများသဖြင့် ပေါင်းတည်မြို့၏ ၁၀ မိုင်ကွာ မြောက်ကုန်းကြီးရွာကို ပြောင်းပါသည်။ ကျွန်မတို့က တောင်ပိုင်းမို့ ကြို့ပင်ကို ပြောင်းပါသည်။ စုစုရုံးရုံးဆွေမျိုးတွေအားလုံး တကွဲတပြား ဖြစ်ကုန်ကြပါသည်။ ရောက်ရာအရပ်တွင် သေကြရတော့မည်မို့– ဆွေမျိုးတွေ ဖက်ငိုကြရသည်။ တောကလည်း မိသားစုများသူများကို သိပ်လက်မခံချင်။ နည်းသူသာ အဆင်ပြေ၍ အချို့ ဆွေမျိုးတောမှာမရှိသူများ ဘုန်းကြီးကျောင်းထဲမှာပဲ တဲထိုးနေကြရသည်။ ဘုန်းကြီးကျောင်းများကလည်း မြို့မှလာသမျှ စစ်ပြေးဒုက္ခသည်ဟူသမျှ လက်ခံပါသည်။ အဆင်းရဲခံပြီးနေကြရန် ဆုံးမသည်။ တစ်သက်နှင့် တစ်ကိုယ် ဆယ့်သုံးလေးနှစ်အရွယ် လုပပျော်ရွှင် အချိန်များသည် အားလုံး ပျောက်ဆုံးပြီး မီးတောက်ဟုန်းဟုန်းကြားတွင် ပြေးရပါတော့မည်။ လူအားလုံးတို့၏ မျက်နှာများတွင် အသွေးရောင်မရှိ အားငယ်ကြောက်ရွံ့နေကြသည်။ မြို့ပြကျေးရွာတို့တွင် ဖြောသံစည်သံတို့လည်း ပျောက်ကွယ်ခဲ့ပါပြီ။ အဘိုးအို၊ အဘွားအို၊ ကလေးငယ်တို့မှာလည်း ကိုယ့်ခြေ ကိုယ်မသယ်နိုင်ဘဝမို့ ကယ်ပါယူပါ ငိုယိုမြည်တမ်းကြသည်။ အမျိုးသားသမီးအားလုံးတို့မှာလည်း ဘယ်သူ့ဘယ်သူမှ မကယ်နိုင်၊ ကိုယ့်မိသားစုနှင့်ကိုယ်

တောင်ကလူက မြောက်၊ မြောက်ကလူကတောင်၊ အရှေ့မှ လူကအနောက်၊ အနောက်မှ လူကရှေ့ ခြေဦးတည့်ရာ ကျောကော့၍ ပြေးနေကြပါသည်။

ကမ္ဘာအေး ဆန်စက်ကြီးမှ ကြောက်မက်ဖွယ်ရာ ဥသြသံကြီးကလည်း မြို့တွင်းမှ လူများအားလုံး ထွက်ခွာကြပါရန် နောက်ဆုံး သတိပေးနေပါပြီ။ ထောင်ကြီးကိုလည်း ဖွင့်ချလိုက်ပါပြီ။ ကျွန်မတို့ မိသားစု လှည်းပေါ်တက်ချိန်မှာပဲ "ကိုသန်းဦး" ရောက်လာသည်။ သူလည်း သူ့မိသားစုများကို ရွှေကြာပင်ရွာမှာ ပို့ထားခဲ့ပြီး ကျန်သည့်ပစ္စည်း လာယူရင်း ကျွန်မတို့ အိမ်ဘက်ဝင်ကြည့်ခြင်း ဖြစ်၏။

"ဟာ... ခုထိမသွားကြသေးဘူးလား၊ ကြို့ပင်ကို မရောက်လာကြသေးဘူးဆိုလို့ ကိုယ်စိတ်ပူလို့ လိုက်လာတာ"

"ဖေဖေက နင်မှထွက်မယ်ဆိုလို့ ဖေဖေ့ကို စောင့်နေရတာ၊ အခုသွားတော့မှာပါ။ ကိုသန်းဦးလည်း သွားတော့လေ......ကြို့ပင်ကိုလာလို့ရရင် လာခဲ့ပါဦးနော်"

"လာမယ်... လာမယ်... သတိနဲ့နေနော်"

"အပြင်မထွက်နဲ့နော်"

"နားက နားသန်သီးကလည်း ခုထိမဖြုတ်သေးဘူးလား"

"ဟုတ်ပါရဲ့... မေ့နေလို့"

"မေ့မနေနဲ့– ကိုယ်သွားမယ်နော်"

ဆိုကာ စကားတောင် ခါတိုင်းလို့ အေးအေး မပြောလိုက်ရ။ ကျွန်မ မြင်ကွင်းမှ ဘိုင်စကယ်နှင့် ကိုသန်းဦး ဝေးပြီး ပျောက်သွားပါသည်။ ကိုသန်းဦး ကျွန်မအပေါ်တွင် အလွန်သံယောဇဉ်ကြီးရှာသည်ကို ကျွန်မ သိပါသည်။ စစ်ပြေးဘဝ တွေ့ကြရသည့် တိုတောင်းလှစွာသောအချိန်ဝယ် မိဘများက နှစ်အိမ်တစ်အိမ် ခင်မင်သူများဖြစ်၍ သူတို့မိသားစုနှင့် ကျွန်မတို့မိသားစုမှာ စားအိမ်သောက်အိမ် ဖြစ်သည်။ ကျွန်မအနားတွင် အနီးကပ်ဆုံးနေသူမှာ "ကိုသန်းဦး" ပဲ ဖြစ်၏။ သူ့ကို ကျွန်မက အလွန်ကံကောင်းသူဟု သတ်မှတ်ခဲ့ပါသည်။ ဘာပြုလို့လဲဆိုတော့ အပျိုမှဖြစ်မည်မကြာသေး။ ပိုးပန်းသူတွေမှာ ကျွန်မ အနားကပ်နိုင်ရန် ဝေးစွ။ အဝေးမှနေ ကြည့်ကြရသည်။ ကိုသန်းဦး ကတော့ အိမ်မှာပင် အချိန်ကုန်တာ များပါသည်။

စာသမားမို့ စာပဲ ဖတ်နေပါသည်။ ကျွန်မရှိသည့် စာအုပ်တွေ သူ အကုန်ဖတ်ပြီးပါပြီ။ သူ့စာအုပ်တွေလည်း ကျွန်မအားလုံး ဖတ်ပြီးပါပြီ။ သတင်းစာမဖတ်ရ၊ ဝတ္ထု စာအုပ်မဖတ်ရသောကာလမို့ စာကို ထမင်းလိုပင် ငတ်မွတ်ဆာလောင်နေပါသည်။

အဲဒီနေ့က ကိုသန်းဦး ပြန်သွားသည်ကိုကြည့်၍ နောက်ကို ဘယ်တော့များမှ ပြန်တွေ့ကြရတော့မှာပါလိမ့်ဟု စိတ်ထဲမှာ ဝမ်းနည်းနေသည်။

ကျွန်မတို့ ကြို့ပင်ရွာကို ပြောင်းခဲ့ပါပြီ။ ဘွားလေးတို့အိမ် တစ်အိမ်လုံး ကျွန်မတို့ကို နေစေပြီး ဘွားလေးတို့က ဖြစ်သလို နေကြပါသည်။ ခေါင်းရင်းအိမ်ကလည်း ဆွေမျိုးပဲမို့ အဆင်ပြေပါ၏။ ဒါပေမဲ့ မြို့ဘက်ဆီမှ အမြောက်သံတွေက တဒိန်းဒိန်း၊ မီးခိုးလုံးကြီးတွေနှင့် တစ်မြို့လုံး မီးတွေလောင်နေပြီကို ကျွန်မတို့ ရွာအပြင်မှ ထွက်ကြည့်ကြရ၍ မြင်ရသည်။ ဂျပန်တွေ တနင်္ဂနွေ၊ မော်လမြိုင်ဘက်မှဝင်လာပြီ၊ မော်လမြိုင်ကို သိမ်းပြီ။ ရန်ကုန်ကို ချီတက်လာပြီဆိုသော သတင်းများ နားမခံဝံ့အောင် တစ်နာရီတစ်မျိုး ကြားရသည်။ ကျွန်မတို့ ရန်ကုန်-ပြည်လမ်းကြီးလည်း စစ်လမ်းမကြီးဖြစ်၍ ဝေးဝေးပြေးကြရန်၊ မြေကျင်းများတူး၍ ထားကြရန်၊ ညဆိုလျှင် မီးမထွန်းကြရန်၊ မီးရောင်ရှိသည့်နေရာကို လေယာဉ်ပျံက ညဘက်လာပြီး စက်သေနတ်နှင့်ပစ်၊ ဗုံးကြဲပါသည်။ ဂျပန်တွေကို မြင်ရပါပြီ။ အင်္ဂလိပ်တွေကတော့ အထက်မြန်မာပြည် အိန္ဒိယနယ်စပ် ချင်းတောင်ကြားမှနေ၍ အိန္ဒိယဘက် ကူးပြေးနေကြပါပြီ။ ဂျပန်စစ်သားတွေက လှံစွပ်ကြီးတွေနှင့် ချိန်ပြီး အင်္ဂလိပ်တွေကို တွေ့ရာသချိုင်း ဓားမဆိုင်း ရှာဖွေပါသည်။ မသင်္ကာသူ မြန်မာမှန်သမျှ ဖမ်းဆီးရိုက်နှက်၊ နောက်ဆုံး သတ်ဖြတ်ပစ်ပါ၏။ စစ်ဖြစ်နေချိန်ဆိုတော့ အင်္ဂလိပ်တွေကလည်း ခွေးပြေးဝက်ပြေး ပြေးကြရရာ အချို့လက်နက်တွေ ကျန်ခဲ့၏။ မျက်စိရှင်သူ၊ လက်မြန်သူ မြန်မာတွေက တွေ့သမျှ လက်နက်မြေမြုပ်၍ ဝှက်ထားလိုက်ကြသည်။ လက်နက်ရှိသူကို ရန်သူဟုသတ်မှတ်လေသကိုး။ သည်တော့ မြေကြီးထဲ ဝှက်ထားလိုက်တာ စိတ်အချရဆုံးပေါ့။

အဲဒီအချိန်ထိ ကျွန်မတို့ မြန်မာနိုင်ငံကြီးမှာ တပ်မတော်ဆိုတာ မရှိသေး။ ကျွဲနှစ်ကောင်ခတ်သည့်ကြားက မြေစာပင် ကျွန်ဘဝပဲ ရှိပါသေး၏။ ဂျပန်စစ်သားတွေကလည်း ကြမ်းတမ်းရက်စက်လိုက်သည့်ဖြစ်ခြင်း၊ တွေ့သမျှ မြန်မာ ပါးရိုက်ပြီး အရိုင်းစိုင်းဆုံး ဖိနှိပ်ပါသည်။ ရောက်သရွေ့ မြို့ရွာ၊ တွေ့သမျှ မြန်မာ၊ လက်နက်ရှိသလား၊ မိန်းမရှိသလား၊ လက်နက်မရှိလျှင် မိန်းမထုတ်။ လက်နက်ရော မိန်းမရောမရလျှင် စစ်တပ်ထဲခေါ်သွားပြီး မသေမချင်း နှိပ်စက်ပါတော့သည်။ အင်္ဂလိပ်တွေက ခွေးပြေးဝက်ပြေး၊ ကျွန်မတို့ မြန်မာတွေက ပုရွက်ဆိတ်အုံတုတ်နှင့် ထိုးသလို တောင်ပြေးမြောက်ပြေး၊ အဲဒီအထဲတွင် ပြေးစရာ နေရာမရှိ၊ ဘယ်သူကမှ လက်မခံခဲ့သည့် ချစ်တီးသူဌေးများ၊ ကော်ရင်ဂျီကုလားများမှာ ရန်ကုန်-ပြည် စစ်ဦးလမ်းမကြီးတစ်လျှောက် သားတွဲ

လွှဲ သမီးတွဲလွဲ၊ အဘိုးအို၊ အဘွားအို၊ ကိုယ်ဝန်ဆောင်ပါမကျန် နေပူကျဲကျဲတွင် ခြေကျင် (မီးရထား-မော်တော်ကားများ လုံးဝမရှိတော့၍) သွားနေကြရသည်မှာ မြင်မကောင်းပေ။ သူတို့သည် ကုလားပြည်ပြန်ရန် အထက်မြန်မာပြည်သို့လည်း မသွားနိုင်ကြတော့ပါ။ ယခု ပြည်တစ်ဖက်ကမ်းရှိ ပန်းတောင်းမြို့မှတစ်ဆင့် တောင်ကုတ် တောင်ကြားသို့ ထိုမှရခိုင်ပြည်ရောက်လျှင် မောင်းတော၊ ဘူးသီးတောင်မှ ကုလားပြည်ကို ကုန်းတစ်တန် ရေတစ်တန် ပြန်ကြရမှာ ဖြစ်ပါသည်။ ပြည်ကိုတောင် မရောက်သေး၊ ပြည်-ရန်ကုန် လမ်းမကြီးပေါ်မှာ အလောင်းတွေကို တန်းစီနေကြပါပြီ။ တောမီးလောင် တောကြောင် လက်ခမောင်းခတ်ချိန်ဖြစ်ရာ သေနေသော ကုလားတွေ ထံမှ ရွှေတွေ ငွေတွေ၊ မသေသေးသော ဒုက္ခသည်များထံမှ ရွှေငွေတွေကို လုယူကြ သူကလည်း ရှိသည်။ မြန်မာပြည်တွင် လန်ချားဆွဲသည့် ကူလီကုလားတွေကို အထင်မသေးနဲ့။ ရွှေတွေ ငွေတွေမှ အထုပ်လိုက်၊ 'တရုတ်လိုရှာ ကုလားလိုစု၊ မြန်မာလို မသုံးနဲ့' ဟု စကားပုံတောင် ရှိခဲ့သားပဲ။ ကျွန်မတို့မေမေသည် ပစ္စည်းရှာဖွေရာတွင် တော်သလောက် ဟော... အခု တစ်တိုင်း တစ်ပြည်လုံး အရောင်းအဝယ်တွေ ရပ်သွား ချိန် စီးပွားပျက်ကိန်းနှင့်လည်း ကြုံရော ဆင်းရဲမည့်ဒဏ်ကို မခံနိုင်ဘဲ သူရင်းနှီးထား သည့် ငွေကြေးတို့သည် ယခု ဘာတန်ဖိုးမျှ မရှိအောင် ဖြစ်ကုန်ရပြီကို ကြည့်ပြီး မအိပ်နိုင်မစားနိုင်ဖြစ်ကာ ပေးရလွှားရ တောမှာ နေရသည်။ ဂျပန်တွေ ဝင်လာပြီး ရွာတွင်း ဝင်နှိပ်စက်သည့် မြင်ကွင်းတွေကို သွေးလေ ချောက်ချားစပြုနေပြီဖြစ်သော မေမေသည် မခံနိုင်တော့ဘဲ သွေးပျက်ရောဂါ ဖြစ်သွားတော့၏။ နေ့မအိပ်ညမအိပ် ထမင်းမှန်းဟင်းမှန်း လင်မှန်း သမီးမှန်း သားမှန်း ဘာမျှမသိတော့ပါ။ တကယ့် ရွှေအစစ်၊ စိန်အစစ်တွေကိုပြလျှင် လွှင့်ပစ်ပြီး ဆီးသီး၊ ဆီးစေ့၊ ပဲကြီးလှော်၊ ကျောက် စရစ်ခဲတွေကို အထုပ်လိုက် ခေါင်းအုံးအောက်မှာ ထားအိပ်ပါသည်။ ဆေးကုရန် ဆရာဝန်လည်း မရှိ။ တောက ဗိန္ဒောဆရာတွေက ဆေးစမ်းကြ၊ ရောဂါက မသက်သာ၊ ပယောဂ ဆရာကလာပြီး ကြိမ်နှင့်ရိုက်ကု နောက်ဆုံးတော့ "မေမေ" သည် အဲဒီရောဂါ အဲဒီဆရာတွေ လက်ချက်ဖြင့် "ကြို့ပင်ရွာ" မှာ စစ်ပြေး ဘဝနှင့် ကွယ်လွန်ခဲ့ပါသည်။ စက်သေနတ်တွေ တဒက်ဒက် ပစ်ခတ်၊ အမြောက်သံကြီးတွေ တဒိန်းဒိန်းနှင့်ကြားမှာပဲ အမြန်ဆုံး မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရသည့် မေမေအဖြစ်ဆိုး ကို နုနယ်လှသည့် ကျွန်မ၏ နှလုံးသားနှင့်မမျှအောင် ကြေကွဲခဲ့ရသည်။ ပစ္စည်းတွေ ကစဥ့်ကရဲနှင့် စစ်ပြေးဒုက္ခက တစ်မျိုး၊ မေမေ့ဘဝကို ရင်နာရသည်က တစ်မျိုး၊ ညီမငယ် မောင်ငယ်ကလေး

သုံးယောက်စလုံး ဥမမည်စာမမြောက်အရွယ် ကလေးတွေ။ အမေ သေတာတောင် သေမှန်းမသိကြ။ မေမေ ဘယ်တော့ ပြန်လာမှာလဲဟု မေးကြလျှင် ဖေဖေမှစ ကျွန်မတို့ တစ်မိသားစုလုံး မျက်ရည်ချောင်းစီးခဲ့ပါသည်။

ဂျပန်တွေကလည်း ရွာထဲသို့ ဥဒဟို ဝင်ထွက်နေကြသည်။ ဂျပန်တွေ ဝင်လာလျှင် ကျွန်မတို့ မောင်နှမလေးတွေ ကောက်ရိုးပုံတွင် တိုးဝင်ပုန်းရပါ၏။ နေ့လည်း ပုန်းရ၊ ညလည်း ပုန်းရ၊ တစ်ခါတလေ ကောက်ရိုးပုံသို့ ပြေးချိန်မရက မမနှင့် ကျွန်မ ကျွန်း သေတ္တာကြီးထဲ ဝင်ပုန်းရပါသည်။ ရှေးက သေတ္တာကြီးမို့ ကျွန်မတို့ ညီအစ်မ ပူးကပ်ပြီး ပုနေလျှင် ဆံ့ပါ၏။ သေတ္တာတွင် လေရှူပေါက် ဖေဖေက ဖောက်ပေးထားပါ၏။ သေတ္တာကြီးမှန်းမသိအောင် တောင်းစုတ်၊ ပလုံးစုတ်၊ ထင်းတိုထင်းစများဖြင့် ဖိဖုံးထားရသည်။ ကိုယ်က သေတ္တာထဲမှာ လုံခြုံနေပေမယ့် အပြင်မှာ ကျန်ခဲ့သည့် ညီမလေး မောင်လေးများနှင့် ဖေဖေ၊ အစ်ကိုလေး၊ မစောတင်တို့ကို စိတ်ပူရပြန်ပါသည်။ ဂျပန်တွေ ရွာတွင်းမှ မြန်မြန်ထွက်သွားအောင် "ကြက်နှင့် ထန်းရည်"တို့ကို ဆောင်ထားကြရသည်။ အဲဒါတောင် တစ်ခါတလေ အမေ့ကို သားရှေ့မှာ ရိုက်နှက်၊ သားကို အမေ့ ရှေ့မှာ နှိပ်စက်၊ သမီးပျိုကို အဖေ၊ အမေ၊ ဦးလေး မောင်ဖားရှေ့မှာ အတင်းဆွဲ စသည့် ဗလက္ကာရ အဓမ္မမှုများကလည်း နေ့နေ့ညည အချိန်မရွေး ဖြစ်ပွားလျက်ရှိရာ ခွေးဟောင်သံကိုပဲ နားစွင့်နေရပါသည်။ အဲဒီဂျပန်တွေ ရွာတွင်းဝင်လာလျှင် ခွေးတွေက အူကြဲဟောင်ကြသည်။ အူသည့် ဟောင်သည့် ခွေးတွေကိုလည်း လှံစွပ်နှင့် ဗိုက်ထိုး သတ်၍ အူတွေထွက်ပြီး သေရသည့် ခွေးသေကောင်တွေကလည်း လမ်းဆုံလမ်းဝ မြင်မကောင်းပါ။

အဘိုးကို သတ်ပစ်ခြင်း၊ အဖေ့ကို သားကို ညီကို အစ်ကိုကို မောင်ကို နှမကို အမျိုးမျိုး အပြစ်မရှိ နှိပ်စက်သော စစ်၏ ဒဏ်ရာဒဏ်ချက်တို့သည် ကျွန်မတို့ မြန်မာ တစ်မျိုးသားလုံးတို့၏ ရင်တွေ၊ ကျောတွေမှာ ဒဏ်ရာချင်း ထပ်နေကြပါပြီ။ ဤဒဏ်ရာ တို့မှ "မြန်မာ"ဆိုသည့် သွေးအစက်စက်တို့ကလည်း လယ်ကွင်းတလင်းပြင်တို့တွင် ခြင်းခြင်းနီခဲ့ကြရပြီ။

နေသေးသပ ချုံထဲက ဘဝနှင့်ပဲ ကုန်းခံ လှိမ့်ခံ၊ ရက်စက်လိုက်သည့် ဘဝမှာတော့ လက်သည်းခွံကို ရေနွေးပူနှင့် စိမ်ခွာခြင်း၊ နေပူလှန်းခြင်း၊ လက်ပြန်ကြိုးတုပ်၍ "ထုပ်"မှာ ဆွဲပြီး မျက်နှာကို ခြေဖြင့် ကန်ခြင်းများကို နှစ်ဆယ့်လေးနာရီဆို နှစ်ဆယ့်လေးမျိုးဖြင့် နှိပ်စက်ကြပါသည်။ ပြည်သူများ ဤကဲ့သို့ ဂျပန်စစ်သားများ၏ ဒဏ်ကို လူးလိမ့်ခံနေ

ရချိန်တွင် ကောလိပ်ကျောင်းသားများ၊ သခင်များ၊ အလုပ်သမားများ အားလုံး ရုပ်ဖျက်၍ ပုန်းလျှိုးနေကြရပါသည်။ ကိုယ့်မြန်မာလူမျိုးကို အခြားနိုင်ငံမှ လာရောက် ကျူးကျော်စော်ကားလွန်း၍ ရဟန်းသံဃာတော်များ၊ ကျေးရွာမှ မျိုးချစ်စိတ်ရှိသော အဘိုးအဘွားများက ဂျပန်တွေ မတွေ့အောင် ဝှက်၍ ပေးထားကြပါသည်။ ကောလိပ်ကျောင်းသားမှန်သမျှ တောသားတွေနှင့် ရောပြီး တောအလုပ်တွေကို ဝိုင်းလုပ်ပြီး တောသားရုပ်ပေါက်အောင် နေကြရပါသည်။

ဤအချိန်တွင် ကောလိပ်ကျောင်းသား ခေါင်းဆောင် သခင်အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်းမဖြစ်သေး) နှင့် သခင်တစ်စု၊ ကျောင်းသားတစ်စု မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရုပ်ဖျက်၍ ပြေးကြပြီး အမိမြန်မာပြည်ကြီးနှင့် ပြည်သူတစ်ရပ်လုံးကို ကယ်တင်ရန် ထွက်ခွာသွားကြသည်ကို ပြည်သူများ မသိလိုက်ကြပါ။

ရဲဘော်သုံးကျိပ်ဆိုသည့် အဖွဲ့အစည်း တစ်ခုဖြစ်ပေါ်လာသံ ကြားရပြီး သခင်အောင်ဆန်းပင် ခေါင်းဆောင်၍ မြန်မာပြည်တွင်းပြန်၍ ဝင်လာပြီး ဂျပန်တို့နှင့် လက်တွဲကာ အင်္ဂလိပ်တို့ကို တိုက်ခိုက်ကြောင်း "ဂျပန်–မြန်မာချစ်ကြည်ရေး" (B.I.A) ဆိုသည့် ခေတ်ကို ရောက်လာပြီဖြစ်၍ စစ်ပြေးများမြို့သို့ ပြန်လာကြရန်၊ မိမိတို့ ရောင်းဝယ်ဖောက်ကား လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ကြရန် ဟူသော သတင်းများ ကြားနေရသော်လည်း ဘယ်သူမှ ရဲရဲမပြန်ဝံ့သေးပါ။ နိပ္ပွန်ဘန်ဇိုင်း၊ ဘိရုမာဘန်ဆိုင်းဆိုသည့် ဂျပန်–မြန်မာချစ်ကြည်ရေး အောင်ပွဲသံများ ကြားနေရသော်လည်း နယ်ကျွံတောကြိုတောင်ကြားရောက်နေသည့် ဂျပန်များကတော့ အဆက်အသွယ်မရ၍ မြန်မာတွေအပေါ် ရိုင်းစိုင်းရက်စက်ကောင်းတုန်း ရှိ၏။

ဂျပန်စစ်တပ်များတွင် ဦးစီးအရာရှိကသာ ဂျပန်အစစ်ဖြစ်၍ အသေခံတပ်သားများက မန်ချူးရီးယား (ခေါ်) မန်ချူးကိုးစစ်သားများ ဖြစ်သည်။ တစ်ရာမှာ တစ်ယောက်တော့ လူစိတ်နှလုံး လူသားမျက်နှာနှင့် တွေ့ရသည်။ ကျွန်မတို့လည်း ကျွန်မတို့အိမ်ကြီးသို့ ပစ္စည်းအိုးခွက် လှည်းတစ်စီးတိုက်စာလောက်နဲ့ပဲ မိသားစု မဝံ့မရဲနှင့် ပြန်ခဲ့ကြပါပြီ။ ဒါပေမဲ့ မီးလောင်ပြင် မြို့ပျက်ကြီးကို ကြည့်ပြီး စိတ်မချမ်းသာကြရပါ။ ကံကောင်းလို့ ကျွန်မတို့အိမ် မီးမလောင်ပါ။

ခြံဝင်းတံခါးလည်း မရှိ၊ ဟာလာဟင်းလင်း၊ အိမ်တံခါးတွေလည်း ပွင့်ပြီး ဇရပ်ကြီးပမာဖြစ်နေသော ကျွန်မတို့ အိမ်ကြီးကို ကြည့်ပြီး ကျွန်မတို့သည် အိမ်ကြီးပေါ် မတက်နိုင်သေးဘဲ လှေကားထိပ်တွင် မျက်ရည်တွေအပြည့်နှင့် ငိုင်နေမိကြ၏။ ဖေဖေကိုယ်

တိုင်ပင် အိမ်ပေါ်မတက်နိုင်ဘဲ အိမ်ဝလှေကားတွင် ငိုင်နေပါ၏။

ကျွန်မတို့ ချစ်လှစွာသော မေမေ့ကို ကြို့ပင်ရွာမှာ ထားခဲ့ရပြီလေ။ အားလုံး ရင်ဆို့နေပါသည်။ ဖေဖေ့လက်ကို ဆွဲထားကြပြီး နောက်မှာ တသီတတန်း အထုပ်ကလေးတွေ ကိုယ်စီနှင့် သားလေးသမီးလေးတွေကို ငဲ့ကြည့်ပြီး ဖေဖေသည် သူ့အား သူတင်း၍ အိမ်ကြီးပေါ် ရှေ့မှ တက်ပါသည်။ ကြမ်းပျဉ်ခင်းများကို ခွာ၍ထားသဖြင့် ကြမ်းပေါက်ကြီးတွေ ဖြစ်နေသည်။ အိမ်ကြီးပေါ်တွင် အမှိုက်စက္ကူစုတ်တွေ၊ ပျဉ်တိုပျဉ်စတွေနှင့် အနံ့အသက်တွေကလည်း ဘာနံ့တွေမှန်းမသိ နှာခေါင်းရှုံ့ထားမိပါသည်။ အစ်ကိုလေးနှင့် မစောတင်၊ မမတို့ ရေတွင်းမှ ရေတွေသယ်ပြီး ရေဆေးကြသည်။ အိမ်နီးချင်းတွေ လမ်းထဲက ရပ်ဆွေရပ်မျိုးတွေလည်း ပြေးလာကြပြီး နှုတ်ဆက်ငိုယိုကြသည်။ အားလုံး ဝမ်းမသာနိုင်ကြပါ။ အားလုံး ဒုက္ခတွေ တစ်ပွေ့တစ်ပိုက်နှင့် မြို့ကို ပြန်ဝင်လာခဲ့ရသူများချည်း ဖြစ်သည်။ ကျွန်မတို့မှာ အိမ်မီးထဲမပါ၍ တော်သေး၊ တချို့တွေ အိမ်ပါပျောက်ပြီး မီးလောင်ပြင်မှာ တဲထိုးနေရသည်။

မမတို့ အိမ်ကြီးကို ရေဆေးနေချိန် ကျွန်မက မောင်လေးနှစ်ယောက်နှင့် ညီမလေးကို ထမင်းခွံ့ကျွေးနေပါသည်။ လူကြီးတွေ အလုပ်များနေလျှင် ကလေးတွေက ထမင်းပဲဆာနေတတ်ကြ၏။

တောမှာ နေစဉ်ကလည်း သူတို့ကို ထမင်းပဲ အဝကျွေးထားရသည်။ မောင်လေး မောင်တင်လတ် (၁၂) နှစ်၊ မောင်ခင်စိုး (၁၀) နှစ်၊ ညီမလေး မြမြသန်း (သန်းသန်း) က ခုနစ်နှစ် သမီး။

လူကြီးတွေပြေးလျှင် ပြေး၊ နားလျှင်နား၊ ရွှေ့လျှင်ရွှေ့၊ လူကြီးတွေ မျက်နှာ အမူအရာကို ကဲကြည့်ပြီး သူတို့သည် သူတို့ကို ပေးထားသည့် လွယ်အိတ်ကလေးတွေ အမြဲ လွယ်နေတတ်ကြပါသည်။ အဲဒီလွယ်အိတ်ကလေးတွေထဲတွင် အဝတ်တစ်စုံ ပိုက်ဆံ၊ ငွေဒင်္ဂါးနှင့် မုုးစေ့မတ်စေ့ အကြွေထုပ်ကလေးနှင့် ပဲကြီးလှော်၊ ထန်းလျက်ခဲကလေးများ ထည့်ပေးထားသည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်ကိုတော့ လက်ဝတ်လက်စား စိန်ရွှေတစ်ထုပ်စီ၊ သုံးရန် ငွေထုပ်၊ ပရုတ်ဆီ၊ လျက်စား၊ ဆေးဝါးအပြင် အဝတ်တစ်စုံ၊ နှစ်စုံနိုင်သလောက် ထုပ်ထားရ၏။ ဖေဖေ့ လွယ်အိတ်တွင်းမှာတော့ "ဂေါတမ ဆင်းတုငယ်" တစ်ဆူနှင့် သောက်တော်ရေကပ်သည့် ငွေခွက်ကလေးပဲ ဖေဖေက အမြဲသယ်ပါသည်။ ရွှေထည်ပစ္စည်းကြီးများဖြစ်သည့် ခြေချင်း၊ ဘီး၊ ဆံထိုး၊ ဆံညှပ်၊ ဘယက် ဆွဲကြိုး လက်ကောက်နှင့် ငွေသားများကို စစ်မပြေးခင်ကတည်းက

ဥ္ဗြိခြံကြီး တစ်နေရာတွင် ဖေဖေက စဥ္စအိုးနှင့် မြှုပ်ထားခဲ့လေသည်။ ဖေဖေက သူ မြှုပ်ထားခဲ့သည့်နေရာကို ပထမသွားကြည့်ပြီး "ရှိတယ်၊ ရှိတယ်" ဟု မမကို ပြောသံ ကြားရပါသည်။ ကျွန်မတို့ပိုင် ရွှေထည်ပစ္စည်းအပြင် အပေါင်ခံပစ္စည်းများပါ ပါသည်။ ပစ္စည်းရှင်များကို တိုင်းပြည်ပျက်ချိန်ပြုကတည်းက လာရွေးယူကြရန် ပြောသော်လည်း သူတို့ငွေမရှိ၍ မရွေးနိုင်ခဲ့ကြပါ။ ဖေဖေ့မှာ ကိုယ့်ဟာရော သူများဟာရော သိမ်းနေရ သည်။ တောမီးလောင် တောကြောင် လက်ခမောင်းခတ်ချိန်မို့ လက်ထဲမှာ မထားဝံ့၊ မြေကြီးထဲမှာ ဝှက်ထားရသည်။

ညက ကျွန်မတို့မှာ ဖျာသင်ဖြူး၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်ပါလာသရွေ့နှင့် ဖြစ်သလို စုဝေးပြီး အိပ်လိုက်ရသည်။ မြို့တွင်းသို့ ပြန်ဝင်လာကြသည့် နွားလှည်းသံ၊ မြင်းလှည်းသံ၊ ဘိုင်စကယ်သံ၊ လူသံများ ဆူညံနေပါ၏။ မြို့ပေါ်ရှိ ဂျပန်တွေ ကျွန်မ တို့ကို ရပ်ကြည့်ပြီး နေကြသည်။ ပါးလာမရိုက်တော့ပါ။ သခင်အောင်ဆန်း (ဝါ) ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်နှင့် စစ်ရေးအရ လက်တွဲလိုက်ပြီးကိုး။ (B.I.A. BURMA INDEPENDENCE ARMY) ဆိုသည့်ခေတ်ကို ရောက်ပြီး မြို့ပြ အုပ်ချုပ်ရေးများ ပြန်လည်စကြပါပြီ။ ဩော် မေမေရယ် ကံဆိုးလိုက်ပါဘိ။ တွေးမိတိုင်း မေမေ့အဖြစ်ကို ရင်နာမိသည်။ အပေါင်းအသင်း မိတ်ဆွေပေါ်လှသော မေမေ့ အကြောင်း လာရောက်မေးကြ ငိုကြ၊ ကျွန်မတို့လည်း မေမေ့အဖြစ် ပြောပြီး ငိုရနှင့် ကြာတော့ မငိုနိုင်တော့ပါ။ မျက်ရည်လည်း ကုန်ပြီလားမသိ၊ လုံးဝ မထွက်တော့ပါ။

တောမှ ပစ္စည်းများ ပြန်သယ်သဖြင့် အခုမှ "အိမ်"နှင့် တူပါတော့၏။ မြို့ပြန်လာပြီး တစ်လတောင်မရှိသေး ပလိပ်ရောဂါဖြစ်ပြီး သေကြပြန်၏။ မြို့က ညစ်ပတ်ပြီး လူတွေ မရှိတော့ ကြွက်မြို့တော် ဖြစ်ခဲ့ခြင်းကြောင့် ပလိပ်ရောဂါက ချက်ချင်း ဝင်လာလေ သည်။ တစ်အိမ်တည်း နှစ်ယောက် သုံးယောက် အတွဲလိုက်ပင် သေကုန်ကြသည်။ ခွေးအူသံ ကြားလျှင် တစ်ယောက်ဟုပင် သတ်မှတ်ကြရသည်။ အဲဒီအထဲ ကျွန်မတို့ မောင်လေး (မောင်တင်လတ်) ကောက်ကာငင်ကာ ဖျားပြီး နှစ်ရက်အတွင်း သေဆုံး သွားလေသည်။ ကျွန်မအချစ်ဆုံး မောင်လေးပါ။ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းလေးနှင့် ချောချောအေးအေးကလေး ကြေးမများ ကျွေးတာနဲ့ စားပါသည်။ ပြန်ရောက်သည့်နေ့ က သူ ကြွက်တွေကို တုတ်နှင့် လိုက်ရိုက်တာ တွေ့ပါ၏။ မောင်လေးကို အစ်ကိုလေး နှင့် လူတစ်ယောက် ပိုက်ဆံပေးငှားပြီး သုသာန်ပို့ရ၏။ မည်သူမှ မလာဝံ့ကြပါ။

လူတွေ အတော်သေပြီးမှ ဂျပန်စစ်တပ် ဆေးတပ်က "ပလိပ်" ဆေးတွေ ထိုးပေး

သည်။ ဩော်… မောင်လေး မောင်တင်လတ်၊ စက်သေနတ်နှင့်မသေ ကွက်ကြောင့် သေခဲ့ရသည်။ ကျွန်မ လူ့ဘဝကြီးကို ကြည့်တတ်သော အသိရှိလာပါပြီ။ ချမ်းသာမှုက နည်းနည်း၊ ဆင်းရဲဒုက္ခတွေက ကြောက်ခမန်းလိလိပါကလား။

စစ်ပြေးဘဝ ထမင်းမငတ်ခဲ့သော်လည်း ရေကရှား ဖုတ်တထောင်းထောင်းကြားမှ ဖုန်တရှပ်ရှပ်နှင့် အထိတ်တလန့် နေခဲ့ရသည်။ ဆီ၊ ဆား၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ ပုစွန်ခြောက်၊ ငါးကြီးခြောက်၊ အစားအသောက်တွေက အိတ်လိုက်တွေပါလာမို့ ကိုယ်လည်းစား သူများလည်း မျှဝေနိုင်ခဲ့ပါ၏။ မြို့ကို ပြန်ဝင်လာသည်ထိ ဖေဖေ့မှာ ပစ္စည်းအစုံနှင့်ပါပဲ။ ဒါပေမဲ့ ချွေချွေတာတာပဲ သုံးစွဲကြသည်။ အစ်ကိုလေးတို့အရွယ် ယောကျ်ားလေးတွေ အိမ်တွေမှ တစ်ယောက်ပြီး တစ်ယောက် ပျောက်သွားကြသည်။ အိမ်တိုင်းတွင် လူငယ် ယောကျ်ားပျို့များ အရောင်းအဝယ်လုပ်မလိုနှင့် ပျောက်သွားကြသည်။ အစ်ကိုလေးကပါ သူ့ပစ္စည်းကလေးတွေ သိမ်းထုပ်နေရာ မဓောတင်က အစ်ကိုလေး မိန်းမခိုးတော့မလို့ ထင်သည်။ ဒါပေမဲ့ မဟုတ်၊ စစ်ထဲဝင်မလို့ဟု သိရသည်။ ဖေဖေ သိသွားတော့ တိုင်းပြည်က အေးတာ မဟုတ်သေးကြောင်း မင်းမရှိလျှင် ငါ တစ်ယောက်တည်းနဲ့ ဒီကလေးတွေနဲ့ ဆိုတာလည်း စဉ်းစားပါဦးကွာ။ ငါ့ကို မငဲ့လျှင် နေပါ မင်းညီလေး၊ ညီမလေးတွေကို ငဲ့ပါဟု ပြောသံကြားသည်။ ကိုကိုဦးကို မတွေ့ရသည်မှာ တစ်နှစ်ရှိပါပြီ။ ထိုနေ့က ရောက်လာပြီး ဘာမှထူးထူးထွေထွေ မပြောဘဲ နှုတ်ဆက်ပြန်သွားပါ၏။ အိမ်နီးချင်းတွေလည်း ပြေးလာနှုတ်ဆက်ကြ၊ လူကြီးတွေက လူကြီးချင်း ကလေးတွေကလည်း သူတို့ရွယ်တူ သူငယ်ချင်းတွေနှင့်။ ကျွန်မအနား ရောက်လာသူက ကိုသန်းဦး။ သူတို့လည်း ယနေ့ပြန်ရောက်ပြီ ဖြစ်ကြောင်း ကျွန်မတို့ မိသားစုကို စိတ်ပူရသည့်ဒုက္ခက ယနေ့လွတ်ပြီဟု ပြောလာသည်။

ခါတိုင်းလို သီချင်းကလေး တညည်းညည်း မဟုတ်ဘဲ သူမျက်နှာမှာ တစ်ခုခုတော့ တစ်ခုခုဆိုတာ ကျွန်မ သိပါသည်။ ဘာမှန်းတော့မသိ။ ကိုသန်းဦးသည် ကျွန်မကို ဘာစကားမျှ မပြောသေးဘဲ မီးဖိုထဲက အစ်ကိုလေးဆီ သွားသည်။ အစ်ကိုလေးကို ကြည့်ရသည့် အမူအရာ၊ ကိုသန်းဦးကို မြင်ရသည် အမူအရာတို့မှာ အခါတိုင်း ပုံစံများ မဟုတ်ကြပါ။ ကျွန်မသည် အဝတ်လှန်းရန် ကြိုးတန်း သံရိုက်နေရာမှ လက်ကို တူနှင့် ထုမိသွား၏။ ကိုသန်းဦး မြင်သွားပြီး ကျွန်မထံ ပြန်ပြေးလာသည်။ ကျွန်မ လက်လည်း နာလိုက်တာ "ကျဉ်" သွားပါ၏။ ပါးစပ်က ကျွတ်ကျွတ် စုတ်သပ်ရင်း လက်မကို အာငွေ့နှင့် ပူအောင် ငုံထားမိသည်။ အစ်ကိုလေးပါ ရောက်လာပြီး–

"ငါ နေ့ခင်းကျလုပ်ပေးမယ်ဆိုတာ နင် ရှည်ကို ရှည်တယ်။ မောင်သန်းဦး ကြိုးတန်း လုပ်ပေးလိုက်စမ်းကွာ၊ သူများတွေမအားရင် သူက ယားနာ အမြဲပေါက်တယ်" ဟု လက်က အနာကို မကြည့်ပေးကြဘဲ ဆူခံရပါသည်။ ကိုသန်းဦးက ကြိုးတန်းလုပ်ပေးပြီး ဘာလုပ်ပေးရဦးမလဲဟု မေး၏။ ကျွန်မက ခေါင်းခါလိုက်ပါသည်။ မမကြည်တို့ ညနေမှ လာလိမ့်မည်။ အခု အိမ်သိမ်း၊ နေရာချနေကြ၍ သူလည်း ပြန်ကူရဦးမည်ဆိုကာ ပြန်သွားသည်။ တောမှာနေကြစဉ် တစ်နှစ်အတွင်း "မေမေ" ဆုံးတော့ တစ်ခါတွေ့ရပြီး အခုမှ တစ်ခါ ပြန်တွေ့ခြင်း ဖြစ်၏။ သူ ချက်ချင်းပြန်သွားလို့ ဘာစကားမှတောင် မပြောလိုက်ရပါ။ ယခုအချိန်တွင် ကျွန်မအနီး၌ ကူဖော်လောင်ဖက် ပူဖော်ပင်ဖက်ဆို၍ အရေးဆို ပြေးလာတတ်သူမှာ ကိုသန်းဦးသာ ဖြစ်သည်။ အစ်ကိုတစ်ယောက် မောင်တစ်ယောက်လိုလည်း အားထားမိပါသည်။ ကျွန်မနှင့်သူ အသက်တူတူပါ။ ကျွန်မကို ချစ်ခင်ကြသည့် သူငယ်ချင်းတွေ၊ ကျွန်မဆီလည်း သူတို့မလာ၊ သူတို့နှင့်လည်း ကျွန်မ မတွေ့ပါ။ အားလုံးနှင့် ဝေးခဲ့ရသော အဖြစ်ပါပဲ။ ညနေကျ ကိုသန်းဦး အစ်မ သုံးယောက်စလုံး ရောက်လာကြပြီး ဖေဖေတို့ မမတို့နှင့် မေ့မေ့ အကြောင်းတွေ ပြောနေကြသည်။ ကိုသန်းဦးက ကျွန်မ အနီးရောက်လာပြီး ထိုင်ရင်း နေကောင်းရဲ့လား ပိန်သွားသည်ဟု ပြော၏။ ပိန်တာက ဘာဟုတ်သေးလဲ မသေဘဲ ပြန်တွေ့ကြရတာ ကံကောင်းဟု ကျွန်မက ပြောလိုက်သည်။ အတန်ကြာ ခြံတွင်းငေးကြည့်နေရာမှ–

"ကံကောင်းတဲ့သူတွေကျတော့လည်း ကံကောင်းလိုက်ကြတာ" ဟု ပြောရာ ကျွန်မက–

"ဘယ်သူတွေလဲ ကိုသန်းဦး"

"ကိုကိုနဲ့–မမတို့လေ"

"ဘယ်က– ကိုကိုနဲ့မမလဲ"

"အိမ်က ကိုကိုနဲ့ ဒီအိမ်က မမပေါ့"

"သူတို့ ဘာဖြစ်လို့လဲ"

"အဖေက ကိုကိုနဲ့ မမပေးစားဖို့ ကိစ္စ၊ ခေတ်ကလည်း မကောင်းလို့ မြန်မြန်စီစဉ်တော့မယ်တဲ့"

"အဲဒါမဖြစ်ဘူး ကိုသန်းဦး"

"ဘာပြုလို့"

"မမမှာ စေ့စပ်ထားသူ ရှိနေတယ်"

"ဘယ်သူလဲ–ဘယ်ကလဲ"

"မေမေ ရှိတုန်းကတည်းက မေမေ သဘောတူခဲ့တဲ့ လူတစ်ယောက်ပဲ၊ သူ့မိဘတွေက စိန်ရွှေရတနာဆိုင်ပိုင်ရှင်။ မေမေနဲ့ သိပ်ခင်တယ်။ သူက အင်္ဂလိပ်လိုလည်း ဆယ်တန်း။ (ထိုခေတ်က ၇ တန်းဆိုလျှင်ပဲ အလုပ်ရပါ၏) ရုပ်ရည်လည်း မဆိုးဘူး။ အသားဖြူဖြူ အရပ်မြင့်မြင့် လက်ထပ်ဖို့ စီစဉ်တုန်း ခေတ်ပျက်လို့။ အခုတော့ ဖေဖေကလည်း သမီးပျိုတွေ မထိန်းချင်တော့ဘူး။ အဲဒီလူနဲ့ ပေးစားတော့မှာ"

"ဟင်"

"အိမ်ကတော့ မကြာခင်ပဲ လာပြောကြတော့မလို့"

"မသိဘူးလေ လူကြီးတွေ သဘောပဲပေါ့"

"ကိုယ်ကတော့ ကိုကိုနဲ့ မမကြောင့် နောက်ဆုတ်ခဲ့ပါတယ်"

"ဟင်–ဘာပြောတယ်" ဟု ကျွန်မက မေးတော့ သူ ဘာမျှထပ်မပြောပါ။

ကျွန်မလည်း ဘာပြောရမှန်းမသိ။

"ကိုယ်ပြန်မယ်" ဆိုပြီး ရုတ်တရက် ပြန်သွားပါတော့၏။ မြို့အနေအထားကတော့ ယခင်လို ပုံမှန်စည်ကားသေးပေမယ့် စည်းရုံးရေးကောင်း၊ မျိုးချစ်သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တို့နှင့် ပူးပေါင်း၍ အင်္ဂလိပ်များ မြန်မာမြေပေါ်တွင် တစ်ကောင်တစ်မြီးမျှ မကျန်အောင် တိုက်ထုတ်လျက် ရှိသည်။ စစ်အုပ်ချုပ်ရေးများ အောက်တွင်ပင် စစ်ရုံး၊ စစ်တက္ကသိုလ် (ဗိုလ်သင်တန်း) များ မင်္ဂလာဒုံတွင် ဖွင့်လှစ်နိုင်၍ ကောလိပ်ကျောင်းသားများ၊ အလုပ်သမားများ စစ်သင်တန်းတက်ကြသည်။

ဘီအိုင်အေခေတ်က တပ်မတော်သား ရဲဘော်များ တစ်ထောင့်ငါးရာသာ ရှိသည်။ ရဲဘော်အင်အား နှစ်ထောင် သုံးထောင်ခန့် ရှိလာသော် (BDA- BURMA DEFENCE ARMY) ဗမာ့ကာကွယ်ရေး တပ်မတော်ဟု ပြင်ဆင်ဖွဲ့စည်းလိုက်သည်။ လွတ်လပ်ရေးပေးမည်ဆို၍ ဂျပန်ကို ကူတိုက်ပေးခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်း အဖွဲ့အား တကယ်တိုက်ပြီးတော့ လွတ်လပ်ရေး အတုကိုသာပေးခဲ့ရာ ဗမာ့အမျိုးသား တပ်မတော် (BNA-BURMA NATIONAL ARMY) ကို ပြင်ဆင်ဖွဲ့စည်းသည်။ ဤအချိန်တွင် မင်္ဂလာဒုံဗိုလ်သင်တန်း ဟိုင်နန်၊ ထိုင်ဝမ် စစ်တက္ကသိုလ်များတွင် ဂျပန်ဘုရင့် စစ်တက္ကသိုလ်တို့၌ စစ်ပညာများ သင်ယူတတ်မြောက်ပြီးသည်သာမက ဂျပန်တို့နှင့် လက်တွဲ၍ အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့ရသည့် လက်တွေ့ တိုက်ပွဲစစ်ရေး

အတွေ့အကြုံများက တော်လှန်ရေးအတွက် မျိုးချစ်စိတ်ကို သွေးထိုးပေးလျက် ရှိသည်။ ထို့ကြောင့် ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ နယ်လှည့်စည်းရုံး ဟောပြောမှု စကားစုထဲမှ "အသက်ပြည့်တဲ့ ယောကျ်ားတိုင်း ဗမာ့လွတ်လပ်ရေးအတွက် စစ်တိုက်ကြရမယ်။ တိုက်ချင်လည်း တိုက်၊ မတိုက်ချင်လည်း တိုက်ရမယ်။ ကျုပ် ရှေ့ဆုံးက တိုက်မယ်။ ရှည်ရှည်ပြောနေဖို့ အချိန်မရှိဘူး။ ဒါပဲ" သည် မိန့်ခွန်းကို ကြားရသည်။ လူမျိုးဘာသာမရွေး ရဟန်းရှင် လူပြည်သူပြည်သားမကျန် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ကြရန် ဗမာ့သွေး ပွက်ပွက်ဆူနေကြပါပြီ။

၁၉၄၀–မှ ၄၁–၄၂–၄၃–၄၄ နှစ်အတွင်း စစ်အုပ်ချုပ်ရေး အပြောင်းအလဲ အမျိုးမျိုးအောက်တွင် ကျွန်မတို့သည် အရွယ်ရောက်ခဲ့ရ၏။ မမလည်း စစ်အတွင်းမှာပဲ ယောကျ်ားဆု ပေါက်ခဲ့ရပြီ။ ကိုမောင်မောင်လေးနှင့် ယူလိုက်ရသည်။ ဖေဖေက မေမေ သဘောတူခဲ့သူနဲ့ပဲ ပေးစားခဲ့၍ ကိုကိုသိန်းနှင့် မရခဲ့တော့ပါ။

ကိုကိုသိန်းနှင့်မမ မရသည့်အတွက် "ဦး"တို့ မိသားစု အတော်ပဲ စိတ်မကောင်းဖြစ်ကြသည်။ ခင်မင်မှုတော့ မပျက်၊ ယခင်ကအတိုင်း စိတ်မပြောင်းကြပေ။ "ဦး" က မမကို ချွေးမ မတော်လိုက်ရ၍ တဖျစ်ဖျစ် ပြောမဆုံးပါ။ တိုင်းပြည်ကလည်း ခုထိ မငြိမ်၊ လှုပ်–လှုပ်။ ဈေးပြန်ဖွင့်သော်လည်း ဈေးက ခဏခဏ လန့်နေသည်။ ဈေးသည်တွေမှာ ဈေးရုံတွင် မရောင်းရဲ။ အိမ်တွေကို လိုက်ရောင်းကြသည်။ ဖေဖေကတော့ ဆိုင်ကို ပြန်မဖွင့်တော့ပါ။ စီးပွားရှာရန်အချိန်လည်း မဟုတ်။ စားစရာ ရွှေ–ငွေ အပြည့်အစုံရှိရာ တိုင်းပြည်အေးချမ်းဖို့ပဲ ဘုရားမှာ ဆုတောင်းရသည်။ သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကိုလည်း ကလေးတွေပါရနေကြ၍ ပါးစပ်ထဲတွင် ပဲကြီးလှော်ဝါးသလို တတွတ်တွတ် ရွတ်နေကြရသည်။ အိမ်က ကလေးတွေသည် ထမင်းစားရင်းပင် သမ္ဗုဒ္ဓေ ရွတ်စားကြ၏။ အစ်ကိုလေးက ထမင်းစား၊ ထမင်းစား သမ္ဗုဒ္ဓေ ခဏထားဟု ပြောယူရ သည်။

မကြာသော ကာလမှာပင် တိုင်းပြည်က လှုပ်လှုပ်ရွရွ ဖြစ်လာပြန်၏။ ကိုသန်းဦး လာလျှင် သတင်းကလေးများ ကြားရသည်။ အခုတစ်လော သူ ပေါ်မလာပြန်ပါ။ ကျွန်မလည်း သူ့ကျေးဇူးတွေကြောင့် အာရှလူငယ် အစည်းအရုံးကိုလည်း ဝင်ထားပြီးပါပြီ။ ဂျပန်စာတွေလည်း သင်ပြီးပါပြီ။ ဂျပန်ကျောင်း "သုံးလ" သင်တန်းတက်လိုက်သဖြင့် ဂျပန်စကားလည်း ပြောတတ်ပါပြီ။ ကျွန်မတို့မြို့မှ ကိုဖေစန်း (အေဝမ်းမှ ဇာတ်လိုက်မင်းသား–တက္ကသိုလ်ဖေစန်း) ဦးစီးသည့် ဂျပန်ဗမာ ချစ်ကြည်ရေး တေးဂီတ

အဖွဲ့တွင်လည်း ဂျပန်သီချင်းတွေ ဆိုခဲ့ရသည်။ အဲသည်အဖွဲ့တွင် သီချင်းဆို၍ ဂျပန်ပြည်ဖြစ် ပိုးဖြူအင်္ကျီစ တစ်ကိုက်၊ ခရမ်းရင့်ရောင် ပိုးပျော့လုံချည် တစ်ကွင်း၊ ဆပ်ပြာ၊ သကြား၊ စားစရာတွေရခဲ့သည်။ ပစ္စည်းများ ရှားပါးနေချိန်မို့ ဝမ်းသာမိသည်။ ဂျပန် စစ်သားတွေ ရိုင်းသလောက် ဂျပန်ကျောင်းဆရာ၊ ဂျပန်တေးအဖွဲ့ ခေါင်းဆောင်တို့မှာ ယဉ်ကျေးသော ပညာတတ်များ ဖြစ်သည်။

တစ်နေ့ ကိုသန်းဦးရောက်လာပြီး ဂျပန်တေးအဖွဲ့တွင် ဝင်ရောက် သီချင်းဆိုသည့်ကို မနှစ်မြို့ဟန် ပြောသည်။ ကိုယ့်ရန်သူတွေကို ဘာမှလေးစား အမွှမ်းတင်ရန် မလိုကြောင်း၊ ဂျပန်တွေကောင်း မကောင်း၊ မြန်မာနိုင်ငံ တစ်မျိုးသားလုံး သိနေကြပါလျက် ဂျပန်အလိုတော်ရိတွေလုပ်သည့်ကိစ္စမျိုးတွင် လုပ်လျှင် လုပ်သူ သိက္ခာကျမှာ ဖြစ်ကြောင်း၊ သီချင်းကို ကိုယ့်အိမ်မှာကိုယ်ဆိုလည်း ရပါတယ်၊ ဂျပန်ပြည်ကြီး၊ ဖူဂျီယာမတောင်ကြီး၊ ချယ်ရီပန်းတွေအကြောင်းနဲ့ မြန်မာမ တစ်ယောက်နဲ့ ဘာမှမဆိုင်ပါဘူးဟု ကျွန်မကို ပစ်ပစ်ခါခါ မကျေမနပ် ဝေဖန်နေသည်။

ကျွန်မ သူ့ကို စိတ်ဆိုးပြီး ကြည့်ရင်း

"ကိုသန်းဦးပဲ ဂျပန်ကျောင်းကို တက်ခိုင်းခဲ့တာရော..."

"အဲဒါက သူတို့ဆီက ပညာကိုရတဲ့အချိန်မှာ ယူသင့်ယူထိုက်လို့ ယူလိုက်တာ။ အဲတာက ကိုယ့်တို့အဖို့ အမြတ်–အမြတ် အခု သူတို့တိုင်းပြည်၊ သူတို့လူမျိုးကို ဝါဒဖြန့်ပေးရတာက ရှုံးတယ် အရှုံး"

"မောင်သန်းဦး ပြောတာ ဟုတ်တယ်"

အစ်ကိုလေး ဘယ်တုံးက အနားရောက်နေမှန်း မသိ။ သူအသံကြားမှ ကျွန်မ အစ်ကိုလေးကိုပါ စိတ်ဆိုးမျက်နှာနှင့် ကြည့်လိုက်သည်။

"ဖေဖေက ခွင့်ပြုလို့လိုက်တာ"

"လူကြီးကတော့ နင်ပျော်ပါစေတော့လို့ ထည့်တာပေါ့၊ ငါ့ကို အစ်ကိုကြီးကိုဖေစန်းက တယောထိုးဖို့ ခေါ်သားပဲ။ ငါ မလိုက်ပါဘူး။ တိုင်းပြည်ကဖြင့် ဘာဖြစ်နေမှန်း မသိသေးဘူး။ နောက်တစ်ခါကျရင် မလိုက်နဲ့။ မလိုက်နဲ့ ရှုပ်တယ်" ဟု အစ်ကိုလေးက ပြောသွားပြန်သည်။

"ကိုယ့်ကို စိတ်ဆိုးတယ်လား"

ကိုသန်းဦးက သူ့ကိုယ်သူ ကျွန်တော်ဟု မပြော "ကိုယ်" ဟု အမြဲထည့်ပြောတတ်၏။

"ဆိုးတာပေါ့"

"အချိန်ဆိုတာ တန်ဖိုးရှိရှိ အသုံးချရတယ်၊ စစ်ကြီးက ပြီးတာ မဟုတ်သေးဘူး။ အခု... သခင်မြသိန်းအိမ်မှာ ရဲဘော်တွေအတွက် စစ်ဝတ်စုံ (ယူနီဖောင်း) အပြအစုတ်တွေကို ဖာထေးချုပ်နေကြတယ်"

"ဆရာမ မဖွားမြင့်က ဦးဆောင်ပြီး စက် ၁၀ လုံးနဲ့ ချုပ်နေကြတယ်။ အဲဒါ ချုပ်မလား"

"မသိသေးဘူးလေ။ မမတို့ကို ပြောရဦးမှာပေါ့"

"ပြောဖို့ မလိုပါဘူး။ ဒီအလုပ်က ကောင်းတဲ့အလုပ်ပဲ၊ ကိုယ့်ဆန္ဒနဲ့ ကိုယ်လုပ်လို့ရတယ်"

"အင်းလေ... ဆရာမပါရှိတယ်ဆိုရင် ချုပ်မယ်"

"သကြား၊ ဆပ်ပြာတော့ မရဘူးနော်၊ စေတနာ့ဝန်ထမ်းပဲ။ မနက်ဖြန် မနက် ၁၀ နာရီ အဆင်သင့်လုပ်ထား ကိုယ် လာခေါ်မယ်။ ထမင်းစားခဲ့နော်"

သူ ပြန်သွားပါပြီ။ မမကို ပြောပြတော့ ကောင်းသားပဲ။ အိမ်ကစက်ပါ လိုလျှင် ယူချုပ်ပေါ့ဟု ပြောသည်။ ဒါမှမဟုတ်လျှင် ချုပ်စရာတွေယူလာ။ မမပါ အိမ်မှာနေ၍ ချုပ်ပေးမည်ဟု ပြော၏။ နောက်တစ်နေ့ ကျွန်မကို သခင်မြသိန်းအိမ်သို့ ခေါ်သွားသည်။ အဲသည်ရောက်တော့ စစ်ခြင်ထောင် အပြအစုတ်များ၊ ယူနီဖောင်း အဟောင်းအမြင်း အစုတ်အပြဲများ၊ လေထီးစများကို ပြန်လည်အသုံးပြုနိုင်ရန် ဖာထေးချုပ်လုပ်နေကြသည်။

ကျွန်မ သူငယ်ချင်းတွေလည်း ရောက်နေကြသည်။ ကျွန်မကို နောက်ကျ၍ အပြစ်တင်ကြသည်။ ဒါတွေ ဘယ်ကဟာတွေလဲ ဘာလုပ်ဖို့လဲ မေးတော့ သူငယ်ချင်း မတွေကလည်း မသိ၊ ဆရာမကလည်း မသိ၊ မမေးနဲ့ဟု ပြောသည်။ ချုပ်ပြီးသော အထည်များကို ဂျစ်ကားနှင့် လူငယ်နှစ်ဦးက လာယူ၊ အဟောင်းတွေ လာပို့သွားနှင့် စက် ၁၀ လုံးလည်း မနားရပါ။ တစ်ခါတလေ အရေးကြီးသည် မြန်မြန်ချုပ်ကြပါဆိုပြန်လျှင် ရေတောင် ထမသောက်အား အပြီးချုပ်ကြရသည်။

ညနေမိုးချုပ်ထိ ချုပ်ကြရရာ မိုးချုပ်လျှင် ကိုသန်းဦးက ကျွန်မကို စောင့်ပြီး အိမ်ပြန်ပို့ပေးလေသည်။ ကျွန်မတို့မြို့ အခြေအနေကလည်း ပုံမှန်အခြေသို့ မရောက်သေးပါ။ မြို့ ခဏခဏ လန့်သည်။ ဖေဖေက ကျွန်မတို့ကို တောပြန် ပို့ပြန်သည်။ ကျွန်မတို့ပြောင်းလျှင် အိမ်နီးချင်းတွေပါ ကြောက်ပြီး ပြောင်းကြပြန်သည်။ ကျွန်မတို့

မြို့မှ ကြို့ပင်ရွာသို့ ဖြတ်သွားသော လမ်းမကြီးဘေးတွင် "သိမ်ကြီးရပ်ကွက်" ဆိုတာ ရှိပါ၏။ မြို့အစွန်မှာပါ။ အဲဒီမှာ ဂျပန်စစ်တပ်က တပ်ချနေပါသည်။ ဂျပန်တွေကို အင်္ဂလိပ်တွေက လာတိုက်မည်ဆို၍ ကျွန်မတို့မှာ အဲဒီသိမ်ကြီးလမ်းမှ ဖြတ်သွားလို့ ရတုန်း စောစော ပြောင်းခဲ့ကြရ၏။

တောရောက်တော့ ဓားပြတွေက မြို့က ပြေးလာသူတွေကို ခဏခဏ တိုက်ကြသဖြင့် ဂျပန်ကတစ်မျိုး၊ အင်္ဂလိပ်ကတစ်မျိုး၊ ဓားပြကတစ်မျိုး ဘယ်သူ့ရှိခိုးရမှန်း မသိတော့ပါ။ ဒီတစ်ခေါက်တော့ ကျွန်မရဲ့ အဆွေတော် ကိုသန်းဦးကို မတွေ့ရပြန်တော့ဘဲ ပျောက်နေပြန်သည်။

ရွာကိုရောက်တော့ တပေါင်းလ ရေရှားချိန်ဖြစ်၍ ညနေတိုင်း ရေခပ်ရသည်။ ရွာက အစ်မဝမ်းကွဲတွေက ကျွန်မကို မခပ်ခိုင်းပါ။ ဒါပေမဲ့ ကျွန်မကိုယ်တိုင်အားနေ၍ ကျွန်မ ရွက်နိုင်သော ရေအိုးကလေးနှင့် လိုက်ပါသည်။ သောက်ရေတွင်းက ဘုန်းကြီးကျောင်းမှာ ဖြစ်၏။ ကျောင်းဝင်းတွင်းမှာလည်း မြို့က ထပ်ရောက်လာသူများနှင့် ပြည့်နေပါ၏။ ရေတွင်းတစ်တွင်းလုံး လူတွေပြည့်နေ၏။ မမတို့ တစ်ခေါက်ပြန်သွား၍ ကျွန်မက ထားခဲ့သော ရေအိုးသုံးအိုးထဲ ရေကို ငင်၍ထည့်နေရာ–

ကျွန်မဘေးမှာ မျက်နှာစိမ်း လူတစ်ယောက်က သူ့ရေပုံးထဲမှ ရေကို ကျွန်မ ရေအိုးသို့ ဖြည့်ပေးပါသည်။ သူ့မျက်နှာက တည်ကြည်ပါသည်။ တကယ့်စေတနာဖြင့် ကူညီသည်မှာ မျက်နှာပေါ်တွင် ပေါ်လွင်နေသည်။

"နေပါစေ အားနာစရာကြီး"ဟု ကျွန်မက ပြောတော့ သူက နောက်တစ်ပုံးကို ငင်ရင်း–

"ရွာထဲကလား"

"ဟုတ်ကဲ့။ မြို့က ပြောင်းလာတာပါ"

သူလည်း ဘာမှထပ်မမေးတော့ဘဲ ငြိမ်သွားသည်။ ကျွန်မလည်း ဘာမှ ပြောစရာ မရှိ၍ သူ့ကို မကြည့်ဘဲ မမတို့လာလမ်းကို ငေးမျှော်နေစဉ်ပဲ သူလည်း ရေတွင်းမှ ရေကို နှစ်လှမ်း သုံးလှမ်းနေရာရှိ သစ်ပင်အောက်တွင် သွားချိုးပြီး ကျွန်မကို နှုတ်မဆက်ဘဲ ဘုန်းကြီးကျောင်းဆီ ပြန်သွား၏။ ကျွန်မ သူ့ကို ငေးကြည့်ပြီး စဉ်းစားနေသည်မှာ သူ ဘယ်သူလဲ။ ကျွန်မတို့ မြို့ကလည်း မဟုတ်။ သည်ရွာသားလည်း မဟုတ်။ ပုဆိုးစုတ်သာ ဝတ်ထားပေမယ့် သူ့အချိုးအစား ရုပ်ရည်က သန့်ပါသည်။ မမတို့လာတော့ ကျွန်မက ပြောပြရာ–

"အေး ဘုန်းကြီးကျောင်းကို မနေ့က လူသစ်တွေ ထပ်ရောက်လာသတဲ့" ဟု ပြောပါသည်။ ဟောဟို ခြံကြီးထဲမှာလည်း လူတွေ ရောက်နေသတဲ့။ ရွာမှ အစ်မက ဘုန်းကြီး ကျောင်းဘေးမှ ခြံကြီးကို လက်ညှိုးထိုးပြသည်။

"လာ… လာ… ရွာထဲကို ဘယ်သူတွေ ရောက်လာမှန်း မသိဘူး" ဆိုကာ ရေတွင်းမှ မြန်မြန် အိမ်သို့ပြန်ခဲ့ရသည်။ ရွာက အစ်မတွေက ရေအိုးကို အပြန်တွင် နှစ်လုံးဆင့် ရွက်နိုင်သော်လည်း ကျွန်မမှာ အိုးကလေး တစ်လုံး ရွက်ရသည်တောင် ခေါင်းတဆတ်ဆတ် တုန်နေ၍ ကျွန်မကို "စိန်လည်တုန်" ဟု နာမည်ပေးခံရသည်။

ရွာတွင်းသို့ ဂျပန်တွေ အလာကျဲသွားသည်။ ဒါပေမဲ့ မြို့တွင်းမှာ မရှိ၊ မြို့စွန်တွေမှာ တပ်စွဲနေသည်ဟု သိရသည်။ သိမ်ကြီးတွင် သူတို့တပ်စွဲနေရာ ကျွန်မတို့ရွာနှင့် သိမ်ကြီးမှာ နှစ်မိုင်လောက်သာ ဝေး၏။ သိမ်ကြီး၊ ကင်ပွန်းစု၊ ကြို့ပင်ဆက်လျက် အနီးလေးဖြစ်၍ "ဖေဖေ" က "သမန်းကုန်း၊ ရွှေကြာပင်၊ လှပခြင်း"ဆိုသော ရွာများသို့ ရွှေ့ရန် စီစဉ်နေပြန်သည်။ စိတ်ပျက်စရာ ကောင်းလှပါဘိ။

တစ်ပတ်လောက်အကြာ "ဖေဖေ" ကင်ပွန်းစုကို သွားသတင်းစုံစမ်းရာ "ကိုကိုဦး" "ကင်ပွန်းစု" ကို လာသွားကြောင်း သိရသည်။ ကျွန်မတို့ဆီ သူလာမလား မျှော်ပေမယ့် မလာပါ။ ကိုသန်းဦးကို တွေ့ချင်သော်လည်း မလာပါ။ အစ်ကိုလေးက ကျွန်မကို တိုးတိုးပြောသည်မှာ ရွာထဲမှာရောက်နေတဲ့ လူတွေဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လူတွေ (အတာ) ကိုကိုဦး အိမ်နာမည်ပါ။ သူ့အဖေဆီလာသွားပြီ။ လူငယ်တွေ ရွာသားတွေ အားလုံးစည်းစည်းရုံးရုံးရှိကြဖို့ ပြောကြောင်း အစ်ကိုလေးထံမှ သိရသည်။ ဖေဖေသည် "ကင်ပွန်းစု"က ပြန်လာပြီး တစ်ခုခုကို တွေးတောစိုးရိမ်နေပုံရသည်။ ကျွန်မတို့နှင့် ခင်မင်မိတ်ဆွေ အစ်ကိုဝင်းမောင် (ပြည်) ရောက်လာပြီး သူ့ အစ်မကြီး မမမိနှင့် ညီမမခင်ကြည်တို့ကို ထားခဲ့ပါရစေဆိုကာ ဖေဖေ့ကို အပ်နှံသွားပြန်ပါ၏။ အစ်ကိုဝင်းမောင်သည် ပြည်မြို့သား လူပျို (ယခင်တရားမရုံးမှ စာရေးဖြစ်၍) ဦးလေးသန်းအုန်း အုန်းတို့ အိမ်မှာနေသည်။ အဲဒီအစ်ကို ဝင်းမောင်သည် (နောင်တွင် ဝင်းသီရိ ရုပ်ရှင်ကုမ္ပဏီ) ပိုင်ရှင် ဖြစ်ပါ၏။

တစ်နေ့ရွာထိပ်မှာ ရွာသားတွေ ဆူဆူညံညံဖြစ်နေ၍ ထွက်ကြည့်ရာ ရွာထိပ် ကုက္ကိုပင်ကြီးတွင် စာကပ်ထားသည်ကို သူ့ထက်ငါ ဝိုင်းအုံတိုးဝှေ့ဖတ်ရှုနေကြ၏။ စက္ကူအဖြူပေါ်တွင် သွေးအနီရောင် စုတ်ချက်ကြီးဖြင့် ရေးထားသည်မှာ–

ဖက်ဆစ်ဂျပန်ကို မောင်းထုတ်ကြလော့

ဗမာအစိုးရ–ပြည်သူ့အစိုးရ တည်မြဲပါစေ။
ဖက်ဆစ်ဂျပန်ကို အလိုမရှိ။
လွတ်လပ်ရေး–ငါတို့အရေး။
ပြည့်သူအစိုးရ–တည်မြဲပါစေ။
အရေးတော်ပုံ အောင်ပါစေ။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်။

ဟု တွေ့ရ၏။ အားလုံး၏ မျက်နှာများသည် သွေးနီရောင်များ လွှမ်းနေလျှမ်းနေကြသည်။ လူငယ်လူကြီး ဘုန်းကြီးပါမကျန် လက်သီးတွေ ဆုပ်ကြသည်။ နံနက်မိုးလင်းလင်းချင်း ထိုစာကို တွေ့ကြရာ ဘယ်သူမှ ထမင်းဟင်း မချက်နိုင်ဘဲ အံတကြိတ်ကြိတ်ရှိနေကြ၏။

ထိုနေ့ည လကလည်း ထိန်ထိန်သာနေသည်။ ကျွန်မတို့လည်း မအိပ်ကြသေးဘဲ မီးမထွန်းရသော ည၏ မှောင်ရိပ်ထဲတွင် ရှိနေကြသည့် ခွေးဟောင်သံ တစ်ချက်ကြားလိုက်၍ ဂျပန်တွေများ ဝင်လာပြန်ပြီလား နားစွင့်ရာ လူငယ်သုံးဦး တစ်ဦးက ဘာဂျာကို မှုတ်၍ တစ်ဦးက မတိုးမကျယ် ကျွန်မတို့ အိမ်ရှေ့မှာ ဆိုသွားသည့် သီချင်းက သုံးရက်လ သီချင်းဖြစ်ပြီး–

"မိုးနတ်မယ် သူဇာနွယ် ရူပါလှတာရယ်
သူငါကျစရာ မူရာပြကာ ပြုံးလိုက်ရင်ကွယ်
မိုးလနွယ်တူပါတယ် ဖြူတာဝတာရယ်...."ဟူသော အပိုဒ် ဖြစ်သည်။ ကျယ်ကျယ်လည်း မဟုတ် တိုးတိုးမှ တိုးတိုး မစောတင်က ထရံပေါက်မှ ချောင်းကြည့်ပြီး

"ပို့ကြွန်ရယ် နောက်နှစ်ယောက်ရယ်"ဟု ပြောသည်။ "ပို့ကြွန်ဆိုသူမှာ မြို့မှ စစ်ပြေး၊ ဘုန်းကြီးကျောင်းမှာနေသည်။ သူနှမ မရှုလွမ်နှင့် ကျွန်မက ခင်ပါသည်။ သခင်အောင်ကြီး (နောင်–ဗိုလ်ချုပ်အောင်ကြီး) နှင့် အမျိုးတော်သည်။ ကျွန်မ ရေခပ်သွားလျှင် ဘုန်းကြီးကျောင်းထဲမှနေ၍ ဘာဂျာမှုတ်သံ ကြားရသည်မှာ အဲဒီသီချင်းအပိုဒ်ပဲ ဖြစ်သည်။ ဒါကြောင့် မစောတင်က တရားခံကို လွယ်လွယ်နဲ့ မိလိုက်ခြင်းဖြစ်သည်။ သူတို့လာဘာဂျာမှုတ်သွား၍ ကျွန်မ ရေခပ်မလိုက်ရတော့ပါ။ စစ်ဘယ်လောက်ပဲဖြစ်ဖြစ် အရွယ်နှင့်အချစ်ဆိုတာက သဘာဝမို့ တားဆီးသိုဝှက်၍ မရနိုင်ပါ။ ရည်းစားစကားမပြောဝံ့။ မပြောသင့်အချိန်တွင် အသံကလေးတော့ လာပေး၏။ ကျွန်မလည်း ရေခပ်မလိုက်ရတော့၍ "စိန်လည်တုန်"အလုပ်အားနေရာ ဦးလေးသန်း၏

နွားမတွေ နို့ညှစ်တိုင်း နွားနို့ပဲ ဝအောင် ကျိုသောက်နေသဖြင့် ဖိုးလနှယ် တူပါတယ်။ ဖြူတာဝတာရယ် ဖြစ်နေပါသည်။

ပြည်မှ မမမိနှင့် မခင်ကြည်တို့ထံသို့ သူတို့မောင်တော်သည့် "ဂျော်နီ"ဆိုသူ ဂီတာတစ်လက်နှင့် ရောက်လာပြန်သည်။ ကြာကြာမနေ မကြာခင် ပြန်မည်ဟု သိရသည်။ "ဂျော်နီ"က သွက်လက်ဖျတ်လတ်သော လူငယ်လူချော ဖြစ်၏။ မနေ့ကပဲ ရောက်သည်။ နောက်နေ့ပဲ ကျွန်မနှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီးနေပါသည်။ ရှင်းရှင်းပြောရသော် ရဲတင်းပါသည်။ မခင်ကြည်ကို ပြောသတဲ့။ ကျွန်မကို ချစ်စရာကောင်းကြောင်းပေါ့။ သူ မပြန်ခင် ကျွန်မကို စာပေးပါတော့၏။ ကျွန်မလည်း ရယ်ချင်သည်။ ရောက်တာမှ သုံးရက်ရှိသေး။ သူ့ကို ဘယ်သူက အဘယ်ကြောင့် ပြန်ကြိုက်နိုင်ပါမည်နည်း။ စိတ်မြန်လက်မြန်သမား၊ ခုမြင် ခုကြိုက်သော ယောကျ်ားမျိုးကို ကျွန်မက ကြိုက်ပါ့မလား။

အဲဒါနဲ့ပဲ သူပြန်သွားပါသည်။ နောက်ထပ်လည်း မလာပါစေနဲ့ မောင်မင်းကြီးသားဟု ဆုတောင်းမိသည်။ "ပို့ကြွန်"က တစ်မျိုး၊ ဂျော်နီက တစ်မျိုး၊ ကျွန်မ၏ ရွှေရင် တံခါးဝမှာ လာရပ်သူတွေပါ။ မခင်ကြည်ကတော့ သူ့မောင်ဘက်က ရှေ့နေလိုက်သည့်ကတော့—

"ဂျော်နီ ယူ့ကို တကယ်ချစ်တာပါ၊ သူက ပျော်ပျော်ပဲ ဂီတာ တီးနေတတ်တာ၊ စိတ်ညစ်မခံတတ်ဘူး။ ပွင့်ပွင့်လင်းလင်းကြီး ပြောတတ် လုပ်တတ်တယ်"ဟု မဲပေးသည်။ စိတ်ကစားသောအရွယ်မို့ မခင်ကြည်က ပြောတော့လည်း ဂျော်နီ ကျွန်မနှင့် အတူ လေးငါးရက် ကလေးနေသွားချိန်မှာ ကျွန်မအနားမှမခွာ။ ကျွန်မ မျက်နှာပဲ တကြည့်ကြည့်နှင့် စကားတွေ တတွတ်တွတ် ပြောတတ်သည်များကို သတိရမိပါသည်။ ဒါပေမဲ့ နောက် တစ်ခါ မလာပါစေနဲ့ကိုပဲ ဆုတောင်းမိသည်။

ညဆိုလျှင် လေယာဉ်ပျံသံများ ကြားရပြီး မီးကျည်များ ချလာပြန်ပါသည်။ ဂျပန်တပ်များ ရွှေ့ကြပြန်သည်။ နံနက် ၁၁ နာရီလောက်လျှင် လေယာဉ်ပျံမည်းမည်းကြီး နှစ်စင်းလာပြီး မြို့ပေါ်နှင့် စစ်တပ်များရှိရာသို့ စက်သေနတ်များနှင့် လာပစ်ပြန်သည်။ အချိန်မှန်မှန်လာတတ်၍ "ကျွဲနှစ်ကောင်"ဟု ခေါ်သည်။ ဂျပန်စစ်တပ်တွေလည်း အသစ်အသစ်တွေ ထပ်ရောက်လာ၏။ အင်္ဂလိပ်က သူ ပြေးရစဉ်ကတည်းက သူ့နောက် ရန်သူမလိုက်နိုင်စေရန် တံတားတွေမှန်သမျှ အားလုံးဖျက်ဆီးပစ်ခဲ့သည်။ ကျွန်မတို့ မြို့အဝင် "ဖိုးသာအောင်ကုန်းတံတား" ပြည်ဘက်အထွက်၊ "ဝက်ပုတ်

တံတား”၊ ဇီးကုန်းဝက်ကော်တံတား၊ သုံးဆယ်တံတား တောက်လျှောက် တံတားတွေကို “မိုင်း” နှင့် ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် ဂျပန်တို့၏စစ်ကြောင်းလမ်းများမှာ ကြန့်ကြာပြီး ကြီးမားသော စစ်လက်နက်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရေးမှာ အခက်အခဲများ ရှိနေသည်။

ရွာထိပ်မှ ကုက္ကိုပင်ကြီးတွင် နောက်တစ်ခါ စာလာကပ်သွားပြန်ပြီ။ ရွာတွင်းမှ လူအားလုံး အပြေးဖတ်ကြရပြန်သည်။ ကျွန်မလည်း ရှေ့ဆုံးကပေါ့။

ဂျပန်ထံမှ အလုပ်သမားများ လက်နက်ပစ္စည်းတွေယူ ထွက်ပြေးခဲ့ကြ သို့မဟုတ် တော်လှန်ပြီး ထွက်လာကြ၊ ဂျပန်သိမ်းထားသော ပစ္စည်းအရပ်ရပ်ကို ပြန်လုယူ၊ မယူနိုင်က ဖျက်ဆီးပစ်၊ ငါတို့ပစ္စည်းတွေ ဝှက်ကြ။ မဝှက်နိုင်လျှင် ဖျက်ဆီးပစ်၊ ဂျပန်ပြန်သွားလမ်း လာလမ်းများကို ပိတ်ပစ် ဖျက်ပစ်၊ ကြေးနန်းကြိုးတွေဖြတ်၊ ဝိုင်ယာလက်ရုံတွေဖျက်ကြ။ ဂျပန် ရေးမှတ်ထားသော လမ်းအမှတ်အသားတွေဖျက်၊ လက်နက်တိုက်၊ ဓာတ်ဆီရုံတွေကို ဝင်လုစီးကြ။ တွေ့သမျှ ဂျပန်တွေကိုဖမ်း သူတို့က တို့ဗမာများကို သတ်လျှင် ပြန်သတ်။

ကျွန်မက စာရွက်နှင့် ခဲတံယူလာပြီး အကြမ်း ရေးမှတ်ယူသည်။ ပြေးဖတ်ခဲ့ကြသူတွေက ရွာထဲက မဖတ်လိုက်ရသူတွေ မေးတော့ ပြန်မပြောတတ်ကြဘဲ ဂျပန်ကို သတ်ဖို့ပဲ မှတ်မိကြသည်။ ကျွန်မကို ဖေဖေက ဘာလို့ ကူးလာရတာလဲ။ စိတ်ထဲကပဲ မှတ်ထားပေါ့။ အန္တရာယ်များတယ်ပြော၍ ကျွန်မ စာကို ဝှက်ရပြန်သည်။ လူတွေကို နှိပ်စက်၊ သာသနာကို စော်ကား၊ ပစ္စည်းတွေသိမ်း၊ မိန်းကလေးတွေကို စော်ကား၊ ချွေးတပ်ဆွဲ ညှဉ်းပန်းနှိပ်စက်နည်းက စုံနေပါပြီ။ ညနေဘက်တွင် သူကြီးအိမ်မှ မောင်းထုသံ ကြားရသည်။ ယောကျ်ားတွေအားလုံး လုပ်လက်စ အလုပ်တွေ ချထားခဲ့ကာ သူကြီးအိမ်ဆီ တန်းသွားကြ၏။ ရွာအတွက် လုံခြုံရေးကင်းပုန်းများ ဖွဲ့စည်းကြောင်း သိရသည်။ အစ်ကိုလေးက ဝါးချွန်တွေ လုပ်နေသည်။ ဖေဖေက ဆေးလွယ်အိတ်ကလေးနှင့် မပြောမဆို ထွက်သွား၏။ ဖေဖေ အဲသည်ဘေးအိတ်ကလေးနှင့် ဘယ်ကို ထွက်ထွက်သွားပါလိမ့်၊ ကျွန်မ သတိထားမိ၍ အစ်ကိုလေးကို မေးရာ–

“နင်နဲ့မဆိုင်ပါဘူး၊ မစပ်စုပါနဲ့၊ နင်တို့ ခြေမရှည်ကြနဲ့နော်၊ အိမ်ထဲမှာနေကြ။ ရော့ နင်လည်း ဝါးချွန်ယူထား ဂျပန်နဲ့တွေ့ရင် မကြောက်နဲ့ ဗိုက်သာ ထိုးထည့်လိုက်။ မစောတင်ရော၊ မမရော ပေးလိုက်”

မမ၏ ယောကျ်ား (ကိုမောင်မောင်လေး) လည်း မြို့က အိမ်တွေ သွားစောင့်နေရ၍

မမနဲ့လည်း အတူတူမနေရပါ။ လာတဲ့အခါလည်း ဖေဖေတို့နှင့် တိုးတိုးတိုင်ပင်ကြ၍ ဘာတွေဖြစ်နေမှန်း ကျွန်မမသိပါ။

တစ်နေ့ ဖေဖေက မောင်လေးကို လက်ဆွဲပြီး ဆေးအိတ်ကလေးနှင့် သွားပြန်၏။ ပြန်လာတော့ မောင်လေးကို ချော့မေးရာ ဘုန်းကြီးကျောင်းဘေးက ခြံကြီးထဲမှာ မြို့က လူတွေ ရောက်နေကြောင်း၊ အရမ်းဖျားနေသူ တစ်ယောက်ကို ဖေဖေက ဆေးတိုက်ကြောင်း သိရသည်။ ဖေဖေ့ဆီမှာ "ငှက်ဖျား" ပျောက်ဆေး ရှိသည်။ မြို့မှာတုန်းက လည်း ငှက်ဖျားမိလာသူများ ဖေဖေ့ဆီက ဆေးအမြဲလာတောင်း၍ ပေးနေကျ ဖြစ်သည်။

အဲဒီလူတွေသည် ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ဖျက်ရန် ရောက်ရှိနေကြသော မြေအောက် တော်လှန်ရေးသမားများ ဖြစ်ကြောင်း ဟိုတုန်းက မသိခဲ့။ အရွယ်ရောက်ပြီးသော လူငယ်များ၊ မျိုးချစ်စိတ်ပြင်းသော လူကြီးများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ သခင်များ၊ မင်္ဂလာဒုံဗိုလ်သင်တန်းမှ ဆင်းလာသော ဗိုလ်လောင်းများ၊ ရဲဘော်များသာမက ရဟန်းတော်များပါ ပါဝင်ဆင်နွှဲကြမည့် ၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့၌ တော်လှန်ရေးကြီး ဖြစ်ပါသည်။ တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ ကျစ်လျစ်သိပ်သည်း စုစည်းခိုင်မာလွန်းလှစွာနှင့် ဖက်ဆစ်ဂျပန်များကို ကျူပြင်ခုတ်ကျူငုတ်မကျန် ဗမာ့မြေပေါ်မှ နှိမ်နင်းသုတ်သင်ပစ်နိုင်ခဲ့သော "အောင်ပွဲ" ကြီးသည် ကမ္ဘာသို့ပင် တုန်လှုပ်သွားလေသည်။ ယခင်က ကိုလိုနီ အင်္ဂလိပ်ကိုလည်း ထိုအချိန်က မဟာမိတ်အဖြစ် လက်တွဲ၍ ဂျပန်ကို တိုက်ခိုက်တွန်းလှန်ခဲ့သည့် ဗမာ့အားနှင့်သတ္တိမာန်ကို ကြည့်၍ မဟာမိတ် အင်္ဂလိပ်တို့ပင် "ဖျား" သွားကြသည်။

မြစ်ချောင်း၊ အင်းအိုင်၊ တောတောင် အထပ်ထပ်နှင့် ခက်ခဲမှုအားလုံးကို ရင်ဆိုင် တိုက်ခိုက်ခဲ့ရသော တော်လှန်ရေး တိုက်ပွဲကြီးမှာ အဖိနှိပ်ခံကျွန်ဘဝမှ ရုန်းကန်လွတ်မြောက်နိုင်ခဲ့သည့် မြန်မာလွတ်မြောက်ရေး အရေးတော်ပုံကြီးပင် ဖြစ်တော့သည်။

တော်လှန်ရေး တိုက်ပွဲကြီးတွင် အမိမြန်မာပြည်၏ သားကောင်းသားမြတ် သူရဲကောင်းတို့၏ အသက်သွေးပေါင်းများစွာဖြင့် စတေးခဲ့ရသော တော်လှန်ရေး ဖြစ်ပါသည်။ တစ်သက်မမေ့နိုင်သော (၁၉၄၅ ခု၊ မတ်လ ၂၇ ရက်)။

❒

# အရွယ်နှင့် အချစ်

ဖက်ဆစ်ဂျပန်တို့၏ စစ်ဖိနပ်၊ စက်သေနတ်၊ လှံစွပ်တွေကြားမှာ ပြေးရင်းလွှားရင်း၊ ပုန်းရင်း၊ ရှောင်ရှင်းနှင့် ကျွန်မ အသက်သည် "၁၇"နှစ်သို့ရောက်ကာ အပျိုကြီးဖားဖား ဖြစ်ခဲ့ပါပြီ။

ဘယ်သောအခါမှ မပြေးရတော့သည့် ကြို့ပင်ရွာကလေးမှ ပေါင်းတည်မြို့ရှိ ကျွန်မတို့ အိမ်ကြီးသို့ ပျော်ရွှင်ဝမ်းမြောက်စွာ ပြန်လာခဲ့ရပါပြီ။ သက်ဆိုင်ရာ အာဏာပိုင်များက မြို့ပြပြန်လည်ထူထောင်ရေး ကိစ္စများ နေ့မအား ညမနား ဆောင်ရွက်နေကြသည်။ ဒါပေမဲ့ ပေါင်းတည်မြို့ရှိ ဈေးကြီးထဲမှ အထည်ရုံ၊ ကုန်သေးရုံ၊ ငါးခြောက်ရုံ နှစ်ရုံ၊ သားတန်းငါးတန်း၊ ဟင်းရွက်တန်းမကျန် ဈေးဝင်းကြီး တစ်ခုလုံးတွင် သံဆူးကြိုးများကာလျက် မဟာမိတ် အင်္ဂလိပ်စစ်သားများ အပြည့်တပ်စွဲလျက် ရှိသည်။ အဲသည် အနားကို မည်သူမျှ မဖြတ်ရ မဖြတ်ဝံ့၊ အရပ်မြင့်မြင့် အသားနီစပ်စပ်ကြီးတွေ၊ အသားဖြူကြမ်းကြမ်းကြီးတွေ၊ ကြောက်စရာကြီးတွေပါ။ ယခင် တပ်ဦးက ဝင်လာသည့် ကပ္ပလီနီဂရိုးစစ်သားမည်းမည်းကြီးတွေကတော့ ကြမ်းသည်။ ရမ်းသည်။ အခုစစ်သားတွေကတော့ သူတို့ဝင်းထဲမှာပဲနေသည်။ ဒါပေမဲ့ မိန်းမတွေ အရိပ်တောင် မပြဝံ့။ မိန်းမမြင်လျှင်တော့ ဂျပန်တွေတုန်းကရော–အခုကပ္ပလီ–နီဂရိုး–အင်္ဂလိပ် စစ်သားတွေရော နွားသိုးကြိုးပြတ်ပါ။ ကြောက်စရာ စစ်ဘီလူး သတ္တဝါတစ်မျိုး(ဝါ) လူစိတ်မရှိသည့် အရိုင်းတိရစ္ဆာန်တွေပါပဲ။ ကျွန်မတို့လည်း အိမ်ကို ရေတွေဆေး၊ ပြင်စရာရှိတာတွေပြင်၊ စားပွဲကုလားထိုင်၊ ဗီရို၊ ခုတင်၊ မီးဖိုဆောင်ပစ္စည်းတွေ သူ့နေရာသူ ပြန်ချရတာ

သုံးရက်တောင် မပြီးပါ။ မမယောကျ်ား ကိုမောင်မောင်လေး မြို့ထဲမှ ပြန်လာသည်။ ချိစ်၊ ချောကလက်၊ သကြားလုံးတွေ ပါလာသည်။ ကိုမောင်မောင်လေးက အင်္ဂလိပ်စကား ကောင်းစွာ ပြောတတ်သည်။ ပေါင်းတည် ဘူတာကိုလည်း ပြင်ဆင်ပြီး မီးရထား ပြန်လည်ခုတ်မောင်းတော့မည်ဖြစ်၍ ကိုမောင်မောင်လေးက လက်ထောက်ရုံပိုင်ဖြစ်ရာ အလုပ် ပြန်ဝင်ရတော့မည်။ အခု စစ်တပ်က စစ်ဗိုလ်တစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့၍ မုန့်တွေ ပေးလိုက်ကြောင်း၊ တံတားတွေ ကျိုးနေသော်လည်း မောင်းနိုင်သည့် ဘူတာများကို ရထားက ပို့ဆောင်ခုတ်မောင်းမည်ဟု သိရသည်။ ကျွန်မလည်း "ချိစ်" တွေ လှီး၍ စားသည်။ အဲဒီတုန်းက နာမည်ကြီး ကရပ်ဖ်ချိစ် ဖြစ်သည်။ ချိစ်တွေ စားနေတုန်းမှာပဲ လာချေပြီ–လာပါချေပြီ ကိုသန်းဦး။

"ဩော် ပေါ်လာတော်မူသေးတယ်နော်"

ကျွန်မက စိတ်ဆိုးဆိုးနှင့် ပြောလိုက်သည်။ ကြမ်းပြင်ပေါ်တွင် တိုင်ကို မှီထိုင်နေသော ကျွန်မရဲ့ ဘေးတွင် သူထိုင်ပြီး–

"ကင်ပွန်းစု၊ ကြို့ပင်၊ ဘိုကုန်း၊ သဖန်းကုန်း၊ သရက်ကုန်း၊ လှပခြင်း၊ ရွှေကြာပင်"

"အမယ်လေး... ဘာတွေ လာရွတ်နေတာလဲ။ ရူးများလာသလား"ဟု သူ့ကို ကျွန်မ ကြည့်ပြီး မေးလိုက်ရာ–

"ဆုံးအောင် နားထောင်လေ၊ အဲဒီရွာတွေကို တစ်နေ့တစ်ခေါက် နှစ်ခေါက် ရောက်တယ်"

"ဒါနဲ့တောင် ဘာလို့ ဝင်မလာတာလဲ"

ဝင်လို့ မဖြစ်လို့။ သစ်ပင်တွေမှာ စာတွေ ကပ်ထားတုန်းက–

ဖြူ–လာဖတ်တယ်ဆိုတာ သတင်းရတယ်"

"ဖြူ–ဆိုတာ ဘယ်သူလဲဟင်"

"ဖြူ ဆိုတာ အသားဖြူတဲ့သူပေါ့" ဟု သူက ပြုံးပြီး ဖြေသည်။

"အသားဖြူသူတွေက အများကြီး"

"ကိုယ်ရှေ့မှာ "ချိစ်"စားနေတဲ့ဖြူ" ဟု သူက ဒီတစ်ခါ ထူးထူးဆန်းဆန်း ခါတိုင်းလို ကျွန်မကို နာမည်မခေါ်တော့ဘဲ "ဖြူ" ဟု ခေါ်လာပါသည်။

"ဘာဖြစ်လာတာမှန်းလဲ မသိဘူး" ဟု ကျွန်မက ရှက်ရှက်နှင့် ပြောတော့။

"လူမလာနိုင်ပေမယ့် စိတ်ရော သတင်းရော အမြဲရနေတာပါ။ ဖြူတို့ မိသားစု

ဘာမှမဖြစ်လို့လည်း မလာတာပါ၊ လာမတွေ့တာ။ အဲဒီရွာတွေတစ်ဝိုက်မှာပဲ ကိုယ်တို့ ရှိနေတာပဲ။ ကိုယ်ဘယ်မှာရှိတယ်ဆိုတာ ကိုဖိုးကျော် သိသားပဲ မပြောဘူးလား"

"ပြောပါဖူး"

"အခြေအနေလည်း တော်တော်ကောင်းစ ပြုလာပြီမို့ ကိုယ်တို့ ထုတ်လက်စ ပွင့်သစ် လက်ရေးစာစောင်ကို အခုပြန်ထုတ်မယ်၊ အဲဒါ ဖြူ့ဆီက ကဗျာပဲဖြစ်ဖြစ်၊ ဝတ္ထုဖြစ်ဖြစ်၊ တစ်ပုဒ် တောင်းခဲ့ပါလို့ ကိုထွန်းလွင်က မှာလိုက်တယ်"

"အို... မရေးတတ်ပါဘူး"

"ဟံသာဝတီတို့၊ တိုးတက်ရေးတို့မှာ ရေးသလို တိုတိုပဲဖြစ်ဖြစ်ပေါ့ ဖြူရယ်"

ကျွန်မက စစ်မဖြစ်မီ ကာလကလေးမှာပင် ကဗျာတိုကလေးနှစ်ပုဒ် ဟံသာဝတီ သတင်းစာနှင့် တိုးတက်ရေးမဂ္ဂဇင်းတွင် ပါခဲ့ဖူးသည်။ နောက်တစ်ခါ သွေးသောက် မဂ္ဂဇင်း၌ ကဗျာတစ်ပုဒ် ပါဖူးသည်။ ကကောင်းတုန်း စင်ကျိုးခဲ့ရသူပမာ အရှိန် ကလေးမှရမည်မကြံသေး စစ်ဖြစ်လာ၍ သတင်းစာ၊ မဂ္ဂဇင်းတွေအားလုံး ရပ်သွား တော့ ကျွန်မလည်း ကဗျာရေးဖို့ နေနေသာသာ ကိုယ့်အသက်တောင် ဖက်နှင့်ထုပ်ရ မလောက် ကြောက်ကြောက်လန့်လန့်နှင့် နေခဲ့ရသည်။

ကိုထွန်းလွင်မှာ ကျွန်မနှင့် တစ်ကျောင်းတည်း၊ တစ်မြို့တည်း ဖြစ်သော်လည်း ရန်ကုန်မှ ရောက်လာသော ကိုသန်းဦးလောက် ကျွန်မတို့အိမ်ကို အဝင်အထွက်မရှိပါ။ ကျွန်မထက်လည်း အတန်းကြီး၍လည်းကောင်း၊ မိန်းကလေးများနှင့် ရောရောနှောနှော မနေတတ်သူ့မို့ တစ်ကြောင်း တွေ့လျှင် ပြုံးပြရုံပဲ ရှိပါသည်။ နှုတ်တောင် မဆက်မိ ကြပါ။

ပွင့်သစ်စ လက်ရေးစာစောင်ကို သူ ဦးစီးထုတ်ဝေခဲ့ပြီး တော်လှန်ရေးကြောင့် ရပ်သွားကာ ယခု ပြန်ဆက်ထုတ်မည် ဖြစ်သည်။ သူ့အိမ်တွင် စာရေးဆရာအသင်းခွဲ၊ စာကြည့်တိုက်လည်း ပြန်ဖွင့်ပြီဟု သိရသည်။ ကျွန်မ ဖတ်လိုသော စာအုပ်များကို သန်းဦးကပဲ ငှားပေး ပြန်ပို့ပေးခဲ့သည်။ ယခုတစ်ခါ "ရွှေဥဩစာစောင်" ထပ်ထုတ် မည်။ နတ်တလင်းမြို့မှ ကိုကျော်ဝင်း၊ ကိုကျော်ရိုးတို့ ညီအစ်ကို နှစ်ယောက်ကလည်း စာ ကြမ်းပိုးများဖြစ်ရာ စာစောင်ထုတ်ဝေနိုင်ရန် ကိုထွန်းလွင်တို့ အိမ်မှာပဲ လာနေကြ သည်။

စာစောင်တစ်စောင်လုံး ကိုထွန်းလွင်၏ လက်ရေးနှင့် ရေးထုတ်ခြင်းပါ။ စစ် အတွင်း သတင်းစာ၊ ဂျာနယ်တွေ မထုတ်ဝေနိုင်သေးပါ။ ရန်ကုန်နှင့် အဆက်အသွယ်ရ

ဖို့ကလည်း လမ်းပန်းတံတားတွေက ကျိုးပျက်နေသည်။ ဂျပန်ခေတ်က ကင်ပေတိုင်နှင့် ပေါင်းပြီး ကိုယ့်ဗမာအချင်းချင်း နှိပ်စက်ခဲ့သော ဂျပန်အလိုတော်ရိ ဂျပန်စကားပြန်တွေ လည်း အမြီးကုပ်ပြီး လမ်းတောင် မထွက်ရဲကြတော့။ ကျွန်မတို့ မြို့သို့ရောက်လာသော ဝက်ပုတ်ရွာသား ချဉ်မောင်၊ သူ့ကို ကျွန်မက အဲဒီနာမည် ပေးထားသည်။ ဂျပန်စကား ပြန် ဖြစ်၏။ သူ့ပထွေး ဂျပန်တွေရှိတုန်းက ကျွန်မကို လမ်းမလယ်ကောင်မရှောင် အတင်းစာလိုက်ပေးဖူးသူ သူရဲကောင်းကြီး အခုမြင်တောင် မမြင်ရတော့ပါ။ ကိုသန်း ဦးက–

"ဒီနေ့ည ရေးထားနော်၊ မနက်ဖြန် ကိုယ်ညနေလာယူမယ်"

"အမယ်လေး။ ကဗျာစပ်တယ်ဆိုတာ ငရုတ်သီးစပ်သလို လွယ်သလား။ ကာရန် ရှာရတာက ခက်ပါဘိသနဲ့။ အဲဒီလောက်လည်း မရေးတတ်သေးပါဘူး ကဗျာလေး တစ်ပုဒ် ဘယ်ကလာ မနက်ဖြန်ညနေပြီးမှာလဲ ကိုသန်းဦးရဲ့"

"ပညာတွေ ဝှက်မနေပါနဲ့ ဖြူရယ်၊ ကိုထွန်းလွင် ချီးကျူးနေတယ်။ ပေါင်းတည်က မိန်းကလေးတွေထဲမှာ စာပေလိုက်စားတာ သူတစ်ယောက်ပဲ ရှိတယ်တဲ့"

"ကောင်းတယ် မြှောက်ပေးတိုင်း ရေးပေးမယ်များ ထင်လို့လားဟင်"

"ကဲပါ.....ကိုယ်လည်း တစ်ပုဒ် ရေးမယ်၊ ဖြူလည်း တစ်ပုဒ်ရေး။ အမှတ်တရ ပေါ့" တဲ့။ အဲဒီတုန်းက ကျွန်မ ကဗျာတစ်ပုဒ် ရေးရတာ သိပ်ကိုခက်ပါသည်။ အကြမ်းရေးလိုက် ကောင်းပြီဆို အချောကူးလိုက်၊ နောက် မကြိုက်၍ ဆုတ်ပစ်လိုက် ထပ်ရေးလိုက်နှင့် ကဗျာလေးတစ်ပုဒ် ပြီးကိုမပြီး။ မှန်လုံးစက္ကူ ကပ်နေပါ၏။ တချို့ ကဗျာမှာ ပြင်လိုက်လျှင် ကောင်းသွားသည်။ တချို့မှာ ပြင်လေပျက်လေနှင့် ကဗျာမှာ ရှည်ထွက်သွားတော့၏။ ဝါသနာတော့ပါ၏၊ သိပ်ကျွမ်းကျင်ကျင် မဟုတ်ပါ။ ကိုသန်း ဦးက တော်လှန်ရေး ကာလအတွင်းက ကိုထွန်းလွင်နှင့်သူ လျှို့ဝှက်ဆောင်ရွက်ခဲ့ပုံများ ကို အခုမှ ထိုင်ပြောပါသည်။

ပေါင်းတည်တွင် ကိုးတန်း၊ ၁၀ တန်း ကျောင်းသားကြီးများထဲမှ သခင်အောင်ကြီး၊ သခင်ထွန်းရင်၊ သခင်မြသိန်း၊ သခင်တင်မောင်၊ သခင်ဟန်ထွန်း၊ သခင်ပေါ်ထွန်း၊ သခင်သိန်းလှိုင်တို့မှာ မျိုးချစ်စိတ် သွေးပွက်ပွက်ဆူနေချိန်ဖြစ်၍ လူငယ်များကို စည်း ရုံးရာတွင် ကိုယ့်နယ်ပယ်အတွင်း အလွန်အောင်မြင်သည်။ သက်ကြီးသခင်တွေကလည်း ရှိပါသည်။ အင်္ဂလိပ်က ဖိနှိပ်သွား၊ ဂျပန်က လာနှိပ်စက်လွန်းသည့်အခါ "ကျွန်" ဘဝကို ရင်နာလွန်းလာသည်။ သူသေသေ ကိုယ်သေသေ သူတစ်ယောက် ကိုယ်

တစ်ယောက်ပဲကျန်ကျန် ကိုယ့်မြေကို ကိုယ်ပြန်ယူလိုစိတ်များ ပြင်းထန်လာကြ၏။ သည်လိုပြန်ယူဖို့က "တိုက်"ယူမှ ရပါမည်။ လူသတ်ပွဲကို မဖြစ်စေလိုသော်လည်း လူသတ်ပွဲ ဆင်နွှဲရမည့် အခြေအနေကြောင့် ဗမာ့လက်စွမ်း ကောင်းကောင်းကြီး ပြနိုင်ခဲ့ပါပြီ။

ဗမာ့သားကောင်းတွေ၏ အသက်တွေ အများကြီး စတေးခဲ့ရသဖြင့် ကျွန်မသည် သတ္တိပြောင်လွန်းလှသော ဗမာ့တပ်မတော်မှ ရဲဘော်များကို လည်းကောင်း၊ ဗိုလ်လောင်းများကို လည်းကောင်း၊ (အဲဒီတုန်းက ဗိုလ်မှူး၊ ဗိုလ်ချုပ်တွေ မပေါ်သေး "ဗိုလ်" အဆင့်ပဲ ရှိကြပါ၏) ဗိုလ်ချုပ်အောင်ဆန်းကတောင် သခင်အောင်ဆန်း (ဗိုလ်တေဇ) အမည်နဲ့ ပဲ ဗမာ့လွတ်မြောက်ရေးကို ဦးဆောင်ခဲ့ပါသည်။

သခင်အောင်ဆန်း (ဗိုလ်တေဇ) နှင့်တကွ ရဲဘော်သုံးကျိပ် အပါအဝင် ရဲဘော်အားလုံးတို့ကို ကျွန်မအစ်ကိုရင်းချာ မောင်ရင်းပမာကဲ့သို့ လေးစားချစ်ခင်မိပါသည်။ ရဲဘော်များကို တွေ့လျှင် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကြည်ညိုမိသည်။ ကျွန်မကဲ့သို့ပင် မိဘပြည်သူများကလည်း ချစ်ကြသည်သာ။ ကိုသန်းဦးနှင့် ကိုထွန်းလွင်တို့သည် တော်လှန်ရေးကြီး ပြီးဆုံးသွားပြီ ဖြစ်သောကြောင့် လက်နက်တိုက်ပွဲများ မရှိတော့ဘဲ စာပေတိုက်ပွဲကို လူငယ်တွေ စည်းရုံးဦးဆောင် ပျိုးထောင်နေကြသည်။

အဲဒီအချိန်က လူငယ်အားလုံးမှာ ၁၈–၁၉–၂၀ နှစ်ဝန်းကျင်ချည်း ဖြစ်သည်။ ဗိုလ်လောင်းတွေမှာလည်း ၂၀ မကျော်ကြသေးပါ။ ငယ်ရွယ်ကြသေးသော်လည်း သတ္တိနှင့် ခွန်အားကို တစ်ရွေးသားမျှ မလျှော့သူတွေချည်း ဖြစ်၏။ သူတို့ မျက်နှာများအားလုံး ဗမာ့သွေးရောင်ဖြင့် တောက်ပြောင်လျက်ရှိကြ၏။ အိမ်က လူကြီးတွေက ကျွန်မကို ယောကျ်ားပေးစားဖို့ ပြောနေကြပြန်ပါပြီ။ ဦးလေးသန့်၊ ဒေါ်ဒေါ်လေးတို့လည်း "မြောက်အိမ်"တွင် အားလုံး ပြန်ရောက်ကြသည်။ ဦးလေးသန့် ခြေတွေ လက်တွေ ရောင်ပြီး ဖောနေပါသည်။ မကျန်းမာပါ။ ဒေါ်ဒေါ်လေးလည်း ကျွန်မတို့ အိမ်ပြေးလာလိုက် ဦးလေးသန့်ကို ပြန်ပြုစုလိုက်နှင့်ရှိရာက ဖေဖေကပါ မကျန်းမာပြန်ပါ။ ဖေဖေက ပန်းနာရင်ကျပ်ရောဂါ ရှိသည်။ ပြေးလွှားနေရတုန်းက အကောင်းပါ။ အခု အိမ်ရောက်မှ အိပ်ရာထဲလဲခြင်း ဖြစ်သည်။ ဖေဖေကလည်း မကျန်းမာ၊ ဦးလေးသန့်ကလည်း မကျန်းမာတော့၍ ကျွန်မကို ယောကျ်ားပေးစားတော့မည်ဟု ဒေါ်ဒေါ်လေးက စီစဉ်ခြင်း ဖြစ်သည်။ ကိုကိုဦးနှမ ရီကလည်း ကျွန်မနှင့် အသက်တူတူပါ။ ရီကိုလည်း သူ့ချစ်သူ ကိုမြင့်နှင့် ပေးစားပါသည်။ ကျွန်မကိုတော့ စိန်ရွှေဆိုင်ပိုင်ရှင် (ဖိုးကုန်းသား) တစ်ဦးနှင့်

သင့်လျော်သည်ဟု ပြောနေသံ ကြားရသည်။ အဲဒီလူကြီးက စီးပွားရေးသမား လူပျိုကြီး ဖြစ်၏။ ဆေးပြင်းလိပ်ကလည်း သောက်၏။ အရပ်ကလည်း ပုကွကွ။ ဒေါ်ဒေါ်လေး က တူမလေး၊ ချမ်းသာဖို့ပဲ ကြည့်သည်။ အဲဒီအချိန်က အရာရှိလည်း မရှိပါ။ ဆရာဝန် ခေတ်၊ အင်ဂျင်နီယာခေတ်လည်း မဟုတ်။ မြို့ပိုင်နယ်ပိုင်တွေလည်း အလုပ်ပြန်မရကြ သေး။ တိုင်းပြည် အုပ်ချုပ်ရေးတွေမှာ မပီပြင်သေးပါ။ ဂျပန်ကို မဟာမိတ်အင်္ဂလိပ်နှင့် ပူးတွဲပြီး ချေမှုန်းပြီးသော်လည်း အင်္ဂလိပ်ပေးမည့် လွတ်လပ်ရေးက ရုပ်လုံးမပေါ်သေး။

တိုင်းပြည်၏ ကံကြမ္မာက ဘာမှန်းမသိသေး၍ သမီးပျိုတွေကို မိဘများက စိတ်ပူ ပြီး ယောက်ျားမြန်မြန် ပေးစားပစ်နေပါသည်။

ဒေါ်ဒေါ်လေးက သူ သဘောကျနေသည့် လူကြီးအကြောင်းပဲ ကျွန်မ သွားရည် ကျအောင် ပြောပါသည်။

"သူများလို တစ်ဆင်စာ မဟုတ်ဘူး၊ ရွှေဆိုင်တစ်ဆိုင်လုံး လက်ဖွဲ့မှာ" ဟု ပြော နေသည်။

"ဒေါ်ဒေါ်လေး အဲဒီလူကြီးကို သမီး မယူဘူးနော်။ ဘယ်လောက် ချမ်းသာချမ်းသာ ကိုယ့်အဖေလောက်ကြီးကို မယူနိုင်ဘူး"

"ဘယ်က အဖေလောက်ရမှာလဲဟဲ့။ ဆယ်နှစ်ပဲကြီးတဲ့ ဥစ္စာ။ အသက်ကြီးတော့ အလိုလိုက်တယ်ဟဲ့"

ဒေါ်ဒေါ်လေးကို ကျွန်မ သိပ်ချစ်ပါသည်။ မေမေမရှိသည့် နောက်ပိုင်းတွင်လည်း အမေကဲ့သို့ပင် ချစ်ခဲ့သည်။ အခု ဒေါ်ဒေါ်လေး ပြောနေသော စကားတွေမှာ ကျွန်မ နှလုံးသားနှင့် ဆန့်ကျင်နေပါသည်။

"ကိုယ့်မှာ ဆင်းရဲတာလည်း မဟုတ်ဘဲ ချမ်းသာတဲ့လူကို မယူနိုင်ပါဘူး။ တကယ့် အရေးကျ အဲဒီစိန်တွေ၊ ရွှေတွေက ကိုက်စားလို့ရသလား"

"ခေတ်မကောင်းဘူးဟဲ့ ကလေးရဲ့။ အပျိုလေးတွေ အန္တရာယ်များတယ်။မောင်ဘိုး တင့်က သဘောကောင်းလို့ပါ"ဟု ပြောပြန်ပါသည်။ နာမည်လည်း ကြည့်ပါဦး။ "မောင်ဘိုးတင့်"တဲ့ ကဗျာမဆန်လိုက်တဲ့ နာမည်ကြီး။ လူကို ဝေးရော နာမည်တောင် မကြိုက်။

"လူကြီးတွေက ကျန်းမာကြတာ မဟုတ်ဘူး"

ဦးလေးသန့်က သူ သောက်နေကျ ဘရန်ဒီ၊ ဝီစကီ၊ ရေခဲစိမ်ပြီး မသောက်ရတာ ကြာတော့ ခြေတွေလက်တွေ ဖောပြီး တုန်ရီနေပါပြီ။ သုံးကြိမ်ဖောလျှင် သေသည်ဟု

ကြားဖူးရာ ယခုနောက်ဆုံး တတိယအကြိမ် ဖောနေပြီ။ ဖေဖေက သူ သုံးစွဲနေကျ အက်စ်မားဆိုသည့် မုတ်ဆိတ်တံဆိပ် ပန်းနာရင်ကျပ်ပျောက်ဆေးမှာ နိုင်ငံခြားဆေး ဖြစ်၏။ စီးကရက်မှ ဗာဂျီးနီးယား ဆေးရွက်စကလေးတွေလို အမှုန့်ကလေးများကို ရင်ကျပ်လျှင် မီးရှို့ပြီး "အငွေ့"ကို အဆုတ်တွင်းရောက်အောင် ရှူပေးရသည်။ ချက်ချင်း သက်သာ၏။ ဖေဖေက သူ့ဆေးဘူးကလေးကို အသက်လို သိမ်းဆည်းနှမြော၏။ သူ အသက်ရှင်နေတာလည်း အဲဒီဆေးကလေးကြောင့်ကိုး။ စစ်ပြေးတော့ ဖေဖေ လက်တွင် ဆေးဘူးတစ်ဝက်ပဲ ရှိသည်။ ချွေချွေတာတာ သုံးစွဲလာခဲ့ရာ အခု ကုန်သွားပါပြီ။ သုံးလလည်းရောက်ရော ဖေဖေပါ ဖောလာပြန်သည်။ ဖေဖေက ဗိုက်ကြီးပါ ဖောနေ၏။ ဗိုက်ဖောလျှင် သေသည်ဟု ပြောကြသည်။

ဖေဖေ မကျန်းမာ၍ ရွှေဥဩ စာစောင်အတွက် ကဗျာလည်း မပေးနိုင်ပါ။ ရှိရှိသေသေ သိမ်းထားသော ဝတ္ထုစာအုပ်အချို့ ကိုထွန်းလွင်တို့၏ စာကြည့်တိုက်တွင် လှူရန် ကြိုးကလေးနှင့်ချည်ပြီး ကိုသန်းဦးအလာကို မျှော်နေပါသည်။

တစ်နေ့ရောက်လာပြီး ဖေဖေ့အခန်းဝင်၍ လူမမာမေးပြီး စိတ်မကောင်းစွာ ပြန်ထွက်လာကာ အိမ်ရှေ့ဝရန်တာမှ ပက်လက်ကုလားထိုင်တွင် ထိုင်နေ၏။ ကျွန်မလည်း သူ့ကို စာအုပ်တွေ စာကြည့်တိုက်လှူရန်ရှိ၍ သူဘေးမှ ကုလားထိုင်တွင် ထိုင်လိုက်လျှင် သူက

"ညက မမကြည်နဲ့ မမရီတို့ ပြန်လာကြပြီး ဦး အခြေအနေ သိပ်မကောင်းဘူး ပြောလို့ ကိုယ် လာကြည့်တာ"

"ဟုတ်တယ် ကိုသန်းဦး။ ဗိုက်ဖောရင် သေတယ်ဆို"ဟု တိုးတိုးမေးကြည့်ရာ ခေါင်းညိတ်၏။ ကျွန်မကိုလည်း ကရုဏာသက်သော မျက်လုံးဖြင့် ကြည့်ပြီး သက်ပြင်းချသံ ကြားရသည်။

"စိတ်ညစ်ပါတယ် ကိုသန်းဦးရယ်"

"တောမှာ ဒေါ်ဒေါ်လို မဖြစ်တာ တော်သေးတာပေါ့"

ကျွန်မ စိတ်ညစ်မခံနိုင်ပါ။ ဖေဖေ့ကို အတတ်နိုင်ဆုံးတော့ ကုပါမည်။

"ဖေဖေ သူငယ်ချင်း တစ်ယောက်ပေါ့။ ကောက်ညှင်းပေါင်းနှင့် ဖားသားချက် ကျွေးရင် ပျောက်တယ်ဆိုလို့ ကျွေးလိုက်တာ သိလား"

"ဟာ... ဖြူတို့ကလည်းကွာ၊ နောက်တစ်ဦးက မြွေသားကျွေးဆိုလည်း ကျွေးဦး မှာပဲလား"

"မကျေးတော့ပါဘူး ကိုသန်းဦးရဲ့၊ ကဲ... စာကြည့်တိုက်လှူဖို့ စာအုပ်တွေပို့ပေးနော်"

သူက စာအုပ်ထုပ်ကို လှမ်းယူရင်း-

"ရွှေညာဩကို အလှည့်ကျစနစ်နဲ့ ငှားဖတ်ဖို့၊ ဖြူနာမည် ကိုယ်သွင်းထားတယ်၊ နှစ်ပတ်လောက်တော့ စောင့်"

စာကြည့်တိုက်က အလွန်တိုးတက်နေကြောင်း ငွေအားနှင့် ကူညီသူတွေ၊ စာအုပ်လှူသူတွေရှိလာကြောင်း၊ လူငယ်များဖြစ်သည့် ကိုသန်းကြွယ်၊ ကိုတင်ထွန်း၊ ကိုချစ်ထွန်းတို့အပြင် ပြည်မှ ပြောင်းလာသည့် စာရေးဆရာဇဝန၏တူ ကိုစိန်တင်ကလည်း စာရေးဆရာ အသင်းကြီးနှင့် ဆက်သွယ်ရေးကို တာဝန်ယူကြောင်း ပြောပြနေသည်။ စာကြည့်တိုက် ဖြစ်မြောက်ရေးကို အားကြိုးမာန်တက် ဆောင်ရွက်နေကြသူအားလုံး ကိုးတန်း၊ ၁၀ တန်းကျောင်းသား အရွယ်တွေချည်း ဖြစ်သည်။ သုံးလအကြာတွင် ဦးလေးသန့် ဆုံးသည်။ ငါးလအကြာတွင် ဖေဖေ ဆုံးပါသည်။ ဖေဖေမသေခင် တစ်နေ့ ကျွန်မကို မှာခဲ့ပါသည်။ ဖေဖေမရှိလျှင် ဒေါ်ဒေါ်လေးနှင့် သွားနေရန်၊ ညီမလေးကိုလည်း ခေါ်သွားရန် ဖြစ်သည်။ စိန်၊ ရွှေပစ္စည်းတွေကိုတော့ ဒေါ်ဒေါ်လေးထံတွင် စာရင်းနှင့် အပ်ထားပြီးပြီဖြစ်ကြောင်း ပြောသည်။ စစ်ဒဏ်ကိုခံရ၍ မနားရသေး၊ ချစ်လှစွာသော ဖေဖေနှင့် ဦးလေးသန့်တို့ နှစ်ယောက်စလုံး မျက်နှာလွှဲသွားကြသောအခါ မျက်ရည်လည်း မကျ၊ အိပ်လို့လည်း မရ၊ စားလို့လည်း မဝင်နှင့် ကိုယ့်ခံစားချက်နှင့်ကိုယ် ရင်နာနေသည့်အထဲ-

"ဒါကြောင့် ပြောတယ်။ ယောကျ်ားယူပါဆိုတာ နားမထောင်ဘူး။ မိုက်တယ်" ဟု ဆွေမျိုးတချို့က "လူမိုက်" ဘွဲ့ကို ပေးကြပြန်၏။

ဖေဖေ့အသုဘကို ကျဉ်းနိုင်သမျှ အကျဉ်းချုံးပြီး သင်္ဂြိုဟ်ရပါသည်။ အဲဒီအချိန်က နိဗ္ဗာန်ကုန်သည်များလည်း မြို့ပေါ် ပြန်မရောက်ကြသေး၍ "ခေါင်း"ကို မိမိဘာသာ ပျဉ်စပ်ပြီး ပြုလုပ်ရသည်။ ကျွန်မကို ချစ်ခင်ကြသည့် ယောကျ်ားလေး သူငယ်ချင်းတွေ အားလုံးဝိုင်းဝန်းကူညီကြသည့်အထဲတွင် ကိုထွန်းလွင်ပါ ရောက်လာပါသည်။ ရက်လည်ဆွမ်းသွတ်သောနေ့တွင်လည်း ကိုသန်းဦးနှင့်အတူ ရောက်လာသည်။ သူတို့နှစ်ယောက်ကို ထမင်းတစ်ဝိုင်း ကျွေးပါသည်။ ကျွန်မတို့အိမ်သို့ ကိုထွန်းလွင် အခုမှ ဝင်ထွက်ဖူးခြင်း ဖြစ်သည်။ တည်ကြည်၊ ရိုးသား၊ အေးဆေးလွန်းသော ကိုထွန်းလွင်၏ ရုပ်လက္ခဏာနှင့် သွက်လက်ဖျတ်လတ်၊ ပျော်ရွှင်စွာနေတတ်သော ကိုသန်းဦး၏

သွင်ပြင်အမူအရာတို့သည် မတူညီသော မျဉ်းနှစ်ကြောင်းဟု ကျွန်မ သိပါ မြင်ပါသည်။ ဒါပေမဲ့ သူတို့နှစ်ယောက် အလွန်ချစ်ခင်ကြသည်။ တစ်ယောက်ကို တစ်ယောက် လေးစားသည်။ ငယ်ပေါင်းတွေ မဟုတ်ပေမယ့် ဝါသနာချင်း တူကြသည်။ ထိုဝါသနာမှာ စာပေကို မြတ်နိုးခြင်း၊ တိုင်းပြည်ကို ချစ်ခြင်းပင် ဖြစ်၏။ အဲသည်ဝါသနာက ကျွန်မမှာလည်းရှိခြင်းကြောင့် ခင်မင်သံယောဇဉ် ဖြစ်နေကြပါသည်။

ကိုသန်းဦး ကျွန်မထံ နေ့စဉ်ရောက်ပါသည်။ ကိုထွန်းလွင်ကတော့ ဖေဖေ့ကိစ္စများပြီးသွားကတည်းက မလာတော့ပါ။ စာအုပ်တွေ လှူတာကို မှတ်တမ်းတင်ထားကြောင်း၊ ဖတ်လိုသည့် စာအုပ်လည်း ငှားနိုင်ပါကြောင်း သူ ပြောသွားဖူး၍ တစ်နေ့ညနေခင်း ကျွန်မသူငယ်ချင်း 'အပု'နှင့် ဈေးဘက်မှအပြန် သူဖွင့်ထားသည့် စာကြည့်တိုက်ကို ကျွန်မဝင်ပါသည်။ တစ်ခါမှ မရောက်ဘူး၍ တစ်ကြောင်း၊ အိမ်ထဲမှာ နေရတာလည်း ညည်းလွန်းညောင်းလွန်း၍ တစ်ကြောင်း၊ မဖတ်ဘူးသေးသော စာအုပ်တစ်အုပ်လောက်လည်း ဖတ်လို၍ တစ်ကြောင်း ရောက်ခဲ့ခြင်း ဖြစ်သည်။ ဝမ်းသာစွာ ဆီးကြိုနှုတ်ဆက်ပြီး ဖတ်လိုသည့်စာအုပ် ကြည့်ပါဟု ပြောသည်။ စာကြည့်တိုက်တွင် အခြား လူငယ် သုံးဦးလည်း စာအုပ်ငှားနေကြသည်။ အခမဲ့ စာကြည့်တိုက်ပါ။ ကျွန်မက "ရွှေဥဒေါင်း စာစောင်"ကိုပဲ ဖတ်ချင်ကြောင်း ပြောတော့ သူ စဉ်းစားနေပြီးမှ ယင်းစာစောင်ကို ဗီရိုထဲမှယူလိုက်ပြီး ပေးသည်။ ကျွန်မလည်း လိုချင်သော စာအုပ်ရ၍ ဝမ်းသာပြီး ပြန်ခဲ့သည်။

မနက်ကပဲ စာအုပ်ငှားလို့ ဖတ်တောင် မဖတ်ရသေး၊ ကိုသန်းဦး ရောက်လာပြီး ကျွန်မကို ဘာမှမပြောဘဲ ပြုံးကြည့်နေ၏။

"မနက်က စာကြည့်တိုက် ရောက်ခဲ့တယ်ဆို"ဟု မေး၏။

"အင်း–ဟုတ်တယ်။ ဈေးက အပြန်လမ်းကြုံလို့ ရွှေဥဒေါင်းကို ဖတ်ချင်တာနဲ့"

"အဲဒီစာစောင်က အလှူညဲ့ကျ ငှားပေးနေရတာ ကိုယ် ပြောထားသားပဲ၊ စာရင်းပေးထားတယ်ဆိုတာ"

"ကိုသန်းဦးကို မစောင့်နိုင်လို့ ဝင်ယူတာ၊ ခု ရခဲ့ပြီ"

"အေး... ရခဲ့လို့ အခုဟိုမှာ ပြဿနာတက်နေပြီ"

"ဘာ ဘယ်လို"

"ဒီနေ့ အလှည့်ကျတဲ့လူက သူ့ကို ရက်ရွှေ့လို့ မကျေမနပ်ဖြစ်ပြီး ကိုထွန်းလွင်ကို ဒီစာကြည့်တိုက် စည်းကမ်းက မိန်းမတစ်မျိုး၊ ယောကျ်ားတစ်မျိုးလားလို့ မေးသတဲ့"

"သိဖူးလေ။ သူ ထုတ်ပေးလို့ ဒီက ယူလာခဲ့တာ။ အပုတောင်ပါသေး။ ဒီက အဓမ္မ ငှားခဲ့တာမှ မဟုတ်တာဘဲ"

"ဟုတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဟိုအလှည့်ကျတဲ့လူကလည်း နတ်တလင်းက လာရတာတဲ့။ နောက်ပြီး စာကြည့်တိုက်ကို စာအုပ်တွေ လှူခဲ့တဲ့ လူတဲ့။ ပြန်ပေးလိုက်ပါ "ဖြူ" ရယ်။ ကိုယ့်အလှည့်လည်း နီးနေပါပြီ"

"အမယ်လေး... ဒီစာစောင်ကလည်း ကြီးကျယ်လိုက်တာ။ ပြန်ယူသွားပါ။ မဖတ်တော့ပါဘူး။ နောက်လည်း ဘယ်တော့မှ သွားမငှားတော့ဘူး၊ တော်ပါပြီ"

ကျွန်မ စိတ်ဆိုးပြီး စာအုပ်ကို ပြန်ပေးလိုက်သည်။ ကိုသန်းဦးလည်း စာအုပ်ယူပြီး ပြန်သွားသည်။ ကျွန်မ လက်ထဲရောက်ပြီးမှ ပြန်ပါသွားသော စာအုပ်ကိုပဲ စိတ်ဆိုးရမလား။ ပေးလိုက်သည့် "ကိုထွန်းလွင်" ကိုပဲ စိတ်ဆိုးရမလား၊ နတ်တလင်းက လူကိုပဲ စိတ်ဆိုးရမလား။ ပြန်ယူသွားသည့် ကိုသန်းဦးကိုပဲ စိတ်ဆိုးရမလား။ ကျွန်မ ကိုယ်ကျွန်မ သွားမိသည်ကိုပဲ စိတ်ဆိုးရမလား။ ကျွန်မ ဒေါပွမိပါသည်။

❒

## အချစ်နှင့် ဘဝ

ကိုထွန်းလွင်နှင့် ကျွန်မအဖြစ်က ပွဲဦးထွက်ပဲ လမ်းစ ပြတ်သွားတော့၏။ ကျွန်မ ဘာစာအုပ်မှလည်း ငှားမဖတ်တော့ပါ။ ကိုသန်းဦးကို ကာလပေါ်သီချင်းတွေ ရေးပေးပါရန် အလွတ်စာအုပ်တစ်အုပ်ပေးထားရာ သူ ရေးပြီး၍ ယူလာပါသည်။ သူလည်း လက်ရေးအလွန် လှပသေသပ်ပါသည်။ ကျွန်မ စိတ်ဆိုးနေမှန်းသိသဖြင့် စာကြည့်တိုက်အကြောင်း ဘာမျှမပြော။ ရန်ကုန်မှာလည်း အေးချမ်းစပြု၍ ရန်ကုန်အိမ်ကို ပြန်ကြည့်ပြီး အခြေအနေကောင်းလျှင် ကိုကိုသိန်းနှင့် သူနှင့် ပထမပြန်ပြီး သူ့ဖခင်နှင့် အစ်မတွေကိုတော့ အေးချမ်းတည်ငြိမ်မှ ခေါ်မည် ဖြစ်ကြောင်း ပြောနေသည်။

"ကိုသန်းဦး"

"ဟင်"

"ဦးတို့ မမကြည်တို့ ဘာတွေလုပ်နေကြပြန်ပြီလဲ၊ ကိုသန်းဦး သိရဲ့လား"

"ဘာ ဘာတွေလဲ ဖြူ"

သူ အံ့ဩစွာ ကျွန်မကို ကြည့်နေသည်။

"ကိုကိုသိန်းနဲ့ မမနဲ့ လွဲသွားတာ ပြီးပြီလား မှတ်တယ်။ အခု ကိုကိုသိန်းနဲ့ "ဖြူ"ကို ပေးစားချင်လို့ဆိုပဲ မမရှုက ဖြူကို အားလုံး ပြောပြသွားပြီ"

မမရှုသည် ကိုသန်းဦးတို့နေသည့် အိမ်ရှင်အစ်မဝမ်းကွဲ ဖြစ်၏။

"ကိုယ်လေ ကိုယ့်အိမ်သားတွေကို အရှုံးပေးထားပါတယ် ဖြူ။ ကိုကိုနဲ့မမတို့ ကိစ္စတုန်းကလည်း သူတို့နှစ်ဦး အဆင်ပြေပါစေလို့ပဲ ဆုတောင်းခဲ့တယ်။ ဒါပေမဲ့

ပျက်သွားတယ်။ ဖြစ်မလာဘူး။ ကိုယ် ဖြူဆီ နေ့တိုင်းလာနေတာကိုလည်း သူတို့ သိပ်မကြိုက်ဘူး။ အိမ်ပြန်ဝင်ရင် ဘယ်က ပြန်လာတာလဲ။ ဖြူဆီက မဟုတ်လား တန်းမေးတာပဲ။ ကိုယ်က မဟုတ်လည်း ဟုတ်တယ်ပဲ ပြောလိုက်တယ်။ အဲဒီ ဖြူဆီကို ခဏခဏ မသွားရဘူးတဲ့။ ဖြူကို ကိုယ်က ညီမလိုချစ်လို့လာတဲ့ဥစ္စာပဲ။ နောက်ဆုံး ကွယ်–ချစ်သူလို ချစ်ရင်လည်း ဘာဖြစ်သလဲ။ မဟုတ်ဘူးလား ဖြူ"

"အမယ်–အမယ်... ဟိုပြောသလို ဒီပြောသလိုလိုနဲ့ နားလာမဖောက်နဲ့နော် ဟင်း၊ သောကြာနဲ့ တနင်္လာနေ့ချင်း မတည့်ဘူးတဲ့ရှင့်"

သူက သောကြာ–ကျွန်မက တနင်္လာ ဖြစ်သည်။

"ဟုတ်တယ် အဲဒါကလည်း ပါသေးတယ်။ ကိုယ် ဖြူ့ဆီ လာလာနေတာ ဖြူဖြူ စင်စင် လာနေတာပါကွာ။ ဖြူလို့ ခေါ်တာလည်း ဖြူ့စိတ်ကလေးကို ကိုယ်နှစ်သက် လွန်းလို့ပါ။ ကဗျာတွေရေးရင် စံပယ်ဖြူ ကဗျာတစ်ပုဒ် ရေးပါလား ဖြူ"

သူ့စကားတွေက တပေါင်းလေရူးလို ကျွန်မအနား ဝေ့လာလိုက် အဝေးလွင့်သွား လိုက်မို့ သူ့အတွင်းစိတ်ကို ကျွန်မ အကဲခတ်မရပါ။ နေ့စဉ် ကျွန်မဆီကို လာနေခြင်း သည် ဘာကြောင့်နည်း။ ကျွန်မတို့ အိမ်သို့ တံခါးမရှိ၊ ဓားမရှိ ဝင်နိုင်ထွက်နိုင်သော် လည်း မည်သည့်အခွင့်အရေးမျှမယူ။ နှုတ်ရဲလက်ရဲမရှိ။ စကားတပြောပြောနှင့် ကျွန်မ မျက်နှာကိုသာ ဝအောင် ကြည့်ပြီး ပြန်သွားသည်သာ ဖြစ်၏။

အဲဒါဆို ကျွန်မကို သူ ကြိုက်နေသည်ဟု မထင်မှတ်နိုင်ပါ။ သူမှ ကျွန်မကို ချစ်သည့် စကား တစ်ခါမှ မပြောကြားပါဘဲ။ နောက်ပြီး သူတို့မိသားစုနှင့် ကျွန်မတို့ မိသားစု၏ ကူးလူးဆက်ဆံမှု အတိုင်းအတာ မည်ရွေ့မည်မျှ ဆိုတာလည်း လူတိုင်းအမြင်။ ဖေဖေ ရှိတုန်းက ပုံစံအတိုင်းပဲ ဖြစ်သည်။ မှောင်မိုက်မှာ ချောင်ကြိုက်သည့် အလုပ်မျိုးလည်း မရှိခဲ့ကြ။ မိန်းမပျိုတစ်ဦး၏ အနီးတွင် ယောကျ်ားပျိုတစ်ဦးသည် သူစောင့်ထိန်းရမည့် ယောကျ်ား၏ စည်းကို မကျိုးမပေါက်နေနိုင်သည်မှာ ချီးကျူးစရာ ဖြစ်သည်။

သူနှင့် ကျွန်မ အသက် ၁၇ နှစ်အရွယ်။ သူက ကျွန်မထက် သုံးလကြီးသည်။ ဤအရွယ်သည် အချစ်သွေးတိုးနေချိန် ဖြစ်သည်။ သည်သွေးတိုးကို သူလည်း ထိန်း သလို ကျွန်မလည်း ထိန်းခဲ့သည်။

မြင်းကမလှုပ် ခုံကလှုပ်ရသည်မှာ မိန်းမကောင်း၏ အလုပ်မဟုတ်ကြောင်း အဲဒီ အရွယ်ကပင် သိခဲ့ပါသည်။ မောင်တစ်ကျိပ်ပင်ထိန်းထိန်း ကာယကံရှင် စိတ်မငြိမ်လျှင် ဘယ်လောက်ပဲ ခြံခတ်ထားထား ခြံကို ခုန်ထွက်မည်သာ။

(ဥပမာ) အစ်ကိုလေးနှင့် မစောတင်ကိုကြည့်။ မစောတင်က တစ်ခုလပ်။ အစ်ကိုလေးက လူပျို။ သူ့ထက်လည်း ငယ်ရွယ်သည်။ လူပျိုစစ် အစိမ်းသက်သက်။ နေ့လယ်ဆို အိမ်မှာ သူတို့နှစ်ယောက်ပဲ ကျန်ခဲ့သည်။ မညားနိုင်ဘူးလား။ တစ်ယောက်က ဘယ်လောက်စည်းရှိရှိ တစ်ယောက်က ဖောက်လျှင် အရှက်ဟူသော သိက္ခာသည် ပျက်ရမည်သာ ဖြစ်သည်။ ယခု သူတို့နှစ်ဦးစလုံး အသီးသီး ကိုယ့်စည်းကိုယ်စောင့်ခဲ့၍ ဘာမျှမဖြစ်ခဲ့ကြ။ ကျွန်မသည် ဝေးဝေးလံလံတွေကို သိပ်မစဉ်းစားတတ်၊ မဝေဖန်တတ်ခင် အရွယ်ကတည်းက အနီးမှ လူများကိုပဲ လေ့လာခဲ့သည်။ ကိုသန်းဦးနှင့် ကျွန်မသည် ရွယ်တူဖြစ်ပေမယ့် သူလည်း သူစည်း၊ ကျွန်မကလည်း ကျွန်မစည်းနှင့်နေခဲ့ပြီး နီးစပ်သော်လည်း ဘာမှမဖြစ်ပါ။ ကိုကိုနှင့် မမတို့ ကိစ္စမဖြစ်လျှင် ကိုသန်းဦးနှင့် ကျွန်မအလှည့်ပဲဟု ရင်းနှီးသူတွေက တီးတိုးဝေဖန်စောင့်ကြည့်နေသည်ကိုလည်း ကျွန်မသိသည်။ ကျွန်မကိုချစ်သော သူငယ်ချင်းတွေက "ဘယ်လိုလဲ" ဟု တိုးတိုးမေး၏။ မင်းကိုယ်ရံတော်ကလည်း သစ္စာရှိလှချည်လား။ ၂၄ နာရီပဲဟုလည်း ပြောခဲ့ရသည်။ ကျွန်မ ဘာတတ်နိုင်ပ။ သူနှင့်ကျွန်မ ဘာမှမျှမဟုတ်ကြဘဲ။ ကျွန်မအနေနှင့်ကတော့ သူကျွန်မအနားမှာရှိနေ၍ အခြားရန်များ အနားမကပ်လာကြတာတော့– သူ့ကို ကျေးဇူးတင်၏ စိတ်ထဲကပါ။ နှုတ်ကဖွင့်ပြီး အမွှမ်းမတင်ခဲ့ပါ။ ပိတောက်တွေ ပွင့်လျှင်လာပို့၏။ ဘုရားတင်နော် ပန်နော်ဟုပဲ ပြောသွားသည်။ သူ့အိမ်က မုန့်တွေ ဘာတွေလာပို့လျှင်လည်း သူအိမ်မှာ မစားခဲ့ဘဲ ကျွန်မနှင့်တူတူ စားတတ်၍ ကျွန်မက ဒီမှာစားမယ်ဆိုလျှင် တစ်ယောက်စာ နောက်ကို ပိုယူလာဟုပင် ပြောရသည်။ ခေါင်းညိတ်ပြီး ပြုံး၏။ ဘာပဲဖြစ်ဖြစ် ကျွန်မအပေါ်တွင် အခွင့်အရေးမယူသည့်သူကို ကျွန်မယုံကြည်လေးစားမိသည်။

လမ်းပန်းအဆက်အသွယ်များ အနည်းငယ်ကောင်းပြီး သတင်းလည်းရရော "သူနှင့်ကိုကို" ရန်ကုန်ကို ပြန်သွားသည်။ ကျွန်မကို နှုတ်တောင် ဆက်မသွားပါ။ ဒါလောက် ကျွန်မအနီးတွင်ရှိခဲ့သူက ဒီခရီးကိုသွားမည်ဆိုတာ အဘယ်ကြောင့်လာမပြောဘဲ ထွက်သွားပါလိမ့်ဟု စဉ်းစားနေစဉ်ပင် သူ့အစ်မလတ် "မမအုန်း" ရောက်လာပြီး–

"ကိုသန်းဦးက ရန်ကုန်ကို မလိုက်ချင်ဘူး၊ အဲဒါ စိတ်ဆိုးပြီး လိုက်သွားတယ်လေ၊ ဘယ့်နှယ်။ လမ်းတွေက တံတားတွေကျိုးနေလို့ ခက်ခက်ခဲခဲ ဖောင်နဲ့ကူးတဲ့နေရာကူးရတဲ့ ဥစ္စာ၊ အဖေက အသက်ကြီးပြီ"

"ဘယ်လိုက်နိုင်မလဲ။ အဲဒါ ကိုကိုသိန်းနဲ့ အဖော်လိုက်သွားပါဆိုတာ ကပ်နေတယ်။ ကိုသန်းဦးက အခုဘယ်လိုဖြစ်နေမှန်းကို မသိဘူး။ အိမ်မှာလည်း ဘာမှကူပြုမလုပ်ဘူး။ အားရင် မောင်ထွန်းလွင်တို့ စာကြည့်တိုက်နဲ့ ဒီအိမ်မှာပဲ အချိန်ဖြုန်းနေတာပဲ"

မမအုန်းက မကျေနပ်သော မျက်နှာနှင့် ကျွန်မကိုပါ အပြစ်ရှာလာသည့် စကားဟုကျွန်မသိသည်။

"ဒီကိုလည်း ကိစ္စရှိမှလာတာပါ"

ဟုပြောတော့ လာကတည်းက ပြောရအောင်လာခဲ့သူဆိုတော့–

"အခု သူမရှိလို့ သူ့သေတ္တာ ဖွင့်ကြည့်တော့–ဒိုင်ယာရီမှာ "ဖြူ"ဆိုတဲ့ နာမည်တွေတွေ့ရတယ်။ ဖြူဆိုတာ ညီမလေး သိသလားဟင်"

ဩော်....ထောက်လှမ်းရေးနှင့် စစ်ဆေးရေး ဝင်လာခြင်းပါကလား။

"ဟင့်အင်း မသိပါဘူး မမအုန်း"

"ရည်းစားတွေ ဘာတွေ ရှိနေပြီနဲ့ တူပါတယ်၊ ဒါကြောင့် ရန်ကုန်ကိုတောင်မလိုက်သွားချင်တာ ဖြစ်မှာပေါ့။ ရည်းစားထားလည်း ထားတာပဲ။ သူနဲ့ ရည်မှန်းထားပြီးသားရှိတယ်။ ဆွေမျိုးထဲကပဲ"

မမအုန်းသည် ဤစကားများကို ကိုသန်းဦးမရှိချိန်မှာမှ ယခုလို ပြောင်ပြောင်တင်းတင်း လာပြောခြင်း ဖြစ်သည်။ သူ့အစ်မ သုံးယောက် ရှိပါသည်။ မမကြည်၊ မမရီနှင့် ယခုလာသူ မမအုန်း ဖြစ်သည်။ အကြီး နှစ်ယောက်သည် သာသာယာယာနူးနူးညံ့ညံ့ ပြောဆိုတတ်၏။ သူက ဒိုးဒိုးဒေါက်ဒေါက်နှင့် နှုတ်သီးကောင်း၏။ သဘောလည်းကောင်း၊ နှုတ်သီးလည်းကောင်း ဆိုပါတော့။ ကိုသန်းဦးလည်း သူနဲ့ မတည့်ပါ။ မမအုန်း ဘာတွေလာပြောသလဲ။ ဟိုတုန်းက အမြဲ မေးဖူး၏။ သူ မေးတုန်းက မမအုန်းကလည်း ယခုစကားများ မပြောဘူး၍ ဘာမှမပြောပါဘူးဟုဘဲ ဖြေခဲ့သည်။ အခု သူ ရန်ကုန်သွားမှ လာပြောခြင်းဖြစ်သဖြင့် သူတို့မောင်နှမတွေ ဘာတွေဖြစ်နေကြပါလိမ့်ဟု ကျွန်မ စဉ်းစားမိပါသည်။

"စကားစပ်မိတုန်း မမအုန်းကို ပြောပါရစေ၊ ကိုကိုနဲ့ ညီမကို ပေးစားမလို့ စီစဉ်နေကြတယ်လို့ ညီမ ကြားတယ်။ မဖြစ်နိုင်တာ မမရယ်... ကိုကိုက ညီမထက်အသက်လည်း ကြီးတယ်။ နောက်ပြီး အစ်ကိုလိုပဲ ညီမက ခင်တာ။ မဖြစ်နိုင်တာကိုမလုပ်ကြဖို့ ညီမ ခုကတည်းက ပြောထားတာပါ"

မမအုန်း မျက်လုံးပြူးသွား၏။ သည်စကား ဘယ်သူ့ဆီက ကျွန်မရသလဲဟု တရားခံရှာသည့် မျက်လုံး ဖြစ်၏။

"သြော်–ကိုသန်းဦး ပြောတယ်ပေါ့"

"မဟုတ်ပါဘူး၊ သူ ဘာမှမပြောဘူး"

ဟုတ်တယ်လေ။ ပြောသူက မမရှုပဲ။

"အေးပါ အဖေ့ကို ပြောပြရမှာပေါ့။ ဒီလို ပွင့်ပွင့်လင်းလင်း သိရတာ ကောင်းပါတယ်"

"အခု မမအုန်း လာပြောနေတာတွေဟာ ညီမလေးကို မုန်းလို့ မဟုတ်ဘူးနော်။ ညီမလေးကို ချစ်ပါတယ်။ သွားမယ်ကွယ်၊ ပြန်ဦးမယ်နော်"ဟု လေချိုသတ်ပြီး ထပြန်သွားသည်။ ကိုသန်းဦးမှာ စေ့စပ်ထားသူရှိသည်ဟု ကြေညာခြင်းသည် ကျွန်မကို သတိပေးတာဖြစ်ခြင်းဆိုတာ နားလည်ပါသည်။ မစောတင်က မမအုန်း ပြန်သွားတော့–

"ငါ ရယ်ချင်တယ်။ မောင်သန်းဦးက ခုမှ ဆယ်တန်းတောင် မအောင်သေးဘူး။ ဘယ်သူနဲ့များ စေ့စပ်ထားကြပါလိမ့်။ သူ့အစ်ကို လူပျိုသိုးကြီးကျတော့ စေ့စပ်ထားတာတောင်မရှိလို့၊ တို့အိမ်ထဲ အတင်းရိုက်သွင်းနေပြီး"

မစောတင်က မမအုန်း ပြောသွားသည့် စကားတွေကို မကျေမနပ် ပြောနေသည်။ ကျွန်မဘဝမှာ သည်တစ်ခါတော့ ရင်ထဲဆို့နင့်နင့်ကြီး ခံစားရ၏။ ဖေဖေနှင့် မေမေတို့ မရှိတော့၍ အနိုင်ကျင့်လိုသူများ ပေါ်ပေါက်လာကြပြီလားဟု စဉ်းစားသည်။ ဒါတောင် ကျွန်မတို့ မောင်နှမတွေ စားရမဲ့သောက်ရမဲ့ မဟုတ်ပါ။ ခြံနှင့် အိမ်နှင့် စိန်နှင့် ရွှေနှင့် ငွေနှင့်လယ်နှင့် ဖြစ်သည်။ ကျွန်မ ထိုနေ့က ဆုံးဖြတ်လိုက်ပါပြီ။ ကိုသန်းဦး ရန်ကုန်မှ ပြန်လာလည်း ကျွန်မအိမ်ကို မလာပါနဲ့တော့ဟု ပြောလိုက်တော့မည်။ ထိုနေ့က ထမင်းတောင်မျိုချ၍ မရ ရင်ဝမှာ ဆို့နစ်နစ်နေ၏။ ဟိုနေ့က အချစ်ဆုံးသူငယ်ချင်း "ထွန်း"ကတောင် "ဘယ်လိုလဲ"ဟု မေးသွားသေးရာ မတတ်သာ ခပ်ခွာခွာ နေရပါတော့မည်။ ငါးရက်ကြာတော့ သူ ပြန်လာပါပြီ။

"ဖြူရေ၊ ရန်ကုန်မှာ သတင်းစာတွေလည်း ပြန်ထုတ်ပြီ။ နယ်တော့ မရောက်သေးဘူး။ မဂ္ဂဇင်း–ဂျာနယ်–ဝတ္ထုတွေလည်း အရင်လို ပြန်ထုတ်ကြဖို့ စိုင်းပြင်းနေကြပြီ။ ရော့ "ဖြူ့"အတွက်..."

ရန်ကုန်မှာ ထုတ်ဝေနေပြီဖြစ်သည့် "ဗမာ့ခေတ်" ဆိုသည့် သတင်းစာအသစ် တစ်စောင် လက်ဆောင်ပေး၏။ ကျွန်မ သူ့ကို ပြောရန် အားခဲထားသည့် စကားက

တစ်မျိုး၊ သူက ကျွန်မကို လာပြောနေသော စကားကတစ်မျိုး ဖြစ်နေ၏။

သတင်းစာ၌ ဖ–ဆ–ပ–လ ဟူသည့် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး ရွေးချယ်တင်မြှောက်ရမည့် ဝန်ကြီးအဖွဲ့ စသည်များကို အားပါတရ ဖတ်ရှုရသည်။ ဖဆပလ အဖွဲ့ချုပ်ဟုလည်း အမည်တွေ့ရသည်။

"တိုင်းရင်းသူဂျာနယ်၊ ယုဝတီဂျာနယ် ဆိုတဲ့ အမျိုးသမီး ဂျာနယ်တွေ ထွက်တော့မယ်တဲ့၊ မြက ပြောလိုက်တယ်–ဂျာနယ်တွေ ပြန်ထွက်ရင် စာရေးအကြောင်းကြားလိုက်မယ်တဲ့"

မြဆိုသူမှာ ကိုသန်းဦး၏ အစ်မဝမ်းကွဲ ဖြစ်သည်။ ကျွန်မနှင့် လူချင်း မတွေ့ဘူးကြသေး၊ ဓာတ်ပုံချင်းပဲ မြင်ဖူးပြီး ခင်ခင်မင်မင် ဖြစ်၏။

"ကြည့်မြင်တိုင်မှာ မီးလောင်ပြင်ပဲ။ ကိုယ်တို့ အိမ်နေရာများ ရှာမတွေ့၊ မှတ်တောင်မမှတ်မိဘူး။ တိုင်းပြည်ကတော့ ဖွတ်ဖွတ်ကြေမွ ဆုံးရှုံးပြာကျခဲ့ရတာပဲ ဖြူရယ်၊ ဒါပေမဲ့ အင်္ဂလိပ်က လွတ်လပ်ရေး ပေးတော့မယ်တဲ့"

သူ့ကို ကြည့်ပြီး ကျွန်မ ဝမ်းနည်းနေမိသည်။ သည်လို တည်ကြည်၍ သစ္စာရှိသောချစ်မိတ်ဆွေတစ်ယောက်နှင့် အကြောင်းမဲ့ လက်တွဲဖြုတ်ရမည်မှာ ဝမ်းနည်းစရာကောင်း၏။ ကျွန်မသည် အိမ်တွင်းမှ အိမ်ပြင်ထွက်သူလည်း မဟုတ်ပါ။ အိမ်လည်း မလည်တတ်၊ ဖေဖေနှင့် မေမေတို့၏ စီးပွားရေးလုပ်ငန်းကြီးမှာလည်း ဖေဖေ မေမေတို့ မရှိကြ၍ တစ်ကြောင်း၊ တိုင်းပြည်မအေးချမ်း၍တစ်ကြောင်း ဆိုင်ကြီးကို ပိတ်လိုက်ရသည်။ ဆိုင်ကြီးကို လုံးဝပိတ်လိုက်ရသော်လည်း စားဝတ်နေရေး ပြေလည်ပါ၏။

ဒေါ်ဒေါ်လေးက မြောက်အိမ်သို့ ပြောင်းရန် လာခေါ်သည်မှာ နှစ်ကြိမ်ရှိပါပြီ။ အောက်ထပ်တွင် နေရန် သိမ်းဆည်းထားပြီးကြောင်း ပြော၏။ ဒေါ်ဒေါ်လေးတို့၏ အိမ်ကြီးမှာ ဆင်ဝင်တိုက်ခံ နှစ်ထပ်အိမ် ဖြစ်သည်။ အပေါ်ထပ်တွင် အလုပ်မှ နားတော့မည့် ဦးကြီးတင်တို့ နေကြမည်။ အောက်ထပ်မှာ ဒေါ်ဒေါ်လေးနှင့် ကျွန်မတို့ ညီအစ်မနှင့် အိမ်ဖော်မိန်းကလေး နှစ်ယောက် ဖြစ်သည်။ တစ်လလောက်နေပါဦးဟု ပြောလိုက်၍ ဒေါ်ဒေါ်လေး ပြန်သွားရပြန်သည်။

တိုင်းပြည်ကြီး ပွက်ပွက်ဆူနေတုန်းကတော့ ကျွန်မဘဝလေးက ဂျပန်တွေဘေးမှလွတ်၍ အေးအေးပဲရှိခဲ့ပြီး အခုတိုင်းပြည်ကြီး အေးချမ်းတော့မည်ဆိုမှ ကျွန်မ ဘဝက ပူလောင်လာခြင်း ဖြစ်၏။ ဆွေမျိုးသားချင်းနှင့် ဒေါ်ဒေါ်လေး၏ ကျွန်မအား

ယောက်ျားပေးစားရေး စီမံကိန်းကို အသာထား၊ ပထမဆုံး သူ့ကို ရှောင်မှ ဖြစ်တော့မည်ကို စဉ်းစားမိပါပြီ။

သူ လာတတ်သည့်အချိန်တွင် ကျွန်မ တံခါးကို ပိတ်ပြီး နေပါသည်။ မစောတင်ကို လူလာလျှင် ကျွန်မ "ဖျား" နေ၍ဟုသာပြောပြီး တံခါးလာမခေါက်ပါနဲ့ဟု မှာထားလိုက်သည်။ ထင်သည့်အတိုင်းပင် လာသည်။ အပေါ်ထပ်လည်း သူမလာပါ။ အောက်မှာ တစ်နာရီလောက် ထိုင်နေသည်ဟု သိရသည်။ သုံးရက်လုံးလုံး ကျွန်မ အဲဒီလိုနေလိုက်သည်။

လေးရက်မြောက်သောနေ့မှာတော့ ခါတိုင်း အချိန်မဟုတ်ဘဲ နံနက် ခုနစ်နာရီလောက်ရောက်လာရာ အောက်ထပ်တွင် ကော်ဖီမုန့် စားသောက်နေသော ကျွန်မနှင့် တန်းတိုးလေသည်။ နေကောင်းသွားပြီလားဟု ကျွန်မ တကယ်နေမကောင်း ထင်သည့် မျက်နှာနှင့် မေး၏။ လူမမာအတု ကျွန်မ ခေါင်းညိတ်ရ၏။ မစောတင်က သူ့အတွက် ထမင်းကြော် တစ်ပန်းကန် ချပေးသွား၏။ တစ်ခုခုပြောမည့် မျက်နှာကို တွေ့ရ၏။

"ဖြူ ကိုယ့်ကို ဘာစိတ်ဆိုးနေတာလဲ"

"မဆိုးပါဘူး"

"ကိုယ်သိတယ်။ ဖြူစိတ်ဆိုးမှာ ကြောက်လွန်းလို့"

"ကိုယ် အမြဲ သတိနဲ့နေခဲ့ပါတယ်။ ပတ်ဝန်းကျင်ကတော့ ဘယ်လိုနေနေ အပြစ်မလွတ်ပါဘူး။ ကိုယ့်သစ္စာနဲ့ကိုယ်ပဲ။ ကိုယ်မကောင်းဘူး၊ ကောင်းတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ။ ရှုပ်ပါတယ်။ ကိုယ်ဒီမှာမနေတာ အကောင်းဆုံးပဲ။ အိမ်ကလူတွေနဲ့ ကိုယ်နဲ့လည်း ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ကိုယ် ရန်ကုန်ကို သွားမယ်။ အလုပ်လုပ်မယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ ဖြစ်တော့မယ်"

ကျွန်မ သူ ပြောတာတွေ ငြိမ်၍ နားထောင်နေပါသည်။ သူ ပြောသည့် စကားတွေမှာ သူ့ဘဝအတွက်တွေ ဖြစ်သည်။ ကျွန်မနှင့် ယှက်နွယ်သော စကားမပါ။ သို့သော် သူသည် ကျွန်မအား မြတ်နိုးချစ်ခင်သည့် အဓိပ္ပာယ်လောက်ကိုတော့ သွယ်ဝိုက်၍ ပြောသည်။ သူ ဘယ်လိုလူလဲ ကျွန်မ စဉ်းစား၍မရ။

"သွားမယ် ဖြူရယ်"

ဟု ပြောနေရင်း ဖြုန်းခနဲ ပြန်သွားလေသည်။ ခြံဝင်းထဲမှ ကျောပေးထွက်သွားသော သူ့ကို ကြည့်ရင်း ကျန်ခဲ့ရသည်။ ကျွန်မ နေ့စဉ် ပုန်းရသည့် အလုပ်လည်း မောတာပဲ ဖြစ်သည်။ သူ မလာတော့ပါ။ ရန်ကုန်သွားမယ်ဆိုတာ တကယ်ပဲလား၊ ကျွန်မ စိတ်ကို

စမ်းတာလား–သိချင်၍ မစောတင်ကို စနည်းနာခိုင်းရာ "တကယ်" ဟု သိရသည်။ ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏ ဆိုတာ မှန်လိုက်ပါဘိ။

❐

# သည်းဘဝင်ဝယ် ဆင်ခြင်နှိုင်း

သူ မရှိတော့၍ ကျွန်မကို စာအုပ်ငှားပေးမည့်သူလည်း မရှိတော့။ သူ့ကို မတွေ့ရသည်မှာ တစ်လ၊ နှစ်လကြာသော်လည်း စာကလေးတစ်စောင်မျှ မထည့်။ မမရီက သူ့လိပ်စာကို ပေးသော်လည်း ကျွန်မ စာမရေးပါ။ ရေးစရာ အကြောင်းမရှိပါ။ ကျွန်မအနီးတွင် ၂၄ နာရီ သက်တော်စောင့်သဖွယ်နေခဲ့သော သူသည် အခုတော့လည်း မေ့ရက်ကယ်နေနိုင်သားပဲ။ သူ့အစ်မ သုံးယောက်ထဲက "မမရီ" သည် ကျွန်မကို အလွန်ချစ်သည်။ သူ့မောင်ကိုလည်း ချစ်သည်။ ကျွန်မက ဘာမှမမေးရပါဘဲ ကိုသန်းဦး သတင်းအတိုအစကလေးတွေကို သူက လာလာပြောသည်။ ကာယကံရှင်က ဘာမျှအဆက်အသွယ်မလုပ်ဘဲ ကြားစကားတွေကို ကျွန်မ စိတ်မဝင်စားပါ။ သူ တစ်ခုခုလုပ်သွားသလိုကျွန်မလည်း တစ်ခုခုတော့ လုပ်ရတော့မှာပါ။

တစ်နေ့ ယူနီဖောင်း အစိမ်းရင့်ရင့်ဝတ်၊ မော်တော်ဆိုင်ကယ်တစ်စီး အိမ်ရှေ့မှာ စက်ရပ်သံ ကြားရ၏။ ဆင်းလာသူမှာ ခပ်ရွယ်ရွယ် ကျွန်မ အသက်နှင့် မတိမ်းမယိမ်းပဲ ရှိသည်။ သူက ဦးထုပ်ကိုချွတ် ခေါင်းကို ငုံ့ပြီး–

"ကျွန်တော် ရဲဘော်မြင့်ဆွေပါ၊ အစ်ကိုကြီးက စာအုပ်ပို့ခိုင်းလို့ပါ"

"အစ်ကိုကြီးဆိုတာ ဘယ်သူပါလဲရှင့်"

"ဩော်... ကိုထွန်းလွင်ပါ။ မမသိန်း စာအုပ်တွေ မငှားလို့တဲ့။ နောက်ပြီး ဒီ "ယုဝတီဂျာနယ်" က အခုအသစ် ထွက်တာတဲ့။ အဲဒါ အပတ်စဉ်ယူချင်ရင် စာရင်းသွင်းထားမှရမယ်တဲ့။ စောင်ရေ ကန့်သတ်ပြီး ရိုက်လို့တဲ့။ အခု အစ်ကိုကြီးက သူ့ရဲ့အရင် "ဖိမ်စာပေရိပ်သာ" ဆိုင်ကို ပြန်ဖွင့်ပါတော့မယ်"

"ဟုတ်လား–လာပို့ရတာ အားနာလိုက်တာ ထိုင်ပါဦး"

"မထိုင်တော့ဘူး–မမသိန်း။ စာအုပ်ထွက်တဲ့နေ့တိုင်း ကျွန်တော် လာပို့ပါမယ်"

"ဟာ... မဟုတ်တာ။ ရဲဘော်က တာဝန်နဲ့ဟာပဲ"

"လမ်းကြုံပါတယ်။ ကျွန်တော် ဒီမြို့မှာရှိတုန်းတော့ ပါရမီ ဖြည့်ရမှာပေါ့။ ပြန်ဦးမယ် မမသိန်း" ဆိုကာ ဝတ္ထုစာအုပ်ဟောင်း နှစ်အုပ်နှင့် "ယုဝတီဂျာနယ်" အလိပ်တစ်လိပ်ကို ပေးထားခဲ့၏။ ကျွန်မလည်း "ယုဝတီဂျာနယ်" ကို အပတ်စဉ် လပေးစနစ်နှင့် ယူခဲ့သည်။ စာတွေ ဖတ်ရင်းဖတ်ရင်း စာရေးချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်ချိန်မှာ အဲဒီအချိန်က စခဲ့သည်။ ရဲဘော်မြင့်ဆွေက သူ့နာမည်ရင်း "ခွေးလေး" ဟု အစ်ကိုလေးက ပြောသည်။ အခု မြို့ကိုရောက်လာတဲ့ ပြည်သူ့ရဲဘော်တပ်မှာ သူပါလာတာဟု သိရသည်။

ထိုခေတ်က ရဲဘော်ဆိုလျှင် မိဘပြည်သူအားလုံးက သားရင်းသွေးရင်းပမာ ချစ်ခင်လေးစားအားကိုးကြသည်။ ဗိုလ်မှူး၊ ဗိုလ်ချုပ်မရှိသေး။ မင်္ဂလာဒုံ ဗိုလ်သင်တန်းမှ ဆင်းသော ဗိုလ်အဆင့်တောင် အနည်းစုသာရှိသေး၍ ဗိုလ်လောင်းတွေ၊ ရဲဘော်တွေမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်များ ဖြစ်၏။ ဗမာအမျိုးသားတွေထဲမှ ဆရာဝန်၊ အင်ဂျင်နီယာဆိုတာ မရှိသေးပါ။ ဆရာဝန်ဆိုလျှင် ဘောင်းဘီဝတ်၊ နှုတ်ခမ်းမွေးနှင့် ကုလားဆရာဝန်ပဲ ရှိပါ၏။ ကျွန်မတို့ "ကိုကိုဦး" လည်း ကောလိပ်ကျောင်းသားဘဝမှ တော်လှန်ရေးခေတ်အတွင်း "ဗိုလ်ခင်ဦး" ဘဝ ရောက်သွားပြီး ပေါင်းတည်မှ ဗိုလ်စံဝင်း၊ ဗိုလ်လှမြင့်၊ ဗိုလ်စံကြည်၊ ဗိုလ်သန်းလှိုင် စသူတို့တွင် သခင်အောင်ကြီး၊ ဗိုလ်အောင်ကြီးက ထိပ်ဆုံးက ဖြစ်၏။ ရဲဘော်မြင့်ဆွေ၏ မော်တော်ဆိုင်ကယ်သံ ကြားလျှင် "ယုဝတီဂျာနယ်" ရသောနေ့ပါပဲ။ ယုဝတီဂျာနယ်က ၁၅ ရက်တစ်ကြိမ် ထုတ်ဝေသည်။ မြန်မာ့အမျိုးသမီးခေတ် တစ်လျှောက်လုံး ဘယ်တုံးကမှ မပေါ်ပေါက်ခဲ့ဘူးသော အမျိုးသမီး စာစောင် ဖြစ်သည်။

အယ်ဒီတာမှာ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးဖြစ်၍ ဂျာနယ်တွင် ပါဝင်ရေးသားလုပ်ကိုင်ကြသူအားလုံး အမျိုးသမီးတွေချည်း ဖြစ်၏။ ကျွန်မ သိပ်သဘောကျသည်။ မျက်နှာဖုံးမှအစ အတွင်းမှ ဝတ္ထုဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပြင်ဆင်မှုအားလုံး ခေတ်မီလွန်းလှသည်။ ဦးဆောင် အမျိုးသမီးကြီးများ၏ ဓာတ်ပုံတွေကိုလည်း မြင်ဖူးရသည်။

ဒဂုန်မဂ္ဂဇင်းခေတ်တွင် အမျိုးသမီးစစ်စစ် စာရေးဆရာမဟူ၍ ဒဂုန်ခင်ခင်လေး

တစ်ဦးသာ ပေါ်ထွက်ပြီးနောက် "ဒဂုန်ခင်လေးဆွေ" ပေါ်ထွက်ခဲ့သည်။ ရှားရှားပါးပါး ပါပဲ။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကိုယ်တိုင် အမျိုးသမီး ကလောင်အမည်များနှင့် ဝင်ရောက် ရေးသားခဲ့ရသည်။ ယခု ယုဝတီဂျာနယ်မှာ အယ်ဒီတာမှစ စာစီအဆုံး အမျိုးသမီးတွေချည်း လုပ်ကိုင်ပြီး ယုဝတီ ခေတ်ပြောင်းချိန် ဖြစ်ပါသည်။ ရဲဘော်မြင့်ဆွေသည် ကျွန်မနှင့် ကိုထွန်းလွင်တို့၏ တစ်မြို့တွင်း တစ်ကျောင်းတည်းနေခဲ့ကြပြီး ဝေးကွာသော ဘဝနှစ်ခုကို ပေါင်းစည်းပေးသူ ဖြစ်နေသည်။

ကျွန်မ ရွှေငွေထက် စာအုပ်ကို မက်မောပါ၏။ စာဖတ်နေရမှ ကျွန်မ ပျော်မွေ့ပါသည်။ အိမ်မှာလည်း မစောတင်ကရှိနေ၍ ကျွန်မမှာ လူအား ဖြစ်သည်။ အစ်ကိုလေးတို့ မမတို့က မီးဖိုဆောင်ကို ကိုင်တွယ်ကြ၍ ကျွန်မက လက်ဆေးစားရုံပဲ ဖြစ်၏။ ကျွန်မ အားတာနှင့် စာရေးသည်၊ ကဗျာစပ်သည်၊ ကိုယ် ရေးပြီး ကိုယ် မကြိုက်လျှင် အားလုံးဆုတ်ပစ်သည်။ အတိုအစ စာရွက်တွေမှာ ကျွန်မ စားပွဲ၌ မြင်၍ မကောင်း။ တစ်ခါတစ်ရံ မစောတင်က စက္ကူစလို၍ စက္ကူစပေါသော ကျွန်မ စားပွဲပေါ်မှ စာရွက်တစ်ခုခု ယူသွားလျှင် ကျွန်မရေးလက်စ ကဗျာစာရွက်ဖြစ်နေ၍ မစောတင်နှင့် တကျက်ကျက်။ စက္ကူစာရွက်က ရှားပါးချိန်တွင် တွေ့ရာစက္ကူ၊ တစ်ဖက်လွတ်စာရွက် တိုချင်တို ရှည်ချင်ရှည်၊ စိတ်ကူးရလျှင် တွေ့ရာ စာရွက်နှင့် ရေးသည်။ တစ်ခါတလေ ယပ်တောင် နေရာလွတ်မှာပင် ရေး၏။

စာပေပိုးထချိန် အလွန်ဆိုးဝါးပါ၏။ ယုဝတီကိုလည်း မပို့ရဲ။ ဝတ္ထုတို ရေးပြန်လည်း အရှည်ကြီးတွေ ဖြစ်နေ၏။ သူက စာမျက်နှာ သတ်မှတ်ပေးထားသည့် အတိုင်းကို ဝတ္ထုက အံမဝင်–တိုချင်တို၊ ရှည်ချင်ရှည်၊ စိတ်ကလည်း ဘရိတ်မရှိ။ လက်ကိုလည်း ဘရိတ်အုပ်၍မရ၊ ဟိုအရင်ကတည်းက ရေးထားသော ကဗျာနှစ်ပုဒ်ကို ဘာမှထပ်မပြင်တော့ဘဲ (ပြင်ရင် မပြီးတော့၍) ယုဝတီဂျာနယ်သို့ "ဆွေးငွေ့မပြေ" ကဗျာနှင့် သွေးသောက်မဂ္ဂဇင်းသို့ "မှိုင်းလို့သာဝေ"တစ်ပုဒ်ကို စာတိုက်မှ ပေးပို့လိုက်ပါသည်။ ယုဝတီသို့ပို့သော ကဗျာမှာ ကလောင်အမည် မာလာသိန်း (ပေါင်းတည်) ဟု ဖြစ်၍ သွေးသောက်သို့ပို့သည့် ကဗျာတွင် (စံပယ်ဖြူ) ဟု အမည်တပ်လိုက်သည်။ ပို့သာပို့လိုက်၏။ မမျှော်လင့်ပါ။ ကံစမ်း ထီထိုးလိုက်ခြင်း ဖြစ်၏။ ဟံသာဝတီ သတင်းစာကိုလည်း "တောင်းဆုချွေ" ကဗျာကလေး ပို့ပါသည်။ ယုဝတီဂျာနယ်မှာရော သွေးသောက်မဂ္ဂဇင်းမှာပါ တစ်လအတွင်း ပါလာပါတော့၏။ သွေးသောက်ကလည်း မျက်နှာပြည့် ကာလာခေတ်ပုံနှင့် ယုဝတီကလည်း ပန်းဘော်ဒါကလေး ဝိုင်း၍ သီးသန့်

ထည့်ပေးသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ဘယ်လိုဝမ်းသာမှန်းကို မရေးတတ်ပါ။ ယုဝတီဂျာနယ် အလိပ်ကလေးထဲတွင် အယ်ဒီတာထံမှ စာတစ်စောင် ပါလာသည်။ ဆက်လက်ရေးသားပါ။ ယုဝတီက ကြိုဆိုပါသည်။ ဝတ္ထုတိုများ ရေးပါ။ ဝတ္ထုပို့လျှင် ဓာတ်ပုံတစ်ပုံပါ ပို့ပါဟုဖြစ်ပြီး ယုဝတီကလောင်ရှင်ဖြစ်အောင်–ဘွဲ့ရအောင် ကြိုးစားပါဟု ရှိပါသည်။ ဒဂုန်ခင်ခင်လေးဟု လက်မှတ်ထိုးထားပါ၏။ ဒဂုန်ခင်ခင်လေးကဲ့သို့ စာရေးဆရာမကြီးတစ်ဦး၏ လက်မှတ်နှင့် စာကို လက်ခံရရှိသူ ကျွန်မလောက် ဝမ်းမြောက်သူ ဘယ်မှာရှိပါအံ့နည်း။

သွေးသောက် မဂ္ဂဇင်းကတော့ စာအုပ်ပဲ လက်ဆောင်ရပြီး စာသီးသန့်မပါပါ။ နတ်တလင်းမှ ကိုကျော်ဝင်းနှင့် ကိုကျော်ရိုးတို့ ညီနောင်၏ စာပေဖွဲ့ကလည်း ပြင်းထန်လှသည်။ မိဘနှစ်ပါးက ဓာတ်ဆီဆိုင်ပိုင်ရှင် သူဌေးဖြစ်ပေမယ့် မိဘအလုပ်ကို သူတို့မလုပ်ကြဘဲ အမြတ်မရှိ၊ အရှုံးနှင့်စရသည့် စာပေအလုပ်ကို လုပ်ကြ၏။ ကိုယ်ပိုင်ပုံနှိပ်စက်မရှိ၊ တိုက်ခန်းမရှိ၊ ဝတ္ထုရှားပါးချိန်တွင် သွေးသောက်မဂ္ဂဇင်း ဟူသည့် နာမည်ကို မဖြစ်မနေ ကြိုးစားအကောင်အထည်ဖော်ကြပါသည်။ ထို့အတူပင် ရှုမဝ၊ တိုင်းရင်းသူ စသည့် စာအုပ်တိုက်များကလည်း လူးလဲရုန်းကန်ပြီး ပြန်လည်ထုတ်ဝေကြသည်။ စစ်အတွင်း ပန်းကြာရေဝေး ညှိုးနွမ်းပျောက်ကွယ်ခဲ့ရသော "မြန်မာ့စာပေ" ဥယျာဉ်ကြီးကို ကိုယ်အားကိုယ့်မာန်နှင့် ရေလောင်းပေါင်းသင်း ပြုစုပျိုးထောင်ခဲ့ကြသည်။ စာငတ်သူ စာဖတ်ပရိသတ်တွေကလည်း မရအရ ရှာဖွေဝယ်ယူဖတ်ရှုကြ၏။ သည့်စာအုပ်တွေကို "မောင်မြင့်ဆွေ" လာပို့ရင်း စာရေးစက္ကူ လျှော်လွှာဆိုက် ရုံးသုံးတစ်ဖက်လွတ် အရွက်တစ်ရာလောက်ရှိသော အလိပ်တစ်လိပ်ကို ပေးသွားသည်။ စက္ကူအလွန်ရှားချိန်ဖြစ်၍ ကျွန်မလည်း မောင်မြင့်ဆွေအား ကျေးဇူးတင်မိရာ မောင်မြင့်ဆွေက–

"ကျွန်တော့်ကို ကျေးဇူးမတင်နဲ့ မမသိန်း။ အစ်ကိုကြီးကို ကျေးဇူးတင်ပါ၊ အစ်ကိုကြီးက မမသိန်း ခုလို စာရေးတာကို သိပ်ချီးကျူးနေတယ်။ ကျွန်တော်ကလည်း ချီးကျူးပါတယ်။ ဂျပန်ခေတ်က အစ်ကိုကြီးနဲ့ ကျွန်တော်တို့တွေဟာ ဗမာ့တပ်မတော်ရဲ့ မြေအောက်တော်လှန်ရေး "ဆက်သား" ရဲဘော်တွေမို့ သစ္စာကို စောင့်သိပါတယ်ဆိုတာ မမသိန်း ယုံပါ" ဟု ပြောသွားသည်။

ရဲဘော်ရဲဘက်တွေဆိုလျှင် သစ္စာရှိကြောင်း၊ သတ္တိပြောင်ကြောင်း၊ အမျိုးကို ချစ်ကြောင်း ယုံကြည်ကြပါ၏။ တပ်မတော်မှ ရဲဘော်ဆိုလျှင် ကိုယ်ရည်သွေးစရာမလို။

သတ္တိအရောင်က အလိုလို ကိုယ်ပေါ်၌ တောက်ပြောင်ပြီး ဖြစ်သည်။ "ရဲဘော်"ဟူသော အသုံးအနှုန်းသည် အမိမြန်မာပြည်ကြီး၏ သားကောင်းသားမြတ်များဟု နားလည်ကြသည်။ "စစ်သား" ဟူသော အသုံးကို မသုံးပါ။ ဂျပန်–အင်္ဂလိပ်တို့ကိုသာ စစ်သားဟု ခေါ်ကြ၏။ အဲသည်အချိန်က ယောကျ်ားပျိုများသည် မိမိကိုယ်မိမိ မြင့်မြတ်သော သိက္ခာရှိသော၊ ဖြောင့်မတ်သော၊ ယောကျ်ားသိက္ခာကို ထိန်းသိမ်းနိုင်သော အကျင့်စာရိတ္တကို လေးစားကြသည်။ မိန်းမပျိုကလေးများကလည်း မိဘမျိုးရိုးဂုဏ်၊ မိမိ၏ ဣန္ဒြေသိက္ခာ၊ ယဉ်ကျေးသိမ်မွေ့ ကျက်သရေရှိသော လက္ခဏာများကို ထိန်းသိမ်းကြသည်။ အညှာမလွယ်ပါ။ သို့ကြောင့် ယောကျ်ားပျို တစ်ဦးနှင့် မိန်းမပျိုတစ်ဦးသည် ခုမြင်ခုကြိုက် မရှိပါ။ အကြာကြီး တစ်ဦးစိတ်ဓာတ်ကို တစ်ဦး အတွင်းကျကျ သွေးတိုးစမ်းနေတတ်သည်။ ထို့ကြောင့် အချစ်သည် နက်နဲ၏၊ ဆန်းကြယ်၏၊ ကွေ့ကောက်၏။ ဖြောင့်ဖြူးသောလမ်းကိုရဖို့ ခဲယဉ်း၏ဟု ဆိုထားသည် မဟုတ်ပါလား။ ကျွန်မတို့ မြန်မာယောကျ်ားများ ဇာတိမာန်ပြင်းထန်သည်သာမက အမျိုးသမီးများကလည်း မျိုးစောင့်တပ်ကို လုံခြုံစွာ စောင့်ရှောက်ကြ၏။ အစကတော့ တရုတ်၊ ကုလားများကို ရှောင်ကြသည်။ နောက် စစ်အတွင်း အင်္ဂလိပ်–ဂျပန်ဆို ဝေးဝေးက ရှောင်သည်။ သွေးတစ်စက်မျှ အရောမခံ။ အသက်သာ အသေခံမည်။ လူမျိုးခြားဆို ဆလံ။ အင်္ဂလိပ်ဆိုလျှင်တော့ ဘဲရီးဆောရီးပဲ ဖြစ်သည်။ အဲဒီလောက် အမျိုးကို စောင့်ကြသည့် လူမျိုး ဖြစ်သည်။ မေမေမရှိတုန်းကများ တရုတ်၊ ကုလားမယားနှင့် စကားမပြောရပါ။ ခေတ်ကာလနှင့် စည်းကမ်းများ ဖြစ်ပါသည်။ ကျွန်မ စာရေးဖို့ အရှိန်ရနေပြီဖြစ်၍ ယုဝတီဂျာနယ်သို့ "ဂုဏ်ရည်မတူ" ဝတ္ထုတိုကို ပထမဦး ကလောင်စမ်း၍ ရေးပို့လိုက်သည်။ ရွေးချယ်ကြောင်း စာရသည့်အပြင် ဓာတ်ပုံအမြန်ပို့ပေးပါဆို၍ရှိသည့် ဓာတ်ပုံထဲက တစ်ပုံပို့လိုက်သည်။ ယင်းဝတ္ထုတို ဓာတ်ပုံနှင့်အတူ ဂျာနယ်တွင် ဖော်ပြပါ ရှိလာသည်။ ကမ္ဘာမှာ ကျွန်မလောက် ပျော်သည့်သူ ရှိပါ့မလား။ ထမင်းတောင် မစားနိုင်ပါ။ ဖေဖေနှင့် မေမေ့ကို ပြချင်လိုက်တာ။ မမ မစောတင်၊ အစ်ကိုလေးတို့ကလည်း အံ့သြနေကြသည်။ ဘယ်တုံးကရေး၍ ဘယ်တုံးက ပို့လိုက်မှန်း သူတို့ မသိကြ၍ ဖြစ်၏။ နောက်တစ်ပုဒ် "ကျေနပ်တယ်" ဝတ္ထု ပါလာပြန်သည်။

သည်တုန်းက ယုဝတီဂျာနယ်၏ တီထွင်မှုမှာ စာရေးသူနှင့် ဓာတ်ပုံကိုပါ ပူးတွဲဖော်ပြသည်။ အိမ်တွင်းအောင်းခေတ်မှ စာပေ ဗဟုသုတ ဖွံ့ဖြိုးလာသော ခေတ်၏ ရှေ့ဆောင်စာပေ၏ သမီးလောင်းများကို မှတ်တမ်းတင်ဂုဏ်ပြုခြင်း ဖြစ်၏။ ကျွန်မတို့

မြို့က ကျဉ်းရာ ချက်ချင်း သတင်းပြန့် လူသိကုန်၏။ လူမသိရန် တိတ်တိတ်နေကာမှ ဖုံးမရဖိမရ ဖြစ်သွားသည်။

မောင်မြင့်ဆွေ သီးသန့် တစ်ခေါက်လာသည်။ အစ်ကိုကြီးက ပေးခိုင်းလို့ဆိုကာ စာအိတ်တစ်အိတ် ပေးသွား၏။ ချက်ချင်းပဲ ပြန်သွားသည်။

ဖောက်ဖတ်တော့–

**ချစ်မိပေါ့ မာလာရယ်** ဟူသော စာညွန့်လိုလို ရွှေစံပယ်ရဲ့ သီချင်းတစ်ဝက်နှင့် ရည်းစားစာလိုလို စာတစ်စောင် ဖြစ်သည်။ စာဆုံးအောင် ဖတ်တော့ ကိုထွန်းလွင်ထံမှ နှစ်ပေါင်းရှည်ကြာ သူ့ရင်တွင်းဝယ် ခံစားရချက်များကို တဲ့တိုးချည်းလည်း မဟုတ်၊ ကဗျာဆန်ဆန် စာညွန့်ဆန်ဆန် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထား၏။ စာအဆုံး၌ မျှော်လင့်များစွာဖြင့် "မောင်"ဟု ရေးထိုးထား၏။ ကျွန်မ အံ့သြသည်။ သူ ကျွန်မကို ကျောင်းကတည်းက ချစ်နေမှန်း လုံးဝ မရိပ်မိခဲ့ပေ။ ကျွန်မထက် အတန်းလည်းကြီး အသက်လည်း လေး၊ ငါးနှစ်လောက်ကြီး၍ စိတ်ထဲတွင် ဘာမှမရှိခဲ့ပါ။ သူကလည်း ဣန္ဒြေကြီးသမှ လမ်းတွေ့လျှင်တောင် မမြင်ယောင်ဆောင်သွားသည်။ မျက်လုံးချင်း တည့်တည့်တိုးမှ ပြုံးပြရုံလောက် ဖြစ်သည်။ စကားလည်း နည်းသည်။ စာလည်း တော်သည်။ ရိုးလည်း ရိုး၍ သူ့ကို "ကိုကျော်ရိုး" က နာမည်မခေါ် "ဟာကြီး" ဟု ခေါ်သည်။

ဒါကြောင့် ကျွန်မ သူ့စာကို ပြန်ဖတ်၊ အစီပွာယ်ရှာ၊ လက်ရေးကလည်း အလှဆုံး ရေးထားသည်။ စာအဆုံးက 'မောင်'ဆိုတာ ဖတ်လျှင် ကျွန်မ ရင်မှာ တုန်ခါမိပါသည်။ သူ့စာက စာရွက် နှစ်မျက်နှာ အရှည်ကြီးမို့၊ အတိုချုံး၍ ရေးရလျှင် သူ့အချစ်သည် ယခုမှ မဟုတ်ကြောင်း၊ သို့သော် မမှန်းဝံ့၍ ရင်ထဲမှာပဲ မျိုသိပ်ခဲ့ကြောင်း၊ ကျွန်မ အနီးတွင် ချစ်သူတွေ ရှိနေမှန်းလည်း သူ သိကြောင်း၊ ချစ်သူများစွာထဲမှ သွေးသောက် ကိုသန်းဦးကို ပို၍ ဂရုထားမိကြောင်း၊ ကိုသန်းဦး ရန်ကုန်မပြန်ခင် တစ်နေ့တွင် ကျွန်မနှင့် ဘယ်လိုလဲဟု ဖွင့်မေးတော့ ကိုသန်းဦးက သံယောဇဉ်ပဲ ရှိတာပါ၊ ဘာမှ မဖြစ်ပါကြောင်း ပြော၍ ယခုစာကို ရေးလိုက်ပါကြောင်း။ ကိုသန်းဦးနှင့်ဆိုလျှင် သူ နောက်ဆုတ်ပါသည်။ ယခု ကိုသန်းဦးက "မဟုတ်ပါ" ဟု ဖြေသဖြင့် ရေးလိုက်ပါ သည်ဟု ရိုးရိုးရှင်းရှင်းပဲ ရေးထားလေသည်။ သြော်... ကိုသန်းဦး အတွင်းသဘောကို လည်း အခုမှ သိရသည်။ သူ ကျွန်မအပေါ် သံယောဇဉ်ပဲရှိတာကိုး။ အခုလို သိရခြင်း က ကျွန်မ ရင်မှာ ရှင်းသွားသည်။ နို့မဟုတ်လျှင် ကျွန်မအနားမှာ တကပ်ကပ်နှင့် သူများအမြင်လည်း မကောင်း၊ တကယ်လို့ ကျွန်မချစ်သူ ရွေးမည်ဆိုလျှင်လည်း

သူ့ကို ဦးစားပေးရမည့် သူ့ကျေးဇူးများက ကျွန်မတွင် ရှိနေသည်။ သူ့ထံမှ ဘာစာမှ မလာသည်ကလည်း ရှင်းနေပါသည်။ သူ ပြန်သွားပြီး ခြောက်လအကြာမှာ ကိုထွန်းလွင်ဆီက စာကို ကျွန်မ လက်ခံရရှိပါသည်။

ကိုထွန်းလွင်သို့ ဘာမျှ အကြောင်းမပြန်ဘဲ ကျွန်မ ဝတ္ထုတွေ၊ ကဗျာတွေ ကြိုးစားရေး။ ရေးရသမျှ ယုဝတီ၊ တိုင်းရင်းသူ၊ သွေးသောက်၊ ရှုမဝ၊ ပဒေသာ မဂ္ဂဇင်းတွေကို ပို့ပေးသည်။ ကျွန်မ ဦးနှောက်ထဲတွင် ဝတ္ထုတွေ၊ ကဗျာတွေ ရေးရန်ပဲ အားသန်နေသည်။ ကိုထွန်းလွင်နှင့် ကျွန်မကိုဆက်သွယ်ပေးနေသူ မောင်မြင့်ဆွေ၊ တပ်ပြောင်းရွှေ့သွားပါပြီ။ ထို့ကြောင့် အဆက်ပြတ်နေသည်။ စာအုပ်ထွက်လျှင် ယုဝတီက အိမ်လိပ်စာနှင့် ပို့၍ သူ့ဆီက တစ်ဆင့် ပို့ရန်လည်း မလိုတော့ပါ။ သူလည်း ကျွန်မထံ မလာပါ။ အင်မတန် ခြေငြိမ်သူ၊ သိဝှက်သူ ဖြစ်သည်။ ကျွန်မလည်း မမျှော်ပါ။ လာမှာတောင် ကြောက်နေသည်။ “ဇိမ်စာပေ” ဆိုင်ကို ပြန်ဖွင့်နေသည်ဖြစ်၍ စီးပွားရေးသမားတစ်ယောက်က အလုပ်မရှိတစ်ရှာကိုး ကျွန်မဆီ ဘယ်မှာ လာနိုင်ပါမည်နည်း။ သူက ပေါင်းတည်မြို့၏ စာနယ်ဇင်း တစ်ဦးတည်း ကိုယ်စားလှယ်ပါ၊ စီးပွားရေးကလည်း သူဌေးဖြစ်အလုပ်ကို မလုပ်။ သူဌေးမဖြစ်သော စာပေအလုပ်ကိုလုပ်ပြီး ကျွန်ဘဝမှ လွတ်မြောက်ရေး စိတ်ဓာတ်ကလည်း ရင်မှာအပြည့်။ အဲဒီသူ့နှလုံးသား၊ အူအသည်းကြား တစ်နေရာကလေးမှာ ကျွန်မကို သိဝှက်ထားခြင်း ဖြစ်၏။ ကျွန်မကလည်း တိုင်းပြည် မအေးချမ်းချိန်မှာ ယောကျ်ား မလိုချင်ပါ။ ရည်းစားထားပြီး မညားနိုင်သည့်လူကိုလည်း အချိန်ကုန်ခံ ကြိုက်မနေချင်ပါ။ လက်ထပ်၍ ယူနိုင်မည့်သူကိုသာ ကျွန်မ ရွေးရန် ဆန္ဒရှိသည်။ ထို့ကြောင့် ကိုထွန်းလွင်ထံ စာမပြန်ပါ။ နောက် တစ်စောင်ရောက်လာပြန်သည်။ ကလေးတစ်ယောက်ကို ပေးခိုင်းပြီး သူက လမ်းထိပ်မှ စောင့်ကြည့်နေကြောင်း သိရသည်။ သြော်...... ခိုးချင်တာကလည်း ပျာလို့ လက်နှေးတာကလည်း ချာလို့ဆိုသော လူတစ်ယောက်နှင့် တွေ့ရပြန်ပါပြီ။ သူ့ကို အပြစ်မပြောလိုပါ။ အဲဒီခေတ်က ယောကျ်ားပျိုတိုင်း သူတို့ချစ်ရသောသူ၏ ဣန္ဒြေနှင့် ပတ်ဝန်းကျင်ကို အထူးဂရုစိုက် ရှောင်ရှားတတ်ကြ၏။ လက်ရဲဇက်ရဲ ခေတ်မဟုတ်၊ တိုက်ပွဲသာ နွှဲခဲ့ကြဖူးသည်။ အချစ်ပွဲကို မနွှဲဝံ့ကြပေ။ မျိုးသိပ်ထိန်းသိမ်းရလွန်း၍ သူများလက်ပါသွားတာတွေလည်းမနည်း။

ဒုတိယစာတွင်လည်း “လှမဥ္ဇူ”သီချင်းစာသားကို နောက်ခံထားပြီး ကဗျာဆန်ဆန်လက်ရေးလှလှနှင့် ရေးဖွဲ့လာပြန်ပါသည်။ ချစ်တာကို ဖွင့်ပြောရ၍ ရင်မှာ ပေါ့ပါး

သွားကြောင်း၊ ပြန်ချစ်သည်၊ မချစ်သည်က မိမိကုသိုလ်ပဲ ဖြစ်ကြောင်း၊ ကိုယ့်ချစ်သူကို တင့်တယ်စွာ မထားနိုင်သေးဘဲလည်း ချစ်ခွင့်ကို မတောင်းလိုပါကြောင်း၊ တိုင်းရေး ပြည်ရေးနှင့် အချစ်ရေးက ရောထွေးနေချိန်တွင် အချစ်ကို ဒုတိယထားပါကြောင်း၊ ပိုင်ဆိုင်ရသည်ဖြစ်စေ၊ မပိုင်ဆိုင်ရသည်ဖြစ်စေ သူကတော့ အသက်နှင့်ထပ်တူ ချစ်သွားမည် ဖြစ်ကြောင်း၊ စာက ရှည်လွန်း၍ အတိုချုံ့လိုက်ပါ၏။ ဒါပေမဲ့ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမည်လားတော့ သိလိုပါသည်တဲ့။

ကဲ.....ကျွန်မကို အချစ်ပုစ္ဆာ မေးခွန်းထုတ်ပါပြီ။ ကျွန်မ ဖြေရပါတော့မည်။ ဒေါ်ဒေါ်လေးတို့ သဘောကျသည့် လူကြီးကိုလည်း ကျွန်မ မယူပါ။ နောက်တစ်ဦး တောသူဌေးသား တစ်ယောက်လည်း ရှိပါသေးသည်။ ကျွန်မ မယူပါ။ ကျွန်မ ခင်မင်အားအကိုးဆုံး ကိုသန်းဦးကလည်း ကျွန်မကို သံယောဇဉ်တော့ ရှိပါတယ်တဲ့။ ဒါလည်း ကျွန်မ အိမ်ထောင်ရေးမှာ ထည့်တွေးရမည့် စကားလုံး မဟုတ်ပါ။ ကိုထွန်းလွင်ကတော့ ကျွန်မနှင့် ဝါသနာတူသည်။ ကျွန်မချစ်သူသည် စာပေကို ချစ်သူ ဖြစ်စေချင်ပါသည်။ သူဌေး မဖြစ်စေလိုပါ၊ အားလုံးထဲတွင် ကိုထွန်းလွင်သည် ရုပ်မချောပါ။ သင့်တင့်သောရုပ်ရည် ရှိသော်လည်း ဖြူစင်ကြင်နာ ဖြောင့်မတ်တည်ကြည်၊ သတ္တိရှိသော နှလုံးသားကို ပိုင်ဆိုင်သည့်ယောကျ်ား ဖြစ်၏။ စကားများများမပြော၊ အလုပ်ကို လုပ်သောသူ ဖြစ်၏။ ဘယ်မိန်းကလေးနှင့်မှ ရောရောနှောနှောမနေ၊ ကျွန်မနှင့်သူ တွေ့ကြတုန်းကလည်း ကျွန်မ မျက်နှာကိုပင် မကြည့်ရဲ၊ ခေါင်းငုံ့၍ စကားပြောသည်။ ဒါပေမဲ့ သူ့ကျွန်မကို ချစ်နေခဲ့သည်မှာ ကြာပြီတဲ့။ ကျွန်မထံမှ ပြန်စာကို သူ မျှော်လင့်တောင်းဆိုနေသည်မှာ အတော်ကြာသွားပြန်ပါပြီ။ ရှင်းရှင်းပြောရလျှင် အဲဒီအချိန်က ကျွန်မ၏ ချစ်သူသည် အမိမြန်မာပြည်၏ သားကောင်းစစ်ဗိုလ်ပဲ ဖြစ်ချင်ပါသည်။ ရဲဘော်များ၊ ဗိုလ်လောင်းများ၏ သတ္တိပြောင်၊ ထောင်ထောင်မောင်းမောင်း သူရဲကောင်းတို့၏ လက္ခဏာနှင့် ပြည့်စုံသော ဗိုလ်များကို ကြည့်ရသည်မှာ အားကိုးစရာ၊ လေးစားစရာ၊ မြတ်နိုးစရာ ဖြစ်သည်။ ဒါကျွန်မ ရင်တွင်းမှ ဆန္ဒပါ။ ကိုထွန်းလွင်ကိုလည်း ဗိုလ်ဖြစ်လျှင် ကောင်းမှာပဲဟု စိတ်ကူးမိသည်။

ဒေါ်ဒေါ်လေးတို့ကိုလည်း ကျွန်မက အပြောကြီးထားပုံက စီးပွားအရာကောင်းတဲ့ ယောကျ်ား မလိုချင်၊ တိုင်းပြည်ချစ်တဲ့ ယောကျ်ားကို ယူမည်။ ကျွန်မ အနားမှာလည်း ဗိုလ်မရှိပါ။ ဒါပေမဲ့ သဘောကောင်းသော စာပေချစ်သော ကျွန်မနှင့် ဝါသနာတူ ကိုထွန်းလွင်ကို စာတိုတိုကလေး ပြန်လိုက်မိသည်။ မယုတ်မလွန် ခြေမမြဲ လက်မြဲ

ဆိုသလို တိုင်းပြည်ကြီး လွတ်လပ်ရေးရအောင် တိုက်ကြပါဦး၊ ရတဲ့အချိန်ကျ အဖြေသိရမှာပေါ့ပဲ ဖြစ်သည်။ ကျွန်မတို့ တိုင်းပြည်အရေးကလည်း မအေးသေး၊ မပြီးသေး လွတ်လပ်ရေးကို ရတော့မလိုလိုနှင့် လက်လှမ်း၍ မမီတမီ ဖြစ်နေပါသည်။ ခေါင်းဆောင်ကြီးများကလည်း နည်းအမျိုးမျိုးနှင့် တောင်းဆိုနေကြသည်။ မဟာမိတ်တွေကလည်း နည်းအမျိုးမျိုးနှင့် လွဲဖယ်ရွှေ့ဆိုင်းနေကြသည်။ ကောလာဟလတွေကလည်း မျိုးစုံ၊ ဒါပေမဲ့ မြန်မာပြည် တစ်ဝန်းလုံးရှိ မြန်မာအမျိုးသား၊ အမျိုးသမီးအားလုံး နောက်တစ်ကြိမ် တိုက်ရဦးမည်ဆိုလျှင်လည်း တိုက်ရန် အသင့်ဖြစ်နေကြသည်။

ကျွန်ဘဝကို ပြန်မရောက်လိုသည့် ဆန္ဒတွေက လူတိုင်းရင်ဝယ် ပြင်းထန်နေသည်။ ခုအချိန်အတွင်းတော့ ချစ်သူလည်း မလိုချင်သေးပါ။ တစ်ကိုယ်ရေ ဘဝက အလွတ်လပ်ဆုံး မဟုတ်ပါလား။

ကိုထွန်းလွင်ထံမှ ဘာများ ဖြစ်ဦးမည်နည်း၊ စိတ်ကမအေးပါ၊ ဘာမျှမကြား၊ ငြိမ်ချက်ကောင်းလွန်း၏။ တစ်လလောက်လည်း ကြာရော။ ကိုထွန်းလွင် ပေါင်းတည်မှ ရန်ကုန်ကိုသွားပြီ။ သွားတာမှ အပြီးသွားသည်။ သူ့စာအုပ်ဆိုင်ကိုလည်း အစ်မနှင့် ညီမကို လွှဲထားခဲ့သည်။ ဤသတင်းများ ကြားရ၏။ ကျွန်မကို နှုတ်ဆက်မသွား။ တစ်ယောက်ကလည်း နှုတ်ဆက်မသွား။ အဲဒီခေတ် အချိန်တုန်းကလည်း နှုတ်ဆက်လျှင် အကြံပျက်၍ ဘယ်သူ့ဘယ်သူမှ နှုတ်မဆက်သောကာလ ဖြစ်သည်။ တော်လှန်ရေးတုန်းကလည်း ယောကျ်ားတွေမှန်သမျှ အိမ်မှ ပျောက်သွားလိုက်ကြတာ။ တော်လှန်ရေးပြီးလို့ မသေသူတွေဘဲ ပြန်ရောက်လာကြ၏။

ဒါကြောင့် ကျွန်မချစ်သူ ဟူ၍ ဘယ်သူ့ကိုမှ မသတ်မှတ်သေးပါ။ အတော်ပဲ အဆက်ပြတ်သွားပြီး–ရောက်လာသည့် သတင်းမှာ ဗိုလ်သင်တန်းတက်နေပြီး စွမ်းရည်တွေ အောင်သော်လည်း မျက်စိမကောင်း (ဆေးကျ၍) ဟု သိရသည်။ နောက် ကိုကျော်ရိုးက သွေးသောက်တွင် အယ်ဒီတာလို၍ လုပ်နေပြီဆိုတာတွေ ကြားသည်။ ကဲ၊ သူတို့ ငါ့ဆီ စာမရေးကြတော့လည်း အေးတာပဲဟု ကျွန်မ ဆုံးဖြတ်ပြီး ကျွန်မလည်း ဝတ္ထုတိုများ ကြိုးစားရေးသည်။ သွေးသောက်ကိုလည်း "ကဗျာ" တစ်ပုဒ်ပို့သည်၊ ကဗျာခေါင်းစဉ်မှာ–"ချစ်ကံခေ" ဟု ဖြစ်သည်။ အဲဒါ သူတို့ သူငယ်ချင်းတွေ ပြန်ဆုံကြတော့ ဘာတွေပြောကြ ရွတ်ကြ၊ နောက်ကြသည်မသိ ကျွန်မ ကဗျာခေါင်းစီး အမှန်ကို မထည့်ဘဲ ထွဏ်းနေနွယ်သို့ဟု တပ်ပြီး မဂ္ဂဇင်းမှာ ဖော်ပြလွှတ်လိုက်ပါတော့၏။ အဲဒီကိုကျော်ရိုးဆိုသော လူက အင်မတန် အစသန် အနောက်သန်သောလူ ဖြစ်၏။

ကိုထွန်းလွင် ရွှေညြ စာအုပ် ကျွန်မအလှည့်မဟုတ်ဘဲ ငှားလိုက်ကတည်းက ဟာကြီး နော် ဟာကြီး အရင်ဟာကြီး မဟုတ်တော့ဘူးဟု ကြားရ၏။ မခုတ်တတ်တဲ့ ကြောင်ကြီး ခုတ်မည့် ခုတ်တော့လည်း မာနခဲ မလိုင်ခဲကိုမှ ခဲတော့တာကိုး ဆိုပြီး ရွတ်နောက်နေရာက အခု ကျွန်မ သွေးသောက်ကို "ချစ်ကံခေ" ဆိုပြီး မာလာသိန်း (ပေါင်းတည်) ဆိုတဲ့ ကလောင်အမည်ဖြင့် ပို့လိုက်တာကို ခေါင်းစဉ်ပြောင်းပြီး ထည့်လိုက်တာ ကိုထွန်းလွင် လုံးဝမသိတဲ့။ ကိုကျော်ရိုးနှင့် ကိုကျော်ဝင်း ညီအစ်ကို နှစ်ယောက် ကိုထွန်းလွင် အေးစက်စက်ကို သနားပြီး မြန်မြန်စွဲပါစေဆိုပြီး လုပ်လိုက်တာ လက်လွန်သွားပါတော့၏။ သွေးသောက်ရောက်လာလို့ ဖွင့်လည်း ကြည့်လိုက်ရော ဘုရား.....ဘုရား..... ကျွန်မ မူးချင်ရူးချင် သွားရပါသည်။ ရှက်စရာ ကောင်းလိုက်တာ။ ထွဏ်းနေနွယ်သို့တဲ့။ ကဗျာရေးသူက မာလာသိန်း (ပေါင်းတည်) တဲ့။ ကျွန်မကဗျာရဲ့ နောက်ဆုံး အပိုဒ်ကလည်း "မာလာချစ်ကံခေ၍လော" လို့ အဆုံးသတ်ထားသော ကဗျာပါ။ ကဗျာကတော့ "ချစ်ကံခေ" ဆိုသော ခေါင်းစီးနှင့်လိုက်အောင် အဆုံးသတ်ရတာပေါ့။ စာဖတ်မိသူအားလုံးရဲ့အပြော ခံရသည်။

အဲဒါကို သခင်တင်မောင်ကပါ ဝင်၍ (မာလာ့ ပရိယာယ် ထွဏ်းနေနွယ်နားမလည်)လို့ ဈေးထဲမှာ ရယ်စရာ ပြောနေပြန်သတဲ့။ ကျွန်မ ချက်ချင်းပင် သွေးသောက် အယ်ဒီတာထံ စာရေးလိုက်ပါသည်။ အသရေဖျက်မှုနှင့် တရားစွဲမည်ပေါ့။ ဖြေဆိုချက် ထုတ်ပေးလျှင်ပေး၊ မပေးလျှင် ကျွန်မ ရန်ကုန်ဆင်းလာမည်ဟု အကြောင်းကြားလိုက်သည်။ ကိုထွန်းလွင်လည်း စိတ်တွေဆိုးပြီး တွဲဖက်အယ်ဒီတာ အလုပ်က ထွက်မည်ဆို၍ ပန်းချီ ကိုစန်းလွင်က တားထားပြီး ကဲ......ခင်ဗျားတို့အရှုပ် ခင်ဗျားတို့ရှင်း မာလာသိန်းက စိတ်ဆတ်တယ်၊ တကယ်လာမှာဆိုတော့ ကိုကျော်ဝင်းနှင့် ကိုကျော်ရိုးတို့ ခေါင်းကုတ်ပြီး ဘာလုပ်ရမှန်း မသိတော့။ ကိုကျော်ရိုးဆိုတာက (ယခု သွေးသောက်မဂ္ဂဇင်း အယ်ဒီတာပြည့်စုံ) ကိုကျော်ဝင်းဆိုသူက သူ့အစ်ကို (နတ်တလင်း သက်ပြင်း) (ပန်းချီကိုစန်းလွင်–ကိုထွန်းလွင်–ထွဏ်းနေနွယ်)တို့မှာ အလွန်ချစ်ခင်ကြသည့် သွေးသောက်သူငယ်ချင်းတွေ ဖြစ်၏။ သခင်တင်မောင်မှာလည်း နောင်တွင် (ဝန်ကြီး သခင်တင်မောင်) ဖြစ်၏။ ကျွန်မလည်း အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲ၊ ရှက်လိုက်တာ။ ကိုထွန်းလွင်လည်း ကျွန်မထံ စာမရေးရဲ။ ကျွန်မကတော့ သူလည်း အယ်ဒီတာမို့ သူလုပ်လိုက်တာလို့ ထင်တာပေါ့။ ကိုကျော်ရိုး စလိုက်တာတဲ့၊ စတာကိုလည်း ကြည့်ပါဦး။ ဒါ စ စရာလား၊ သူတို့နှမ တစ်ဦးတစ်ယောက်က အဲဒီလို

ရေးလျှင် သူတို့ ဓားနှင့်တောင် နုပ်နုပ်စဉ်းပစ်ကြမှာ မဟုတ်လား။ ကျွန်မ စိတ်လည်းဆိုး ရှက်လည်း ရှက်၊ ဒေါ်ဒေါ်လေးကပါ ရောက်လာပြီး ကျွန်မကို ရေရေလည်လည် ဆူတော့သည်။ ကျွန်မ ခေါင်းငုံ့ခံရပါသည်။ ၃၇ လမ်း၊ မြောက်အိမ်ကို မပြောင်းမနေရ ပြောင်းရမည်ဟု အမိန့်ချပါ၏။ ဝတ္ထုတွေ ရေးတာလည်း ဒေါ်ဒေါ်လေးက မကြိုက်ပါ။ မျက်စိအားနည်း၍ မျက်မှန်တပ်နေရပြီ။ ဒါကြောင့် ဒေါ်ဒေါ်လေးက စာမရေးစေချင်၊ မေမေကလည်း မျက်မှန်တစ်သက်လုံး တပ်သွားရပါ၏။ ကျွန်မကိုလည်း ဒေါ်ဒေါ်လေးက စိတ်ပူ၏။ ကျွန်မ စာရေးရမှာတောင် ကြောက်သွား၏။ ကိုကျော်ရိုး ထံမှလည်း ဘာမှ တောင်းပန်စာ မလာ။ ငြိမ်နေ၏။ ယုဝတီကလည်း စာမူမပြတ်ပို့ရန် အမြဲသတိပေး၏။ ဆက်တိုက် ရေးအားကောင်းလျှင် ယုဝတီကလောင်ရှင်ဘွဲ့ ချီးမြှင့် မည်ဟု သိရသည်။ ဝမ်းသာရမလား၊ ဝမ်းနည်းရမလားတောင် ကျွန်မအဖြစ် ကျွန်မ နားမလည်။ အိမ်ပြောင်းရမှာရယ်၊ သွေးသောက်က ကိစ္စရယ် စိတ်တွေ ထွေနေသည်။ တိုင်းရေးပြည်ရေးက မအေး၊ လွတ်လပ်ရေးရတော့မည်လည်းဆိုရော အုပ်ချုပ်မှုအပိုင်း တွင် သဘောထား ဂိုဏ်းဂဏများ ကွဲပြားနေပြီဟု ကြားရ၏။ ငယ်သေး၍ ပြည့်ပြည့်စုံစုံ တော့ နားမလည်။ အဲဒီကာလအတွင်းမှာပဲ ခေါင်းဆောင်ကြီးတွေကို နယ်ချဲ့လက်ပါး စေ အလိုတော်ရိ ဂဠုန်စောလုပ်ကြံလိုက်ပါသည်။ တစ်တိုင်းပြည်လုံး တုန်လှုပ်ပြီး ယူကျုံးမရ အပူလုံးကြွလာပါသည်။ သဘော်ပျက်ရာတွင် သူတောင်းစားက ခွက်ပျောက်နေ၍ မဖြစ်ပါ။ ကျွန်မကိစ္စတွေ ဘေးပုံထားလိုက်ရ၏။ သတင်းအဆက် အသွယ်တွေ အားလုံးပြတ်သွားကြပြန်လေပြီ။ တိုင်းသိပြည်သိ၊ အဲဒီတုန်းက တော်လှန် ရေး သမိုင်းသစ်တစ်ခေတ်တွင် အုံကြွ ထွက်ပေါ်လာသည့် လူငယ်စာရေးဆရာတွေမှာ စာပေလောကအတွက် အားတက်စရာ ဖြစ်၏။ သာခု၊ တင့်တယ်၊ သန်းဆွေ၊ အောင်ဗလ၊ သာဂဒိုး၊ ပြည့်စုံ၊ နတ်တလင်း သက်ပြင်း၊ သော်တာဆွေ၊ မိုးဟိန်း၊ နန္ဒမိတ်၊ ဌေးမောင်၊ မင်းရှင်နောင်၊ မင်းရှင်တို့ အများကြီးပေါ့။ လငပုပ်ဖမ်းခံနေရာမှ လွတ်ထွက်လာကဲ့သို့ အမျိုးသား လူငယ် စာရေးဆရာတွေသာမက တိုင်းရင်းသူနှင့် ယုဝတီကလည်း အမျိုးသမီး ကလောင်ရှင်များကို မွေးထုတ်ပေးချိန် ဖြစ်သည်။ သမိုင်းပေး စာပေမောင်နှမတွေမှာ မမြင်ဘူးဘဲ စာတွေကို ဖတ်ရတာနှင့် ခင်မင်ကြ သည်။ ထွဏ်းနေနွယ်သည် ဗမာ့တပ်မတော်မှ ရဲဘော်များ၏ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ဖော်ကျူးသော ကဗျာများကို စတင်ရေးသားနေပြီ။ ပြည်သူ သူရဲကောင်း တို့၏အသက်ပေါင်း ကုဋေကုဋာနှင့် ရင်းနှီးစတေးယူခဲ့ရသည့် လွတ်လပ်

ရေးကို အသက်နဲ့ထပ်တူ မြတ်နိုးကြပါရန် ကဗျာများ ဆက်တိုက်ရေးသည်။ ကျွန်မ လည်း ယုဝတီတွင် တင်တင်မြ သီချင်းထဲကလို ရလိမ့်မယ်လို့ မထင်နဲ့ သီချင်းစာသား အတိုင်း ကျွန်မ၏ဇာတ်ကောင် အမျိုးသားကို ဗိုလ်မှ ဗိုလ်၊ တစ်ပြားမှ မလျှော့သော ဝတ္ထုဇာတ်လမ်းများကို ရေးသားခဲ့၏။ အလွန်တိုင်းပြည်အတွက် စိတ်အားထက်သန် နေပြီး စာရေး၍ အကောင်းဆုံးအချိန် ဖြစ်သည်။ တက္ကသိုလ်ခင်လေးမောင်ကလည်း ငယ်ရွယ်ဖျတ်လတ်ချိန် ကင်မရာ တကားကားနှင့် ခေတ်ပုံမှတစ်ပါး သူ့မှာ အခြားမရှိ။ စာပေလောကတွင် လွတ်လပ်ရေးခေတ်သည် စာပေစိတ်ဓာတ် အရှင်သန် အသက်ကြွဆုံး ဖြစ်၏။ ယုဝတီပေးရန် ဝတ္ထုတို့က လည်း မပြီးနိုင်၍ ဝတ္ထုပြီးအောင် နေ့ရောညရော ရေးနေရသဖြင့် သွေးသောက်ကို တရားစွဲရမည့်ကိစ္စလည်း သွေးနည်း နည်း အေးလာ၏။

❐

## ချစ်သူပုန်နှင့် တွေ့ဆုံခြင်း

ကျွန်မတို့ မြို့တွင်းသို့ တပ်မတော်မှ ရဲဘော်များ ဂျစ်ကားများ တဝီဝီနှင့် အကောင်းဆုံး အိမ်များတွင် တပ်များ စွဲနေကြသည်။ ပါးစပ် သတင်းများအရ တပ်မတော်တွင် စိတ်သဘောတွေ ကွဲလွဲကာ အလံနီ၊ အလံဖြူ၊ ရဲဘော်ဝါဟု သုံးမျိုးကွဲသွားသည်။ အလံနီသခင်စိုးက သူ အုပ်ချုပ်နေရသောနယ်ကို ခြေကုပ်ယူသည်။ အလံဖြူ–သခင်သန်းထွန်းကလည်း သူ့နယ်တွင် သူခြေကုပ်ယူသည်။ ကျွန်မတို့မြို့သည် အလံဖြူ (ရဲဘော်ဖြူ) ၏ အုပ်ချုပ်မှုအောက် ကျရောက်သွားသည်။ ရဲဘော်ဖြူတွေ မြို့တွင်းမှာ ရှုပ်ယှက်ခတ်လာပါပြီ။ အိမ်ကောင်း လမ်းကောင်းများတွင် တပ်စွဲကြသည်။ တပ်စုတစ်ခုတွင် ဗိုလ်တစ်ဗိုလ် တပ်စွဲကွပ်ကဲသည်။ တပ်တွေမှာ ကြာကြာမနေ။ ပြည်ဘက်သို့ ရွှေ့ရွှေ့သွားသည်။ နောက်တပ်အသစ်များ ဝင်ရောက်လာသည်။ မြို့ကို သူတို့ပဲ အုပ်ချုပ်သည်။ ကိုယ့်ဗမာ၊ ဗမာချင်းမို့ မရက်စက်တန်ကောင်း အောက်မေ့ကြသော်လည်း ကြာတော့ အနိုင်ကျင့်မှုတွေ လုပ်ဆောင်လာသည်။ တပ်တိုင်း မဟုတ်ပါ။ တပ်သားမဆိုး ဗိုလ်ကဆိုး၊ ဗိုလ်ကမဆိုး တပ်သားက ဆိုးသည်များ ဖြစ်လာသည်။ တိုင်းပြည်အတွက် မဟုတ်ဘဲ သူတို့လက်မှ လက်နက်တွေက သူတို့ ကိုယ်ရေးကိုယ်တာအတွက် ဖြစ်လာသည်။ ဒေါ်ဒေါ်လေးက အဲဒီအချိန်မှာ အထည်ဆိုင်ဈေးထဲမှာ ဖွင့်ထားသည်။ သေမည့်နှစ်မှ စစ်ထဲလိုက်ဆိုသလို သူ့ဆိုင်ကလေးက ရောင်းကောင်း၍ ယခင်ကလို ထိုင်စား၍ ကုန်သွားတာမျိုးမဟုတ်ဘဲ စားစရိတ်လည်းရ၊ အပိုဝင်ငွေလည်း ရသည်။ ဘယ်သူမှ ထိုင်စား၍ မဖြစ်တော့ပါ။ စစ်ကပြီးမှ မပြီးနိုင်ဘဲ။

ဒေါ်ဒေါ်လေးလည်း ဗိုလ်ကတော်ကြီး ဘဝမှ အထည်သည်ကြီး ဖြစ်ရာတော့၏။ ကျွန်မလည်း ဘယ်မှမသွားရ၊ အိမ်ထဲမှာပဲ တကုပ်ကုပ်နှင့် စားလိုက်၊ အိပ်လိုက်၊ စာရေးလိုက်နှင့် ကိုယ့်ဝင်ငွေတော့ တစ်ပြားမျှမရှိ။ ဒေါ်ဒေါ်လေးက ကျွေးနိုင်ပေမယ့် မုဆိုးမတစ်ဦး၏ ထမင်းကို စားရတာ အားတော့နာသည်။ ဒေါ်ဒေါ်လေး အိမ်တွင်လည်း ကျွန်မ မီးဖိုဆောင် မဝင်ရပါ။ အိမ်ဖော် ကရင်မလေး နှစ်ယောက်တောင် မွေးထား၍ အိမ်အလုပ် မလုပ်ရပြန်ပါ။ ဟိုတုန်းက အိမ်ဖော်ကို လခပေးရန် မလိုပါ။ ထမင်းကျွေး အဝတ်ဆင်၊ မုန့်ဖိုးပေးလျှင် နေချင်သူတွေမှ ပေါလှ၏။ ဒေါ်ဒေါ်လေးမှာလည်း ဗိုလ်ကြီးကတော်ဘဝတည်းက အပိုင်ရခဲ့သော တောမှ သိန်းရှင် (၁၆) နှစ်နှင့် သန်းကြည် (၁၀) နှစ် ဖြစ်၏။ သူတို့ ကျွန်မကို သိပ်ချစ်ကြ၍ ကျွန်မမှာ အလုပ်ကို ရှာလုပ်ရ၏။ တစ်နေ့ ဒေါ်ဒေါ်လေး ဆိုင်မှ ပိတ်တိုပိတ်စကလေး အထုပ်ကြီး တစ်ထုပ်တွေ့ရာ ကျွန်မ ကိုက်ညှပ်ပြီး လိပ်ပြာတောင်၊ ကလေးအင်္ကျီ၊ ကလေးရှင်မီး၊ ဘောင်းဘီ စပ်လုံချည်၊ ဦးထုပ်နှင့် ဒေါ်ဒေါ်လေး ဘုရားရှိခိုးလျှင် ထိုင်ရန်နေရာ ထိုင်စပ်ကော်ဇော ကလေးတွေ ချုပ်ပါသည်။

ဒေါ်ဒေါ်လေးကို ပိတ်တိုပိတ်စတွေက အင်္ကျီ၊ လုံချည်၊ ဘောင်းဘီတွေဖြစ်မှပြရာ ဒေါ်ဒေါ်လေးက ငါ့တူမလေးက ဉာဏ်သိပ်ကောင်းတာပဲဟယ်ဟု ချီးမွမ်းသည်။ အိမ်နီးချင်းတွေကိုလည်း ပြရတာ အမော။ နောက်တော့ သူ့ဆိုင်မှာ ချိတ်ဆွဲ၍ရောင်းရာ ရောင်းမလောက်တော့ပါ။ ပိတ်တိုပိတ်စမဟုတ်ဘဲ ပိတ်ကောင်းတွေကိုတောင် ကိုက်ညှပ် ချုပ်ရပါတော့၏။ ဆင်းဂါးစက်သံကြားလျှင် ကျွန်မစက်ချုပ်နေသည်။ စက်သံမကြားလျှင် ကျွန်မစာရေးနေသည်။ အင်္ကျီတွေ တစ်သုတ် ချုပ်ပြီး၍ ဈေးသို့ ကျွန်မကိုယ်တိုင် သွားပို့ရန် ကျွန်မ ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်ပါသည်။ အဲဒီအချိန်တွင် အိမ်ရှေ့သို့ စစ်ဂျစ်ကားတစ်စီး ထိုးရပ်ပြီး ယူနီဖောင်းဝတ် ဗိုလ်တစ်ဦး ဆင်းလာပြီး မာလာသိန်းတို့အိမ်လားဟု မေးသံ အိမ်ထဲမှ ကြား၍ ကျွန်မ လုံချည်လဲရင်း နားစွင့်နေရာ တွေ့ချင်လို့ပါဟုပြော၍ သိန်းရှင်က ပြေးဝင်လာပြီး ပြောသဖြင့် ကျွန်မ ကြောက်ကြောက်နှင့် ထွက်ခဲ့သည်။ တွေ့ရသူမှာ ခပ်ငယ်ငယ်ပဲ ဖြစ်၏။ ကျွန်မထက် ငယ်မည် ထင်ပါသည်။

"ဩော်–မမသိန်းပါနော်"

ဟု သူက သိဖူးသလိုလို နှုတ်ဆက်သည်။ ဟုတ်ကဲ့ပါဟု ပြောတော့–

"ကျွန်တော် ဗိုလ်သန်းဦးပါ၊ ပေါင်းတည်ကို ဒီနေ့ ပြောင်းလာတဲ့ ဗိုလ်အောင်မြင်

တပ်ကပါ။ ဗိုလ်အောင်မြင်က ကျွန်တော့် အစ်ကိုပါ။ မမရေးတဲ့ စာတွေ ဖတ်ဖူးလို့ လာမိတ်ဖွဲ့တာပါ။ ကျွန်တော်လည်း စာဖတ် ဝါသနာ ပါပါတယ်။ ရေးတော့ မရေးတတ်ပါဘူး၊ ကျွန်တော်တို့ တပ်ရှိတုန်း မမသိန်း လိုတဲ့ အကူအညီ ပြောပါနော်။ အစ်မရင်း တစ်ယောက်လိုပဲ ခင်မင်ပါရစေ"

စကားပြောသွက်ပါသည်။ အသားညိုညို ကိုယ်ရည်စစ်စစ် ခပ်ကျစ်ကျစ်လျစ်လျစ်ကလေး ဖြစ်သည်။ ကျွန်မလည်း ဘာပြန်ပြောရမည် မသိ။ ထိုင်ပါတောင် မပြောမိ။

"မမသိန်း အပြင်သွားမလို့ ထင်ပါရဲ့။ ကျွန်တော့်မှာ ကားပါပါတယ်။ လိုက်ပို့ပါရစေ"

ကျွန်မ ငြင်းဆန်လိုက်ပါသည်။ သူတို့ကား မစီးဝံ့ပါ။ ရဲဘော်ဖြူ ဆိုတာလည်း ဘာမှန်းမသိ၍ ကြောက်သည်။ သူ နှုတ်ဆက်ပြီး ပြန်သွား၍ အတော်ကြာမှ ကျွန်မ ဈေးကို သွားရပါသည်။

"ဗိုလ်သန်းဦးတဲ့"

လာပြန်ပြီ တစ်ယောက်ဟု ကျွန်မ စိတ်ညစ်နေသည်။ ကျွန်မနှင့် သက်တူရွယ်တူမဟုတ်၍ တော်ပါသေး၊ စာသမား ဆိုတော့လည်း ခင်ရမှာပ။ ဘချောသားက တစ်နေ့တစ်ခေါက် ရောက်လာပါတော့တယ်။

ကျွန်မ ပုန်းနေရသည်။ သူကလည်း မတွေ့လို၍ ရှောင်နေမှန်း သိပုံရသည်။ နေ့တိုင်း မဟုတ်တော့ဘဲ ရက်ခြား အချိန်လွဲပြီးလာသည်။ ကျွန်မမှာ အိမ်ရှေ့တောင် မထွက်ဝံ့။ အိမ်ထဲမှာချည်းနေရတော့ ငြီးငွေ့သောင်းနေမိသည်။ ကျွန်မက အိမ်လည်း မလည်တတ်၍ အိမ်ထဲမှာ ပျင်းရိခြင်းနှင့် အချိန်တွေကုန်နေရ၏။ အဓိပ္ပာယ်မရှိသော ဘဝပါတကား။ ဂျပန်ကြောက်ရ၊ အင်္ဂလိပ်ကြောက်ရ၊ အခုရဲဘော်ဖြူ ကြောက်ရ၊ စိတ်ညစ်ပါဘိ။ ဗိုလ်သန်းဦး ကျွန်မကို လာမတွေ့တော့ပါ။ လက်လျှော့သွားပြီး နှစ်ပတ်လောက်ကြာတော့ ကျွန်မခြံထဲ ခဏဆင်းပြီး ဘုရားပန်းခူးနေစဉ် စစ်ကားကြီး တစ်စီး ရပ်လာသည်။ ကားပေါ်တွင် လက်နက်တွေနှင့် ရဲဘော်ဆယ်ယောက်လောက် တွေ့ရ၏။ ကားရှေ့ခန်းမှ ယူနီဖောင်းဝတ်စုံအပြည့်နှင့် လူတစ်ယောက် ဆင်းလာသည်။ ကျွန်မတို့ အရွယ်လောက် အသားဖြူဖြူ အရပ်အမောင်း သင့်တင့်နှင့် လူက......

"ကျွန်တော် ဗိုလ်ထွန်းလင်းပါ။ သုံးဆယ်တပ်ကပါ။ ဗိုလ်သန်းဦးက စာတစ်စောင် ပါးလိုက်လို့ ဝင်ပေးတာပါ"

သူ လှမ်းပေးသော စာအိတ်ပြာကလေးကို လှမ်းသာယူရပြီး ပါးစပ်မှ ဘာမှပြော မထွက်ခင်ပဲ–

"ကျွန်တော့်ကို ခွင့်ပြုပါ"

တိုတိုပဲပြောပြီး ပြန်လှည့်ထွက်သွားသည်။ သူတို့ကားကြီး ဝူးခနဲ ထွက်သွားသည် ထိ ကျွန်မ ကြောင်နေမိသည်။ ဩော်......ဗိုလ်သန်းဦး သုံးဆယ်ကို ရောက်သွားပြီကိုး။ ကျွန်မအိမ်ထဲရောက်တော့ ဘုရားပန်းတွေ သိန်းရှင်ကို ရေဆေးခိုင်းပြီး စာဖောက် ဖတ်လိုက်တော့–

**မမသိန်း ခင်ဗျား**

နှုတ်ဆက်ချိန်မရ၍ ပေါင်းတည်မှ ခွဲခွာခဲ့ရပါတယ်။ ချစ်စရာကောင်းသော မမသိန်းကို တစ်နေ့ ပြန်ဆုံတွေ့လိုပါတယ်။ အဲဒီနေ့ကျမှ ကျွန်တော့်ရင်ထဲ မှ စကားတစ်ခွန်းကို ပြောပါရစေ။ ကျွန်တော် မရှိသော်လည်း မမကို စောင့်ရှောက် ရန် ရဲဘော်တွေကို မှာခဲ့ပါတယ်။ တိုက်ပွဲအဆင့်ဆင့်ဆက်၍ တိုက်ရဦးမည်.....

**ဗိုလ်သန်းဦး**

မင်းကြီးတောင်စခန်း(ပြည်မြို့)

ရေးလိုက်သောစာမှာ အချိန်ယူရေးသောစာ မဟုတ်ပါ။ ကပျာကယာ ရေးလိုက် သော စာတိုလေးပါ။ ကျွန်မက သုံးဆယ်မှာ မှတ်တာ သူက ပြည်ရောက်နေသည်ကိုး။ အင်း၊ တပ်မတော်သား ရဲဘော်တို့၏ ဘဝကလည်း အထက်အမိန့်အတိုင်းပါကလား။ အလံနီ၊ ဖြူ ဝါတို့သည်လည်း သူတို့ ယုံကြည်ချက်နှင့် သူတို့ ပြင်းထန်လှပါတကား။ ဗိုလ်သန်းဦး အသက် ၁၇ နှစ်လောက်ပဲ ရှိပါသည်။ အလွန်ငယ်ရွယ် စိတ်ထက်ချိန် ပေါ့။ ကျွန်မအသက်လည်း စစ်ပြေးခေတ်၊ တော်လှန်ရေးခေတ်၊ လွတ်လပ်ရေးခေတ်၊ ရဲဘော်ဖြူခေတ်တွေကို ရှောင်ရင်းတိမ်းရင်း အသက် (၂၀)သို့ ဝင်ပါပြီ။ တပ်မတော် အစိုးရဌာနချုပ်က ရန်ကုန်မှာပဲရှိပြီး ကျွန်မတို့မြို့မှာ ရဲဘော်ဖြူလက်အောက် ရောက်နေ ပါပြီ။ ရန်ကုန်မှ ပြည်အထိ ရဲဘော်ဖြူက ခြေကုပ်ယူထားသည်။ မြို့တွင်းမှာလည်း သူက ဗိုလ်ထဖြစ် ငါက ဗိုလ်ထဖြစ်နှင့် ဗိုလ်သင်တန်းတက်စရာမလို၊ ညလည်း မအိပ်ဝံ့၊ သူပုန်ကိုပဲ သူပုန်က လာတိုက်ပြန်သည်။ ဆန်စက်၊ ဆန်ဂိုဒေါင်တွေ မီးရှို့ သည်။ မြို့တွင်းကိုလည်း စက်သေနတ်နှင့် ပစ်သည်။ ညများ ခွေးအူသံတွေပဲ နားထောင်နေရ၏။ ခွေးအူသံကြားလျှင် သူပုန်တွေ ဝင်လာပါပြီ။ ကရင်ကလည်း

လာတိုက်သည်။ ဘယ်သူနှင့် ဘယ်သူတိုက်နေကြမှန်းကို မသိတော့ပါ။ အလံဖြူ (ရဲဘော်ဖြူ) ကလည်း ဈေးကို မပိတ်ရဆို၍ ဒေါ်ဒေါ်လေးတို့ ဈေးသူဈေးသားတွေမှာ ကြောက်ကြောက်နှင့် ဈေးထွက်ကြရ၏။ ကျွန်မကတော့ မိုးလင်းတာနှင့် ဆွမ်းကပ်၊ ရေကပ်၊ ပန်းကပ်၊ ပုတီးစိပ်နှင့် ဘုရားပဲ အားကိုးနေရ၏။ စိတ်ထဲမှာ ယောကျ်ားဘဝပဲ လိုချင်နေ၏။ ကျွန်မသာ ယောကျ်ားဖြစ်လျှင် ခုချိန်ဆို စစ်ထဲဝင်ပြီးနေမှာ သေချာသည်။ မိန်းမဖြစ်ရတာ တိုင်းပြည်အတွက်လည်း ဘာမျှမလုပ်ရ၊ ကြောက်လိုက်ရ၊ ပုန်းလိုက်ရ နှင့်ပဲ အချိန်ကုန်နေ၏။ သွေးသောက်ကို စိတ်ဆိုးတာတွေလည်း မြို့ထဲ ရဲဘော်ဖြူတွေ ရောက်လာတာနှင့် ပျောက်သွားလေပြီ။ ကိုထွန်းလွင်၏ ကဗျာတစ်ပုဒ်ကို ကျွန်မ သတိရသည်။ သူ့ကဗျာအဓိပ္ပာယ်က စာပေသည် တိုင်းပြည်၏ မျက်လုံး၊ နား၊ လက်ရုံး နှင့် အင်အားအလင်းရောင်များ ဖြစ်၏။ စာပေသည် ခေတ်ကို ပြုပြင်ရာတွင် အကောင်း ဆုံးလက်နက် ဖြစ်သည်။ စာပေသည် မည်မျှခရီးရောက်သနည်း ပမာပြရလျှင် စာ တစ်လုံးသည် လက်ပစ်ဗုံးတစ်လုံးနှင့် ညီမျှပေသည်ဟု ဖတ်ဖူးသည်။

ဟုတ်ပါသည်။ ကျွန်မသည် မိန်းမဘဝကို အားမရ ဖြစ်နေစရာမလို။ နူးညံ့၍ ထက်မြက်သော စာပေဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုလျှင်လည်း မရဘူးလား။ ကျွန်မ စိတ်တွင် ဘာမျှမလုပ်ချင်၊ စာပဲ ရေးချင်နေသည်။ ပိုက်ဆံမရရ ရရ စာပဲ ရေးမည်။ ခံစားရချက်တွေကလည်း အသက်နှင့် မမျှတော့ပါ။ ရန်ကုန်နှင့်လည်း အဆက်အသွယ်တွေ ပြတ်ကုန်ပြန်ပါသည်။ ဆူဆူပူပူကြားမှာ ဒေါ်ဒေါ်လေးက ဈေးရောင်းကောင်းနေသည်။ ဒေါ်ဒေါ်လေးနှင့် သူ့သူငယ်ချင်း ဒေါ်ပုလေးတို့က ပိတ်ဖြူ အုပ် ကာကီအုပ်များကို စပ်တူရောင်းချိန် ဖြစ်၏။ အဲဒီပိတ်အုပ်တွေက ဘယ်က ဘယ်လိုထွက်လာတာတွေမှန်း မသိ။ ၁၀ ကိုက်ရှိသော ပိတ်ဖြူတစ်အုပ်မှ အရင်းငွေ ၁၈ ကျပ် ဖြစ်သည်။ တစ်အုပ် ၃၀ ကျပ်နှင့် ပြန်ရောင်းတော့ ၁၀ အုပ်ရောင်းရလျှင် တစ်နေ့ ၁၂၀ ကျပ် မြတ်ပါပြီ။ သည်တုန်းက မိသားစုငါးယောက် တစ်နေ့ ထမင်း ဟင်းကုန် ငွေမှာ တစ်ဆယ်တောင်မရှိ။ သည်တော့ ဒေါ်ဒေါ်လေး အမြတ်ကို ကြည့်ပါ တော့၊ ရွှေတစ်ကျပ်သားမှာ တစ်ရာ့ငါးဆယ် ဝယ်မည့်သူ မရှိ၊ ရွှေဝယ်ဝံ့ဖို့ နေနေ သာသာ သနပ်ခါးတောင် ထူထူမလူးဝံ့ပါ။ ဂျစ်ကားတဝီဝီသံကြားလျှင် ကြောက်နေ ရ၏။ တစ်နေ့တော့ ဒေါ်ဒေါ်လေးက မြို့လည်း နည်းနည်းအေးသွားပါပြီ။ ဈေးလည်း ခဏတစ်ဖြုတ် လိုက်ခဲ့ပါဦး။ သူများတွေလည်း သွားလာနေကြပါပြီ။ မြင့်တောင် အလုကုန်ဆိုင်ထွက်နေသည်ဟု ပြောသည်။ မြင့်မှာ ပြည်မှ စစ်ပြေး၊ ခင်အေးမြင့်

ဖြစ်သည်။ ကျွန်မနှင့် သိပါသည်။ နောင်တွင် (ဒေါ်ခင်အေးမြင့် ဘီအေဘီအီးဒီ– အထက ၃ တာမွေ ကျောင်းအုပ်ဆရာမကြီးပေါ့) ဒေါ်ဒေါ်လေးက သူခေတ်နှင့်သူ အရောင်းအဝယ်ကလေး လုပ်တတ်အောင် သင်ပေးချင်သည်။ ကျွန်မကလည်း ဆိုင် မထွက်ချင်ပါ။ ဒါပေမဲ့ အိမ်ထဲမှာ နေရတာလည်း အဓိပ္ပာယ်မရှိ သေရပါတော့မည်။ မြင့်နှင့်လည်း တွေ့လို၍ ကျွန်မ နံနက်စာ ထမင်းစားပြီး ဒေါ်ဒေါ်လေးဆိုင်ကို သိန်းရှင် နှင့် လာခဲ့သည်။ ကျွန်မနေသော မြောက်ပိုင်းအိမ်မှနေ၍ လျှောက်လာပြီးလျှင် ရန်ကုန်– ပြည်သွား ကားလမ်းမကြီးက မြို့လယ်ကောင်မှာ ရှိပါ၏။ အဲဒီလမ်းမကြီးကို ကျော်ဖြတ်မှ ဈေးကြီးကို ရောက်သည်။ လမ်းမကြီးနံဘေးတွင် လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်များနှင့် ခေတ္တရပ်နားထားသော ခရီးသွားကားများ၊ မြင်းလှည်းများ၊ ဆိုင်ကယ် များ၊ ပြည်သူများ၊ ရဲဘော်များနှင့် အလွန်စည်သောနေရာ ဖြစ်သည်။ အဲဒီနေရာကို မဖြတ်လျှင် ဈေးကို မရောက်ပါ။ လက်ဖက်ရည်ဆိုင်ဘေးကို ဖြတ်ရလျှင် ကျွန်မ စိတ်ညစ်သည်။ လက်ဖက်ရည်သောက်သူက တစ်မျိုး၊ မျက်စိစားပွဲထိုင်သူ တစ်မျိုး၊ အဲဒီလူနှစ်မျိုးကို မိန်းမပျိုလေးတိုင်း ကြောက်ပါသည်။ အခုခေတ်လို လက်ဖက်ရည် ဆိုင် ဝင်ထိုင်ဖို့ဝေးပ။ လက်ဖက်ရည်ဆိုင်ရှေ့တောင် မဖြတ်ရဲ။ အဲဒီနေ့ကစပြီး မြင့်နှင့် လည်း အဖော်ရ၍ ကျွန်မ နေ့လယ်ပိုင်းမှ ညနေဈေးပိတ်ချိန်အထိ ဆိုင်လိုက်ထိုင်သည်။ ဈေးသူ ဈေးသားတွေ ဘဝကား သေလည်းပျော်ပျော်၊ နေလည်း ပျော်ပျော်ပဲ ဖြစ်သည်။ ဂျပန်ခေတ်ကလည်း စက်သေနတ်တွေ ပစ်နေသည့်ကြားက ဈေးထွက်ကြ၏။ ကျွန်မ ဈေးသို့လိုက်၍ ဆိုင်နီးနားချင်းတွေက လက်ဖက်တွေသုပ်ကျွေး၊ မုန့်ဟင်းခါးတွေ ဝယ်ကျွေးနှင့် ဈေးပျော်အောင် လုပ်ကြ၏။ ပျော်တော့မပျော်ပါ။ အိမ်ထဲမှာ စကားပြော မည့်သူမရှိ ပျင်းရိနေတာထက်တော့ အချိန်တွေဟာ ကုန်လွယ်တာပေါ့။ အပျိုကြီး တွေက ရယ်စရာတွေပြောလျှင် ကျွန်မနှင့် မြင့်သည် အူတက်အောင် ရယ်ကြသည်။

သုံးရက်လည်းမြောက်ရော ညနေဈေးပြန်လျှင် လက်ဖက်ရည်ဆိုင် လမ်းထောင့်၌ ဂျစ်ကားတစ်စီး။ ကားပေါ်တွင် မောင်းသူက တစ်ယောက် ဘေးမှ ထိုင်သူက တစ် ယောက်၊ ဘေးမှ ပုဂ္ဂိုလ်က ဆံပင်ရှည်ရှည်၊ မျက်မှန်အနက်နှင့် နှုတ်ခမ်းမွေးနှင့် ယူနီဖောင်းကလည်း သပ်ရပ်ပြောင်လက်လို့ ရွှေဆွဲကြိုးကြီးလည်း ဆွဲထားပြီး ရွှေလက် ပတ်နာရီ၊ ရွှေလက်စွပ်တွေက နေရောင်တွင် တဝင်းဝင်း တလက်လက် တွေ့ရသည်။ သူက ကားပေါ်၌ စတိုင်အပြည့်နှင့် လက်ကိုပိုက်ပြီး ကျွန်မတို့ တူအရီး နှစ်ယောက်ကို စူးစူးစိုက်စိုက်ကြီး ကြည့်နေခြင်းပါ။ ကျွန်မလည်း ဘယ်လိုပုံကြီးပါလိမ့်။ ကြောက်

စရာကောင်းလိုက်တာ။ တစ်ခါမှသည်လို ဂိုက်ကြီးမျိုး သည်လို ရွှေတွေတဝင်းဝင်းနှင့် ဗိုလ်မမြင်ဘူးပါ။ သူက ကျွန်မတို့ သူ့ကားဘေးမှ ဖြတ်တော့–စီးကရက်ဘူးထဲမှ စီးကရက်ကို ဓာတ်မီးခြစ်နှင့် မီးညှိသောက်သည်။

ကျွန်မတို့ တူအရီး နှစ်ယောက်သား ထူးဆန်းသော လူသားတစ်ယောက်အနေနှင့်လောက်ပဲ ကြောက်ကြောက်နှင့် ကြည့်ခဲ့ပြီး အိမ်သို့ မြန်မြန် ပြန်ခဲ့ကြ၏။

ဒေါ်ဒေါ်လေးက ဘယ်လိုဗိုလ်ပါလိမ့်ဟု ပြောပြီး ဂျစ်ကားနှင့် နောက်မှလိုက်လာသလားဟု လှည့်ကြည့်တော့ လိုက်မလာပါ။ မနက်ဖြန်ကျ ကျွန်မ ဈေးမလိုက်တော့ပါ။ နေ့လယ်ပိုင်း အိမ်ရှေ့မှ ဂျစ်ကား ဖြတ်မောင်းသွားသည်ဟု သိန်းရှင်က လာပြော၏။ ထိုနေ့ညတွင်ပဲ ဒေါ်ဒေါ်လေးက အိမ်ထောင်ပြုဖို့ ပြောပြန်သည်။ စိတ်ညစ်စရာပဲ၊ ဒေါ်ဒေါ်လေးက ကိုထွန်းလွင်နှင့် ကြိုက်နေပလားဟု မေးသည်။ ကျွန်မက ကိစ္စအေးအောင် ဟုတ်ကဲ့ဟု ဖြေလိုက်မိ၏။ သူ ပေးစားမည့်သူတွေကို မယူနိုင်ပါ။ အစကတော့ စစ်ဗိုလ်မှ ယူမယ် ဆိုပြီး အခုဘာဖြစ်ပြန်တာလဲဟု မေးတော့၏။ ကျွန်မဘာမှ ပြန်မဖြေ။ ငြိမ်နေလိုက်၏။ ကိုထွန်းလွင်နှင့် ဘယ်လိုလုပ်ယူကြမှာလဲ။ မယ်တစ်ရွာမောင်တစ်မြို့ အကြာကြီးကြိုက်နေလို့ မဖြစ်ဘူး။ အပျိုတစ်ယောက်ကို ထိန်းရတာခေါင်းကိုက်လှပြီဟု ပြော၏။ ရီနှင့် ကိုမြင့်၊ ကိုကိုဦးနှင့် မမကြည်တို့လည်း လက်ထပ်ပြီးကြပြီ။ ကျွန်မပဲ ကျန်ပါ၏။ တစ်နေ့နေ့ ဒုက္ခတွေ့မှာဟု ဒေါ်ဒေါ်လေးက ညည်းညူနေသည်။ တိုင်းပြည်မအေးချမ်း၍ သမီးပျိုတွေကို ယောကျ်ားမြန်မြန် ပေးစားပစ်နေရသည့်ခေတ်ဖြစ်၍ မြို့မှာလည်း အပျိုတောင် တော်တော်ရှားနေပါပြီ။ အဲဒီရှားပါးပစ္စည်းတွင် ကံဆိုးသူက ကျွန်မ။ ထိပ်ဆုံးကို ရောက်နေပြီ။

တစ်နေ့ မမကြည်ရောက်လာပြီး ဒေါ်ဒေါ်လေးနှင့် ဘာတွေပြောနေမှန်းမသိ။ ဒေါ်ဒေါ်လေးက မှိုရသည့် မျက်နှာလို ကြည်လင်ပြီး ခေါင်းတညိတ်ညိတ် နားထောင်နေသည်။ မမကြည် ပြန်သွားသည်။

"ကြည်ကြည်တို့အိမ်မှာ အတော့် သူငယ်ချင်း စစ်ဗိုလ်လေး တစ်ယောက် ရောက်နေသတဲ့၊ မိတ္ထီလာက ဗိုလ်ထွန်းမောင်တဲ့ သမီးကို မြင်ပြီး သဘောကျလို့တဲ့။ ကြည်ကြည်နဲ့ အခုလာလိမ့်မယ်"ဟု ပြောသည်။

"ဟာ......ဒေါ်ဒေါ်လေးကလည်း ဒါပဲ လုပ်နေတာပဲ"

"နို့–ညည်းပဲ စစ်ဗိုလ်မှ ယူမယ်ဆို–အခု အတော့် သူငယ်ချင်းဆိုတော့ စိတ်ချရတာပေါ့၊ ဒေါ်ဒေါ်လေးတော့ ပေးစားချင်တယ်"

ဟု လူမှ မမြင်ဘူးသေး၊ ဒေါ်ဒေါ်လေးက သဘောတူနေပြန်ပြီ။ ကျွန်မ စိတ်ညစ်၍ တစ်နေ့ကို ဘုရားလေးငါးကြိမ် ရှိခိုးပါ၏။ "အတာ"ဆိုသူမှာ ကိုကိုဦး၏ အိမ်နာမည်ပါ။ ကျွန်မနှင့် ဒေါ်ဒေါ်လေး စကားမဆုံးသေး မမကြည်နှင့်အတူ ဧည့်သည်တစ်ယောက် ပါလာသည်။ အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ အရပ်သင့်သင့် ရွှေမျက်မှန်နှင့် ဖြစ်၍ အရပ်ဝတ်အရပ်စားနှင့် ဖြစ်သည်။ ကျွန်မ ထသွား၍ မရတော့သဖြင့် ထိုင်နေရ၏။ မမကြည် ဒေါ်ဒေါ်လေးကို ပြောနေသော စကားတို့မှာ ကိုကိုဦး၏ သူငယ်ချင်း။ ကောလိပ်မှာလည်းအတူတူ၊ မင်္ဂလာဒုံ စစ်သင်တန်းမှာလည်းအတူတူ၊ တော်လှန်ရေးတွင်လည်း အတူတူတိုက်ခဲ့သည့် ဗိုလ်ထွန်းမောင် ဖြစ်ကြောင်း၊ မိတ္ထီလာက ဖြစ်ကြောင်း ကျွန်မပါ ကြားအောင် ပြောနေ၏။ ကျွန်မ ခေါင်းငုံ့နေရာမှ မော့လိုက်တော့ သူနှင့် မျက်လုံးချင်း ဆုံပါသည်။ သူ ပြုံးပြသော်လည်း ကျွန်မ မပြုံးရဲပါ။ ခေါင်းပြန် ငုံ့ထားလိုက်သည်။ လျှပ်တစ်ပြက် မြင်လိုက်ရသောသူ မျက်လုံးလက်လက်တွင် ချစ်ရိပ်ယောင်များကို တွေ့ရသည်။ ရင်းရင်းနှီးနှီး မရှိသေး၍ စကားတစ်လုံးမျှ ဝင်မပြောပါ။ ဒါကြောင့် သူ့အသံတောင် မကြားဘူးလိုက်ပါ။ မမကြည်က သူ နက်ဖြန် ပြန်ရတော့မည်ဖြစ်ကြောင်း သိရ၏။ တော်လှန်ရေးပြီးစတွင် တွေ့ရခြင်း ဖြစ်သည်။ လွတ်လပ်ရေးကလည်း လက်တစ်ကမ်းတွင် ရောက်ရှိနေပါပြီ။ ကျွန်မ သူ့ကို မျိုးချစ်တပ်မတော်သားတစ်ယောက်အနေဖြင့် လေးစားပါသည်။ ကျွန်မသာမက ပြည်သူအားလုံးကလည်း တပ်မတော်သားတွေကို အလွန်အားကိုးချစ်ခင်နေကြချိန်ပါ။ သည့်နေ့မြင် နက်ဖြန်ပြန်သွားခြင်း ဖြစ်၏။ တိုင်းရေးပြည်ရေး အလွန်ရှုပ်ထွေးနေပါသည်။ ကိုကိုဦးတို့လည်း ရန်ကုန်ကို ပြောင်းမည်။ ကျွန်မတို့ပဲ ကျန်ခဲ့ပါတော့မည်။ ရဲဘော်ဖြူ လက်အောက်တွင် ကျရောက်နေသော ကျွန်မကို စိတ်မချစွာနှင့် ထားခဲ့ရသည်ကိုတော့ ဗိုလ်ထွန်းမောင် မျက်နှာမှာ ပေါ်လွင်နေသည်။ စကားသိပ်မပြောဘဲ မျှိုသိပ်သွားပါသည်။ ဒေါ်ဒေါ်လေးက ဗိုလ်ထွန်းမောင် ပြန်သွားတော့ ကျွန်မကို ရင်းရင်းနှီးနှီး မဆက်ဆံ၊ စကားမပြန်လိုက်ကောင်းလားဟု ဆူခံရသည်။ ကျွန်မလည်း စဉ်းစားသည်။ အကယ်၍ ကိုထွန်းလွင်သာ သူ့ရှေ့မှာ မရှိခဲ့လျှင် သူ့ကို ကျွန်မချစ်သူအဖြစ် ရွေးသင့်သူပါ။ ဒါပေတဲ့ ဒါပေတဲ့ ချစ်စကားလှလှကလေးကိုတောင် သူ့မှာ ပြောချိန်မရ။ အမိတိုင်းပြည်၏ ရဲရင့်တက်ကြွ သားလှသူရဲကောင်းတို့၏ နှလုံးသည်းပွတ်တွင် စစ်သွေးများ ပွက်ပွက်ဆူနေချိန် ဖြစ်သည်။ အသက်နှင့် ခန္ဓာကိုယ်ကိုလည်း တိုင်းပြည် လွတ်လပ်ရေးအတွက် စတေးရန် အဆင်သင့် ရှိနေကြပါပြီ။ ဗိုလ်ထွန်းမောင်၊ ဗိုလ်သန်းဦးတို့၏ အသက်

အရွယ်တွေမှာ နှစ်ဆယ်ဝန်းကျင်မှာပင် ရှိကြ၏။

ဤအရွယ်သည် ချစ်သွေးတက်ကြွချိန် ဖြစ်သည်။

စစ်သွေးက တဝေဝေ၊ ချစ်သွေးက တဝေဝေနှင့် သူတို့၏ လူပျိုဘဝမှာ ဝေးပြီးရင်းဝေးနေပါသည်။ သူတို့ဟာသူတို့ ဝေးဝေးမှာနေကြလျှင် အကောင်းသား၊ ကျွန်မတို့အနားရောက်လာကြလျှင် ကြာညှတ်ဖယောင်း နေရှိန်ပြောင်းကုန်ကြရာသည်။ တပ်မတော်၏ သားလှများမို့ ကျွန်မ မထီမဲ့မြင် မပြုပါ။ သူတို့ ကျွန်မကို ယဉ်ယဉ်ကျေးကျေး ချစ်သလို ကျွန်မကလည်း နူးနူးညွှတ်ညွှတ်ပဲ ဆက်ဆံပါသည်။ ဗိုလ်ထွန်းမောင် ကျွန်မကို သူ့ရင်တွင်းမှာ ဖြစ်တည်နေသော စကားစုကို ပြောသွားချိန်မရ၍ မပြောခဲ့သော်လည်း ကျွန်မ သူ့ရင်မှ ခံစားမှုကို သိပါသည်။ ရဲဘော်ဖြူ လက်အောက်တွင် ကျရောက်နေသော ကျွန်မကို စိတ်မချသည့် မျက်နှာနှင့် ပြန်သွားခြင်းကို ကျွန်မ သိပါသည်။ ကျွန်မလည်း ရင်တထိတ်ထိတ်နှင့်ပဲ ကျန်ရစ်ခဲ့ရာ ဒေါ်ဒေါ်လေးက–

"တော်ကြာ စစ်ဗိုလ်–တော်ကြာ စာရေးဆရာနဲ့ ခေတ်က ကောင်းတာလည်း မဟုတ်၊ ကြေးကို များတယ်။ ဘာနဲ့ ညားမယ်တော့ မသိဘူး"ဟု ဗိုလ်ထွန်းမောင် ပြန်သွားတာနှင့် ဆူပါတော့သည်။ ဗိုလ်ထွန်းမောင်ကို ရင်းရင်းနှီးနှီး စကားဖြည့်မခံ၊ စကားမပြန်လိုက်ရကောင်းလားဟု မကျေမနပ် ဖြစ်နေ၏။ ကျွန်မလည်း ပေါင်းတည်မှာ နေကို မနေချင်တော့ပါ။ သူပုန်က မီးလာရှို့၍ ညလည်း အကောင်းမအိပ်ရ၊ အထုပ်ဘေးမှာထားပြီး အိပ်ရသည်။ ဒေါ်ဒေါ်လေးက ဈေးလည်း မထွက်၍မရ၊ ထွက်ရသည်။ ဒေါ်ဒေါ်လေးကို စိတ်မချ၍ ကျွန်မမှာ ရက်ခြားလိုက်ရသည်။ တစ်နေ့ ရဲဘော်ဖြူ တစ်ယောက် ဆိုင်သို့လာပြီး ပိတ်ဖြူအုပ်ကို မေး၏။ ဒေါ်ဒေါ်လေးက သူနှင့် ဈေးပြောသည်။ အဲဒီရဲဘော်က ခဏဆိုပြီး လမ်းပေါ်ဘက် ပြန်ထွက်သွားသည်။ လှမ်းကြည့်လိုက်တော့ ဟိုတစ်ခါ တွေ့ဖူးသည့် ရွှေဆွဲကြိုးနှင့် မျက်မှန်နှင့် ဆံပင်ရှည်ရှည်ဗိုလ်က ကျွန်မတို့ဆိုင်ကို အဝေးမှ ကြည့်နေသည်။ နေရောင်နှင့် သူ့တစ်ကိုယ်လုံးမှ ရွှေရောင်တွေလက်နေ၏။ ခဏကြာတော့ ရဲဘော်လေး ပိုက်ဆံတွေ ကိုင်လာပြီး ပိတ်အုပ်ဘယ်နှအုပ်ရှိသလဲ မေး၏။ နှစ်အုပ်ပဲရှိပါသည်ဟု ဒေါ်ဒေါ်လေးက ဖြေရာ နှစ်အုပ်စလုံးယူမည်ဆိုပြီး ပိတ်အုပ်ဖိုးငွေကို ပေးသည်။ ပိတ်အုပ်တွေမပြီး ဟိုဗိုလ်ကို ဘာတွေပြောနေမှန်းတော့မသိ။ ပြန်ထွက်သွားကြတော့သည်။ သည်အခြင်းအရာတွေကို မြင်လိုက်ကြသည့် ဆိုင်နီးချင်းတွေက–

"အဲဒါ အခုနောက် ရောက်လာတဲ့ ဗိုလ်မျိုးမြင့်ဆိုတာပဲ"

ဟု ပြောသံကြားရသည်။ ထောင်ထောင်မောင်းမောင်း သူရဲကောင်းတို့ လက္ခဏာနှင့်မတူဘဲ ကြမ်းကြမ်းရမ်းရမ်း ကြောက်စရာကြီး ဖြစ်ပါသည်။ စကားတစ်ခွန်းမျှ မပြောဘဲနှင့် သူ့ဂိုက်သူ့ရှိုးကိုက တင်းမာလွန်းလှသည်။ ဒေါ်ဒေါ်လေးကိုလည်း အဲဒီ ပိတ်အုပ်တွေ မရောင်းပါနှင့်တော့။ လာဝယ်ဦးမှာကြောက်၍ ဖြစ်သည်။ နံနက်ခင်း ဈေးထဲလူစည်ချိန်ဆိုလျှင် လာသည်ဟု သိရ၏။ ဒါပေမဲ့ ကျွန်မက နေ့စဉ် မလိုက်သဖြင့် သူနှင့်မတွေ့။ ကြောက်စရာကောင်းသော သူ့ပုံသဏ္ဍာန်ကို ကျွန်မ မျက်လုံးတွင် ဖျောက်၍မရပါ။ ချစ်၍ရူးသောမိုး မဟုတ်။ ကြောက်၍ရူးသောမိုး ဖြစ်သည်။ တစ်နေ့ ညနေ ခြောက်နာရီလောက် ဒေါ်ဒေါ်လေးထံ ကိုထွန်းလွင်၏ အစ်မကြီး ဒေါ်မြရှင် မျက်စိ မျက်နှာမကောင်းစွာ ရောက်လာပြီး ဗိုလ်မျိုးမြင့် အိမ်ကိုလာပြီး ခင်ဗျားမောင်နှင့် မာလာ သိန်းနှင့် ကြိုက်နေတယ်ဆိုတာ ဟုတ်သလားဟု မေးကြောင်း (ဘုရားစူးပါစေ၊ ကျွန်မ ကိုထွန်းလွင်နှင့် မကြိုက်သေး) ခင်ဗျားမောင်ကို လာခဲ့ပါလို့ ခေါ်လိုက်ဗျာ၊ ကျွန်တော်က တော့ ကျွန်တော်မေတ္တာရှိတဲ့ မိန်းမကို ရအောင် ယူမှာပဲ။ ကျွန်တော် ခုယူချင် ခုရ ကြောင်း၊ ဒါပေမဲ့ ခင်ဗျားမောင်နဲ့ တွေ့ပြီးမှ ဒီပွဲဟာပြီးမှာ ဖြစ်ကြောင်း လာကြိမ်းမောင်း သွားကြောင်းပြောရာ ဒေါ်ဒေါ်လေးက ကျွန်မကို လှည့်ကြည့်၏။ ကျွန်မလည်း အဲဒီ ဗိုလ်ကို ကြောက်သည်။

အခုလို ကြားရပြန်တော့ ဒူးတွေ တုန်ချင်လာသည်။ ချက်ချင်း တွေးမိတာကတော့ ကိုထွန်းလွင် ကျွန်မ ကြိုက်မှ ဖြစ်ပါတော့မည်။ ကဗျာကိစ္စနှင့် စိတ်တွေဆိုးပြီး တရားစွဲမည်တောင် ပြောထားသော ကျွန်မ သူ့ကို ဘယ်လိုလုပ်ပြီး ဆက်သွယ်ပြောရပါ့။ ဒေါ်မြရှင်က ထပ်ပြောသည်မှာ အခု ကိုထွန်းလွင် သွေးသောက်ကထွက်ပြီး စစ်ရုံးမှာ အလုပ်ဝင်နေပြီဖြစ်ကြောင်း၊ သူပြန်လာ၍တော့မဖြစ်၊ သူက အစိုးရဘက်ကမို့ အန္တရာယ်ရှိကြောင်း။ ကျွန်မ ပေါင်းတည်မှာ နေရန် မသင့်တော့ကြောင်း။ နက်ဖြန် ရန်ကုန်ကို သွားမည့် ကုန်ကား ရှိသည်။ ရန်ကုန်ကိုသွားလျှင် ကောင်းမည်ဟု ပြော၏။ ရန်ကုန်မှာမှ နေစရာအိမ်မရှိကြောင်း ပြောတော့ မရီတို့၊ မအုန်းတို့အိမ်မှာ ခဏရှောင်နေပေါ့ဟု ပြော၏။ မရီ၊ မအုန်းဆိုသည်မှာ ကိုသန်းဦး၏ အစ်မရင်းများ၊ ကျွန်မနှင့်လည်း ခင်မင်ရင်းနှီးသူများ ဖြစ်သော်လည်း ကိုသန်းဦး အိမ်ကိုမသွားချင်၊ သူစိမ်းသလို ကျွန်မလည်း စိမ်းချင်သည်။ နောက်ပြီး မမရီတို့ကို ကိုယ့်ကိစ္စ ဖွင့်ပြော၍လည်း မသင့်။ ဒါပေမဲ့ သွားစရာအိမ်က အဲဒီတစ်အိမ်ပဲ ရှိ၏။

ညတွင်းချင်း ဒေါ်မြရှင်က ကားကိစ္စ သွားစီစဉ်၏။ သူ ပြန်လာတော့ ည ကိုးနာရီ

ခွဲပြီး ကုန်ကား နံနက် ခြောက်နာရီတိတိ ထွက်မည်။ ကိုအောင်ဆိုင် သူ တာဝန်ယူခေါ်သွားမည်။ အဝတ်သေတ္တာနဲ့ မယူနဲ့။ လွယ်အိတ်တစ်လုံးပဲ ယူခဲ့။ ရုံးရှေ့မှာ ကားရပ်ထားမည် ဖြစ်ကြောင်း ပြော၏။ ကိုအောင်ဆိုင်သည် အလွန်သဘောကောင်း ရိုးသားသော တရုတ်ကပြား လူငယ်တစ်ဦး၊ ကျွန်မတို့ ဆိုင်နှင့် ယှဉ်လျက်ဆိုင်မှ ဖြစ်၏။ သူက အိမ်ထောင်သည်ပါ။ ရန်ကုန်နှင့် ပေါင်းတည်ကုန်ကူးသူ စီးပွားရေးသမားပါ။ ညတွင်းချင်း ကျွန်မ အကျီလုံချည်အိတ်နှင့်ထည့်။ ကျွန်မဝတ်နေကျ လက်ဝတ်လက်စားတွေလည်း ကြာလှပါပြီ မဝတ်တာ။ နားကပ်နှင့် လက်စွပ်ပဲ ဝတ်သွားမည်။ ငွေကတော့ ဒေါ်ဒေါ်လေးက နှစ်ရာပေးလိုက်သည်။ ကျွန်မ စုထားတာ ငွေငါးရာ ရှိပါ၏။

အဲဒီတုန်းက ငွေက တန်ဖိုးရှိသည်။ ကိုအောင်ဆိုင်ကလည်း ငွေလည်းများများ မယူခဲ့နဲ့။ လိုလျှင် ရဲရဲတောက်ပွဲရုံမှာ ယူသုံး။ သူ ငွေထားခဲ့မည်ပြောထားသည်။ အဲဒီတုန်းက မိန်းမတွေ ခရီးမသွားဝံ့ကြသေး။ ယောကျ်ားတွေပဲ သွားကြသည်။ တံတားတွေက မပြင်ရသေး။ အချို့ ချောင်းကို ဖောင်နှင့် ကူးရ၏။ ဂိတ်တွေကလည်း အစစ်အဆေး ရှိ၏။ ကုန်ကားများမှာ ဂိတ်ကြေးနှင့်ပဲ အမြတ်ထဲက တစ်ဝက်ချောသည်တဲ့။ ရဲဘော်တို့ တိုင်းပြည်အတွက် အသက်စွန့်သကဲ့သို့ပင် ကုန်သည်တို့မှာလည်း လမ်းပန်းအခဲအခက်တွေ ကျော်ဖြတ်၍ ပြည်သူများ စားသုံးရန် ရိက္ခာတွေအတွက် အသက်စွန့်ရှာဖွေလုပ်ကိုင်ကြရရှာသည်။

ကျွန်မ နံနက် ငါးနာရီ အိမ်မှ ဆိုက်ကားနှင့် သိန်းရှင်က လိုက်ပို့သည်။ ဒေါ်ဒေါ်လေး မျက်နှာမပြဝံ့။ ကျွန်မလည်း မိုးက မလင်းတလင်း၊ သိန်းရှင်ကိုတောင် လမ်းမှာ ရပ်စကားမပြောနိုင်၊ ကားကြီး အမြင့်ကြီးပေါ် မရောက်ရောက်အောင် မှီဆွဲတက်ရသည်။ ကိုအောင်ဆိုင် စီစဉ်ထားသည့် ကားဦးပိုင်း အမိုးတွင်ရှိ ဆန်အိတ်နှစ်အိတ် ကြားမှာ လူတစ်ကိုယ်ဝင်စာ ရှိသည်။ အဲဒီမှာ ကျွန်မ ထိုင်ရသည်။ ကားတစ်ကားလုံး ကုန်တွေအပြည့်။ နံလိုက် မွှန်လိုက်ပါဘိ။ တစ်သက် ဒီတစ်ခါပဲ စီးဖူးသောကား။ ဒေါ်ဒေါ်လေး မျက်ရည်တွေနှင့် ကျန်ခဲ့သည်ကို စိတ်မကောင်းဖြစ်နေသည်။ လက်ကလည်း ပုတီးကို စိပ်နေရလေသည်။ ကိုကိုဦးတို့ ရန်ကုန်ပြောင်းသွားတာ သုံးရက်တောင် မကြာသေး။ လိပ်စာတောင် မသိရသေး။ ကိုကိုဦးတို့ ဆီသွား၍မဖြစ်။ ဗိုလ်ထွန်းမောင်နှင့် တွေ့နေလျှင် ဒုက္ခ။ ဗိုလ်ထွန်းမောင်အတွက် ကျွန်မ စိတ်မကောင်းပါ။ နောက်ဆုံးမှ တွေ့ရသူဖြစ်ပြီး သူစိတ်သဘောကိုလည်း

ပြည့်ပြည့်စုံစုံ မလေ့လာနိုင်တော့သဖြင့် သူ့အတွက် ဝမ်းနည်းအားနာပါသည်။ ကျွန်မ ဆုံးဖြတ်ပြီးမှ ရန်ကုန်ကို ထွက်လာခြင်းပါ။ ကျွန်မ ဆုံးဖြတ်ချက်မှာ ကိုထွန်းလွင်ကို အဖြစ်မှန်ပြောပြပြီး ကျွန်မကို အကာအကွယ်ပေးရန် အကူအညီ တောင်းရပါတော့မည်။ ကျွန်မကို သူ တွေ့လျှင် တရားစွဲဖို့လိုက်လာပြီဟု ထင်မှာအမှန်။ ဒါပေမဲ့ ကျွန်မအဖြစ်က ပြောင်းပြန် သူ့ကို အကူအညီတောင်းရန်ပါ။ ကံကြမ္မာ၊ ဗေဒင်သာ သွားမေးလျှင် လုံ့ဖျားပုစဉ်း နားနေသောအချိန်လို့ ဟောမှာ အမှန်။ ပေါင်းတည်မှ နံနက် ခြောက်နာရီ ထွက်ခဲ့တာ တစ်လမ်းလုံး မွန်းကျပ်ပင်ပန်းလိုက်တာ။ ရန်ကုန်ကို ည ခြောက်နာရီ မိုးကြီးချုပ်မှ ရောက်၏။ ကိုအောင် ဆိုင်က လွတ်ပြီကျွတ်ပြီဟု သက်ပြင်းချ၊ ချွေးသုတ်ရင်း ပြောသည်။ ပေါင်းတည်မှာ ကျန်ခဲ့သူတွေ ဘာတွေဖြစ်ကုန်ပြီတော့ မသိပါ။ ရန်ကုန်ရောက်သည့်ညပဲ ရဲရဲတောက် ပွဲရုံက မမရီ၊ မမအုန်းတို့ အိမ်ကို လိုက်ပို့သည်။ ကိုသန်းဦး မရှိ။ စနေ၊ တနင်္ဂနွေမို့ ကုက္ကိုင်းက မမသီတို့ အိမ်မှာ သွားနေကြောင်း၊ မနက်ကျ ပြန်လာမည်ဖြစ်ကြောင်း ပြောကြသည်။ နောက်တစ်နေ့နံနက်မှပဲ ကိုသန်းဦး ဗမာ့ခေတ်သတင်းစာကို ကိုင်ပြီး ရောက်လာသည်။ ကျွန်မကို မမရီက ပုန်းနေခိုင်းပါသည်။ သတင်းစာတွင် ကျွန်မ သတင်းပါလာကြောင်း သူက အစ်မတွေကို ဖတ်ပြနေ၏။

"သူပုန်ဗိုလ်ကို မေတ္တာမမျှနိုင်၍ တောခိုရသည့် ယုဝတီကလောင်ရှင်–မာလာ သိန်း"

ဟူ၍ဖြစ်ကြောင်း၊ ပေါင်းတည်မြို့တွင် ရဲဘော်ဖြူအချို့ အာဏာပြနေကြကြောင်း၊ မြို့မှ သမီးပျိုကလေးတွေကိုလည်း ရွေနှင့်ဆက်၍ လက်ထပ်ယူနေကြောင်း၊ ကျွန်မကိုလည်း ဗိုလ်မျိုးမြင့်ဆိုသူက သဘောတော်ကျ၍ ရွှေနှင့်ဆက်ပြီး တောင်းရမ်းမည်။ မရက ရသည့်နည်းနှင့်ယူမည်ဟု ကြိမ်း၍ မာလာသိန်းမှာ ပေါင်းတည်တွင် မနေဝံ့တော့ဘဲ သူ့စက်ကွင်းမှ လွတ်အောင် ထွက်ပြေးရကြောင်း။ သိတော်မူကြသည့်အတိုင်း ဒီလို သတင်းထူး သတင်းဆန်းများဆို လက်သံက ပြောင်ပါဘိ။ ဗမာ့ခေတ် သတင်းစာ နာမည်ကြီးခဲ့သည်မှာ တိုင်းရေးပြည်ရေးကြားမှ သည်လိုအချစ်ရေးများကိုလည်း ဖော်ပြတတ်သည်။ ဗမာ့ခေတ် အုန်းမြင့် (နောင်တွင် အထောက်တော် ဦးအုန်းမြင့်) အောင်ဗလ၊ သတင်းထောက် မြသွင်တို့၏လက်တွင်း၊ သည်သတင်းမျိုး ရောက်သွားလျှင် ခြောက်လိုင်း စာလုံးမည်းကြီးနှင့် ဖတ်ကြရပါမည်။ အခုလည်း ကျွန်မ သတင်းကို ဘယ်သူက ပို့သည်မသိ။ ဦးလေး ဦးအုန်းခင် (မိုးကြိုး) နှင့် ဦးအုန်းမြင့်တို့က ယုဝတီမှာ

ပို့ထားသည့် ခါတ်ပုံနှင့် စက်ရပ် နောက်ဆုံး သတင်းထူးအဖြစ် ဖော်ပြလိုက်တော့သည်။ ရဲဘော်ဖြူတို့၏ လုပ်ရပ်များကို အပုပ်ချရန် သတင်းတစ်ပုဒ်လည်း ဖြစ်သွားသည်။ ကိုသန်းဦး လက်မှာ အဲဒီသတင်းစာကြီး ပါလာခြင်း ဖြစ်သည်။ ပုန်းနေသော ကျွန်မကို မမရီက ခေါ်လိုက်မှ ကိုသန်းဦးနှင့် တွေ့ရသည်။ သူ သတင်းစာဖတ်လျက်မှ တအံ့တသြကြီး ငေးကြည့်နေမိ၏။ ကျွန်မအနီး ရွှေ့လာထိုင်သည်။ ဘယ်လိုလုပ် ဘယ်သူနှင့် လာခဲ့တာလဲ မေးတော့ အတိုပဲ ချုံး၍ ပြောလိုက်၏။ သူ စာတိုက်နှင့် ကြေးနန်းငွေစာရင်း မင်းကြီးရုံးတွင် အလုပ်ရပြီ ဖြစ်ကြောင်း၊ အရာရှိမှာ စာရင်းစစ် ဦးမြမောင်နှင့် ဦးစံလွင်ဖြစ်ကြောင်း၊ ဦးမြမောင်က သူ့ရုံးမှာ ဗမာတွေကိုပဲ အလုပ်ခန့်မည်။ အနည်းဆုံး အင်္ဂလိပ်–မြန်မာ ခုနစ်တန်း အောင်ရမည်။ အမျိုးသမီးတွေလည်း ခန့်မည်ဆို၍ ကျွန်မနာမည် စာရင်းသွင်းထားပြီးဖြစ်ကြောင်း၊ မကြာမီ သိရတော့မည် ဖြစ်ကြောင်း၊ ပေါင်းတည်ကို အဆက်အသွယ်မရှိ၍ ဒီကိစ္စတွေ မပြောပြရကြောင်း၊ သူလည်း ပိုက်ဆံစုနေကြောင်း၊ ကိုထွန်းလွင်ကိုလည်း မတွေ့ရကြောင်း၊ သတင်းကြားတာတော့ သွေးသောက်မှာ မဟုတ်တော့ဘဲ၊ ဗိုလ်အေးငွေနှင့် ဗိုလ်အောင်ကြီးတို့က ခေါ်၍ စစ်ရုံးမှာ အလုပ်ရနေပြီ ဖြစ်ကြောင်း၊ ကျွန်မဘာမျှ ပြောခွင့်မရ၊ သူကချည်း ဆက်တိုက်ပြောသည်။ ပြောချင်တာ ပြောပါစေတော့။ အခုမှ ဒါတွေ ပြောနေ၍ ဘာလုပ်တော့မည်နည်း။ အရင်ဦးဆုံး တွေ့ရသူဖြစ်ပြီး အလွန်နူတ်နှေး၊ အလုပ်နှေး အချိန်ဆွဲလွန်းသော သူ့ကို ကျွန်မ စိတ်မရှည်ခဲ့ပါ။ သူ ရန်ကုန် ပြန်သွားတာ ကြာလှပြီပဲ။ အဆက်အသွယ် ပြတ်ကြတာကတော့ မှန်ပါသည်။ လူကြုံနဲ့ စာပေးကြရသော်လည်း သက်ဆိုင်ရာတွေရဲ့ အစစ်အဆေးခံကြရသဖြင့် စာဆို ဘယ်သူမှ ယူမသွားချင်ကြ။ အဲဒီလို အခြေအနေများကြားတွင် သတင်းထောက်တွေကတော့ တာဝန်ကျေသည်။ ရသရွှေ့သတင်း ရန်ကုန်ကို ရောက်အောင် ပို့ကြသည်။ အခုကြည့်လေ ဗိုလ်မျိုးမြင့် ဘယ်လောက်ပဲ ပေါင်းတည်ကို သံဆူးကြိုးနှင့်ကာကာ သူ့လက်မှ ကျွန်မ လွတ်မြောက်လာခဲ့ရပြီ မဟုတ်ပါလား။ ခံ့ညားဝင့်ကြွား၊ ဖြောက်တကားကား၊ ဂျစ်ကားတဝီဝီနှင့် သူပုန်ဗိုလ်ကြီး၊ ပေါင်းတည် အဝင်အထွက် ဂိတ်ပေါက် တစ်ပေါက်တည်းရှိတာ ကျွန်မဘယ်အချိန်က ထွက်သွားမှန်းတောင် သူ မသိလိုက်ပါ။ လက်ခုပ်ထဲက ရေသည် လက်ကြားမှ စိမ့်ထွက်နိုင်သည်။ ဂျပန်ခေတ် တစ်လျှောက်လုံး ဂျပန်တွေ၊ နီဂရိုးတွေ လက်ကတောင် လွတ်အောင် နေခဲ့သေးတာ။ ကိုယ့်မြန်မာချင်း ဒီလိုလုပ်၍ ဘယ်ရပ့ါမလဲ။ အာဏာသုံးမည့်သူကို ဦးနှောက်နှင့် နှလုံးသားနှင့် အဖြေပေးခဲ့ပါသည်။

ကိုသန်းဦး ငွေစုနေတာလည်း ကျွန်မနှင့်မဆိုင်။ သူ့မှာ လူကြီးချင်း ပြောထားသူရှိသည်ဟု သူ့အစ်မ ပါးစပ်က ပြောခဲ့ပြီပဲ။ သူဘယ်လောက်ပဲ သံယောဇဉ်ရှိရှိ ကျွန်မရှိရန်မလိုပါ။ ကျွန်မ ဆုံးဖြတ်ပြီးသား၊ လမ်းမှ ဆူးတွေ၊ ခြောင့်တွေကို ကျွန်မ ကျော်ရပါမည်။ ကိုထွန်းလွင် လိပ်စာမှာ အမှတ် ၂၄ သီတာလမ်း၊ ကျောက်မြောင်းဟု ပြောသည်။ ပြောင်းများသွားပလား မသိဟုလည်း ပြော၏။ ကျွန်မက ကိုသန်းဦးအား အဲဒီကို လိုက်ပို့ပေးပါဆိုတော့ နက်ဖြန် တနင်္ဂနွေ ရုံးအားသည်၊ လိုက်ပို့မည်ဟု ပြောပြီး သူ့စိတ်ကူးနှင့်သူ ပျော်ရွှင်နေပုံရ၏။ ကျွန်မနှင့် ထမင်းအတူတူ စားသည်။ သူတို့အနီးမှ မြသိန်းတန် ဘုရားကိုလည်း သူ့အစ်မတွေက လိုက်ပို့သည်။ သူ့ကို ကြည့်ရတာ ကျွန်မအားမရ။ မိတ်ဆွေကောင်း ပီသစွာ ပြုစုပြီး ပျော်သလောက်လည်း နေနိုင်သည်။ တစ်သက်လုံးလည်း နေနိုင်သည်ဟု ကိုသန်းဦး အဖေက စပါသည်။ ကျောက်မြောင်း၊ သီတာလမ်းအိမ်ကိုရောက်တော့ ကျွန်မ ရင်ထဲ ဟာခနဲ ဖြစ်ရပြန်၏။ ကိုထွန်းလွင် ဆေးရုံတက်နေရကြောင်း၊ မျက်စိမှာ အနာဖြစ်၍ ခွဲစိတ်ထားကြောင်း၊ ဘားလမ်းက မွတ်စလင်ဆေးရုံတွင် ဖြစ်ကြောင်း (ထိုစဉ်က မျက်စိရောဂါများ ထိုဆေးရုံတစ်ခုတည်းပဲ ကုသနိုင်ပါသည်) အခမဲ့ကုသိုလ်ဖြစ် လူမျိုးဘာသာမရွေး ကုသပေးပါသည်။ သီတာလမ်းနေအိမ်တွင် ကိုထွန်းလွင်တို့ ညီအစ်ကိုတွေ စုငှားနေသည်။ အားလုံး စစ်ရုံးမှာ အလုပ်လုပ်နေကြကြောင်း သိရပြီး ကိုထွန်းလွင် ဝမ်းကွဲအစ်ကိုကြီး ကိုလှဖေက ဆေးရုံဖွင့်ချိန်ပဲ ဆေးရုံကို သွားလိုက်ပါလားဟု ပြောသည်။ ကျွန်မလည်း သူနဲ့တွေ့မှ ဖြစ်မည်မို့ ကိုသန်းဦးကို ဆေးရုံလိုက်ပို့ပါဟု ပြောတော့ သူကလည်း သူ့သူငယ်ချင်းကို စိုးရိမ်စွာနှင့် ရှောရှောရှူရှူပဲ လိုက်ပို့၏။ ကျောက်မြောင်းမှ ဘားလမ်းသို့သွားရန် ဘတ်စ်ကားတွေမှာ မြင်းဖြူ၊ မြင်းနီ၊ အစုံရှိ၏။ ဘတ်စ်ကားတွေမှာ ဆင်၊ နဂါး၊ ပုစွန်၊ ယုန်တံဆိပ်အစုံ ရှိသည်။ စီးမည့်လူတောင် မပြည့်၍ လာပါ လာပါ တက်ပါ နေရာရှိပါသည်ဟု ခရီးသည်ကို ပြေးကြိုခေါ်ရသည်။ ကားခကလည်း ငါးပြား။ လမ်းက လမ်းတို၊ သိမ်ကြီးဈေးကို ဘယ်ကစီးစီး ပြား နှစ်ဆယ်တည်း။ ကျွန်မ ဆေးရုံပေါ်ရောက်ပါပြီ။ သတင်းစာတွေကို ကိုယ်စီနှင့် ကိုကျော်ရိုး (ပြည့်စုံ) အမ်တင်အေး (ခတ်ပုံ) နှင့် သွေးသောက်မှ ကဗျာဆရာတွေ ရောက်နှင့်နေကြ၏။ ကျွန်မကို မြင်ဖူးသူက ကိုကျော်ရိုးတစ်ယောက်ပါ။ အခြားသူတွေက မမြင်ဘူး။ ကိုထွန်းလွင်ကလည်း မျက်လုံးမှာ ပတ်တီးကြီးနှင့်။ ကျွန်မ လာလို့မှ လာမှန်းမသိ။ ကိုကျော်ရိုးက တိုးတိုးပြောတော့ သူ အံ့သြစွာ လှုပ်ရှားသွားသည်။ ကိုသန်းဦးက

သူလိုက်ပို့ကြောင်း၊ ကိုထွန်းလွင် ဆေးရုံတက်နေတာကို အခုမှ သိကြောင်း၊ စိတ်မကောင်း၍ ချက်ချင်းလာခဲ့တာဖြစ်ကြောင်း၊ ကိုထွန်းလွင် စိတ်ကို ချမ်းချမ်းသာသာနဲ့ ဆေးရုံက ဆင်းရအောင် ကြိုးစားပါ။ လိုသော အကူအညီပေးမည်ဖြစ်ကြောင်း၊ ကျွန်မကိုလည်း သူတို့အိမ်မှာ အစ်မတွေနဲ့မို့ စိတ်ချပါဟု ကိုထွန်းလွင်ကို လက်ကိုကိုင်ပြီး ပြောနေ၏။ သူတို့နှစ်ဦး အလွန်ချစ်ကြောင်း ကျွန်မ သိပါသည်။ ကိုသန်းဦး အေးတိအေးစက်ဖြစ်နေသည်မှာ ကိုထွန်းလွင်ကြောင့် ဖြစ်သည်။ ချစ်ပြီးမှ စွန့်လွှတ်ရခြင်းထက် မချစ်ရခင်က စွန့်လွှတ်ရခြင်းက နည်းနည်းတော့ သက်သာမည်။ ဒါကြောင့် ရှေ့ကနေ နောက်ရောက်သွားခြင်း ဖြစ်သည်။ ယခုအချိန်ထိလည်း တစ်ယောက်ရှေ့ရောက်လျှင် တစ်ယောက် နောက်ဆုတ်မည်သာ ဖြစ်၏။ ကျွန်မ ကိုထွန်းလွင်ကို ရင်နင့်အောင် သနားမိသည်။ အားလုံးက အလိုက်သိစွာပဲ အခန်းပြင် ထွက်သွားသည်။ ကျွန်မ ကိုထွန်းလွင်ကို ဗိုလ်မျိုးမြင့်အကြောင်း ပြောပြပြီး ပေါင်းတည်တော့ မပြန်ဝံ့တော့ပါ။ ကူညီပါဦးဟု ပြောမိသည်။ သူထံမှ ဘာသံမျှ ထွက်မလာ။ နောက်မှ ဆေးရုံက ဆင်းဖို့ တစ်ပတ်လိုသေးကြောင်း၊ ဆေးရုံကဆင်းမှ စီစဉ်ပါမည်ဟု ပြော၏။ အဲဒီလောက်ကို စောင့်ရန် အချိန်မရှိကြောင်း ပြောနေတုန်း ကိုကျော်ရိုး ရောက်လာပြီး သူစီစဉ်မည်ဆိုပြီး ပြန်သွားတော့သည်။ ကိုထွန်းလွင်က သီတာလမ်းအိမ်တွင် နေရစ်ခဲ့ဖို့ ပြော၍ ကိုသန်းဦး ပြန်သွားသည်။ နောက်တစ်နေ့ သတင်းစာတွင် လက်ထပ်ပြီးစီးခြင်း သတင်း၊ ဟံသာဝတီနှင့် ဗမာ့ခေတ်တွင် ပါလာပါလေတော့၏။ သတင်းကြောင့် သီတာလမ်းအိမ်သို့ စာရေးဆရာအချို့ ကိုထွန်းလွင်ဆီ ရောက်လာကြသည်။ သတို့သားက ဆေးရုံပေါ်မှာဖြစ်နေ၍ ဆေးရုံလိုက်သွားကြပြန်၏။ အဲဒီတုန်းက သော်တာဆွေ၊ မင်းရှင်၊ အောင်ဗလတို့သည် လူပျိုတွေချည်းဖြစ်ပြီး ညီအစ်ကိုရင်းလို ခင်မင်ကြ၏။ လူရိုးကြီးဆို စွံလှချည့်လားဟု ဝိုင်းစကြတော့ ကိုပြည့်စုံက လူရိုးကြီးတော်လို့ မဟုတ်ဘူး။ ပြည့်စုံအလှော်ကောင်းလို့ဟု ပြောရုံမက ဘယ့်နှယ်လဲ၊ တရားစွဲမည့်သူတွေ စွဲကြပါ။ ဒီဆေးရုံက ဟိုက်ကုတ်နဲ့ နီးကြောင်းဟု ကျွန်မကို စောင်းပြောခံရ၏။ လာသမျှ စာပေသမားတွေကို ကိုပြည့်စုံက ဓာတ်စုံခင်းသည်။

သတင်းစာထဲပါပြီး တစ်ပတ်ကြာမှ မျက်လုံးက ပတ်တီးဖြေရ၏။ ဆေးရုံဆင်းမည့်နေ့ ကိုပြည့်စုံ၊ ဓာတ်ပုံအမ် တင်အေးတို့ ရောက်နေကြပြီး ဆေးရုံဝရန်တာ၌ ဓာတ်ပုံတွဲရိုက်ယူပါသည်။ သူ့ကို ကျွန်မ ကတိပေးထားဖူးပါသည်။ လွတ်လပ်ရေးရသည့်အခါ အဖြေပေးပါမည်ဟု။ အခု ၁၉၄၈ ခု၊ ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးရတော့

မည်ဖြစ်ကြောင်း အစိုးရက ကြေညာလိုက်ရာ ကိုထွန်းလွင် အပါအဝင် ပျော်ရွှင်ကြ၊ တစ်ပြည်လုံးပေါ့။ ၁၉၄၇ ခု၊ ဒီဇင်ဘာလတွင် သူနှင့်ကျွန်မ သပြေခက်နှင့် ရေစက်ပါရမီကြောင့် မေတ္တာသံသရာ ရှည်မနေတော့ဘဲ ချစ်ကံကောင်းသွားကြပါသည်။ ကျွန်မအတွက် လုံခြုံသော ရင်ခွင်တွင် ခိုဝင်နိုင်ပါပြီ။ ဘဝအသိနှင့် မခူးရက်၊ မနမ်းရက် အလှကြည့်နေခဲ့သည့် ဥယျာဉ်မှူး မေတ္တာသမားသက်သက်အတွက်တော့ ဝမ်းနည်းပါကြောင်း တောင်းပန်ရုံမှတစ်ပါး အခြားမရှိတော့။ အချစ်ကို ရွှေနှင့်စက်ယူလျှင် ရမည်ထင်သော အာဏာရှင် ချစ်သူပုန်ကြီးအဖို့ကတော့ ကျွန်မကို မရသော်လည်း သူ့ကိုယူမည့်သူတွေ ရှိနေမှာပါ။

❐

## ချစ်သူ့နယ်မြေ စာပေကွန်းရိပ်

သူပုန်ဗိုလ်ကိုပဲ ကျေးဇူးတင်ရသည်။ သူ ခြောက်လှန့်၍ ညတွင်းချင်း လန့်ပြေးခဲ့ရသည်။ ချစ်သူ့နယ်မြေကို ရောက်ရှိခဲ့ပြီး ကျွန်မဘာဝ ဓာတ်လမ်းရှည် အခုမှ ရပ်နားသွားတော့၏။ သီတာလမ်းမှာပဲ ခေတ္တနေပြီး အိမ်ရှာရပါမည်။ အဲဒီတုန်းက အိမ်ခန်းတွေကလည်း သင့်တင့်သော ဈေးနှုန်းနှင့် ပေါပါသည်။ ကိုပြည့်စုံက ကျွန်မတို့စုံတွဲဓာတ်ပုံနှင့် ဓာတ်လမ်းအကျဉ်းကို "ထွဏ်းနေနွယ်" စွဲသွားပြီ ခေါင်းစီးနှင့် သွေးသောက်တွင် ထည့်လိုက်ပြန်သည်။ စာရေးဆရာ လူပျိုတွေက မျက်စိတင်စွဲတာ မဟုတ်၊ လူပါစွဲတဲ့လူဟု သူ့ကို စကြသည်။ ကျွန်မတို့နှင့် ရှေ့ဆင့်နောက်ဆင့်တွင် ကိုပြည့်စုံနှင့် မခင်လတ်တို့လည်း လက်ထပ်ပြီး ကျောက်မြောင်းကိုပဲ ပြောင်းလာသည်။ အင်းဝလမ်းမှာ ကိုကိုဦး မမကြည်တို့လည်း ပြောင်းလာသည်။ ကျွန်မသတင်းတွေကို ယုဝတီက သိ၍ ဗမာ့ခေတ်တိုက်ကို လာခဲ့ပါဦးဟု စာရေးခေါ်၏။ ကိုထွန်းလွင်ကလည်း မျက်စိအသားမကျသေး၍ လမ်းမထွက်နိုင်။ ကျွန်မလည်း ဗမာ့ခေတ် သတင်းစာတိုက်မသွားတတ်၍ ချက်ချင်းမသွားရ။ ကိုထွန်းလွင် ရုံးပြန်တက်သောနေ့ကျမှ သူ လိုက်ပို့၏။ ရုံးသွားရဦးမှာမို့ သူမဝင်၊ အပေါက်ဝတွင်ပဲ ပို့ပေးသည်။ အပြန်ကျလျှင် စီးရန်ကားကိုလည်း ပြသွားသည်။ ဗမာ့ခေတ်တိုက်ကြီးကလည်း ခြံထိပ်မှ အတွင်းရောက်အောင် ကုန်းကမူအတိုင်း အတော်တက်ရသည်။ အဆောက်အအုံတွေတော့ တွေ့ ပါပြီ။ ဘယ်အဆောက်အအုံပေါ် သွားရမှန်းမသိ၍ လူကြီးတစ်ယောက်ကို ယုဝတီ ဂျာနယ်အယ်ဒီတာ ဒေါ်ဒဂုန်ခင်ခင်လေးဆီ သွားချင်လို့ပါဟု ပြောရာ အဲဒီလူကြီးက ကျွန်မကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး "မင်းဘယ်သူလဲ" ဟု မေး၏။

"မာလာသိန်း" ပါဟု ပြောတော့ "အပါး" ဆိုပြီး "လာလာ" ဟု ပြောကာ သူက ရှေ့မှ ကျွန်မက နောက်မှ တိုက်ကြီးပေါ်သို့ တက်လိုက်သွားရသည်။ စစ်မြေပြင်နှင့် မီးလောင်ပြင်များ ကြားတွင် အနေများခဲ့ရသော ကျွန်မသည် ကျယ်ဝန်းခမ်းနားလှသော အဆောက်အအုံ သစ်ပင်ရိပ်၊ ပန်းမန်ပေါင်းစုံတို့ဖြင့် အေးချမ်းသာယာလှသော ခြံကြီးကို နတ်ဘုံ နတ်နန်းတမျှ မသိမသာ ငေးကြည့်နေမိသည်။ အပေါ်ထပ် ဧည့်ခန်းကို ရောက်ပါပြီ၊ ကုလားထိုင်ပေါ်တွင် စာထိုင်ဖတ်နေသော အမျိုးသမီး ဖြူဖြူဝဝကို တွေ့ရ၍ ဒါ ဒေါ်ဒဂုန်ခင်ခင်လေးဖြစ်မှာပဲဟု ကျွန်မ မှတ်မိလိုက်သည်။ ကျွန်မကို ခေါ်လာသော လူကြီးက–

"ခင်လေး ဒီမှာ မာလာသိန်းတဲ့" ဟု ပြောသော် အဲဒီအမျိုးသမီးကြီးသည် စာအုပ်ကို ပိတ်လိုက်ပြီး ပြုံးပြရင်း သတင်းတွေ ကြားရ၊ သွေးသောက်မှာလည်း ဆောင်းပါး တွေ့လို့ ခေါ်လွှတ်လိုက်တာဖြစ်ကြောင်း၊ "လက်ထပ်တာ မြန်ကြောင်း"၊ ဒီမှာလာနေလည်း လုံခြုံကြောင်း ဆီးပြော၏။ ယခု ဘယ်သူနှင့် လာသလဲဟု လူကြီးက မေး၏။ ကိုထွဏ်းနေနွယ် လိုက်ပို့ပါကြောင်း၊ သူ ရုံးကိုပြန်သွားကြောင်း ပြောရာ ဒီကောင်က တိုက်ထဲတောင် မဝင်ဘူးလားဟု ပြောသည်။ အမျိုးသမီးကြီးမှာ ကျွန်မ ထင်သည့်အတိုင်း "ဒေါ်ဒဂုန်ခင်ခင်လေး" ပါ။ ဟိုလူကြီးက–

"ငါ့ကိုသိလား" ဟု မေးသည်။ ကျွန်မက ခေါင်းခါပြတော့–

"စာရေးဆရာလုပ်မယ့် သူက ငါ့ကို မသိလို့ ဘယ်ဖြစ်မလဲ၊ သေသေချာချာ မှတ်ထား "မိုးကြိုး" ဆိုတာ ငါပဲ။ ခြေလျင်အုန်းခင်ဆိုတာလည်း ငါပဲ၊ နဂါးနီ အုန်းခင်လည်း ငါပဲ"

ဒေါ်ဒဂုန်က သွားစမ်းပါဟု နှင်တော့ ထွက်သွား၏။

"အဲဒီကောင်မလေး မပြန်စေနဲ့ဦး" ပြော၍ သွားသည်။ ဒေါ်ဒဂုန်ခင်ခင်လေးက တွဲဖက်အယ်ဒီတာ ယုဝတီ စောလှမြင့်နှင့် မိတ်ဆက်ပေးသည်။ ယုဝတီ စောလှမြင့်သည် အရပ်ပုပုကလေးနှင့် လှပါသည်။ နောက်ဆုံး ပို့ထားသည့် ဝတ္ထု ထည့်သုံးပြီးလျှင် ယုဝတီ ကလောင်ရှင်ဘွဲ့ရတော့မည်ဖြစ်ကြောင်း ဆီးပြောတော့ ကျွန်မလောက်ဝမ်းသာသူရှိပါတော့မလား။ ထိမပေါက်လျှင်နေပါ။ အဲဒီဘွဲ့ရလျှင် ထီဆယ်ခါပေါက်သည်ထက် ဝမ်းမြောက်၏။ ဒေါ်ဒဂုန်ခင်ခင်လေးက ထပ်ပြောသည်မှာ ယုဝတီခေတ်၊ ယုဝတီလောကကို တည်ဆောက်ပေးနေပါကြောင်း၊ သည်လိုအချိန်တွင် တောက်မည့်မီးခဲ၊ အရှိန်နှင့်ရဲရဲ ဆိုသလို ခေတ်ပြောင်းချိန်၌ သတ္တိရှိသည့် သမီးယုဝတီများ ထွက်

ပေါ်စေလိုကြောင်း၊ သူဆိုလျှင် ၁၃ နှစ်သမီးကတည်းက စာရေးကြောင်း၊ လူကြီးတွေ မသိအောင် ခိုးရေးရကြောင်း၊ ဆွေမျိုးတွေကလည်း အားမပေးကြောင်း၊ အဲဒီအထဲက ထိုးထွက်ခဲ့ကြောင်း၊ အခု သမီးတို့ခေတ်မှာ အလွန်ကံကောင်းကြောင်း၊ ရေးစရာ အကြောင်းအရာတွေကလည်းရှိ၊ ရေးစရာ ဂျာနယ်စာစောင်တွေလည်းရှိ၊ လူငယ် အမျိုးသား စာရေးဆရာလေးတွေလည်း အများကြီး ပေါ်ထွက်လာကြောင်း၊ သမီးတို့ ကလည်း သူတို့ နောက်မကျန်အောင် အစ်ကိုတွေ၊ မောင်တွေနှင့်အတူ ကြိုးစားကြပါ။ ဗမာ့စာပေတိုးတက်မှုမရှိအောင် နယ်ချဲ့က ဖိနှိပ်ထားခဲ့ခြင်းမှ အခုလွတ်မြောက်ပြီ ဖြစ်၍ သမီးတို့ခေတ်တွင် သမီးတို့ စာပေကို သမီးတို့က ကံမြှင့်တင်ကြပါ။ စာပေသည် ဦးနှောက်၏အစာ နှလုံးသား၏ အာဟာရ ဖြစ်ကြောင်း၊ ကျွန်မ တစ်သက် မေ့မရနိုင် သော အဖိုးတန် စကားများကို ပြောပြပါသည်။

ကျွန်မ လိပ်စာကိုပေးခဲ့ရန် ယုဝတီမှ မန်နေဂျာ "မခင်ရီ" ဆိုသူနှင့်လည်း မိတ်ဆက် ပေးပြီး အကြောင်းကိစ္စရှိလျှင် မခင်ရီကို လွှတ်မည် ဖြစ်ကြောင်းနှင့် မင်္ဂလာလက်ဖွဲ့ အဖြစ် ငွေရောင်ဘရိုကိတ် လုံချည်ကလေးကို ပေးပါသည်။ ကျွန်မ မလာတတ် လာတတ်လာရကြောင်းသိ၍ မြို့ထဲသွားမည့် ကားကြုံနှင့် ပြန်ပို့ပေး၏။ ကျွန်မတို့ သီတာလမ်းမှ ကန်တော်ကလေး ၉၄ လမ်းသို့ပြောင်းသည်။ ဗမာ့ခေတ်မှ မန်နေဂျာ ဒေါ်ခင်ရီ (မမရီ)က ဘီလူးမဈေး၏ရှေ့ အနိမ့်ပိုင်း "ဘင်္ဂါလီစု"မှာနေ၍ ကျွန်မတို့အိမ် နှင့် နီးပါသည်။ ယုဝတီဂျာနယ်သည် အလွန်လူကြိုက်များပြီး စောင်ရေများ တိုးတက် နေသည်။ ဗမာ့ခေတ် သတင်းစာကလည်း သတင်းထူးများ–နိုင်ငံရေးသတင်းများ စက်ရပ် သတင်းဦးများကြောင့် မြန်မာ့သတင်းစာသမိုင်း၌ စောင်ရေအများဆုံး မြင့်လျက် ရှိ၏။

ကိုထွန်းလွင်က စစ်ရုံးမှ လခ ၁၂၆ ကျပ်ပဲ ရသည်။ အဲဒီလစာနှင့် ကျွန်မတို့ ဇနီးမောင်နှံ စားလောက်သည်။ ကဗျာတွေ၊ ဝတ္ထုတွေက စာမူခမရကြပါ။ ပုံနှိပ်စာလုံးနှင့် ဖော်ပြခံရခြင်းကိုပဲ ဝမ်းသာကြည်နူး ကျေနပ်နေကြရသည်။ ကိုထွန်းလွင်သည် ကဗျာ များကို လစဉ်ရေးသားသည်။ သူ့ကဗျာတွေမှာ လွတ်လပ်ရေးကို ကာကွယ်စောင့် ရှောက်ရန်၊ ကိုယ့်တိုင်းပြည်ကို ချစ်ရန်၊ မျိုးချစ်စိတ် ထာဝရ ရှင်သန်ထက်မြက်စေရန် တွန်းအားပေးသော ကဗျာများ ဖြစ်၏။ တော်လှန်ရေး တိုက်ပွဲများတွင် မထင်မရှား ကျဆုံးခဲ့ရသော ရဲဘော်များကိုလည်း ဖော်ကျူးဂုဏ်ပြုသည်။ သူ့ကို ကျွန်မ ချစ်ရသည် မှာ ငွေကြေးလည်း မဟုတ်၊ ရုပ်ရည်လည်းမပါ၊ ဆွေမျိုးသားချင်းလည်း မစဉ်းစား၊

သူ၏ နှလုံးသားအတွင်းမှ စာပေ ဖြစ်သည်။ စိတ်ဓာတ်ကို လေးစား၍ ဖြစ်ပါသည်။ ဗိုလ်သင်တန်းတက်ခွင့်မရ၍ တိုင်းပြည်၏ သူရဲကောင်းတစ်ယောက် မဖြစ်ခဲ့ရသော်လည်း စာပေသူရဲကောင်းဖြစ်ဖို့ သူ မရပ်မနား ကြိုးစားခဲ့၏။ တိုင်းပြည်အတွက် အလုပ်တစ်ခုခုတော့ လုပ်ရမည်ဟု ခဏခဏ ပြော၏။

ကျွန်မ ဗမာ့ခေတ်သို့ ဒုတိယတစ်ခေါက် ရောက်ခဲ့ရသည်။ မမရီ (ဒေါ်ခင်ရီ) က ဝင်ခေါ်သည်။ တိုက်ကိုရောက်တော့ ဧည့်ခန်း၌ လူကြီးတွေ စကားပြောနေကြ၍ မမရီ စားပွဲ၌ ထိုင်မည်ပြုစဉ် ဦးအုန်းခင် (ဦးလေး) ကခေါ်၍ ဧည့်သည်များနား ရောက်တော့–

"မာလာသိန်းလေဗျ"

ပြောတော့ အားလုံးက ကျွန်မကို တစ်ပြိုင်တည်း လှမ်းကြည့် ပြုံးပြကြ၏။

"သူက သိန်းဖေမြင့်–သူက ဇဝန၊ သူက သခင်ဘသောင်း၊ သူက ယူပီအိုင်ဘသန်း ဟောဒီက ဗမာ့ခေတ် အုန်းမြင့်"

အားလုံး၏ နာမည်တွေကို ပြောပြတော့ ကျွန်မမှာ ထိုင်ပြီး ကန်တော့ချင်အောင် လက်အုပ်ကလေး ချီလိုက်ရာ–

"ဟေ့ဟေ့ မကန်တော့နဲ့နော်၊ တို့ဘုန်းကြီး မဟုတ်ဘူး၊ စာရေးဆရာတွေမှာ အဲဒါတွေ မလိုဘူး"

ဟု ဆရာဇဝနက ပြောင်ပြောင်ဘွင်းဘွင်းကြီး ပြောပါသည်။ အဲဒီနေ့က စာရေးဆရာအသင်းအတွက် ပြဇာတ်က၍ ရန်ပုံငွေရှာကြဖို့ ဆွေးနွေးနေကြခြင်း ဖြစ်သည်။ အစအဆုံး စားရေးသောက်ရေး ကုန်ကျစရိတ်ကို မိုးကြိုး (ဦးလေး)နှင့် မမခင် (ဒေါ်ဒဂုန်ခင်ခင်လေး)တို့ အလှူငွေ ထည့်ဝင်ရန်နှင့် ကပြမည့် ပြဇာတ်မှာ "တောင်သမန်လယ်စား မောင်ဖေငယ်"ဟု သိရ၏။ ကိုယ့်ထက် ဝါရင့်စာရေးဆရာ ဦးလေးအရွယ်၊ အစ်ကိုကြီး အရွယ်များကို သိက်သိက်ဝန်းဝန်း ယခုလို မြင်ဖူးတွေ့ဖူးရတော့ ထမင်းမဆာအောင်ပင် ဝမ်းမှာ ဝမ်းသာခြင်းတွေ ပြည့်နေပါတော့၏။ အားလုံးက စာကြိုးစားရေးရန် အားပေးသွားကြ၏။ သူတို့ပြန်သွားတော့ မမခင်က အမျိုးသမီး ကလောင်အဖွဲ့တွင် ကျွန်မကို အသင်းဝင်ထားရန်နှင့် ယုဝတီဂျာနယ်တွင် အခန်းဆက် ဝတ္ထုရှည်ရေးကြည့်ပါလားဟု ပြောရာ ကျွန်မက မရေးရဲသေးပါကြောင်း၊ ဝတ္ထုတိုပင် တစ်ပုဒ်ကို သေချာအောင် ကြိုးစားရေးရပါကြောင်း ပြောရာ မမခင်နှင့် မမစောလှမြင့်က ရယ်သည်။ စာရေးဆရာအသင်းက ရန်ပုံငွေရှာသလို မိမိတို့ ကလောင်အဖွဲ့ကလည်း

အသင်းတိုက်ဆောက်ဖို့ ရန်ပုံငွေ ရှာရမည်။ စာရေးဆရာအသင်းက သူတို့နှင့် ပူးပေါင်းစေချင်သည်။ ပူးပေါင်း၍မဖြစ်၊ ကိုယ့်အနုပညာနှင့် ကိုယ်ပဲ လုပ်ရမည်။ "ခေတုကလျာ" ပြဇာတ်ကဖို့ ဇာတ်ညွှန်း ရေးပြီးနေပြီ ဖြစ်ကြောင်း သတင်းအစုံ ကြားရပါ၏။ ယင်းပြဇာတ်၌ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ မင်းသား၊ မင်းသမီး၊ ဝန်ကြီး၊ ဝန်ကလေး၊ ရှင်ဘုရင်၊ မိဖုရား၊ မင်းညီမင်းသားအားလုံး အမျိုးသမီးတွေချည်း ကပြမည်။ တေးဂီတကိုတော့ စိန်ဝေလျှံက တာဝန်ယူကြောင်း၊ စိန်ဝေလျှံ မသုံးလျှင် မိမိတို့ အသင်း၌ စန္ဒရား တီးတတ်သူများ ရှိကြောင်း မမခင်က စိတ်ထက်သန်စွာ ပြောပြနေသည်။

ကျွန်မကိုလည်း ကူညီရမည် ပြောပါ၏။ ရေငတ်သူ ရေတွင်းထဲကျသလိုပင် ကျွန်မ ဝမ်းသာနေပါသည်။ စာရေးဆရာအသင်းကပြီးလျှင် ကလောင်အဖွဲ့က "ခေတု ကလျာပြဇာတ်"ကြီးကို ကာဒွေးရုံတွင် ကပြသည်။ ကလောင်အဖွဲ့ဝင် တစ်ရာ ပါဝင် ကပြသည်။ အခကြေးငွေ လုံးဝမယူကြ။ ရန်ပုံငွေအတွက်မို့ လူရော ငွေရော အိတ်ထဲက စိုက်ကြ၏။ ကျွန်မက ခေတုကလျာ၏ ရုံရွှေတော် စောမာလာအဖြစ် ပါဝင်ရသည်။ မမခင်က မင်းသမီး ဖြစ်စေချင်ပေမယ့် အဲဒီအချိန်က ကျွန်မက ပိန်ပိန်ပါးပါးကလေး ဖြစ်ရာ နတ်ရှင်နောင်မင်းသားနှင့် ရွယ်တူ ဖြစ်နေသည်။ ခေတုကလျာက နတ်ရှင်နောင် ထက် အသက်ကြီးရမည်ဆိုတော့ ကျွန်မ မင်းသမီး မဖြစ်တော့ဘဲ နန်းတွင်းအပျိုတော် ဖြစ်သွားသည်။ နတ်ရှင်နောင်နှင့် ခေတုကလျာတို့၏ လျှို့ဝှက်အချစ်ရေးကို သစ္စာရှိရှိ ဆောင်ရွက်ပေးနေရသူမို့ အခန်းပေါင်းများစွာ ပါဝင်ရသည်။ နတ်ရှင်နောင်၏ ကိုယ်ရံ တော်များနှင့် ခေတုကလျာ၏ ရုံရွှေတော် ကျွန်မတို့ တွေ့ကြသည့်အခန်းဆိုလျှင် ပရိသတ် တဟားဟားနှင့် အလွန်သဘောကျကြ၏။ နိုင်ငံခြားသံရုံးတို့မှ မိသားစုများ ညစဉ် လာကြည့်ကြ၏။ စနေ၊ တနင်္ဂနွေပွဲများ ရုံပြည့်၍ အချို့လက်မှတ် ဝယ်မရကြ။ အခုလို မှောင်ခိုလက်မှတ်လည်း မရှိ။ ဖွဲကြီးကြီးနှင့် တိုးဝယ်ကြည့်ကြသည်။ အင်္ဂလိပ်၊ မြန်မာ သတင်းစာများတွင် ဓာတ်ပုံများနှင့် ဖော်ပြချီးကျူးကြ၏။ ရယ်စရာ ဟာသ သီးသန့်မလုပ်ရဘဲ ပရိသတ်မှာ တဝါးဝါးရှိကြသည့်အခန်းမှာ နတ်ရှင်နောင် ကိုယ်တော် စေလွှတ်လိုက်သည့် ကိုယ်ရံတော် လေးယောက်နှင့် ခေတုကလျာ၏ နန်းတွင်း အပျို တော်နှစ်ဦးတို့တွေ့ကြသည့်အခန်း ဖြစ်သည်။ စစ်မြေပြင်တွင် စစ်ထွက်နေရသော စစ်သည်များပီပီ နန်းတွင်းသူ အပျိုတော် အချောအလှကို တွေ့သောအခါ စစ်သည် ဘဝကို မေ့ပြီး ယောကျ်ားသဘာဝ အချစ်စိတ်ကို မထိန်းသိမ်းနိုင်ကြပုံများကို ဟာန်

အမူအရာနှင့် ဖော်ပြတာကိုပင် ပရိသတ်က အူတက်အောင် ရယ်ကြသည်။ တဝေါဝေါ ရယ်သံမှာ ဆိုင်းဝိုင်းက ပတ်တုတ်ယူရသည်။ တစ်နေ့မှာတော့ ဇာတ်ခုံနောက် ဆရာဇဝနရောက်လာပြီး ကိုယ်ရံတော် ခေါင်းဆောင် လုပ်ရသူ "နန်းမိုခမ်း" အား-

"နန်းမိုးခမ်း၊ ဒီည စောမာလာကို လက်ဆွဲပြီး ခေါ်သွားသိလား" ဟု လာသင်ပေးနေသည်။ ကျွန်မက "စောမာလာ"အဖြစ် သရုပ်ဆောင်ရသည်။ ဆရာဇဝန သင်ပေးသည့်အတိုင်း နန်းမိုးခမ်းက ကျွန်မကို လက်ဆွဲ ကျွန်မက ရှန်းနှင့် အခန်းကို ပြတော့ ပရိသတ်ထဲမှ "ကေတုမတီကို ခေါ်သွားကွ"ဟု အော်ကြအားပေးကြပါသည်။ ကျွန်မတို့ ပြဇာတ်ကြီးကပြပြီး စာရင်းပိတ်တော့ အမြတ်ငွေ နှစ်သောင်းကျော် ရရှိခဲ့လေသည်။ ယခင်၊ ပန်သစ္စာ ပြဇာတ်မှ အမြတ်ငွေ- ယခုဇာတ်မှ အမြတ်ငွေ စုပေါင်း၍ သော်မဆင်လမ်းတွင် မြေကွက်တစ်ကွက် ဝယ်လိုက်ကြသည်။ ပိုလျှံငွေနှင့် အသင်းတိုက်ဖြစ်အောင် ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပေ။ ပြဇာတ်ကပြနေရတုန်းကများ အိမ်ကို ညတစ်နာရီမှ ပြန်ရောက်သည်။ ကိုထွန်းလွင် မအိပ်ဘဲ ကျွန်မကို စောင့်နေတတ်၏။ ကျွန်မအပေါ်တွင် ငြိုငြင်မှုကင်းသော သူ့ကို ကျေးဇူးတင်ရသည်။ ကျွန်မ၏အလိုကိုလိုက်လွှန်း၍ တစ်ခါတစ်ခါ လိုချင်နေတာတောင် မပူဆာဝံ့ပါ။ ကျွန်မ ရန်ကုန်ကို ထွက်လာခြင်းသည် လာခြင်းကောင်းသော မိန်းကလေးဟု ဆိုနိုင်ပါသည်။ ရေမှန်မြေမှန်နေရာမှန် ချစ်သူအစစ်အမှန်ကို ရရှိခဲ့သည်မှာ ယုံမှားစရာ မရှိတော့ပါ။ ပေါင်းတည်မှ ဒေါ်ဒေါ်လေးကလည်း လူကြုံကောင်းတိုင်း လက်ဝတ်လက်စားနှင့်ငွေ၊ အဝတ်အစား စသည်တို့ကို ပို့၍ပေးပြီး ပေါင်းတည်ကို လုံးဝ ပြန်မလာပါနှင့်ဟု မှာသည်။ ဒေါ်ဒေါ်လေးလည်း စီးပွားရေး မလုပ်တော့ပါ။ ငွေလိုလျှင် မှာဟု စာရသည်။ ကျွန်မဘဝအတွက် ဒေါ်ဒေါ်လေးလည်း ခေါင်းအေးသွားပါပြီ။ ဗမာ့ခေတ်တိုက်ကို ရက်ခြားဆိုသလို ရောက်ရောက်သွားသည်။ ဘယ်သူမှ လိုက်မပို့ရတော့။ ကိုယ့်ဘာသာကိုယ် သွားတတ်ပါပြီ။ မမခင်ကလည်း မကြာမကြာ လာပါဟု မှာ၏။ ကလောင်အဖွဲ့မှ အသင်းသူများနှင့်လည်း ခင်မင်- ယုဝတီဂျာနယ်မှ အယ်ဒီတာ မမစောလှမြင့်နှင့်လည်း ရင်းနှီးခင်မင်သော ဘဝကို ရောက်ရှိနေပါပြီ။ တကယ်တော့ ယုဝတီသည် ကျွန်မဘဝ၏ တံခါးပေါက် ဖြစ်တော့၏။

❐

## ယုဝတီနှင့် မြဝတီ

အကောင်းအဆိုးနှင့် အကြောင်းအကျိုးတို့သည် ဆက်စပ်လျက် ရှိသည်။ ဘဝတံခါးပေါက်က ပွင့်နေပြီ ဖြစ်သော်လည်း ထိုတံခါးဝသို့ ရောက်နိုင်ရန်မှာ လှေကားထစ်တွေက ဆီးကြိုနေ၏။ ယုဝတီကလောင်ရှင်ဘွဲ့ကို ရခဲ့ပြီးသော်လည်း ဆက်လက်၍ "ယုဝတီဘွဲ့"ကို ရရန် ကြိုးစားရပြန်ပါသည်။ ယုဝတီ ကလောင်ရှင်ဘွဲ့ကိုလည်း အချောင်မရခဲ့။ ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါး၊ ဘက်စုံ ဆယ်ပုဒ်ရေးတတ်ပြီးမှ ချီးမြှင့်သည်။ ဆက်လက်၍ ယခင်ယခင် လက်ရာထက် ပိုမိုအဆင့်မြင့်လာသည့် အရေးအသားဖြင့် ဝတ္ထုတို ငါးပုဒ် (အနည်းဆုံး) ထပ်မံကြိုးစား၍ ရေးရပြန်သည်။ ရဲဘော်သည် ရန်သူကို ရှာဖွေနေသကဲ့သို့ပင် ကျွန်မမှာလည်း ဝတ္ထုရေးနိုင်ရန် ဝေးဝေးလံလံ မသွားတော့။ ကိုယ့်အနား လာဖြစ်ပျက်သည့် ဇာတ်လမ်းကလေးတွေကိုပဲ မြင်တတ်အောင် ကြည့်ရသည်။ တကယ်တော့ လူ့ဘဝသည် စက္ကန့်၊ မိနစ်၊ နာရီနှင့်အမျှ ပြောင်းလဲနေခြင်းများကို တွေ့မြင်လာပါသည်။ ယုဝတီဘွဲ့ကို ကျွန်မရအောင် ယူမည်ဟု ဆုံးဖြတ်ခဲ့သည့်အတိုင်း ရခဲ့ပါသည်။ ယုဝတီကလောင်ရှင်ဘွဲ့ ငါးဦးပေးလျှင် "ယုဝတီဘွဲ့"က တစ်ယောက်ပဲ ရပါသည်။ တစ်နှစ်မှတစ်ကြိမ်ပဲ ပေးပါ၏။ စာရေးဆရာကိုယူလျှင် ချမ်းသာမည်မဟုတ်ဆိုတာ အစကတည်းက သိပါ၏။ ဟိုတုန်းက စာရေးသူများမှာ ယခုအခါလို စာမူခများ မရခဲ့ကြပါ၊ ရဖို့လည်း မမျှော်လင့်ကြ။ ဂျာနယ်၊ မဂ္ဂဇင်းတိုက်များမှာလည်း စာပေမြှင့်တင် ဆန္ဒများဖြင့် အရှုံးခံလျက် ထုတ်ဝေနေကြရခြင်းကို ရေးသူနှင့် ထုတ်ဝေသူ နှစ်ဦးစလုံး နားလည်ကြသည်။ ယုဝတီဂျာနယ်တစ်အုပ်မှ တစ်ကျပ်၊ လုံးချင်းဝတ္ထု တစ်အုပ်မှ နှစ်ကျပ် ဖြစ်သည်။

နေ့စဉ်သတင်းစာ လပေးမှ ၁၀ ကျပ် ဖြစ်သည်။ ကျွန်ဘဝ လွတ်မြောက်ပြီး ဒါ တို့ပြည်၊ ဒါတို့မြေ၊ တို့ပိုင်နက်မြေ ဟူ၍ လွတ်လွတ်လပ်လပ် ကြွေးကြော်နိုင်ခြင်းသည် သာ အဓိက ဖြစ်သည်။ ဆင်းရဲချမ်းသာသည် အဓိက မဟုတ်ပေ။ ရဲဘော်တို့ တိုင်းပြည် ကို ချစ်သလို ကျွန်မတို့ စာပေသမားတွေလည်း ချစ်တာပဲ ဖြစ်သည်။ လက်နက်ကိုင်၍ တိုက်ရသူနှင့် ကလောင်ကိုင်၍ တိုက်ရသူ အတူတူပင် ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ် ခံခဲ့ရသော မြန်မာစာပေကို သမိုင်းသစ်၊ မှတ်တိုင်သစ် စိုက်ထူရန် စစ်ပြီးခေတ် လူငယ် စာရေးဆရာအားလုံး ခံယူချက် တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်သည်။ ညီအစ်ကို မောင်နှမရင်းချာကဲ့သို့ ခင်မင်သည်။ ရေးသည့် စာတွေနှင့် ကလောင်အမည်သာ သိပြီး လူချင်း မတွေ့ဘူးကြပေမယ့် တွေ့သောအခါ ဖက်လဲတကင်း ရင်းရင်းနှီးနှီး ရှိကြ၏။ စာပေသမား စိတ်ဓာတ်နှင့် ရဲဘော်စိတ်ဓာတ် အတူတူပါပင်။ စာပဲ သူများ ရေးတာ ဖတ်ပြီးရော၊ ကိုယ်တိုင်များ ပိုက်ဆံတစ်ပြားမှမရဘဲ ပင်ပန်းခံရေးရသတဲ့ဟု ကဲ့ရဲ့ကြသူများလည်း ရှိ၏။ အဲသည်လောက် စာပေစိတ်ခေါင်းပါးသူဆို ကျွန်မ ဝေဝေးက ရှောင်သည်။ ယုဝတီဂျာနယ်နှင့် ဆက်သွယ်မှုရသော်လည်း သူများဝတ္ထု ခိုးချ၍မရ။ ကိုယ့်ကလောင်အမည်နှင့် ကိုယ့်ဆိုင်းဘုတ် ကိုင်ပြီး ကိုယ့်နေရာ ကိုယ်ယူရ ပါသည်။ ရေးပို့တိုင်း မရွေးပါ။ ကောင်းပါမှ ရွေးသည်။ အယ်ဒီတာများသည် ကျောက်သွေးသမားများကဲ့သို့ အရိုင်းတုံးများကို အလွတ်ဖော်၊ အရောင်တင်ပေး ရသူများ ဖြစ်သည်။ တစ်ခါတလေ ငါ့ဝတ္ထုလေးကောင်းသားနဲ့ ဘာလို့ပယ်ပါလိမ့်ဟု သံသယ ဖြစ်သည်။ အယ်ဒီတာက မှတ်ချက်နှင့် ဖော်ပြမှ ကိုယ့်အမှားကိုယ် တွေ့ရ၏။ ရေးခြင်း အတတ်ကို သင်ကြားပေးသည့် စာရေးဆရာတက္ကသိုလ် မရှိ၊ ကိုယ့်အတွေး ကိုယ့်အမြင်အသိကို ဦးနှောက်က တွေးခေါ်စဉ်းစား လှုံ့ဆော်ဖန်တီးပေးခြင်း ဖြစ်သည်။

နှလုံးသားက ခံစားမှုကို ပုံဖော်ပြီး အတွေ့အကြုံ ဗဟုသုတတို့က ရသမွှန် ဖြစ်စေ ရန် သကာလောင်း အဆာဖြူးပေးခြင်း ဖြစ်သည်။ စာပိုးထနေချိန်မို့ စာကို အထင်သေး သူများသည် ကျွန်မ၏ရန်သူ ဖြစ်၏။ စီးပွားရေးအလုပ်လည်း မလုပ်ချင်၊ စာပဲ ရေးချင်နေသည်။ ပေါင်းတည်မှ မမထံက သုံးဖို့ငွေ ရောက်လာလိုက်၊ ဒေါ်ဒေါ်လေး ဆီက ရောက်လာလိုက်နှင့်မို့ ဟန်တော့အကျသား။ ယုဝတီသို့ ဝတ္ထုတစ်ပုဒ် သွားပို့ သောနေ့တွင် ကံက ထပ်ကောင်းပြန်တာကတော့ ဗမာ့ခေတ် ဦးအုန်းမြင့် အယ်ဒီ တာအလုပ်မှ ထွက်သွားကြောင်း၊ သို့ကြောင့် မမစောလှမြင့်လည်း ပါသွားကြောင်း၊ (သူတို့က ဇနီးမောင်နှံ) ယခု ယုဝတီအယ်ဒီတာ အလုပ်တွေကို ဝိုင်းလုပ်နေရကြောင်း၊

မမစောလှမြင့်နေရာတွင် ဝင်ပြီး လုပ်ပါဟု ပြောၡ၏။ ဝတ္ထုတွေတောင် ကြိုးစားရေး နေရသော အခါသမယ အယ်ဒီတာအလုပ် ဘာတွေမှန်းလဲ မသိ။ ကျွန်မက မလုပ်တတ်၊ မလုပ်ဝံ့ကြောင်း ငြင်းမိရာ အလုပ်ဆိုတာ ဘယ်သူမှ တတ်မလာကြကြောင်း၊ မလုပ်တတ်မဖြစ် ဆိုတာလည်း မရှိကြောင်းနှင့် သင်ပေးမည်ဟု အတင်း အလုပ်ခန့်နေပါ၏။ လခလည်းရ၊ ပညာလည်းရမည်ဆိုတော့ ကျွန်မက စဉ်းစားပါရစေဦးဟု ပြောမိသည်။ မမခင်က ကျွန်မ တွန့်ဆုတ်ကြောက်ရွံ့နေသည်ကို အားမရဖြစ်နေပုံရသည်။ အိမ်ပြန်သွားပြီး ကိုထွန်းလွင်ကို ပြောပြတော့ အိမ်မှာလည်း အားနေတာပဲ သွားကူလိုက်ပါ။ စိတ်ဝင်စားလျှင်လည်း လုပ်ပေါ့ဟုပြော၍ ကျွန်မ နောက်တစ်နေ့နံနက် ကိုးနာရီ ယုဝတီကို ရောက်သွားပါသည်။ မမခင်က အလုပ်ဝင်တာ မှတ်ပြီး ဝမ်းသာစွာ ဆီးကြိုသည်။ ယုဝတီ အယ်ဒီတာစားပွဲတွင် ယောကျ်ားလျာတစ်ဦး စာတွေ ဖတ်နေရာက ကျွန်မကို လှမ်းကြည့်စဉ် မမခင်က ကဲ... အယ်ဒီတာလာပြီဟု ရယ်ပြောလိုက်ရာ အဲသည် ယောကျ်ားလျာက အဲဒါစာမူတွေပဲ ကျပ် ဝင့်ကျွတ်ပြီဆိုပြီး စားပွဲမှ ထကာ စာမူတွေ တစ်ထပ်ကြီး ကျွန်မကို အပ်သည်။ သူ့နာမည်က အပြုံး ဖြစ်သည်။ မမစောလှမြင့်မရှိ၍ သူပဲ ဝင်ကူညီပေးနေသည်သူဟု သိရသည်။ အလုပ် လက်ခံတာမဟုတ်။ လေ့လာမှာ ကူညီမှာပါဟုတောင် အတွန့်တက်ချိန်မရ၊ စားပွဲမှာ ထိုင်ရတော့သည်။ စားပွဲအလယ်တွင် "အယ်ဒီတာ" ဟူသော စားပွဲတင် ဆိုင်းဘုတ်အသေးကလေး ရှိသည်။ ကျွန်မ ရှုးချင်လာသည်။ စာမူပုံကြီးက လေးပုံ ဖြစ်သည်။ ဓာတ်ပုံတွေကလည်း ပွစာကြဲနေလေသည်။ ကျွန်မ ဘာကစ၍ ဘာလုပ်ရမည်ကို ဘဲဥရှာမရ ဖြစ်နေတော့၏။ ထိုနေ့က ဘာမှမလုပ်ရဘဲ စားပွဲထိုင်ပြီး ပြန်ခဲ့ရသည်။ မမခင်က အယ်ဒီတာ လခ တစ်လ ၁၅၀ ကျပ် ပေးပါမည်။ အမျိုးသမီးကလောင်အဖွဲ့ စာကြည့်တိုက်မှာလည်း စာကြည့်တိုက်မှူးမရှိ၍ အသင်းအလုပ်ကလေးတွေလည်း ပူးတွဲလုပ်ပေးပါ။ အသင်းက တစ်လ ၁၀၀ ကျပ် ထုတ်ယူပါဟု ပြောရာ နေရင်းထိုင်ရင်း တစ်လ ၂၅၀ ကျပ် ရပါတော့မည်။ အလုပ်ရတော့လည်း ပျော်သား၊ မလုပ်တတ်တာက ခက်၏။ မမခင်က သူဟာသူ တတ်လာလိမ့်မည်ဟု အေးအေးပဲ ပြောသည်။ မမခင်က သင်လိုက်၊ ဦးလေးက သင်လိုက်၊ အပြုံးက ပြလိုက်၊ ဗမာ့ခေတ်က အယ်ဒီတာ ဦးကိုလေး၊ နိုင်ငံခြားရေး အယ်ဒီတာ ဦးချစ်သိန်း၊ ကုန်ဈေးနှုန်းအယ်ဒီတာ ဦးလှဖေ ဖိုမင်ဦးဖိုးကျား၊ စက်ဦးသန်းမောင်၊ စာစီကိုသိန်းအောင်၊ ကြော်ငြာ ကိုတင်အောင်၊ သတင်းထောက် ကိုမြသွင်၊ ဓာတ်ပုံ ကိုသိုက်

နှင့် ကိုမောင်မောင်မြင့် သူတို့အားလုံးက ကျွန်မကို ခင်မင်ကြ ကူညီကြသည်။

ကျွန်မကလည်း သူတို့ထံမှ ဂျာနယ်၊ သတင်းစာနှင့် ပတ်သက်သမျှ လုပ်ငန်းခွင် အခေါ်အဝေါ်တွေပါ လေ့လာမှတ်သားရပါသည်။ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဦးသိန်းဖေမြင့်တို့ မကြာမကြာ ရောက်လာတတ်၍ ကျွန်မ အယ်ဒီတာ ဝင်လုပ်သည်ကို သဘောကျကြသည်။ ဒေါ်ကွာစီ၊ ဒေါ်ဒဂုန်ခင်လေးဆွေ၊ အမျိုးသမီး ကလောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြယဉ်စိန်တို့ကလည်း သင်ကြသည်။ သတင်းစာ၊ ဂျာနယ် ဥပဒေများကို အမျိုးသမီး ရှေ့နေမကြီး ဒေါ်သိန်းတင်က ပြောပြထားသည်။ တစ်ခါတလေ ဆောင်းပါး၊ ဝတ္ထုတိုများထဲတွင် ဥပဒေနှင့် ငြိသည့် စာလုံးများ ကပ်ပါသွားတတ်ရာ ဦးလေးက "ကောင်မလေး နင်တော့ နီးပြီနော်" ဆိုပြီး သူ့လက်မှ တနင်္လာနေ့ထုတ် ဗမာ့ခေတ် သတင်းစာလိပ်နှင့် ကျွန်မကို နှစ်ချက်ရိုက်ပြီး–

"ခင်လေး ဒီကောင်မလေးကို လွှတ်ပေးမနေနဲ့။ ပွတ်သီသွားတာ နှစ်ခါရှိပြီ"

ပြောရာ မမခင်က ကျွန်မကို ကြည့်ပြီး ပြုံး၏။

"ခင်ဗျားတို့ ယုဝတီပိတ်ခံရတာ အရေးမကြီးဘူး။ ကျုပ် သတင်းစာ အပိတ်မခံနိုင်ဘူး"

ပြောပြီး အောက်ထပ် ဆင်းသွားတော့၏။ မမခင်က ဦးလေး မျဉ်းနီတားပြထားသော ဂျာနယ်မှ စကားလုံး ငါးလုံးကို နောက်ရှောင်ကြဉ်ရန် ပြောပါ၏။ ကျွန်မ အသက်ကလည်း နှစ်ဆယ့်တစ်နှစ်ပဲရှိသေးရာ စာပေလည်း သိပ်မကျွမ်း၊ လူရည်ကလည်း မလည်သေးပါ။ အဲဒီလိုပဲ မှန်တာလည်းမှန် မှားတဲ့အခါလည်း မှားနှင့်ပဲ တနင်္လာနေ့တိုင်း ဗမာ့ခေတ်သတင်းစာနှင့် ပူးတွဲထုတ်ဝေရသည့် (တစ်လလျှင် လေးကြိမ်) ကို မှန်မှန်ကန်ကန် နိုင်နိုင်နင်းနင်း ထုတ်ဝေနိုင်ခဲ့ပါပြီ။ စာမူတွေက ဝတ္ထုတွေ၊ ကဗျာတွေပဲ အလာများသည်။ ဗဟုသုတဆောင်းပါး၊ အမျိုးသမီးများ ပညာပေးဆောင်းပါးများ အလွန်လိုနေ၍ အိမ်ရှင်မ ပညာကဏ္ဍကို "ခင်မာနွယ်" အမည်နှင့် လှသထက်လှစေချင် ကဏ္ဍကို "လှယဉ်ယဉ်" အမည်နှင့် နိုင်ငံခြားကဏ္ဍကို "မေမေသက်"နှင့် ကြားဖြတ်အရေးပေါ် ကမ္ဘာ့အမျိုးသမီး သတင်းထူးများကို "ယုယုခင်" နှင့် ကလောင်အမည်ပွားများဖြင့် ရေးရပါသည်။ ဒါ့အပြင် ဟိုအရေး ဒီအရေးကဏ္ဍတွင် "လေနီ"အမည်နှင့် နေ့စဉ်ဖြစ်ရပ်များကို ဝေဖန်အကြံပြုရေးရသော အခန်းကိုပါ မမခင်က တာဝန်ပေး၍ ရေးရပါသည်။ ဤအခန်းကို ရေးသူ မည်သူမှန်း မဖော်ပြပါ။ လျှို့ဝှက်ကလောင်အမည် ဖြစ်သည်။ "လေနီ"မည်သူနည်းဟု အရပ်ရပ်အနယ်နယ်မှ စာဖတ်သူများက မေးမြန်းကြသည်။

သို့ပေမယ့် ရေးသူသည် လျှို့ဝှက်ရမည့် တာဝန်ဖြစ်၍ ဖော်ပြခြင်း မပြုရပါ။ စစ်တပ်တွင် အမည်ဝှက်ထားဘိသကဲ့သို့ "လေနီ"ကိုလည်း အယ်ဒီတာချုပ်နှင့် ကျွန်မမှ တစ်ပါး ဘယ်သူမှန်း မသိပါ။ သို့နှင့်ပင် အမျိုးသမီး ကလောင်အဖွဲ့မှ ဝတ္ထုတို ပြိုင်ပွဲပြုလုပ်ပြီး ကလောင်သစ်များ မွေးဖွားခဲ့ရာ ပြိုင်ပွဲဝတ္ထုတို ပထမ ရွှေတံဆိပ်ကို ရရှိခဲ့သည်။ စည်းကမ်းနှင့်အညီ ဝင်ပြိုင်ပြီး စည်းကမ်းနှင့်အညီရခဲ့သည်။ ထိုဝတ္ထု၏ အမည်မှာ "နှင်းပြောင်းတဲ့နွေငယ်မှာ" ဟူသည့် စစ်နှင့် အချစ်ဝတ္ထု ဖြစ်ပါ၏။ မရေးတတ်ရေးတတ်နှင့် လက်တည့်စမ်းလိုက်တာ ကြက်ကန်းဆန်အိုး တိုးသွားပါသည်။ ဘဝတံခါးပေါက်သို့ တက်လှမ်းရသည့် လှေကားထစ်များပါ။ တိုက်မှာရှိသော အယ်ဒီတာတွေထဲတွင် ကျွန်မသည် အယ်ဒီတာသက် အနုဆုံး၊ ဝါအငယ်ဆုံးဖြစ်၍ တူမငယ် သမီးငယ်ကဲ့သို့ လက်တွဲကူညီကြ၏။ အိမ်ထဲမှ အိမ်ပြင်မထွက်ရသော မြန်မာအမျိုးသမီးတို့၏ သူများအားကို ခါးကျိုးနာလန်မထူနေခဲ့ကြရသော ခေတ်မှ အမျိုးသမီး စာရေးဆရာ၊ အယ်ဒီတာ၊ ဓာတ်ပုံ သတင်းထောက် စသည့် အလုပ်တွေကို နောင်တော် မောင်တော်များနှင့်အတူ တာဝန်ယူထမ်းရမည့် ခေတ်ပြောင်းချိန် ရောက်လာပြီ ဖြစ်ကြောင်း ဆရာသိန်းဖေမြင့်က လာတိုင်း ပြော၏။ လူက ဘယ်လောက်ပဲနုနု စိတ်ဓာတ်တော့ ဘယ်တော့မှ မနုနှင့်ဟု မမခင်ကပြောသည်။ အယ်ဒီတာ မလုပ်တတ်ဘူး ဆိုတာ အခုလုပ်တတ်ပြီ မဟုတ်လားဟုလည်း ပြော၏။ ဟုတ်ပါသည်။ အယ်ဒီတာ ဆိုတာ အစက ဘာမှန်းတောင်မသိ။ သတင်းစာ၊ ဂျာနယ်၊ ဝတ္ထုတိုသာ ဖတ်တတ်သည်။ ဤသတင်းစာ၊ ဂျာနယ်၊ ဝတ္ထုစာအုပ်တွေကို မည်သူတွေက မည်ကဲ့သို့ လုပ်ဆောင်ဖန်တီးကြရသည်ကို လုံးဝ မသိခဲ့ပါ။ နံနက် လေးနာရီတွင် သတင်းစာ တစ်စောင် ဖြစ်ပေါ်လာရန် အယ်ဒီတာအဖွဲ့သည် ၂၄ နာရီ လုပ်အားပေးကြရသည်။

အယ်ဒီတာလက်မှ သတင်းသည် စာစီဌာနသို့ရောက်၊ စာစီမှ စက်ပေါ်ရောက်၊ စက်ပေါ်မှ သတင်းစာများသည် ဖြစ်ပေါ်လာရပြီး လူထုလက်သို့ ရောက်ရှိသည်။ ကျွန်မတို့၏ ဂျာနယ်လည်း ထို့အတူပင် တနင်္လာနေ့ထွက်နိုင်ရန် တစ်ပတ်လုံး ဝတ္ထု ဆောင်းပါး၊ ကဗျာကဏ္ဍ စုံလင်စွာကို ရှုချင်ဖွယ်နှင့် ခံစားမှုရရှိကြစေရန် အချိန်မီ ဖန်တီးရသည်။ တစ်ခါတလေများ အိမ်မှုကိစ္စ ဘာမျှသတိမရ။ တနင်္လာနေ့ အချိန်မီ ထွက်ဖို့ပဲ ရင်ထဲမှာ ပူပန်ရ၏။ သည်တနင်္လာနေ့ပြီးတော့ နောက်တနင်္လာနှင့် တနင်္လာ ပေါင်းများစွာတို့ကို ကျော်ဖြတ်ခဲ့ရသည်။ ဤကဲ့သို့ အလုပ်လုပ်နိုင်အောင်လည်း အတူနေ ကိုထွန်းလွင်၏ မရီးက မငြိုမငြင် ချက်ပြုတ်ကျွေးမွေးထား၍ ဖြစ်၏။

ဂျပန်ခေတ်အတွင်းက မိန်းမဖြစ်နေ၍ မည်မည်ရရ အမှတ်တရ တိုင်းပြည်အတွက် မကူညီခဲ့ရပါ။ ကူညီပါရစေဟု တောင်းဆိုသော်လည်း မဖြစ်ဘူး နင့်ကိုယ်နင်ပဲ လုံအောင်ပုန်းဆိုကာ တာဝန်မပေးခဲ့ကြပါ။ ကျွန်မက ရုပ်ဖျက်လုပ်မှာပေါ့ ဆိုတော့လည်း တာဝန်မပေးခဲ့ကြပါ။ နင့်ရုပ်က ဘယ်လိုလုပ်ဖျက်လို့ရမှာတုံး။ နေစမ်းပါဟာဟု ပြောခံရသည်။ ကျွန်မ မကျေမနပ်၊ ရင်ဝယ် တနုံ့နုံ့နှင့် ရှိခဲ့ရသည်။ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ။ ကျွန်မ ဦးနှောက်နှင့် စာရေးသော ယာဘက်လက်ကို တိုင်းပြည်သို့ လှူလှျှင်ရော မဖြစ်ဘူးလား။ အဲဒီဆုံးဖြတ်ချက်ကို ကျွန်မ ဖြစ်အောင် လုပ်ခဲ့မိပါသည်။ ယုဝတီတွင် အယ်ဒီတာ ဘဝနှင့် တစ်နှစ်လည်းကြာရော ကိုထွန်းလွင်တို့ စစ်ရုံးက မဂ္ဂဇင်း တစ်စောင်ထုတ်မည်ဟု သိရသည်။ ထိုအချိန်က ကိုထွန်းလွင်သည် "စစ်ရုံးချုပ်၊ စစ်ဝန်ထမ်း၊ တပ်ပေါင်းစု အုပ်ချုပ်ရေးနှင့် ငွေစာရင်းဌာန"တွင် အမှုထမ်းနေစဉ် ဖြစ်၏။ တပ်မတော်သား ရဲဘော်များ လက်ရုံးသာမက နှလုံးရည်ပါ ထက်မြက် မြင့်မားလာကြစေရန် မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန် ဗိုလ်မှူးအေးငွေ (ဒဂုန်မြတ်လေးနွယ်)၊ ဗိုလ်မှူး အောင်ကြီး၊ ဗိုလ်မှူးဘကြင်တို့ စီစဉ်ကြသည်။ အမြန်ဆုံး အကောင် အထည်ဖော်ရန်အတွက် ဗိုလ်မှူးဘသောင်း (မောင်သုတ) နှင့် ကိုထွန်းလွင် (ထွဏ်းနေနွယ်) ကို တာဝန်ပေးသည်။ မဂ္ဂဇင်း၏ အမည်ကို "မြဝတီမဂ္ဂဇင်း" ဟု ရွေးချယ်လိုက်သည်။ နာမည်ကျော်စာရေးဆရာကြီးများနှင့် စစ်ပြီးခေတ် စာရေးဆရာများအားလုံးတို့ကလည်း ဝိုင်းဝန်းကူညီရေးသားကြပါရန်နှင့် စာမူခကို ထိုက်ထိုက်တန်တန် ဘယ်ခေတ်ကမှ မပေးခဲ့ဖူးသော စာမူခနှုန်းသစ်ဖြင့် ချီးမြှင့်ခဲ့သည်။

မြဝတီမဂ္ဂဇင်းတိုက်ကို သွားလာဆက်ဆံမှု လွယ်ကူစေရန် ဆူးလေဘုရားလမ်းရှိ ယခင် (DSI) အဆောက်အအုံဘေးတွင် အယ်ဒီတာရုံးခန်းထားရှိပြီး စာစီ၊ ကြော်ငြာဌာနများကိုတော့ အဲဒီကျောဘက် ၃၂ လမ်း နှစ်ထပ် အဆောက်အအုံမှာ ဖွင့်လှစ်ခဲ့သည်။ အစပထမ ပုံနှိပ်စက်မရှိသေး၍ ကောင်းဟာ ပုံနှိပ်တိုက်တွင် ငှားရမ်းရိုက်သည်။ ဆပ်သွားဖူးတဲ့ တစ်ရုံနှစ်ရုံ ကျေးတွေက အုံဆိုသလိုပင် စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ဘလောက်ဆရာ၊ မြဝတီတွင် ပျော်ရွှင်တပြုံးပြုံး ရှိကြသည်။

အတွဲ(၁)၊ အမှတ်(၁) မြဝတီမဂ္ဂဇင်း ထွက်လာပါပြီ။ ဓာတ်ပုံ၊ ပန်းချီ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာတို့ဖြင့် ဝေဝေဆာဆာ ခုံခုံညားညား၊ "မြဝတီ" ကို တပ်မတော်သားများသာမက ပြည်သူ့စာဖတ်ပရိသတ် အားလုံးကပါ နှစ်သက်စွာ အားပေးခဲ့ကြ၏။ လက်ရှိမဂ္ဂဇင်းတို့နှင့်မတူ တစ်မူ တပ်မတော်သား စစ်သည်များအတွက် မဂ္ဂဇင်းကြီး

ပါပင်။ တပ်မတော်ထဲမှ စာဆိုစစ်သည်များလည်း ပေါ်ထွက်လာပါသည်။ မြဝတီ စာအုပ်ကို ကြည့်ကြည့်ပြီး ပီတိဖြစ်နေသောသူ့ကို မြင်ရသူ ကျွန်မပါ စိတ်ကြည်နူးရသည်။

စစ်မတိုက်ခဲ့ရသောသူ့အတွက် တပ်မတော်သားများအား အမောပြေ၊ အပန်းဖြေ၊ မြဝတီကို ပေးလှူရသည်မှာလည်း တိုင်းပြည်ကို ချစ်ခြင်းပင် ဖြစ်ကြောင်း ပြောသည်။ ကျွန်မယုဝတီတွင် အယ်ဒီတာလုပ်ပြီး တစ်နှစ်လည်းကြာရော သူပါ မြဝတီတွင် အယ်ဒီတာဖြစ်ခဲ့ရာ သူနှင့် ကျွန်မတို့၏ နှစ်ကံပြိုင် ဖူးစာကတော့ ထူးပါ၏။ မြဝတီလည်း အရှိန်ကောင်းကောင်းနှင့် ထွက်ရှိနေသလို ယုဝတီကလည်း ဗမာ့ခေတ်နှင့် တွဲလျက်ပင်။ ပြည်တွင်းသောင်းကျန်းသူများ နှိမ်နင်းနေချိန်မှာ တရုတ်ဖြူက ကျူးကျော်လာပြန်၏။ ဤအချိန်တွင် မြဝတီသည် ကလောင်အင်အားနှင့် တပ်မတော်သားများ၏ စိတ်ဓာတ်ကို နောက်တန်းမှ အားဖြည့်ပေးခဲ့သည်။ အမိနိုင်ငံတော်ကို ကာကွယ်ကြရန် စစ်သွေးဆူဝေသော ကဗျာများ အထူးဖော်ပြခဲ့သည်။ မြန်မာ့တပ်မတော် စစ်သမိုင်းနှင့် ပတ်သက်သော ဆောင်းပါးကောင်း၊ စာရေးဆရာကြီးများနှင့် တိုက်ပွဲဝင်ပုဂ္ဂိုလ်တို့က ကိုယ်တွေ့ တိုက်ပွဲမှတ်တမ်းများကို မမီလိုက်သော ကျောင်းသားငယ်တို့အတွက် မျိုးချစ်စိတ်ကိုနှိုး၍ ပေးခဲ့သည်။ သူနှင့် ကျွန်မမှာ တစ်နေ့လုံး မတွေ့ကြ။ ဖုန်းနှင့်ပဲ သမီးရည်းစားလို ပြောကြရသည်။ မဂ္ဂဇင်းဖောင်ပိတ်ရက် အထူးထုတ်ဝေသော လများဆိုလျှင် ညတစ်နာရီလောက်မှ ပြန်ရောက်လာသည်။ မနက်ကျတော့လည်း ခုနစ်နာရီ ထပြေးရပြန်သည်။ အဲဒါတွေကို မမောဘူးလားဟု မေးလျှင် မောတော့ မောတာပေါ့ ဒါပေမဲ့ မမောဘူးဟုပဲ ဖြေရပါသည်။ ဝါသနာပါသော အလုပ်ကို လုပ်ရသော ကျွန်မတို့ နှစ်ယောက်စလုံး တစ်ဦးကို တစ်ဦး နားလည်ကြသည်။ သူဌေးကိုသာ ယူခဲ့လျှင် ကျွန်မ ဤလို အလုပ်လုပ်ရပါ့မလား။ ဝါသနာတူသူကို ယူခဲ့၍သာ ကျွန်မ စိတ်ကျေနပ် ပျော်ရွှင်ရပါသည်။

သူဌေးမဖြစ်၍လည်း ကျွန်မ ဝမ်းမနည်း၊ သည်လို တာဝန်တွေကြားမှပဲ မမခင်နှင့် ကျွန်မ ယိုးဒယား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှားနိုင်ငံများသို့ အလည်အပတ် နိုင်ငံခြား ဗဟုသုတ ခရီးထွက်ခဲ့သည်။ တနင်္ဂနွေ နှစ်ပတ်ခန့်မို့ ဂျာနယ် နှစ်ပတ်စာ စာမူများ ရွေးချယ်ရေးသားခဲ့ပြီး အထုပ်နှစ်ထုပ် ထုပ်ပေးခဲ့သည်။ စာစီဆရာများမှာ ဝါရင့်တွေမို့ ကျွန်မ စီစဉ်ပေးခဲ့သည့်အတိုင်း မမှားမယွင်း ထုတ်ဝေပေးသည်။ ၁၄ ရက်နှင့် ပြန်ရောက်မလာကြလျှင်တော့ ဒုက္ခပဲဟု စိတ်ပူနေကြရာ ပြန်ရောက်လာကြ၍ ရင်ထဲမှ အလုံးကြီး ကျသွားကြောင်းပြောကြ၏။ ထိုအချိန်တွင် မဂ္ဂဇင်းဝတ္ထုတို

များကို ကျွန်မ အချိန်လုပြီး ရေးခဲ့ပါသည်။ ရှုမဝ၊ သွေးသောက်၊ မြဝတီ၊ သက်လျာ၊ ပေဖူးလွှာ၊ နော်ရထာတို့တွင် အဆက်မပြတ်ရေးခဲ့သည်။ ၁၉၆၁ ခုနှစ်ရောက်တော့ ကိုထွန်းလွင်သည် နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်မှု အစီအစဉ်အရ အမေရိကန်နိုင်ငံသို့ "ခြောက်" လ သွားရောက် လေ့လာခွင့်ကို ရခဲ့သည်။ ခြောက်လကြာတော့ သူ ပြန်ရောက်လာပြီး မကြာခင်ပင် ဗမာ့ခေတ် သတင်းစာတိုက်ကြီး ပြိုကွဲခဲ့လေသည်။ တိုတောင်းသော အချိန်အတွင်းမှပင် ဝုန်းခနဲ ပေါက်ကွဲပြီး ဝုန်းခနဲ ဗမာ့ခေတ်သည် ပျောက်ပျက်သွားရသည့် မြင်ကွင်းသည် တရားရစရာ ဖြစ်၏။ ဦးလေးနှင့် မမခင်တို့ အိမ်ထောင်ရေး၊ လူမှုရေးအရ ယခုလို ပြိုကွဲသွားသောအခါ ဗမာ့ခေတ်နှင့် ပူးတွဲထုတ်ဝေခဲ့သော ယုဝတီသည်လည်း ဗမာ့ခေတ်နှင့် ကွဲကွာခဲ့ရ၏။ ဦးလေးက မိုးကြိုးသတင်းစာကို ထုတ်သည်။ မမခင်က ယုဝတီနေ့စဉ်သတင်းစာကို ထုတ်ပြန်ရာ အဖေ့ဘက်ပါသွားသော သားများက မိုးကြိုးကို ဦးစီး အမေ့ဘက်ပါလာသော သမီးက ယုဝတီကို ဦးစီးခဲ့ရသည်။ ယုဝတီ သတင်းစာကို စတင် ထုတ်ဝေနေစဉ် တော်လှန်ရေးကောင်စီ အစိုးရ၏ အစီအစဉ်အရ ယိုဒယားနိုင်ငံမှ ကော်ရီ နရီ ဂျက်လေယာဉ် သစ်ဖွင့်ပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ သတင်းစာဆရာ နှစ်ဦးကို ဖိတ်ကြားခံရရာ မိုးကြိုးမှ အယ်ဒီတာ ဦးမောင်လေး (ဖိုးသောကြာ) နှင့် ယုဝတီသတင်းစာမှ ယုဝတီမာလာသိန်း ကျွန်မကို ရွေးချယ်စေလွှတ်ပါလေတော့၏။ အဖေ့သားနှင့် အမေ့သမီး စာပေမောင်နှမ ဖိုးသောကြာနှင့် ကျွန်မမှာ ငိုရမလို ရယ်ရမလို၊ မချိမချဉ် မျက်နှာကလေးတွေနှင့် လေယာဉ်ပေါ် ရောက်ခဲ့ရသည်။ လေယာဉ်ပေါ်ရောက်တော့ နှစ်ယောက်သား ထိုင်ခုံတွဲလျက်။ တော်ပါသေး၏။ ကျွန်မတို့မောင်နှမ နားလည်မှုရကြ၍ ခရီးစဉ်တစ်လျှောက် အဆင်ပြေခဲ့ရသည်။ သွားရသည့်ခရီးမှာ ဂျပန်နိုင်ငံသို့ အလည်အပတ် ၁၁ ရက်ခရီး ဖြစ်၏။ လေဆိပ်တွင် ကြေးမုံနှင့် အထောက်တော် သတင်းစာတ်ပုံဆရာတို့က ဖိုးသောကြာကို–

"ကောင်းကောင်း သွားကြနော်။ လမ်းမှာ ရန်ဖြစ်မနေကြနဲ့ဦး"ဟု နောက်လွှတ်လိုက်သည်။ နေ့စဉ်သတင်းစာ တစ်စောင်၏ 'မ'တည် ရင်းနှီးမြှုပ်နှံငွေနှင့် နေ့စဉ်ကုန်ကျစရိတ်မှာ နည်းသည် မဟုတ်ပါ။ မမခင်သည် မဖြစ်မနေ ယုဝတီသတင်းစာနှင့် ဂျာနယ် ရပ်တည်မှုအတွက် ကြိုးစားခဲ့သည်။ သို့သော်.....သို့သော် ယုဝတီ သတင်းစာနှင့် ပူးတွဲထုတ်ဝေသော ယုဝတီဂျာနယ်သည် အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသည်။

ယုဝတီသတင်းစာ ရပ်ဆိုင်းရချိန်တွင် ကျွန်မသည် သားသုံးယောက်တို့၏ မိခင် ဘ/၀ရောက်နေပါပြီ။ အဲသည်သားသုံးယောက်ကို ဘယ်အချိန်က မွေးဖွားလိုက်ပါ သနည်းဟု မေးလျှင် အဲသည် ၁၉၅၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ယုဝတီဂျာနယ်ကို တာဝန်ယူနေရစဉ်ကာလများမှာပင် မွေးဖွားခဲ့ခြင်း ဖြစ်သည်။ ကျန်းမာသော မိခင် တစ်ဦးအဖို့ သားဖွားသည့် အလုပ်သည် သဘာဝတရားအတိုင်းဖြစ်၍ နေ့လစေ့လျှင် ခွင့်တစ်လ ယူကာ နားလိုက်သည်။ သက်သာစွာနေပြီး ပြည့်ဝသော အာဟာရကို စားသည်။ ဗိုက်နာတော့ ဆေးရုံသွားသည်။ အချိန်ကျတော့ မွေးဖွားသည်။ ခုနစ်ရက် ပြည့်တော့ ဆေးရုံကဆင်း တစ်ပတ်ပဲ နားရသည်။ အလုပ်တွေက တစ်ပုံကြီး စားပွဲ ပေါ်က စောင့်ကြိုနေကြပြီ။ နာရီပိုင်းသွားလုပ်၊ အိမ်ပြန်နားနှင့်ပဲ ကလေးသုံးယောက် ရခဲ့သည်။နာနီအထိန်းနှင့်ပဲထား၍ ကလေးတွေကလည်း ကျွန်မ ထွက်သွားလည်း မငိုကြ။ ပြန်မလာလည်း မငိုကြ။ နာနီတွေကိုပဲ ခင်ကြသည်။ နာနီနှင့်ပဲ အိပ်ကြ၍ ကျွန်မမှာ အပျိုကဲ့သို့ပင် လွတ်လပ်စွာ နေခဲ့ရပါသည်။ ကလေးတွေကို ကြည့်ရှုပေးမည့် သူရှိ၍လည်း အလုပ်လုပ်နိုင်ခြင်းပါပင်။ ယုဝတီသတင်းစာ ရပ်ချိန်မှာပင် ကိုထွန်းလွင် ကို အထက်လူကြီးများက "ခလေးဂျာနယ်" ထုတ်စေခဲ့ပြန်ပါ၏။ ကလေးများအတွက် ထုတ်ဝေခဲ့သော်လည်း လူကြီးတွေပါ ကြိုက်နှစ်သက်သော ဂျာနယ် ဖြစ်သည်။ နောက် "ရောင်ခြည်" ဂျာနယ် ထုတ်ပြန်သည်။ ရောင်ခြည်ဂျာနယ်မှာတော့ အယ်ဒီတာ မဟုတ်။ မန်နေဂျာ ဖြစ်သည်။ နောက် ရောင်ခြည်ဂျာနယ်ကို လွှဲပေးခဲ့ပြီး မူလမြဝတီမှာပင် အယ်ဒီတာချုပ် ပြန်လုပ်ပါသည်။

သူ အလုပ်များနေချိန် ကျွန်မက ယုဝတီရပ်သွား၍ အငြိမ်းစားဘဝနှင့် ဝတ္ထုတို တွေချည်း ရေးရင်း လုံးချင်းစာအုပ်ခေတ်ကို ရောက်လာသည်။ ပထမ "မုန်းသူကိုမှ ချစ်ချင်တယ်" ဝတ္ထုကို စန္ဒာဝင်းပုံနှိပ်တိုက်မှ လာဝယ်ယူ၍ စာမူခ ၃၀၀ ကျပ်ရပြီး စာအုပ်၏ တန်ဖိုးမှာ ၇၅ ပြား ဖြစ်၏။ ပွဲဦးထွက် လုံးချင်းဝတ္ထုပါ။ အဲဒီအချိန်က စာအုပ်တစ်အုပ် ပြား ၆၀ တန်တွေ ဆိုပါတော့။ ဒီနောက် ကျုံပျော်စာပေ၊ ဇမ္ဗူဝင်း စာပေ၊ စကြဝဠာစာပေ၊ အလိမ္မာစာပေ၊ ဖွဲ့စာပေ၊ မာဃစာပေ၊ နှလုံးလှစာပေ၊ ဒေါင်း ပုံနှိပ်တိုက်နှင့် အခြား (မမှတ်မိတော့ပါ) စာပေတိုက်များကို တစ်လတစ်အုပ် အလှည့် နှင့် ရေးပေးခဲ့ပြီး ရှုမဝ၊ မြဝတီ၊ သွေးသောက်တို့ကိုလည်း ဝတ္ထုရှည် ရေးပေးရသည်။ နံနက် ကိုးနာရီမှ ထမင်းစားချိန် စားလိုက်၊ ကော်ဖီချိန်သောက်လိုက်၊ လက်ဖက် တစ်ပန်းကန် ဘေးထားပြီး ရေးလိုက်၊ စားလိုက်၊ ညောင်းလျှင် ခဏထ လမ်းလျှောက်

လိုက်၊ အိမ်ရာပေါ် လှဲလိုက် စကားများသည့် စပ်စုသည့် ဧည့်သည်မလာပါစေနှင့် ဆုတောင်းလိုက်နှင့် နေ့စဉ်ရေးခဲ့ရသည်။

စာပေတိုက်တွေကလည်း စာမူလာတောင်းသော နေ့မှာပင် စရန်တစ်ဝက်ကို ပေးကြသည်။ စာမူအပြီးအစုံပေးလျှင် ကျန်ငွေတစ်ဝက်ကို အပြတ်ရှင်းရသည်။ ကျွန်မက ဘယ်စာပေတိုက်ကိုမှ ဘယ်မဂ္ဂဇင်းတိုက်ကိုမှ မရောက်ဘူးပါ။ အိမ်တွင်းပုန်း ဖြစ်၏။ ဂျပန်ခေတ်တစ်ခေတ်လုံးနှင့် ရဲဘော်ဖြူခေတ် တစ်လျှောက်လုံး ပုန်းခဲ့ရ၍ အရှိန်က မပြေ၊ အပုန်းအကျင့် ပါနေပါသည်။ လစဉ် စာအုပ်ထွက်နိုင်ရန်အတွက် တစ်လကြို၍ စာမူကို စဆုံးပေးရသည်။ စာအုပ်ထွက်လျှင် မေတ္တာလက်ဆောင် စာအုပ် တစ်ရာစည်း တစ်စည်း လာပို့သည်။ ရောင်းဈေးမှာ ပထမ နှစ်ကျပ်၊ နောက်ကျ လေးကျပ်ဖြစ်ပြီး တစ်ခါတစ်ခါ စာမရေးချင်တော့၍ ခရီးထွက်ရပါသည်။

ခရီးထွက်လိုက်တော့ ဦးနှောက်က လန်းဆန်းလာပြန်ပြီး စာရေးစရာတွေ ခေါင်းထဲ ပြည့်လာပြန်သည်။ ရုပ်ရှင်ကုမ္ပဏီ နှစ်ခုက ကျွန်မဝတ္ထု နှစ်ပုဒ်ကို ရုပ်ရှင်ရိုက်ယူရန် ဝယ်ယူသည်။ "မြေသဉ္ဇာနှင့်" "အသည်းထောင့်မှာ နေရာပေးပါ" ဖြစ်၏။ မြေသဉ္ဇာကို "ချစ်လည်းခက်ခက် မုန်းလည်းခက်ခက်"ဟု အမည်ပြောင်း၍ ရိုက်ပြီး "အသည်းထောင့်မှာ နေရာပေးပါ" ကို "အသည်းထောင့်မှာတစ်နေရာ" ဟု ရိုက်သည်။ နောက်ပိုင်း ဝတ္ထု လာဝယ်ပါသည်။ သေသော ဇာတ်လမ်းကို ရှင်ခိုင်းပါသည်။ ဇာတ်လမ်းတစ်ဝက်ကိုပဲ ယူမည်။ ဝတ္ထုနာမည် ပြောင်းပေးပါတွေ ရှုပ်လွန်းသဖြင့် ကျွန်မ မရောင်းတော့ပါ၊ ဖြတ်သင့်ဖြတ်သင့်တာကို ကျွန်မ လက်ခံပါသည်။ ရေးပြီးသား ဇာတ်လမ်းကို ဟိုလို ဒီလို မပြင်နိုင်ပါ။ ပိုက်ဆံမရလည်း ရှိပါစေတော့။ အဲဒီလိုဖြစ်တော့ ကျွန်မဆီ လာစကား မကမ်းတော့ဘဲ သူတို့ကြိုက်သော အခန်းလေးကို ယူရိုက်လိုက်ပါတော့၏။ အဲဒီလို စာရေးဆရာ ဦးနှောက်ဖောက်စားသော စားနေကျ ကြောင်ပါးလည်း တွေ့ဖူးပါသည်။ ကျွန်မဝတ္ထုများတွင် ပန်းချီတော့ ကျွန်မ နှစ်သက်သော ပန်းချီဆရာများကို အပ်ကြပါရန် ထုတ်ဝေသူတို့ကို ခွင့်တောင်းရ၏။

သူတို့ကလည်း စာရေးဆရာ အလိုကို လိုက်ကြပါ၏။ ပန်းချီကိုလေး၊ သောင်းဟန်၊ စံတိုးတို့ကို ကျွန်မ အလွန်ကြိုက်ပါ၏။ ယုဝတီဂျာနယ် ရပ်လိုက်သဖြင့် ကျွန်မ လုံးချင်းလောကထဲ ရောက်သွားခြင်း ဖြစ်သည်။ ကျွန်မ ကုသိုလ်ကံက အဲဒီအတိုင်းပါပဲ။ တစ်ခုပျက်လျှင် တစ်ခု ဖြစ်လာသည်။ အဲဒီလိုနှင့်ပဲ ကျွန်မဘဝသည် အမျိုးမျိုး ပြောင်းလဲလာခြင်း ဖြစ်သည်။ မမခင်သည် အမြတ်တော်ကြေး ကိစ္စများကြောင့် ဗမာ့ခေတ်

အိမ်ကြီးပေါ်မှ ဆင်းပြီး သိမ်ဖြူလမ်း၊ ကြယ်ငါးပွင့်ရှေ့မှ တိုက်တွင် နေသည်။ ရုပ်ရှင်ကားကောင်းလျှင် နေ့လယ်ပွဲအတွက် လက်မှတ်ဝယ်ပြီးပြီ လိုက်ခဲ့ပါဟု ကားနှင့် အခေါ်လွှတ်လျှင် ဝတ္ထုကို ရပ်ထားခဲ့ပြီး လိုက်ကြည့်။ ညနေအိမ်ပြန်ရောက်မှ ရေချိုးသနပ်ခါးလူးပြီး နေ့လယ်က ရပ်ထားသောအခန်း ပြန်ဆက်ရေးရသည်။ စာရေးဆရာ၏ အကြီးဆုံး ရန်သူမှာ အလိုက်မသိ လေကြောရှည်သော ဧည့်သည်ပင် ဖြစ်ပါသည်။

ငွေတာရီ၊ ပေဖူးလွှာ၊ စံပယ်ဖြူ၊ စပယ်ဦး၊ စာပေလုပ်သား၊ ရွှေသမင်၊ စစ်ပြန်၊ လုံမလေးတို့တွင် ဝတ္ထုတိုများ အဆက်မပြတ် ရေးသားခဲ့သည်။ ခရီးသွားဆောင်းပါး၊ ဘာသာရေး ဆောင်းပါး အချို့ကို ရတနာမွန်၊ မြတ်မင်္ဂလာ၊ ဂမ္ဘီရ၊ ဝေဒတို့တွင် ရေးပါသည်။ ဝတ္ထုတို နှစ်ရာကျော်လောက် ရှိပါမည်။ (မမှတ်မိတော့ပါ) ဆောင်းပါးလည်း သုံးရာနီးပါးပါပဲ။ လုံးချင်းကတော့ (---) အုပ် ဖြစ်ပါသည်။ ကဗျာနှင့် စာညွှန်းကလေးတွေကလည်း ရှိပါသေးသည်။ ခလေးဂျာနယ်တွင် ကလေးပုံပြင်များ ရေးခဲ့သည်။ စာမရေးလျှင် ရင်ပြည့်ပြီး ထမင်းမစားနိုင်၊ စာရေးလိုက်ရမှ ရင်ချောင်သွားပြီး ထမင်းဆာလာပါသည်။

အဲသည်စာရေးဆရာမ ဘဝကို ကျွန်မ ဘယ်လိုမြတ်နိုးမှန်း ကြည်နူးမှန်း မသိပါ။ သူဌေးတို့၊ စစ်ဗိုလ်တို့နှင့်ယူလျှင် သူတို့ကျွန်မကို သည်လိုနေထိုင်ခွင့်ရပါမလား။ သူပုန်များ ယူဖြစ်လျှင်တော့ တွေးတောင်မတွေးရဲ။ ချစ်သူအရွေးမှန်ခဲ့လို့ တော်ပါသေးရဲ့။ စာရေးဆရာတို့၏ နှလုံးသားမှ လိုလားချက်သည် စည်းစိမ်ဥစ္စာ မဟုတ်ပါ။ လွတ်လပ်မှုသာ ဖြစ်ပါသည်။ နန်းတော်ကြီးထဲမှာနေပါ၊ စာမရေးပါနှင့်ဟုဆိုလျှင် စာမရေးဘဲ မနေနိုင်၊ တဲနှင့်ပဲ နေပါမည်ဟု ဖြေရဲပါသည်။ လုံးချင်းဝတ္ထုတွေ ရေးနေချိန်မှာ ကျွန်မ ချစ်မိတ်ဆွေကြီး ကိုသန်းဦး တေးသံရှင် အဆိုတော်ဘဝနှင့် ကွယ်လွန်သည်။ အရက်တွေ သိပ်သောက်နေသည်။ လာခဲ့ပါဦးဟု မမအုန်းက ပြောသော်လည်း ကျွန်မ မသွားပါ။ သီတင်းကျွတ်တိုင်း ဦးနှင့်မမတို့ကို ကျွန်မ သွားကန်တော့ရာ ကျွန်မလာလျှင် သူ ရှောင်သွားသည်။ အဲဒါကြောင့် မမအုန်းက မှာတာကို ကျွန်မ မသွားချင်ပါ။ နောက်မင်္ဂလာဒုံ စစ်ဆေးရုံတွင် ကုသနေကြောင်း ကိုထွန်းလွင်က သွားမေးရန် ပြောသည်။ ကျွန်မ မလိုက်ပါ။ သူပဲသွားပြီး ခြေ၊ လက်၊ ကိုယ်၊ ဖောနေကြောင်း ပြန်ပြော ပြ၏။ ကလေးတွေ နေကောင်းသလား မေးပြီး ကျွန်မကိုတော့ လုံးဝ မမေးတဲ့။ သည့်နောက် ကွယ်လွန်သည့် အလောင်းကို အိမ်ယူလာသည်ဆို၍ ကျွန်မ သွားရပါသည်။ သူ့အစ်မများက ဆီးငိုရင်း

"ကြည့်မလား" ဟု မေးကြသည်။ ကျွန်မက မကြည့်တော့ဟု ခေါင်းခါပြခဲ့ပါသည်။ မကြည့်တော့ခဲ့ပေမဲ့ ငိုတော့ ငိုခဲ့ပါသည်။ သင်္ဂြိုဟ်သောနေ့ ကိုထွန်းလွင်က အတင်း ခေါ်သော်လည်း ကျွန်မ မလိုက်တော့ပါ။ ကိုထွန်းလွင် ပြန်လာပြီး စိတ်မကောင်းစွာနှင့် ကျွန်မကို–

"သေတဲ့လူကို မစိမ်းကားကောင်းဘူး"

ဟု ပြောသည်။ ကျွန်မက သူ့ကို စကားတစ်ခွန်းနှင့် ချေပမလို့ ပါးစပ်ဟတာကို လက်ကာတားပြီး ကျွန်မသားဦး ဗိုက်နာ၍ ဆေးရုံပို့ထားစဉ် သူနှင့် ဖရေဇာလမ်းမှာ တွေ့ကြောင်း အကျိုးအကြောင်း ပြောပြတော့–

သူပါ လိုက်ခဲ့မည်ဟုပြော၍ ကိုထွန်းလွင်က ဟာ... မလိုက်ပါနဲ့၊ ဘယ်အချိန်မှ မွေးမည် မသိကြောင်း ပြောသော်လည်း မရဘဲ ဆေးရုံကိုပါလာကြောင်း၊ ဆေးရုံ ရောက်တော့ ညနေ ငါးနာရီခွဲပြီဖြစ်ကြောင်း၊ အပေါ်ထပ်ကိုမလိုက် အောက်ထပ်မှာပဲ နေခဲ့ကြောင်း၊ သားကို မွေးတော့ ည ရှစ်နာရီဖြစ်ကြောင်း၊ သူ့ကို သတိရ၍ ကိုထွန်းလွင် ဆေးရုံအောက်ထပ်ရောက်တော့ သူ့ကို ခုံတန်းလျားမှာ ထိုင်လျက် တွေ့ကြောင်း၊ ယောကျ်ားလေး မွေးပြီဟု ပြောတော့ စိတ်ပူလို့ စောင့်နေကြောင်း၊ ပြောပြီး နှုတ်ဆက် ပြန်သွားကြောင်း ပြောပြသည်။ အဲဒီအကြောင်း အခုမှ ပြောပြ၏။

ကျွန်မ ဘာမှ မပြောတော့ပါ။ အိပ်ခန်းထဲဝင်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်။ ဘာများ တတ်နိုင်တော့မည်နည်း။ ကျွန်မရင်ဝယ် တင်းကျပ်လွန်း၍ ထွက်ပေါက်အဖြစ် "လှနတ်ရှင်" ဝတ္ထုကို ရေးလိုက်တော့မှ ရင်မှာ ပေါ့သွားပါသည်။ ဒါပေမဲ့ ကျွန်မ ဝတ္ထုကို သူ ဖတ်မသွားရတော့ပါ။ လှ့ဘဝသည် ဇာတ်လမ်းပေါင်းများစွာကို ရိုက်ကူး ထုတ်လုပ်သော ဇာတ်ဆရာကြီး ဖြစ်သည်။ မျှော်လင့်ချက်နှင့် အသက်ရှင်နေရသူတွေ မျှော်လင့်ချက်ဆုံးရှုံးပြီး အသက်ဆုံးသွားရသူတွေအားလုံးမှာ ကိုယ့်ဝေဒနာကိုယ် မပြော ရဘဲ မျိုသိပ်ထားကြရလေသည်။ ရိုးရိုးလူတွေထက် စာရေးတတ်သူများမှာ တစ်ပန်း သာတာကတော့ မိမိခံစားချက်ကို သွယ်ဝိုက်၍လည်းကောင်း၊ ဖြစ်ရပ်အမှန်အတိုင်း လည်းကောင်း ကလောင်နှင့် ရင်ဖွင့်နိုင်၍ ဆရာဝန်ထံသွားစရာမလို၊ ကိုယ့်ရောဂါ ကိုယ်သိသည်။ ဝတ္ထုတွေကို အလကားအား၍၊ ပိုက်ဆံရ၍ ရေးခဲ့သည့် ဝတ္ထုတစ်ပုဒ်မျှ မရှိ၊ ခံစားချက်ဝေဒနာ၊ စေတနာ၊ မေတ္တာများဖြင့် ရေးခဲ့သည်သာ ဖြစ်ပါသည်။ ကိုယ်ရေးခဲ့သည်စာတွေ ကိုယ် မမှတ်မိပါ။ တစ်ခါတလေ ခရီးထွက်သောအခါ ရောက် သည့်နေရာမှ စာချစ်သူ အချို့က ကျွန်မဝတ္ထုထဲမှ စာပိုဒ်လေး တစ်ကြောင်း၊ နှစ်ကြောင်း

ကို ပြတ်ပြပြီး ကြိုက်နှစ်သက်ကြောင်း အလွတ်ရကြောင်း ပြောလျှင် အံ့ဩဝမ်းသာ ရင်မှာ ပျော်ရွှင်မိပါသည်။ စာမျက်နှာ သုံးရာကျော် ရေးရသော စာအုပ်တစ်အုပ်မှ စာဖတ်သူ ရင်တွင်းသို့ စာတစ်ကြောင်း ဝင်သွားသည်ဆိုလျှင်ပဲ ရေးရသူမှာ ပီတိဖြာရ ပါသည်။ အဲဒီလိုနှင့် ကိုထွန်းလွင် ပင်စင်ယူပါသည်။ လုံးချင်းဝတ္ထုလောကတွင် "စာရေးဆရာမ" တွေ၏ ဝတ္ထုများ စွံမှန်းသိသော ထုတ်ဝေသူ အချို့က အမျိုးသမီး ကလောင်အမည်တုများနှင့် ပလူပျံအောင် ထုတ်ဝေလာကြ၍ စာရေးဆရာမ အစစ် တွေက မိမိသိက္ခာ မိမိထိန်းကြပြီး စာအုပ်ထွက်နှုန်းကို ကန့်သတ်စိစစ်လိုက်ကြသည်။

အမျိုးသားရေးဟန်နှင့် အမျိုးသမီးရေးဟန် တူကို မတူပါ။ ရေးဟန်မတူ အမြင် ချင်းလည်းမတူ၊ ခံစားချက်လည်း မတူပါ။ နာမည်ကျော် စာရေးဆရာများစွာတို့၏ အရေးအသားများမှာ သူ့ပရိသတ်နှင့် သူ့အသည်းခိုက် စွဲကြိုက်ထားရှိကြပြီး ဖြစ်သည်။ ရှဲဒိုးဝတ္ထုတွေကျတော့ အပျော်ဖတ်ပရိသတ်အတွက်သာဖြစ်ရာ ဆားပါသည့် "ဘဝ" ဟင်း မဟုတ်တော့ဘဲ ဆားမပါသည့် ပေါ့တော့တော့ "အချစ်" ဟင်းတွေချည်း ဖြစ် နေသည်။ အရွယ်ဝင်စ စာဖတ်သူကလေးတွေကို အချစ်သင်တန်းတွေ ချည်းပေးကြ လေသည်။ နောက်တစ်ခါ ကလောင်နာမည်အသစ်နှင့် ရေးပေးပါဟု ပြောသူက ရှိ ပြန်သည်။ ကျွန်မ သေသည့်အထိ ကျွန်မကလောင် နာမည်နှင့်ပဲ သေပါမည်ဟု အပြတ်ပြောခဲ့ရသည်။ ကျွန်မ စာပေသက်တမ်း တစ်လျှောက်လုံး စာဖတ်သူတို့အား အဆိပ်ပါသော စာပေ မရေးခဲ့ပါ။ လုံးချင်းလောကကို ကျွန်မ စိတ်ကုန်သွားပြီး ဝတ္ထုတို တွေပဲ မဂ္ဂဇင်းများတွင် ရေးနေခဲ့၏။ တကယ်တော့ လုံးချင်းထက် ဝတ္ထုတိုကိုပဲ ကျွန်မ နှစ်သက်၏။ စန္ဒာ၊ ငွေတာရီ၊ ပေဖူးလွှာ၊ စံပယ်ဖြူ၊ စစ်ပြန်၊ စာပေလုပ်သား၊ လုံမလေး၊ ရွှေသမင်၊ စာပန်းခင်း၊ စပယ်ဦး၊ ရုပ်ရှင်စာစောင်အချို့တွင်လည်းကောင်း၊ ဂမ္ဘီရ၊ ဝေဒ စသည့် ဘာသာရေးသုတမဂ္ဂဇင်းကြီးများတွင်လည်းကောင်း တစ်လ နှစ်ပုဒ် လောက်ပါမှ ကျေနပ်ပါသည်။ မရေးရလျှင် စာပေကြွေးတင်သလို ခေါင်းမူးပြီး နေပါ၏။

စာပေရောဂါ အတက်ကြမ်းခဲ့စဉ်က ရေးခဲ့သော စာများမှာ ဝတ္ထုတို ၂၀၀နီးပါး၊ မဂ္ဂဇင်းနှင့် သတင်းစာ ဆောင်းပါးများ ၃၀၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ခြောက်ပုဒ်၊ ကဗျာစာညွှန့် ၁၀ ပုဒ်၊ လုံးချင်းဝတ္ထု ၅၃ အုပ် ရေးခဲ့ပါသည်။ ခလေးဂျာနယ်တွင်တော့ ကလေးပုံပြင်လေးများ ရေးခဲ့၏။ စပယ်ဦးကဆိုလျှင် သုံးပုဒ် ရေးပေးထားရပြီး အဆက် မပြတ် လစဉ်လိုလို ထည့်သွင်းပေးသည်။ စာမူခကိုလည်း စာမူပေးသည့်နေ့ကတည်း က သုံးပုဒ်တွက် တစ်ခါတည်း ထုတ်ပေးသည်။ ဘယ်မဂ္ဂဇင်းတိုက်မှ ဤလို မရခဲ့ပါ။

ကိုထွန်းလွင် (မြဝတီအယ်ဒီတာ) ဘဝကလည်း ကျွန်မကို ကြိုထုတ်မပေးခဲ့ပါ။ စာမူပါမှသာ စာမူခကို ရရှိပါ၏။ ထို့ကြောင့် စပယ်ဦး၏ စေတနာကို ချီးကျူးပါသည်။ အခုတော့ စာရေးရမှာ မျက်လုံးက အလွန်ဝန်လေးနေသော်လည်း ခင်မင်သူ အယ်ဒီတာအချို့က အချစ်ဝတ္ထုပဲ ရေးပေးပါ ပြောလာသည့် ထုတ်ဝေသူ အချို့ကို စိတ်ကုန်ရင်း လုံးချင်းလောကနှင့်လည်း ဝေးခဲ့သည်။

အုပ်ရေအများဆုံးနှင့် လူကြိုက်အများဆုံး ခေတ်ပေါ်ဝတ္ထုကို ကျွန်မ ဖတ်ကြည့်မိပါသည်။ အဲသည့်ရေးဟန်မျိုး ကျွန်မ လုံးဝ မရေးတတ်ပါ။ လုံးချင်းကို ရပ်နားနေမိသည့်အချိန်မှာပဲ ယုဝတီဂျာနယ်တွင် အယ်ဒီတာ လာလုပ်ပေးပါရန် ဒေါ်ဒဂုန် ခင်ခင်လေး၏တူမ တင်တင်မက လာခေါ်သည်။ ယုဝတီကိုတော့ သံယောဇဉ်ရှိ၍ လက်ခံလိုက်ပြီး နံနက် ၁၀ နာရီမှ နေ့လယ် တစ်နာရီထိ အလုပ်ဆင်းပေးရသည်။ တင်တင်မနှင့် ကျွန်မတို့မှာ ဗမာ့ခေတ်တွင် နှစ်ပေါင်းများစွာ အတူနေလာခဲ့ကြသည်မို့ ညီမလို ချစ်ခင်ကြသဖြင့် အလုပ်ရှင် အလုပ်သမားသဘော လုံးဝမရှိ။ အိမ်သားလိုပင် စားကြ၊ သောက်ကြ၊ ရယ်မောကြနှင့် ကျွန်မအယ်ဒီတာ အခန်းမှာ လူစုံလှပါသည်။

သည်လိုနှင့် အေးအေးချမ်းချမ်း ကိုယ့်ဘဝကိုယ် ရောင့်ရဲတင်းတိမ်စွာနေသော်လည်း အကောင်းမနေရ။ ဘဝမုန်တိုင်းက ဆိုင်းမဆင့် ဗုံမဆင့် နင့်နင့်ရမ်းရမ်း ခပ်ကြမ်းကြမ်းကလေး တိုက်ခိုက်လိုက်သည်ကတော့–

ကျွန်မ၏ ချစ်လှစွာသော ခင်ပွန်း "ထွဏ်းနေနွယ်" အကောင်းသား ပကတိမှ ရုတ်တရက် ကွယ်လွန်သွားခြင်း ဖြစ်သည်။ ဦးနှောက် သွေးကြောပြတ်သည်ဟု ဆရာဝန်က ပြော၏။ ရေခဲတိုက်ကိုပို့မည်လုပ်တော့ မပို့ပါနဲ့ဦး သေမှ သေရဲ့လား ကြည့်ပေးကြပါဦးဟု ပြောမိသည်။ သားသုံးယောက်ကလည်း သူ့အဖေ–မသေဟုဘဲ ထင်နေကြသည်။ စက္ကန့်ပိုင်း၊ မိနစ်အတွင်း ကျွန်မဘဝ ပြောင်းလဲသွားပါပြီ။ ကျွန်မ ကံကိုက အကောင်းနှင့်အဆိုး အမြဲဒွန်တွဲလာခဲ့ပါသည်။ အဆိုးထဲမှ ကောင်း၍ အကောင်းသားက ဆိုးပြန်ပါသည်။ ကျွန်မကို အရာရာ စိတ်မချခဲ့သော၊ အရိပ်ကြည့်နေခဲ့သော အိမ်ထောင်သက်တမ်း တစ်လျှောက် တစ်ကြိမ်တစ်ခါမှ အပြစ်ရှာရန်ဝေး၊ လေသံပြင်းပြင်းနှင့်ပင် စကားမပြောခဲ့ဖူးသောသူ ကျွန်မကို စိတ်ချသွားပါပြီ။ စောစောကတည်းက သူ မသေလျှင် ကိုယ်သေမည်။ ကိုယ် မသေလျှင် သူ သေမည်ဆိုတာ တွေးမိပြီးသားမို့ ကိုယ့်စိတ်ကိုယ် တင်းရပါသည်။

❐

## စိုးထိတ်လိပ်ပြာ

စစ်မီးတောက်မီးလျှံ မီးပွားများကြားမှ ပြေးလွှားခဲ့ရ။

ထို့နောက် လွတ်လပ်ရေးရပြန်တော့ လွတ်လပ်သော ပြည်သူတစ်ဦးဘဝမရဘဲ အလံဖြူ (ရဲဘော်ဖြူ) ကရင်သောင်းကျန်းသူတို့ သိမ်းပိုက်ထားသော နယ်မြေတွင် ကြောက်လန့်စွာနေခဲ့ရသော ကျွန်မဘဝ။ ဖူးငုံစီလန်း အလှပန်းပွင့်ရမည့် အရွယ်တွင် မပွင့်ဝံ့၊ မပွင့်ရဲ၊ အမှောင်တည်း ဟူသော ဂျပန်ခေတ်၊ တော်လှန်ရေးခေတ်၊ ရဲဘော်ဖြူ ခေတ် တစ်လျှောက်လုံး ကိုယ်စိတ်နှလုံး ညှိုးချုံးခဲ့ရသည်။ ကိုယ့်ဘဝကိုယ် လှပစွာ ပြုစုတည်ဆောက်မည်ဟု ရွယ်စူးထားသည့်အချိန်တွင် မလှမပ၊ အကျည်းတန်နေရာ မှာနေရခြင်းထက် သေသေကျေကျေဟု ဆုံးဖြတ်ပြီး တစ်ခုတည်းသော ဗမာ့ တပ်မ တော်ရှိရာ လွတ်မြောက်နယ်မြေဖြစ်သည့် "ရန်ကုန်"သို့ ဘယ်ဆွေမျိုးမှ တစ်ယောက် မပါဘဲ ထွက်ပေါက်ရှာ၍ ပြေးခဲ့မိသည်။ (မှတ်ချက်) ဘယ်ဆွေမျိုးမှ မပါသော်လည်း မိုးညှင်းဆရာတော်ဘုရားကြီး၏ သမ္ဗုဒ္ဓေ–စိပ်ပုတီးနှင့် ဒေါ်ဒေါ်လေး၏ သူရဿတီ ဂါထာကို လမ်းတစ်လျှောက်လုံး စက္ကန့်မလပ်မပြတ်၊ ပုတီးစိပ်၍ ရွတ်ဖတ်လာခဲ့ရာ ဂိတ်တစ်ခုသို့ရောက်လျှင် သမ္ဗုဒ္ဓေပဲ ဖိရွတ်ရပါသည်။ ထွက်၊ မောင်း ဟူသော အသံ ကြားလျှင် ရင်တွင်းမှ အလုံးကြီး ကျသွားသည်။ စစ်ဆေးသူများ ကျွန်မအနားသို့ ရောက်မလာပါ။

ထမင်းစားချိန်ရောက်တော့ ထမင်းဆိုင် တစ်ခုရှေ့ ကားရပ်သည်။ ကျွန်မက အောက်သို့မဆင်း။ အပေါ်မှာပဲ စားမည်ဟု ပြောတော့ ကိုအောင်ဆိုင်က ဆင်းပါ။

မြန်မြန်စားပေါ့ဆို၍ ထမင်းဆိုင်ထဲ ရောက်သွားသည်။ ထမင်းဆိုင်နှင့် ဂိတ်တစ်ခုက ဝါးတစ်ရိုက်ခန့်တွင် ခပ်ခွေခွေမှာ ရှိ၏။ ထမင်းစားရန် လက်လည်းဆေးပြီးရော အဲဒီဂိတ်ဆီမှ စစ်ဗိုလ်တစ်ယောက်နှင့် ရဲဘော်တစ်ယောက် ကျွန်မတို့ ထမင်းဆိုင်ဆီ တည့်တည့်မတ်မတ် လာနေပါသည်။ ကျွန်မ စားနေချိန်တွင် အဲဒီဗိုလ် ကျွန်မ စားပွဲနား ရောက်လာသည်။ မော့မကြည့်ဝံ့။

ထမင်းကို မဝါးဘဲတောင် မျိုချမိသည်။ ငုံ့စားနေသည့် ကျွန်မကို "ဘယ်သွားမှာလဲ"ဟု မေး၏။ ကျွန်မကို မေးမှန်းမသိ၍ ထမင်းပဲ ငုံ့စားနေမိသည်။ နောက်မှ ကျွန်မ မေးနေမှန်း သိ၍–

"ရန်ကုန်ကို မျက်စိသွားပြမလို့ပါ"ဟု ပါးစပ်က စီစီစဉ်စဉ်ပဲ ထွက်သွားသည်။

"ကျွန်တော့်ကို သိသလားတဲ့"။ မသိ၍ ခေါင်းခါပြလိုက်သည်။ ဒုက္ခပဲဟုလည်း စိတ်ပူလာသည်။ ကိုအောင်ဆိုင် မျက်နှာပျက်နေပေပြီ။

"ကျွန်တော် ဗိုလ်သန်းလှိုင်ပါ" တော်လှန်ရေးတုန်းက သဖန်းကုန်းမှာ ရှိပါတယ်။ ဝက်ပုတ်က သူကြီး ညီအစ်ကို မြညွန့်နှင့် ထွန်းညွန့်ရယ် သူတို့အဖွဲ့ကို ပေါင်းတည် ဘောလုံးကွင်းကြီးမှာ ဂျပန်နဲ့အတူတူ လှံစွပ်နဲ့ သတ်ပြခဲ့ရသူပါ။ ခင်ဗျားကို ကြို့ပင်ဘုန်းကြီးကျောင်းက ရေတွင်းမှာ တစ်ခါ တွေ့ဖူးလို့ လာနှုတ်ဆက်တာပါ"....တဲ့ ပြောပြီး ကိုအောင်ဆိုင်ကို ခင်ဗျားတို့ ကားထွက်ဗျာဟု ပြောသည်။ ထမင်းဘယ်လို အရသာမှန်းတောင်မသိ။ ကျွန်မကို နှောင့်ယှက်သူ မဟုတ်။ ဘာဖြစ်၍ မြန်မြန် ထွက်ခိုင်းသည်မသိ။ ဘာဖြစ်ဖြစ် မောင်မင်းကြီးသား ဗိုလ်သန်းလှိုင် ကျေးဇူးကြီးလှပါဘိ။ အခုပြန်တွေးလျှင် အခု ရင်တုန်မိပါသေး။ သီသီကလေးမှ သီသီကလေးနှင့် ချည်း လွတ်ထွက်လာသည်။ သူတို့ပိုင်နက်တွင် သူတို့ပြသမျှ နရပါမည်။ ပေါင်းတည်မှာတုန်းကလည်း ဖြူဖြူသေးသေး အားနွဲ့သူ မိန်းကလေးဆိုပြီး လျှော့တွက်လိုက်၍ ကျွန်မ လွတ်ထွက်လာပါသည်။ ရှေ့ကိုမက်တတ်ကြသည့် မိန်းမစားထဲတွင် ကျွန်မကိုလည်း ဒီပုတ်ထဲကပဲဟု အထင်သေးခဲ့သူကြီးကို ဟိုတုန်းက အလွန်စိတ်ဆိုးပါ၏။

စစ်နှင့်အချစ်ကို ရောထွေးရမည့်အချိန်မဟုတ်ဘဲ ချစ်မေတ္တာကို အာဏာနှင့် သိမ်း၍ရသည်ပဲထား။ ဤယောကျ်ား အနီယောကျ်ားသည် ဗမာ့မျိုးချစ်တပ်မတော်၏ သား ပီသပါတော့မလား၊ အို... ဒါတွေက ပြီးခဲ့ကြပါပြီ။ မည်သူ့ကိုမှ အပြစ်မတင်လို၊ မေ့အပြစ်နှင့် မေသာ ရှိပါစေတော့။ ကျွန်မကို တွန်းထုတ်လိုက်သူ၊ စောင့်ရှောက်လိုက်သူအားလုံးကို ကျေးဇူးတင်လှပါ၏။

အခု ကျွန်မအသက်သည် အရင်ကလို ချစ်သူအန္တရာယ်ဝိုင်းခဲ့သည့် ပျိုမျစ်နုနယ် ၁၇ နှစ်အရွယ်လည်း မဟုတ်တော့ပါ။ အသက်ကို အချိန်က နေ့စဉ်သတ်ဖြတ်လာခဲ့ သည်မှာ ၇၁ နှစ်သို့ပင် ရောက်ရှိခဲ့ပြီ။ ဘယ်လို ဘယ်လိုများ ဤအသက်သို့ရောက် လာရပါ့ပါဟု အံ့ဩရပါသည်။

သည်အဖြစ် သည်သနစ်သည် အကြောင်းများကို မသေခင် တစ်နေ့တွင် ရင်ဖွင့် မှတ်တမ်းရေးမည်ဟု စိတ်ဝယ်ရည်စူးထားရှိပြီး ဖြစ်၏။ ကိုထွဏ်းနေနွယ်ကိုလည်း ပြောဖူးပါသည်။ သည်တော့ သူက ရယ်၍ "အမှာစာ" သူ ရေးမည်ဟု ရွတ်သလိုလိုနှင့် ပြောပါသည်။ အခုတော့ အမှာစာရေးဖို့ နေနေသာသာ ဘာဆိုဘာမှ 'မှာ' မသွား နိုင်ရှာတော့ပါ။ ကိုထွဏ်းနေနွယ် ကွယ်လွန်ခဲ့သည်မှာ ၁၂ နှစ် ကြာခဲ့ပြီ။ ကျွန်မ ဦးနှောက်နှင့် နှလုံးသားက ကျွန်မကို နေ့စဉ်တိုက်တွန်းနေပါသည်။ ဝတ္ထုတိုတွေလည်း မရေးတော့ပါ။ ခမ္ဘဆောင်းပါးကလေးတွေကို မရေးဘဲ မနေနိုင်၍ ကြိုးကြားကြိုးကြား ရေးရင်း ဤစာအုပ်ကို တစ်ရွက်ရေးလိုက် နှစ်ရွက်ရေးလိုက်နှင့် "၅၃ နှစ်မြောက် တပ်မတော်နေ့" ဆိုသည့် တီဗီမှ စာတန်းနီနီကြီးကိုကြည့်ရင်း ပြီးဆုံးခြင်းသို့ တိုင်ခဲ့ပါ သည်။

အိပ်ပျော်လျှင်တောင် မေ့ကောင်းစရာအကြောင်းမရှိသော ကျွန်မဘဝ၏ လွမ်းရိပ် ဝေသော ညများ၊ လိပ်ပြာလန့်၍ နိုးခဲ့ရသော ညများမှာ ကျွန်မအဖို့ ရေတွက်ခြင်းငှာ မစွမ်းသာတော့ပါ။

ဤစာအုပ်သည် ကျွန်မချစ်သော စာဖတ်ပရိသတ်အား ယုဝတီမာလာသိန်း နောက်ဆုံး နှုတ်ဆက်ခဲ့သည့် ရင်ဖွင့်မှတ်တမ်း စာပန်းလက်ဆောင် ဖြစ်ပါစေ။ စာပေကို ချစ်သောသူတစ်ဦး အနေနှင့်လည်း ဤစာအုပ်ဖြင့် အမိနိုင်ငံတော်ကို ကျေးဇူးဆပ် ကန်တော့ခဲ့ပါ၏။

ဩော်... လန့်ရွှေငယ်လိပ်ပြာ၊ ကြောက်ပါသည်ဆိုကာမှ နောက်ဆုံး လုံ့စွပ်ဗိုလ် က နှုတ်ခွန်းဆက်ပြန်ပါ၏။ ဒါပေမဲ့ သူက ကျွန်မကို ရန်ပြုသူ မဟုတ်။ စောင့်ရှောက် လိုက်သူ ဖြစ်သည်။ သူ့ကို တပ်မတော်ကလား၊ ရဲဘော်ဖြူလားတောင် မသိခဲ့ပါ။ ကြောက်ကြောက်နှင့် နှုတ်လည်းမဆက်ခဲ့မိပါ။

ကျွန်မဘဝကတော့ အဲဒီအတိုင်းပါပဲ။ ငိုရမလား၊ ရယ်ရမလား၊ ဆုတောင်းမှား ခဲ့သလား၊ ဆုတောင်း ကောင်းခဲ့သလားလည်း မသိတော့။ မုန်းဖို့လွယ်၏ ချစ်ဖို့ မလွယ်ပါ။ ချစ်သည့်သူများကို ကြောက်၍လန့်၍ ပြေးခဲ့ရသော ကျွန်မ၏ ဘဝ

အမောတွေလည်း အခု ကုန်ဆုံးသွားပါပြီ။

ပန်းတို့သည် နေဘက်သို့လှည့်၍ ပွင့်ကြစမြဲပါ။ ပန်းနှင့် နေရောင်သည် တူညီမျှဝေခံစားသော သဘောသဘာဝတရား (ဝါ) အနုအလှသစ္စာတရားတွေ ဖြစ်သည်။ ပန်းပွင့်ကလေးတွေက ကံကောင်းကြလေသည်။

ပန်းများကို ချစ်သည့်လူသား ကျွန်မဘဝကတော့ အရှေ့ဘက် ကောင်းကင်မှ အလင်းရောင်တွေကို ပွေ့ပြီး ပြန်လာသော နေမင်းကြီး၏ မေတ္တာတော် လက်ဆောင်များမှာ ကျွန်မအတွက် ရှင်လန်းချမ်းမြေ့ခြင်းကို မပေးစွမ်းနိုင်တော့ပါ။

သို့ပေတဲ့လေ ရင်ကိုလောင်ကျွမ်း၊ တစ်ခြမ်းပဲ့ အသည်းကလေးနှင့်ပင် တွေးတသသ ကျွမ်း....မွမွဖြင့်.....နုပျိုရွက်လှ.....ငယ်ဘဝကို လွမ်းတော့ လွမ်းမိပါသေး.... လွမ်းလျက်ပါလေး.......အို.......အဝေး။ ။

**ယုဝတီမာလာသိန်း**

**၂၇-၃-၉၈**

(၁၉၉၈ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့က ရေးခဲ့ပြီး ၁၉၉၈၊ ၅၃ နှစ်မြောက် တပ်မတော်နေ့တွင် ပြီးစီးပါသည်)

❐